www.burmeseclassic.com



www.burmeseclassic.com

**လမင်းမိုမို**

**ချစ်သူရဲ့လက်အစုံဖြင့် ဆူးထွင်လှည့်ပါ**

ပထမအကြိမ်၊ ၂၀၁၃ ဇွန်လ

**ဖြန့်ချိရေး**

မိဖုရားစာအုပ်တိုက်

ဖုန်း - ၀၉၅၀၀၁၉၈၃

**မျက်နှာဖုံး**

L လင်း

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀ ကျပ်

ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်(ယာယီ-၁၅၀၄) အမှတ်(၅/ခ)၊ ဧယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြဲ-၀၇၉၅၈) အမှတ်(၁၄၀)၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

လမင်းမိုမို ၈၉၅.၈၃

ချစ်သူရဲ့လက်အစုံဖြင့် ဆူးထွင်လှည့်ပါ၊ လမင်းမိုမို၊ ရန်ကုန်။

တကောင်းစာအုပ်တိုက်၊ ၂၀၁၃

၂၈၈-စာ၊ ၅ x ၇ လက်မ။

ချစ်သူရဲ့လက်အစုံဖြင့် ဆူးထွင်လှည့်ပါ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# လမင်းမိုမို

# ချစ်သူရဲ့လက်အစုံဖြင့်
# ဆူးထွင်လှည့်ပါ

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

# ၁

(၁၉၉၈–ခုနှစ်)

"အမေ"

ဒေါ်လေးယဥ်က ထင်းမီးဖိုထဲကို မီးပြောင်းနှင့်မှုတ်ာက် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မီးဖိုရှေ့ကပြင်ဘက်သောအဆင့်မှာ ရပ်ကာ နီမြန်းသောမျက်နှာနှင့် လက်သီးဆုပ်းသည့် "မော်ဝန်းညို"ကိုမြင်လျှင် မျက်စောင်းမပိုတပီနှင့် လှည့်သွားကာ မီးကိုဆက်မှုတ်နေလိုက်သည်။

"အမေ ဘာဖြစ်လို့ မိတာဆီက ပိုက်ဆံယူရတာလဲ"

"ငါယူတာမဟုတ်ဘူး သူပေးတာ"

"အတူတူပဲပေါ့ဗျ၊ သူပေးတာကို ဘာဖြစ်လို့ယူရတာလဲ"

"ပေးလို့ယူတာ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးတိုင်းလည်း ယူစရာလား၊ သူမပေးလည်း အမေက မပေး,ပေးချင်လာအောင် မသနား,သနားအောင် သူ့ရှေ့ ဖွဲ့နွဲ့ညည်းညူနေမှာ မသိတဲ့သူမို့လို့လား၊ တောင်းလိုက်တာကမှ တစ်ခွန်းနဲ့ ပြီးသေးတယ်၊ ထုတ်မတောင်းဘဲနဲ့ ကို သူ့ရှေ့မှာ အမေ မရှက်မကြောက် ညည်းညူနေမှာလေ၊ မဟုတ်လို့လား"

"ဟဲ့ … မရှိလို့ မရှိဘူးညည်းတာ ဘာဖြစ်လဲ၊ ရှိရက်သားနဲ့ လီဆယ်ပြီး မရှိဘူး ညည်းနေတာမှ မဟုတ်တာ၊ နင် ဘာမှမိကျောင်းမင်း ရေခင်းလာပြမနေနဲ့ မော်ဝန်း၊ ရှိနေလို့ကတော့ ဘယ်သူမှ မျက်နှာငယ်ခံပြီး သူများပေးတာ မယူဘူး၊ မရှိလို့ယူတာ၊ ငတ်မရှက်ဘဲ"

မော်ဝန်းက အံကလေး တင်းတင်းဖိကြိတ်ပစ်လိုက်ပါသည်။ ရက်ဒေါသအရှိန်နှင့် မေးရိုးက ဆတ်ဆတ်တုန်နေကာ နဖူးရှေ့ ဝဲဝဲစိုက်စိုက် ဆံပင်ကလေးတွေပါ တဆတ်ဆတ် လှုပ်ရှားတုန်ခါနေပါသည်။

"ကျွန်တော် စနေ တနင်္ဂနွေ နှစ်ရက်လုံး မိုးလင်းကနေ မိုးချုပ် ရေလှည်းလိုက်တွန်းပို့ပြီး ရသမျှပိုက်ဆံ လက်ဖက်ရည်တစ်ခွက်တောင် မသောက်ဘဲ တစ်ပြားတစ်ချပ်မကျန် အမေ့ကို ပေးခဲ့တာ ဘယ်ရောက်သွားလို့လဲ"

မော်ဝန်းညိုရဲ့ အသံကလည်း ဆတ်ဆတ်တုန်နေပါသည်။





"ဒီနေ့မှ တနင်္လာနေ့လေ အမေ၊ သုံးလေးရက်ကြာသွားလို့ ဆိုရင်ထားတော့၊ မနေ့ကရော တစ်နေ့ကရော ပေးသမျှ ဒီနေ့ ဘယ်ရောက်ကုန်လဲ၊ ခုမှ တနင်္လာဗျ"

အေး … အဲဒီတနင်္လာကြောင့်ပဲပေါ့။ ဒေါ်လေးယဉ်က စိတ်ထဲကပဲ အသံမထွက် အငေါ်တူးလိုက်ပါသည်။

"ဘာလဲ အမေ နှစ်လုံးထိုးပစ်တာ မဟုတ်လား … ဟင်"

"မဟုတ်ဘူး"

နှုတ်ကတော့ မဟုတ်ဘူးပဲ ထွက်စေလျက် စိတ်ထဲကတော့ နောက်ဆက်တွဲ "သုံးလုံး" လို့ ဖြည့်စွက်လိုက်ပါသည်။ ဟုတ်တယ်လေ။ သူမေးတာ နှစ်လုံးပဲ။ နှစ်လုံးမှ မဟုတ်တာ မဟုတ်ဘူးပေါ့။ သုံးလုံးဟာကို။ ဒီနေ့က တစ်လနှစ်ကြိမ် သုံးလုံးချဲထီဖွင့်တဲ့ထဲက တစ်ရက်ပဲ။

အလကားတော့ ဘယ်ထိုးပါ့မလဲ။ ပေါက်မယ်ထင်လို့ ထိုးတာ။ ပေါက်ရင်တောင် မော်ဝန်းရဲ့သူငယ်ချင်းမလေး "မိတာ" ထံက ငွေချေးဖူး ငှားဖူးသမျှ အတိုးချဆပ်ပစ်မလို့ပဲပေါ့။ ခုတော့ ပေါက်မှမပေါက်တာ။ မတတ်နိုင်ဘူးလေ။ ဘယ်သူက ဒီလိုဖြစ်ချင်မတုန်း။ ဆင်းရဲမွဲတေချင်တဲ့သူ လောကမှာ ရှိပါ့မလား။ ပြည့်စုံချမ်းသာချင်သူချည်းပေါ့။

"အမေ မညာနဲ့၊ အဲဒါပဲ ဖြစ်မှာပဲ"

"မညာဘူး"

"ဒါဆို ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ နင့်အမေနဲ့ တချိုးတည်းပဲ၊ မဖြစ်စလောက် ငွေလေး ပေးပြီးရင် ဘယ်ရောက်ကုန်လဲ မေးတာလောက် သောက်မြင်ကတ်တာ မရှိဘူး၊ သူရှာတာ သူသောက်လို့ ကုန်ခါနီးကို ကျန်တဲ့နှစ်ပဲတစ်ပြား လာပေးပြီး ဒီငွေဘယ် ရောက်လဲ စစ်တာလောက် အသည်းနာတာ မရှိဘူး၊ မြန်မြန်သေပေလို့၊ သေသာသွားရော၊ ကျန်ရစ်သူတွေကို ကြွေးပင်လယ်ထဲ နှစ်သွားတဲ့လူ ..."

ကြွေးတွေ ဆပ်လိုက်ယူလိုက် အလျဉ်မှ မမီတာ၊ ဘယ်ပိုက်ဆံမှ ဘယ်လောက်မှ မခံဘူး၊ ကဲ ... ကဲ ... အမေးမြန်းထူမနေနဲ့၊ ထမင်းစားတော့မလား၊ ဒီမှာကျက်ပြီ၊ စားမယ်ဆို ကြက်ဥတစ်လုံး ကြော်ပေးမယ်၊ မြန်မြန် မျိုဆို့ပြီး တော်ရာသွား၊ ငါ့ကို စကားနဲ့နှိပ်စက်မနေနဲ့၊ နားငြီးတယ်"

"မစားဘူး"

"မစားလည်းနေ၊ ငါ အနေသာကြီး"

မော်ဝန်းသည် ဒေါသထွက်ရသူမှာ အမေဖြစ်နေ၍ ဒီထက်လည်း ဘာမှပို၍ပြောမရ လုပ်မရ။ အောင့်ကာအည်းကာ မျိုချရင်း ရင်တွေသာ နာနာလာသည်။

"သေသွားတဲ့ အဖေ့ကိုလည်း အဲသလောက် သပုပ်လေလွင့် ပြောမနေပါနဲ့အမေ၊ အမေလိမ္မာရင် ဒီလောက်ကို အခြေအနေ ဆိုးစရာမရှိဘူး"





"ဘာဖြစ်လဲပြောတော့၊ ဖအေထိရင်တော့ နာတတ်လိုက်တာ၊ မအေ့ကျ ပြောမယ် ဆိုမယ် ဒုက္ခပေးမယ်"

"ကျွန်တော် အမေ့ကို ဘာဒုက္ခပေးလို့လဲ"

"ကျောင်းပိတ်ရက်လေး ဟိုလုပ် ဒီလုပ် လုပ်ပြီးရင်စာဖွဲ့ မနေနဲ့၊ နင့်ကိုလည်း ဘယ်သူကမှ ရိုက်ပြီးလုပ်ခိုင်းမနေဘူး၊ ငါ့ဟာငါ မုန့်လေးရောင်းပြီး ရအောင်ရှာဖွေစားနိုင်တယ်"

"ကျောင်းပိတ်ရက်လုပ်ပြီး စာဖွဲ့မနေနဲ့ဆိုတော့ အမေက ဘာလုပ်စေချင်တာလဲ၊ ကျောင်းထွက်စေချင်တာလား ... ပြော၊ ဒီဆယ်တန်း မဖြေရလို့လည်း ဝမ်းနည်းမယ်မထင်နဲ့၊ လူကညစ်နေပြီ၊ အလိုလိုကမှ ကျောင်းထွက်ပစ်ချင်နေတာ၊ ကျောင်းတက်ရတာ ပျော်နေမယ် အမေ မထင်နဲ့"

သူများတန်းတူ မဟုတ်တောင် ကျောင်းဝတ်စုံ ...ခြင်းစင်စင်လေး ဖွယ်လျှော်ဝတ်ဖို့ ဆပ်ပြာမှုန့်ကမရှိ၊ အတန်း ...တွေလို မုန့်ဖိုးလေးသုံးနိုင်ဖို့ဝေးလို့ ဗလာစာအုပ်တစ်အုပ်ကုန် ...လို့မှ အသစ်တစ်အုပ် ထပ်မဝယ်နိုင်တဲ့ဘဝ။ တစ်ခါတစ်ရံ ...ယ်ချင်းတွေဆီက ဗလာစာအုပ် အလယ်စာရွက် တစ်ယောက် ...ရွက်စီ ဖြုတ်ပေးဖို့ချေး၍ရေးရတဲ့ အခြေအနေ။

ကျောင်းက ဘာဖိုးညာဖိုး ဆိုတာတွေကိုတော့ မပေး ...ကျောင်းထုတ်ပစ်လည်း အေးရောဆိုပြီး မျက်နှာပြောင်ပြောင် ...သာ မပေးဘဲ နေပစ်လိုက်တော့တာ။ အစုတ်အပြဲ အဖာတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လွယ်အိတ်ကို အမြင်မတော်တဲ့လူက သူ့အိတ်အဟောင်း အတင်းပေးမှပဲ လဲလွယ်နိုင်တဲ့ဘဝမျိုးမှာ သူ ကျောင်းတက်ရတာ ပျော်ပါ့မလား။

"နင့်ဟာနင် တက်တက် ထွက်ထွက်၊ ငါ့ကိုခြိမ်းခြောက် မနေနဲ့၊ ငါ ဘာမှမဖြစ်ဘူး၊ နင့်ဟာနင် ကျောင်းမနေရင် ပညာမတတ်တော့ နင်မတတ်မှာ ငါ ဘာမှမဖြစ်ဘူး၊ ငါက အရင်သေမှာ၊ နင် မပူပါနဲ့ မော်ဝန်းရယ်၊ ငါလည်း အစားချို့တဲ့ အနေချို့တဲ့ ကျန်းမာရေးကောင်းတာ မဟုတ်ပါဘူး၊ စောစောစီးစီး သေမှာပါ၊ သေပါစေလည်း ဆုတောင်းတယ်၊ ဒီလောက် ဆင်းရဲကျပ်တည်းတဲ့ဘဝမှာ ငါရောနေ ပျော်နေတယ်များ ထင်လို့လား၊ မြန်မြန်သေ အေးရော၊ နင်လည်း မအေကို မုန်းတီးရ ရန်လုပ်ရ အကုသိုလ်ငရဲက လွတ်ရော"

မော်သည် မျက်ရည်တွေ ရစ်ဝဲလာသည်။ စိတ်ပျက်သည်။ အမေ့ကို စိတ်ပျက်ပါသည်။ နောက်ဆုံးတော့ သေစကားနှင့် လျှောချသွားလိုက်မြဲ။ အမေသာ သိမ်းထုပ်သေချာ လိမ္မာတယ် ဆိုရင် သူတို့သားအမိ ဒီလောက်အဖြစ်ဆိုးစရာမရှိတာ အမှန်ပါ။

အရင်းအနည်းအများပေါ်လိုက်၍ ရှိရင်ရှိသလို မရှိရင်မရှိသလို သာကူ၊ ကဇွန်းဥပြုတ်၊ ပြောင်းဖူးပြုတ်၊ ဆီးသီးငံပြာရည်နယ်၊ ကောက်ညှင်းပေါင်း၊ ထန်းလျက်ကပ်စေးနဲ့ စသဖြင့် အမျိုးမျိုးသောမုန့်တွေ လုပ်ကိုင်လှည့်ပတ်ရောင်းတတ်တဲ့ အမေ့





အသက်မွေးဝမ်းကျောင်းက ချောင်လည်ဖို့မရှိသော်လည်း သားအမိနှစ်ယောက်တည်း ထမင်းငတ်စရာလည်း အကြောင်းရှိပါ။

ခုတော့ ထီလောင်းကစားကို အစွဲကြီးစွဲနေတဲ့ အမေ့ကြောင့် စနေ တနင်္ဂနွေတွေ မော်ဝန်း ရရာအလုပ်လေး တတပ်တအား ဝင်လုပ်၊ သုံးစရာလေး သုံးတဲ့အခါသုံး၊ များသောအားဖြင့် ရတဲ့ငွေ အမေ့လက် ကူအပ်နေပါလျက်နှင့် ထမင်းချက်စရာဆန်တောင်မရှိအောင် ငွေကပြတ်နေတတ်တာ မကြာခဏ။

ပိုက်ဆံမရှိရင်လည်း အမေက အလွယ်တကူ အချေးအငှားသန်လှသည်။ ကိုယ့်သိက္ခာနဲ့လည်းမနေ အရှက်ရယ်လည်း မရှိ။ ကြုံရာတွေ့ရာလူဆီ ညည်းညူလက်ဖြန့်လိုက်ဖို့ ဝန်မလေး။ ရင်ထဲမဆန့်လို့ ညည်းညူခြင်း သက်သက်ရယ်လို့ မဟုတ်တော့။ တစ်ဖက်က သနားပြီး ကျလာဗလားလို့ မျှော်လင့်ခြင်းပါတွဲ၍ ကပ်ပါသည်။ ရှက်ဖို့ကောင်းသည်။

သူ့ကို ဝေဖန်ရင်လည်းမကြိုက်။ စကားကို တဆုံးတစပြောသည်။ သူ့အပြစ် သူ့အားနည်းချက်တို့ကို ဖုံးကွယ်လိုသောအကျိုးငှာ ဟုတ်တာရော မဟုတ်တာရော ဒေါသတကြီးရောနှောခုခံ ပုတ်ထုတ်ကာကွယ်သည်။ အရာရာအစစ ဘာတစ်ခုမှ မပြည့်စုံ အားလုံးဟာ လိုအပ်ချက်တွေချည်းသာ ဖြစ်နေတဲ့ဘဝပေးအခြေအနေကို စိတ်နာကြည်းကာ အမြဲဒေါသသင့်နေလျက် စကားတို့သည်လည်း ကြမ်းတမ်းမာကျော၍ အမူအရာတို့သည်လည်း ရန့်ရင်းပေါ့သွမ်းနေသည်။

www.burmeseclassic.com



သားဖြစ်သူအပေါ်လည်း စကားကောင်း မပြောနိုင်၊ စိတ်မရှည်နိုင်၊ မကျေနပ်နိုင်၊ ထာဝစဉ်အငေါ်တူးနေသည်။ မအေနှင့်သားအကြားမှာ နူးညံ့သိမ်မွေ့မှု ချစ်ခင်တွယ်ပိုက်မှု ဆိုတာမျိုးလည်း မရှိ။ ဘယ်တော့မှလဲ မျက်နှာကြောတည့်ကြတယ်ရယ်လို့ မရှိဘဲ တကျက်ကျက်နှင့်။

တကယ်တော့ သားအမိနှစ်ဦးစလုံးဟာ လက်ရှိပစ္စက္ခ ကိုယ့်ဘဝကိုယ် စိတ်ပျက် စိတ်ကုန်နေကြသူတွေချည်းဖြစ်ကြလေသည်။

"မိတာဆီက အခု ဘယ်လောက်ယူခဲ့တာလဲ"

"တစ်ထောင်"

"ဘာ ... တစ်ထောင်တောင်"

"ငါတောင်းတာမှ မဟုတ်တာ၊ သူ့ဟာသူပေးတာ ဒီတစ်ထောင်က၊ သူ တစ်ထောင်ပေးတာကို ငါက ငါးရာလောက်ပြန်အမ်းနေရမှာလား၊ ဆန်ဝယ်ရတယ်၊ ဆီဝယ်ရတယ်၊ ထင်းဝယ်ရတယ်၊ ကြက်ဥ အာလူး ဝယ်ရတယ်၊ မဝယ်မဖြစ်တာတွေချည်းပဲဝယ်တာ၊ ဘာမှအပိုမဝယ်ဘူး"

"အမေ ... နောက် ဘယ်တော့မှ မယူနဲ့၊ ဒါ အမေ့ကိုကျွန်တော် နောက်ဆုံးသတိပေးခြင်းပဲ အမေ"

❖ ✤ ❖





၃

သပြေပင်အောက်မှာ ရပ်ရင်း ဘာမှလုပ်တာလဲ မဟုတ်ဘဲ ဟိုကြည့် ဒီကြည့် လုပ်နေသော မော်ဝန်းကို အနီးရှိ စတိုးဆိုင်မှ ဆိုင်ရှင်က အကဲခတ်နေပါသည်။ လူပုံကလည်း စုတ်တီးစုတ်ပြတ် ကဗြစ်ကညစ်နှင့် ဘာများအလစ်သုတ်မလဲ ထင်ပုံနှင့် ဆိုင်ရှေ့ခင်းထားတဲ့ သူ့ရဲ့မုန့်ထုပ် မုန့်ဘူးတွေ အချိုရည်ဘူးတွေ စသဖြင့်တို့ကို စုစုစည်းစည်းရှိရဲ့လား စစ်ဆေးနေပါသေးသည်။

မော်က ဆိုင်ရှင်ကို ရှုသိုးသိုး ဘုကျကျ တစ်ချက်ကြည့်ပြီး မျက်နှာလွှဲလိုက်ပါသည်။ ဟိုတစ်ဖက်က အခွေငှားဆိုင်ကို ခဏနေရင် မိတာ လာမှာလေ။ ညနေတိုင်း သူ ထမင်းစားပြီးချိန် အခွေငှား စာအုပ်ငှား လာနေကျ။ လာလျှင်လည်း နီးနီးကလေးပေမယ့် ဒရိုင်ဘာနှင့် ကားနှင့် လာတာများတာမို့ မော်ဝန်းက ကားလမ်းဘက်ကြည့်ကာ ငေးမျှော်နေပါသည်။

"ဟော"

လာပြီ။ မိတာတို့အိမ်ကကားက ဖြည်းဖြည်းမောင်းလာကာ အခွေငှားဆိုင်ရှေ့ ရပ်လိုက်တာမို့ မော်ဝန်းက ကားဘက်မကြည့်ဘဲ အခွေငှားဆိုင်ထဲ ဝင်လာခဲ့ပါသည်။ ကောင်တာမှာထိုင်နေတဲ့ ဒေါ်မြင့်က မော်ဝန်းကိုမြင်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မော်ဝန်းညို၊ နင့်အမေကို ပြောလိုက်ဦး၊ သူများ ပိုက်ဆံဆိုတာ ပြန်ပေးကောင်းတဲ့ အရာလို့၊ ကြားလား၊ မေ့နေမှာစိုးလို့"

မော်က ရွဲ့တဲ့တဲ့ ပြောနေသော ဒေါ်မြင့်ကို မျက်မှောင်တစ်ချက်ကုတ်ကာ ကြည့်လိုက်ရင်း ...

"အဒေါ်ဘာသာပဲ သွားပြော".

"ဟဲ့ ... အမယ်လေး၊ လူကြီးကိုပြန်ပြောတဲ့ လေသံကိုက၊ မသိရင် ငါကပဲ သူတို့ဆီက ချေးငှားသုံးထားမိသလိုလို"

ဆိုင်ထဲမှာ ငှားရမ်းသူ လေးငါးဦးထက်မနည်းရှိနေတာမို့ ဒီလိုအပြောအဆိုမျိုး လူရှေ့အပြောခံရတာကို ဆယ့်ငါးနှစ်သားပေမယ့်လည်း မော်ဝန်း ရှက်တတ်တာပင်။ သို့ပေမဲ့ နေရာတကာမှ ကြုံရဖူးဖန်များလှ၍ အရေတော့ဖြင့် ထူနေခဲ့ပါပြီ။

"နင်က ဘာလာလုပ်တာလဲ"

အင်း ...။ မေးစရာပေါ့။ မော်ဝန်းညိုလို ကောင်လေးမျိုး အံ့ခွေငှားရအောင်က အိမ်မှာတီဗီရှိတာကျလို့။ ယုတ်စွအဆုံး ဝတ္ထု မဂ္ဂဇင်းပင်လျှင် ပိုက်ဆံပေး ငှားဖတ်နိုင်တာလိုက်လို့။ မော် ဘာမှမပြောရသေးခင် ဆိုင်ထဲဝင်လာသော မိတာကို ဒေါ်မြင့်က လှမ်းမြင်လိုက်၍ ချက်ချင်းပင် မျက်နှာရိပ်မျက်နှာထား ပြောင်းလဲချိုသာ ရွှင်ပျသွားကာ ...

"အတာ ... သမီး၊ ဗီဒီယိုနှစ်ခွေတောင် အသစ်ထွက်တယ်၊ ဟာသကားရော အိမ်ထောင်ရေးကားရော၊ သမီး ဘာကား ယူမလဲ"





"နှစ်ကားလုံးယူမယ် အန့်တီမြင့်"

"အေး ... အေး"

အတာက မော်ဝန်းနား တိုးလျှောက်လာသော်လည်း အပြင်ကကားဆီ လှမ်းငေ့ကြည့်ကာ သူ့နံဘေး အဖော်ပါလာတဲ့ ကောင်မလေးကို ...

"ပုစူး ... ဦးအာလူးကို ကြည့်ထား၊ ဆိုင်ဘက်လာရင်ပြော"

"ဟုတ်ကဲ့"

ပုစူးက ဒါမျိုးလုပ်ရလွန်း၍ အကင်းပါးကာ ရိုးနေလှပြီ။ ချောင်ကွယ်တစ်နေရာမှ ကားဆီမသိမသာ အကဲခတ်နေပါသည်။

"မော် ... ဘာဖြစ်လို့လဲဟင်၊ မျက်နှာက ဘာဖြစ်လို့ မာထန်နေတာလဲ"

"မိတာ ... နင့်ကို ငါဘာပြောထားလဲ ဘယ်လိုထပ်တောင်းပန်ရမလဲ၊ ထိုင်ရှိခိုးရမလား ပြော"

"ဘာလဲဟဲ့"

"နင် အမေ့ကို ပိုက်ဆံပေးပြန်ပြီ"

"သြော် ... ဒါများ၊ လန့်သွားတာပဲ မော်ရယ်၊ အဲဒါဘာဖြစ်လဲ၊ အန့်တီ အခက်အခဲ ဖြစ်နေတာ သိရက်နဲ့ ငါမကူညီဘဲ မနေနိုင်ပါဘူး"

"အဲဒါကိုသိလို့ ငါ့အမေက တစ်ဆိတ်ရှိ နင့်ရှေ့ပဲလာလာ ညည်းညူနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... နင်ကလည်း၊ သူကစ,မပြောပါဘူး၊ ငါ အဆင်ပြေရဲ့လား မေးလို့ပါ၊ ဘာမဟုတ်တဲ့ ပိုက်ဆံ ကူညီတာကို ဒီလောက် ဖြစ်စရာလားဟာ၊ ဘာလဲ ... အိမ်မှာ အန်တီ့ကို နင် အော်ဟောက်ခဲ့ပြန်ပြီးမဟုတ်လား

"ငါ မကြိုက်ဘူး၊ မလုပ်ပါနဲ့ မပေးပါနဲ့လို့ အထပ် အခါခါ ပြောထားသားနဲ့ နင် ဘာလို့ အမေ့စိတ်ဓာတ် ဖျက်ဆီးနေတာလဲ"

"ဘုရားရေ ... အမှုကြီးလိုက်တာ၊ စိတ်လျှော့စမ်းပါ ရယ်၊ အန်တီက ငါ့အမေရဲ့ အချစ်ဆုံးသူငယ်ချင်း ဆို နင် မေ့နေလို့လား၊ ငါနဲ့တွေ့လို့ ငါ ဒီလောက်ပဲ နိုင်တာ၊ မေမေနဲ့သာတွေ့ရင် ဒီထက်မက မေမေက မှာပဲ၊ အဲလိုဆိုရင်ကော နင် ငါ့အမေကို ဘယ်လိုတားမ ကဲ ... ပြော"

"အဲဒါကြောင့် ငါ့အမေကို နင်တို့အိမ် လုံးဝအဝင်အထွ မလုပ်ရဘူးလို့ မှာထားတာပေါ့"

"အန်တီကလည်း လုံးဝမလာပါဘူး၊ မေမေက ငါ့ကို ရက်ခြားတစ်ခါလောက် မေးတာ၊ လေးယဉ်နဲ့တွေ့သေ လား၊ မော်ဝန်းညိုကော ကျောင်းမှန်မှန်တက်လားနဲ့၊ မ ဖြစ်ရင် သွားကြည့်နိုင်းတာ၊ သွားကြည့်လို့ မပြေလည် မြင်ရင် ကူညီခဲ့ဖို့ တဆုံးမှာထားပြီးသား"





"မိတာ ... ငါ ဒီတစ်ခါ နောက်ဆုံးပြောခြင်းပဲ၊ အမေ့ကို နင် အလကားနေရင်း ပိုက်ဆံတွေ ပေးမနေပါနဲ့၊ ဒီတစ်ခါ ဆိုရင်တော့ ..."

မိတာ မျက်နှာကလေးက နွမ်းညိုးသွားကာ ...

"နောက်ဆုံး ပြောခြင်းဆိုတော့ ငါတကယ်လို့ ပေးမိရင် နင် ဘာလုပ်မလို့လဲ၊ ငါ့ကို အဲလိုခြိမ်းခြောက်တာအကျပ် ကိုင်တာ ငါမကြိုက်ဘူးနော် မော်"

မိတာစကားကို မော်ဝန်းက ဖြေရခက်သွားပါသည်။ ဘာလုပ်မယ်ဆိုတာတော့ သူ မစဉ်းစားဖူးသေးပါ။

"ကဲ ... ငါမပေးဘူး ဆိုပါတော့၊ အန်တီ့မှာ ထမင်းချက် စရာတောင် ပိုက်ဆံမရှိရင် ဘယ်လိုလုပ်မလဲ"

"ချက်စရာမရှိရင် မချက်ရုံ မစားရုံဘဲ၊ သူလည်း မုန့်ရောင်း နေတယ်၊ ငါလည်း ငါ့အရွယ်နဲ့ ကျောင်းတစ်ဖက်နဲ့တော့ တတ်နိုင်သလောက်လေး ကူပေးနေတယ်၊ ဘာမှထမင်း ငတ်စရာ အကြောင်းမရှိဘူး၊ ဒီကြားထဲကမှ စားစရာမရှိ အောင်ဖြစ်နေတယ်ဆိုတာ မဟုတ်တာ တစ်ခုခု လုပ်နေလို့ ပဲ၊ မပျောက်နိုင်တဲ့ အဲဒီအမေ့အကျင့်လည်း နင်တို့အသိပဲ၊ လူမွေးလူတောင်မပြောင် မွဲဆေးဖော်နေတာ ...

နင်တို့ပိုက်ဆံပေးပေးနေတာက အမေ အဲဒီအကျင့် မပြတ်အောင် အားပေးနေသလို ဖြစ်နေတယ်၊ ချစ်ရာမ ရောက်ဘူး၊ နှစ်ရာရောက်တယ်၊ အဲဒါကြောင့် မပေးပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတ္တာ၊ ပြီးတော့ အစကတည်းက ငါက မျက်နှာမွဲပါ၊ နင့်ဆီမှာ မျက်နှာငယ်သထက်ငယ်စရာ ဖြစ်ဖြစ်လာတာမျိုး ငါ အဖြစ်မခံနိုင်ဘူး”

ပြတ်တောက်သော မော်ဝန်းညို စကားကြောင့် မိတ္တာရဲ့မျက်လုံးအိမ် နက်နက်ကလေးမှာ မျက်ရည်ရစ်လည်ကာ အရောင်လက်လာပါသည်။

“နင် စကားပြောတာ သိပ်စိမ်းကားတာပဲဟာ၊ နင်နဲ့ငါက ဘာလဲ မော်၊ ပြောစမ်းပါ”

“.........”

မော်က နှုတ်ခမ်းကို တင်းတင်း စေ့ထားသည်။ မပြောပါ။

“ငါက အိမ်မှာ ထမင်းကောင်းကောင်း ဟင်းကောင်းကောင်း စားနေတဲ့အချိန်မှာ နင်တို့သားအမိက ထမင်းချက်စားစရာ ဆန်လေးတောင်မှ မရှိဘူးဖြစ်နေရင် ငါမျိုကျနိုင်ပါ့မလား မော်”

“.........”

“နင်နဲ့ ငါက ချစ်သူတွေလေ”

မော်က မိတ္တာထံမှ ဖျတ်ခနဲ မျက်လုံးလွှဲလိုက်ပါသည်။ သက်ပြင်းကြီးတစ်ချက်လည်း ရှိုက်မိသည်။ ချစ်သူတွေတဲ့။ ဖြစ်နိုင်ရင် ဒီပတ်သက်မှုကို ခဲဖျက်နှင့် ဖျက်ပစ်လိုက်ချင်သည်။ တတ်နိုင်ရင် ပြီးခဲ့တဲ့ နွေရာသီကျောင်းပိတ်ရက်ဆီကို ပြက္ခဒိန်





ဆွဲပြန်လှန် နာရီလက်တံတွေ ပြန်လှည့်ပြီး ရောက်အောင်ပြန်လိုက်ချင်သည်။

ကျောင်းက သင်္ကြန်ယိမ်းအကအဖွဲ့ထဲ ပါနေတဲ့ မိတ္တာ၊ အကသွားတိုက်နေရတာက ညနေဘက်အပြန် မှောင်သည်။ မိတ္တာတို့အိမ်က ဒရိုင်ဘာနှင့် ကားနှင့် နေ့တိုင်းလာကြိုပေမယ့် အကတိုက်နေတဲ့ အဖွဲ့ထဲမှာကိုက ကျောင်းက အော်ဂင်တီးနိုင်တဲ့ သော်ဇင်ဦး ပါဝင်နေကာ အဲဒီ သော်ဇင်ဦးက မိတ္တာကို အသေအလဲ ချစ်ကြိုက်ပိုးပန်းနေတဲ့အတွက် မော်ဝန်းညို ကိုယ်တိုင်က မနာလို သဝန်တိုစိတ်တွေနဲ့ တဆတ်ဆတ်ခါနေကာ အကတိုက်တဲ့ဆီ နေ့တိုင်း သွားထိုင်စောင့်နေဖြစ်ခဲ့တာ။

တကယ်တော့ မဖြစ်နိုင်တာကို မဖြစ်နိုင်ကြောင်း မော်ဝန်း အသိဉာဏ်ရှိရှိ တွေးနိုင်တဲ့သူပါ။ မိတ္တာကို သူစွဲစွဲမက်မက် မြတ်မြတ်နိုးနိုး ချစ်လှပေမယ့် ဘယ်တုန်းကမှ ဖွင့်ပြောဖို့ မစဉ်းစားခဲ့သူပါ။

သူဌေးသမီး တော်ဝင်ပန်းကလေးကို သူလို ထမင်းတောင်မနည်းနပ်မှန်အောင် စားနေရတဲ့ကောင်မျိုးက တုံးခုန်ဆွတ်ဖို့ လုံးဝကို စိတ်ကူးမယဉ်ချင်သူပါ။ သူငယ်ချင်းအဖြစ်နဲ့သာ နှုတ်ဆိတ်မျိုသိပ် ရောင့်ရဲနိုင်သူပါ။

သို့ပေမဲ့ ကြမ္မာငင်ချင်တော့ သော်ဇင်ဦးနှင့် သူ့သူငယ်ချင်းတချို့ သူသည်းမခံနိုင်လောက်အောင် မိတ္တာကို ချောင်ပိတ်ရည်းစားစကား ပြောကြတဲ့ တစ်နေ့မှာတော့ သူ့စိတ်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



ဆေးဒိန်းလိုက်နိုင်ဘဲ သော်ဇင်ဦးတို့ကိုလည်း ဟန့်တားရင်း မိတာတို့လည်း ကာကွယ်ရင်း ရန်ဖြစ်မိကြတဲ့အခါ ...

"ဟော့ကောင် ... မင်းက ဘာလဲကွာ၊ ဘာများ သူ့ရဲကောင်းဝင်လုပ်နေတာတုန်းကွာ၊ တန်ရာတန်ရာလုပ်ကွာ၊ ဘာမှလဲ အမှတ်ဝင်ယူမနေနဲ့၊ မင်း မိတာနားလည်း တကပ်ကပ် မလုပ်နဲ့ ဟော့ကောင်၊ စိတ်ကူးနဲ့တောင် မပစ်မှားနဲ့၊ စိတ်ကူးမယဉ်နဲ့၊ မင်းနဲ့မတန်ဘူး နားလည်လား၊ သူတောင်းစားလက်နဲ့ ရွှေခွက်တက်နိုက်ဖို့ လုပ်နေသေးတယ်၊ မင်း မိတာနား တကပ်ကပ် လုပ်နေတာ ငါ့မျက်စိထဲ လုံးဝ 'ကျက်သရေမရှိဘူး၊ ကိုယ့်ဘဝကိုယ်ပိုက်ပြီး ထွက်သွားစမ်းကွာ"

တင်စီးရင့်သီးလှတဲ့ သော်ဇင်ဦးရဲ့စကားများကြောင့် မော်ဝန်းညို ထူပူပေါက်ကွဲခဲ့ရကာ အဲဒီနေ့က ရန်လည်းဖြစ်မိခဲ့ရတဲ့အပြင် လျှပ်တစ်ပြက် ဖြစ်ပေါ်လာတဲ့ မခံချင်စိတ် အငုံ့စိတ်နှင့် မိတာကို သူ ချစ်ရေးဆိုမိသွားခဲ့ပါသည်။

သူ့ကို ငယ်ငယ်ကလေးတည်းက အရိပ်တကြည့်ကြည့်နှင့် ကရုဏာချစ် ချစ်နေခဲ့တဲ့ မိတာ တစ်ယောက်ကလည်း နှစ်ရက်လောက်တောင် မစဉ်းစားဘဲ ခေါင်းကိုဆတ်ခနဲ ညိတ်ချလိုက်တော့ သူတို့ချစ်သူတွေအဖြစ် တော်စပ် ပတ်သက်ရတော့သည်ပေါ့။ ကျွံမိတဲ့စကားကို ပြန်နုတ်မရတော့ဘဲ မိတာအချစ်ကို သူပိုင်ရကာ မိတာချစ်သူ ဖြစ်ခဲ့ရပါသည်။





မော် မိတာကို အလွန်ချစ်ပါသည်။ သို့ပေမဲ့ ချစ်သူ့ဘဝမှာ သူ လုံးဝမပျော်ပါ။ အချိန်တိုင်း မိနစ်တိုင်း ဘွာခတ်နှောက်ဆုတ်ချင်နေခဲ့တာပါ။ ဘယ်လိုဆို ဘယ်လိုမှ မအပ်စပ်လွန်းတဲ့ဘဝ။

ဘယ်လိုသတ္တိမျိုးနဲ့များ ခေါင်းအညိတ်စောလွန်းလေသလဲ မိတာရယ်။

"ဒီမှာ ... မော်"

မိတာအသံက တိုးတိုးလေး။

"နင် ငါ့ကို သူစိမ်းဆန်ဖို့ ဘယ်တော့မှ မကြိုးစားမိစေနဲ့ ကြားလား၊ နင် ဘာဖြစ်နေတယ်ဆိုတာ ငါသိပါတယ်၊ ငါ နင့်ကို သိပ်ချစ်တာ နင့်စိတ်ဓာတ်၊ နင့်အတွေး၊ နင့်အသိဉာဏ်၊ နင့်ခွန်အားတွေကိုပဲ နင်ထည့်တွေးနေတဲ့ ငွေဆိုတဲ့အရာကြီးက ခုနအချက်တွေ ပြည့်စုံနေရင် အချိန်တန်နောက်က ကပ်ပါလာမှာပါ ...

နင် ငါ့ကို သူစိမ်းဆန်ဆန် ဆက်ဆံရင် ငါရင်နာတယ် သိလား၊ ငါ သိပ်ချစ်ရသလောက် နင်မချစ်ဘူးလို့ ခံစားရလို့ ဝမ်းနည်းတယ်၊ သိပ်သိပ်နာကျင်လာအောင် မလုပ်နဲ့ မော်၊ ငါ ဓွတ်တရွတ် သက်သေပြမိလိမ့်မယ်"

"ဟာ ... မိတာ"

မော်ဝန်း ပျာယာခတ်သွား၍ မိတာက နှုတ်ခမ်းတွန့်တစ်ချက်နှင့်ပြုံးပြီး အနိုင်ရတဲ့မျက်စောင်းနှင့် တစ်ဖက်လှည့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အခွေတွေကို ဣန္ဒြေရရ ကြည့်နေတဲ့ မိတာကို မော်နောက်ကနေ ရှုပုပ်ပြီး ကြည့်နေမိသည်။ သိပ်ဆိုးတဲ့ မိတာ။ ဘာဆက်လုပ်ရမှန်း မသိအောင် ဘယ်လိုဖြေရှင်းရမှန်း မသိအောင် သိပ် ချက်ကောင်းကိုင်တတ်တာပဲ။

စိတ်ရှုပ်စိတ်ညစ်တဲ့ကြားက မိတာကို ချစ်မြတ်နိုးကျေးဇူးတင်လှတဲ့ ခံစားချက် ပီတိက နှလုံးသားတစ်ဝိုက် စိမ့်ပျံ့ကာ ထွက်လာသည်။ ကြည်နူးလွန်းဖို့ ကောင်းပါရဲ့။ သို့ပေမဲ့ သူ့အတွက်ကတော့ တစ်ဝက်တစ်ပျက်မျှသာပါ။ ကျန်တစ်ဝက်တစ်ပျက်ကတော့ မေ့ပျောက်ထားလို့မရတဲ့ အကျည်းတန်တဲ့သူ့ဘဝလေ။

ဒေါ်မြင့်က ကောင်တာကနေ မော်ဝန်းကို အသလွတ် မျက်စောင်းလှမ်းထိုးပါသည်။ လူတွေဟာ အဲလိုပဲ။ နင်းပြားဆို ပိုဖိနင်းချင်ကြတာ။ ဒီလို ဘာရုပ်မှမပေါ်တဲ့ ဖြူကာပြာကာ လူမွဲ မော်ဝန်းညိုကို မိတာလို မိန်းကလေးမျိုးက တမွန်တမြတ် ချစ်ခင် ဂရုစိုက် အရေးပေးလှတာကို သူ့အိတ်ကလည်း မစိုက်ရဘဲနဲ့ မကျေမချမ်း ဖြစ်နေသူတွေက မရှားဘူးလေ။

"မမတာ ... မမတာ ... ဦးအာလူး လာနေတယ်"

ပူရှူးက လေသံဖျဖျနှင့် အသိပေးလျှင် မိတာက "အင်း"ဟု ဟန်မပျက်နေတတ်သလောက် မော်က ဟိုဟာကောက်ကိုင်ရမလို ဟိုချောင်တိုးရမလို ကယောင်ကတန်း ထိတ်လန့်ရသည်။ ဟိုဘက်နားက စာအုပ်စင်ဘက်တိုးကာ စာအုပ်တွေ





ဟိုကိုင်ဒီကိုင် လျှောက်လှန်ရသည်။ ကိုယ်လိုလူက ဗီဒီယိုအခွေတွေ မွှေနေလို့ ယုတ္တိမရှိဘူး မဟုတ်လား။

"သမီးလေး ... ကြာနေပြီ၊ ဆရာ ဆူနေဦးမယ်"

ဦးအာလူး မျက်လုံးများက မော်ဝန်းရဲ့ကျောဘက် ဝဲခန်။ တကယ်တော့ အားလုံးဟာ ရိပ်မိသိရှိနေကြတာချည်းပါပဲ။ ရှုန်းရင်းဆန်ခတ် အခြေအနေမျိုး မဖြစ်ပွားရုံသာ သတိနှင့်စောင့်ကြည့်နေကြတာ။

"ဒီမှာ ရွေးနေရသေးတာ ဦးအာလူးကလည်း"

မိတာက ခုနတည်းက ဒေါ်မြင့် ပေးပြီးသား အသစ်နှစ်ခွေကိုကောက်ယူလိုက်ကာ လှည့်ထွက်လိုက်ပါသည်။ ဒေါ်မြင့်က မိတာမရှိတော့လျှင် မော်ဝန်းဘက် လှမ်းကြည့်လိုက်ရင်းက ...

"မငှားဘဲနဲ့ စာအုပ်တွေ ဟိုကိုင် ဒီကိုင် မဖွကြနဲ့ဟော့၊ စာအုပ်တွေကြေတယ် ... ဟွန်း"

မော်ဝန်းညိုက ဆိုင်ထဲက ချာခနဲ ထွက်လာခဲ့ပါသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၂

"ဒါ နောက်ဆုံးအကြိမ် သတိပေးခြင်းပဲ"

ဦးဇစိုးက စားပွဲကို လက်ဝါးကြီးနှင့် ဖြန်းခနဲပုတ်လိုက်ပါသည်။ လူလုံးလူထည်ကြီး ကြီးထွားသလောက် လက်ဝါးကြီးကလည်း ကြီးမားကာ စားပွဲပုတ်သံကြီးကလည်း ကြက်သီးဖြန်းဖြန်းထလောက်အောင် ကျယ်လောင်လှပါသည်။

"နောက်တစ်ခါ ဒီကလေကချေ အုတ်ကြားမြက်ပေါက်ကောင်နဲ့ ပေါင်းတာသင်းတာတွေ့ရင် နင့်ကို ကျောင်းပါထုတ်ပစ်လိုက်မယ်၊ ဆယ်တန်းမအောင်လည်း အရေးမကြီးဘူး၊ နင့်ကို ငါသဘောကျတဲ့သူ ငါ့လုပ်ဖော်ကိုင်ဖက်သူဌေးတွေရဲ့သား တစ်ယောက်ယောက်နဲ့ စောစောစီးစီးပေးစားပစ်လိုက်မယ်၊ နင် လင်ယူ သားမွေး ကလေးထိန်းပြီး အိမ်တွင်းအောင်းနေလိုက်တော့ ..."





မဟုတ်တရုတ် အပေအတေတွေနဲ့ ပေါင်းသင်းနေရင်လည်း နင့်ယောကျ်ားပဲ နင့်ကို ဆုံးမပစေတော့၊ မလုပ်ဘူး မထင်နဲ့၊ ငါ့သမီးလေး ငယ်သေးတယ်တွေ ဘာညာတွေ မရှိဘူး၊ မိဘအုပ်ထိန်းသူ သဘောတူရင် ဘယ်အချိန်ပေးစား ပေးစား တရားဝင်တာချည်းပဲ၊ ကြပ်ကြပ်သတိထား"

မိတာက လက်လေးနှစ်ဖက် နောက်ပစ်ရပ်နေရာ ဖေဖေ့ကို မျက်လွှာတစ်ချက် ပင့်ကြည့်လိုက်ပါသည်။

"ဘာကြည့်တာလဲ၊ တကယ် မလုပ်ဘူး ထင်နေလား"

တကယ်လုပ်မယ်ဆိုတာ သိပါသည်။ ဖေဖေ ဘယ်လိုခက်တရော် ကြမ်းတမ်းတယ်ဆိုတာ ကောင်းကောင်းသိပါသည်။ နှစ်ကပဲ အသက်နှစ်ဆယ်အရွယ်ပဲ ရှိသေးတဲ့ အစ်ကိုဖြစ်သူကို သူ မကျေနပ်သူနှင့် ရည်းစားထားမှုနှင့် ချက်ချင်းပင် ဖေဖေ့မိတ်ဆွေ မြိတ်ကသူဌေးသမီး တစ်ယောက်နှင့် ဖုတ်ပူမီးတိုက် ပေးစားစ်ကာ မြိတ်ကို ထည့်လိုက်ပြီး တစ်စီးပွားထူထောင်ပေးလိုက်တဲ့သာဓကပူပူနွေးနွေး ရှိတာပဲ။

ဖေဖေဟာ ပြောရရင်တော့ ပညာရေးလည်းနုံနုံ့ခဲ့ကာ ကျောင်းတက်တာ ပညာသင်ယူတာတွေကို အသိပညာရဖို့လို့ မခံယူ။ ဘွဲ့ရဖို့ ကျောင်းတက်နေကြတာဟု တစ်ယူသန်တွေးကာ ဘွဲ့မရလည်းပဲ သူ့လိုပဲ သူဌေးကြီးဖြစ်နိုင်တာပဲ လုပ်ရည်ကိုင်ရည်ရှိရင် ပြီးရောဟု ယုံမှတ်သူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်က ပွဲရုံလုပ်ငန်း လုပ်ကိုင်ခဲ့သူဖြစ်ပြီး နောက်ပိုင်းမှာ ရေလုပ်ငန်း ရေထွက်ကုန်လုပ်ငန်းကိုပါ တိုးချဲ့လာကာ သောက်သောက်လဲ စီးပွားဖြစ်လာသူဖြစ်၍ သူယုံကြည်ရာသည်သာ အမှန်လို့လည်း အစွန်းရောက်လှသည်။ တော်ရုံတန်ရုံ ဆရာဝန် အင်ဂျင်နီယာဆိုတာတွေကိုလည်း လူရေးလူရာသွင်းတာမဟုတ်။

ဖေဖေ့မျက်စိထဲမြင်တာ ငွေ၊ ဖေဖေ့အတွေးထဲရှိတာ ငွေ၊ ဖေဖေ့နှုတ်က ထွက်သမျှစကားက ငွေ။

ငွေ ... ငွေ ... ငွေသည်သာ အမိလို့ ငွေကိုကိုးကွယ်သူတည်း။

"နင့်ကိုလည်း ကျောင်းထုတ်ပြီး လင်ပေးစားပစ်မယ်၊ အဲသလိုကောင်မျိုးနဲ့ ကြိုက်ဖို့မပြောနဲ့ ခင်မင်ဖို့တောင် မလိုဘူး၊ အဲဒီအကောင်လည်း ငါ့သမီးလိုဟာမျိုးကို လာချိုင်ဖို့ ကြံလို့ကတော့ သတ်ကိုပစ်မယ်"

"သမီးတို့ ငယ်ငယ်တည်းက တစ်တန်းတည်းသားချင်းမို့ ခင်နေတာပါ ဖေဖေ"

"မခင်ရဘူး၊ ပေါင်းစရာကို မလိုဘူး၊ သူ့မအေလည်းကြည့်၊ လူမွေးလူတောင် မပြောင်တဲ့ကြားက မိုက်လုံးကကြီးသေး၊ သူများကို အချေးထု အငှားထုနဲ့ အရှက်လည်းမရှိဘူး၊ မအေနဲ့သားကလည်း တကျက်ကျက်၊ တစ်ချိန်လုံးသတ်နေတာ၊ ငါ အားလုံး ကြားထားပြီးသား၊ ဒီအကောင်ကလည်း လူကသာအမွဲအတေ အောက်တန်းစား၊ ရုပ်ကြည့်





တော့ မှုန်တေတေနဲ့ လူကြီး လူကြီးမှန်း မသိတဲ့အကောင်၊ အသုံးမကျတဲ့အကောင်မျိုး"

"မော်ဝန်းညိုက လူကောင်းပါ ဖေဖေ"

"ဖြန်း"

ဖေဖေက လက်ဝါးကြီးနှင့် စားပွဲကို ရိုက်ပြန်သည်။

"သူဟာသူ ကောင်းကောင်းဆိုးဆိုး ငါစိတ်မဝင်စားဘူး၊ ငါပြောနေတာ နင် ဒီကောင်နဲ့ မပေါင်းနဲ့ ဒါပဲ၊ ပြောနေတာလည်း အကြိမ်ကြိမ်ရှိပြီ၊ ဆက်ပေါင်းသင်းနေတယ်၊ ဒီကောင်က ရွှေထွက်နေလို့လား"

"မော်က ... ..."

"တော်စမ်း၊ ဒီနှာမည် ငါ့နားထဲ ထပ်ခါ ထပ်ခါ ကြားအောင် ထပ်ခါ ထပ်ခါ ပြောမနေနဲ့၊ မကြားချင်ဘူး၊ လမ်းမပေါ်မှာ နှစ်ယောက်သား ငုတ်တုတ်ထိုင်ပြီး အရှက်မရှိ ဖြစ်နေတာ၊ တောက်"

"သမီး ဖိနပ်ပြတ်သွားလို့ သူ ကူညီပေးနေတာပါ ဖေဖေ"

"ဖိနပ်ပြတ်ရအောင် ဘာလို့ လမ်းလျှောက်သေးလဲ၊ ကျောင်းမှာ စကားရည်လုပွဲရှိလို့ ကျောင်းစောဆင်းလိုက်တာ အိမ်ကို ဖုန်းဆက်ကားခေါ်ပါလား၊ နင့်ဟာနင် နန့်ကြောထပြီး လမ်းလျှောက်ပြန်တာ၊ ဖိနပ်ကကော ဘာလို့ ခိုင်တာသစ်တာ မစီးလဲ၊ ဘာလို့ အစုတ်စီးသွားသေးလဲ၊ ပြတ်ကာနီးကိုစီးသွားတော့ ပြတ်မှာပေါ့၊ ဒေါ်အေး ... ဒေါ်အေး ... မြန်မြန်လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... လာပါပြီ ဆရာကြီး"

မလှမ်းမကမ်းက ဖြတ်လျှောက်မိတဲ့ ဒေါ်အေးခများ စက်ကွင်းမလွတ် အခေါ်ခံရပါသည်။

"ခုန မိတာ ပြတ်တယ်ဆိုတဲ့ ဖိနပ်စုတ် လွှင့်ပစ်လိုက်စမ်း၊ တစ်အိမ်လုံးရှိသမျှ ဖိနပ်စေ့အောင် အကုန်စစ်စမ်း၊ ဟောင်းနေတာ အကုန်လွှင့်ပစ်၊ ဘယ်သူ့ဖိနပ်မှ မကျန်စေနဲ့၊ ခင်ဗျားတို့ ဖိနပ်တွေပါ ဟောင်းနေရင်လွှင့်ပစ် ကြားလား၊ သွား ... မြန်မြန်"

"ဟုတ် ... ဟုတ်ကဲ့"

"ဗစိုးသမီး လုပ်နေပြီး လမ်းမှာပြတ်မယ့် ဖိနပ်စုတ်ကို စီးနေတယ်၊ တောက် ... ကလေကချေကောင်ကများ ငါ့သမီးဖိနပ်ပြတ်ကို လာဆက်ပေးနေတယ်လို့၊ ဒီမှာ မိတာ၊ နင်နဲ့ခင်ဖို့ မပြောနဲ့၊ နင့်ဖိနပ်တောင် ဒီကောင် ကိုင်တပ်ပေးနေတာ ငါမကြိုက်ဘူး၊ အဲဒါ စကားကုန်ပဲ"

မိတာသည် ခေါင်းငုံ့ မျက်လွှာချကာ ရစ်ဝဲလာသော မျက်ရည်စို့စို့ကို မျက်တောင်ခတ်၍ခတ်၍ သိမ်းနေမိသည်။ ဝမ်းနည်းလိုက်တာ။ မေ့ကိုပြောရက်လိုက်တာ ဖေဖေရယ်။ ခင်ဖို့ မပြောနဲ့ ဖိနပ်တောင်ကိုင်တာ မကြိုက်ဘူးဆိုတဲ့ စကားမျိုးထိ ဖေဖေ ပြောတာကျတော့ မေ့ဘက်ကို ကရုဏာပိုစရာသာလျှင် ဖြစ်တော့သည်။





အင်မတန် ဆင်းရဲလှပေမယ့် မော်ဝန်းဟာ လူကောင်းလေး တစ်ယောက်ပါ။ ငွေကမရှိ အခွင့်အလမ်းကလည်း မရှိ၊ ပံ့ပိုးထောက်ပံ့သူကမရှိ ဆိုတော့ သူ့ရဲ့အရှိန်တရဲရဲတောက်လာနိုင်တဲ့ စွမ်းအားတို့သည်လည်း ပေါ်လွင်လာစရာအကြောင်း မရှိဘူးပေါ့။ မိတာကို စုံလုံးကန်းတယ်ပဲ ပြောချင်ပြော ကိုယ်တိုင်မမြင်မတွေ့ဖူးသော်လည်း မော်ဝန်းညိုဟာ အကူအပံ့သာရှိလျှင် ပံ့ပိုးမှုသာကောင်းရင် ထူးထူးချွန်ချွန် ဖြစ်လာနိုင်တဲ့သူတစ်ဦးလို့ ယုံကြည်နေမိတာပါ။

အခုကိုပဲ ကျောင်းဖတ်စာအုပ်ကအစ တခြားအတန်းတက်သူတွေလှူတဲ့ အဟောင်းတွေ လက်ခံရတဲ့ဘဝ၊ ဗလာစာအုပ်၊ ဘောလ်ပင်တောင်မှ ပြည့်ပြည့်စုံစုံ မဝယ်နိုင်တဲ့ဘဝမျိုးနဲ့တောင် ဘယ်လောက်စာတော်တဲ့ ကောင်လေးလဲ။

"ကိုစိုး"

ဖေဖေ မိတာကို ဆူပူကြိမ်းမောင်းနေတဲ့ အခန်းဝနား မေမေ ရောက်လာပါသည်။ မကျန်းမာတဲ့သူပီပီ မေမေ့ခေါ်သံက ဖျော့ဖျော့လေး။

"ကိုစိုး ... သမီးလေးကို ဘာတွေဆူနေတာလဲ"

"နွယ်နွယ် ... မင်းမလာနဲ့ ... မင်းမလာနဲ့။ မင်းဟာမင်း နားနားနေနေ နေချည်၊ မင်းသမီး မဟုတ်ကဟုတ်ကတွေ လုပ်နေလို့ ဆုံးမနေတာ ... ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမေရောက်လာ၍ ဖေဖေက သူ့ကြိမ်းမောင်းပွဲကို အဆုံးသတ်ပစ်လိုက်သည်။ ဖေဖေဟာ ဒီလောက်တောင် ကြမ်းတမ်းခက်တရော်ပေမယ့် မေမေ့ကိုတော့ ညှာတာချစ်ခင်သူဖြစ်ပေသည်။ မေမေကလည်း သူ့ကို ဘယ်တော့မှ ဆန့်ကျင်သူမှမဟုတ်တာ။ သို့သော် မေမေ့ကိုလည်းပဲ သူ့မှု သူ့စည်းကမ်းနှင့်ပတ်သက်လာလျှင်တော့ အလိုမလိုက်ပါ။

"မိတာ ဘာလုပ်လို့လဲဟင်"

"မင်းလည်း ပါတယ်၊ မင်းကလည်း ဟိုဒုက္ခအိုးမကြီးကို မင်း ငယ်သူငယ်ချင်းဆိုပြီး သံယောဇဉ်က မပြတ်ဘူး၊ မင်း အဲဒီ မလေးယဉ်နဲ့ ခင်မင်လို့ သူ့သားနဲ့ မိတာပါ ဆက်ခင်နေတာ၊ အဲဒီ မလေးယဉ်သားလို အနုတ်စုတ် ဂုတ်စုတ်ကို မင်းသမီးက အကောင်းထား ပေါင်းနေတယ်၊ မတော်တဆ အနေနီးစပ်ပြီး ချစ်ကြိုက်သွားတာမျိုးများဖြစ်လို့ကတော့ အကုန်ခုတ်သတ်ပြီး ငါ ကြိုးစင်တက်သွားမှာ နားလည်လား၊ ဒီပုံစံအတိုင်း ဆက်ရင်းနှီးသွား၊ တစ်နေ့ ကြိုက်မှာ"

ကြိုက်နေပါပြီ ဖေဖေရယ်၊ ကြိုက်နေတာ မဟုတ်ပါဘူး၊ သမီး သူ့ကို ချစ်ကို ချစ်တာပါ၊ သနားကရုဏာချစ်နဲ့ သူ့အတွက်ဆို ဘာကိုမဆို ပေးဆပ်ချင်စိတ်မျိုးနဲ့ကို ချစ်မြတ်နိုးမိတာပါ။





ဖေဖေ မရိပ်မိသေးတာ တော်ပါသေးရဲ့။ သို့ပေမဲ့ အခုမရိပ်မိလည်း တော်ကြာ ရိပ်မိမှာပါ။ ဖေဖေဟာ မျက်စိကြီးများကြီး လက်တံရှည်။ ဒီတစ်ရပ်ကွက်လုံးထဲက လူရွယ်လူလတ်အတော်များများဟာ ဖေဖေ့ပွဲရုံတွေ၊ စက်ရုံတွေ၊ အအေးခန်းတွေမှာ ဖေဖေ အလုပ်ပေးထားတာတွေချည်းမို့ တစ်ရပ်ကွက်လုံးအပေါ်ဆီဖေက ဩဇာညောင်းလှပါသည်။ တစ်ရပ်ကွက်လုံး ဖေဖေ့ကို နဲ့ရှိန်ရသည်။

ဖေဖေ့တပည့်တပန်းတွေထဲမှာ လူကြမ်းတွေ လူမိုက်တွေ အများကြီး။ ထိုခနဲဆို လက်သံပြောင်လှသူ အများကြီး။ မိတာသည် မော့်အတွက် စိုးရိမ်ပူပန်လှပါသည်။ သို့ပေမဲ့ ဖေဖေ့ကို ကြောက်လို့တော့ မော့်ကို သံယောဇဉ်မပြတ်နိုင်ပေ။

❖ ✤ ❖

"အန်တီ"

"ဟယ် ... သမီး ... မိတာ၊ မှောင်ခါတောင်နီးပြီ၊ ဘာလာလုပ်တာတုံး"

"ညနေက ကျူရှင်က ပြန်လာတော့ အန်တီ့ကို သမီးတို့လမ်းထိပ်နားမှာတွေ့တယ်၊ အိမ်ဘက်မျှော်နေတာ၊ သမီးကားပေါ်ကနေ တွေ့လိုက်တယ်၊ အဲဒါ အန်တီများဘာများပြောစရာရှိလို့လဲ၊ ဘာများ အခက်အခဲရှိလို့လဲလို့ပါ၊ အဲဒါလာမေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သမီးရယ်၊ ဒါများ လိုက်လာရလားကွယ်၊ ဦးဇစိုး ပြန်သိရင် သမီးကို ဆူတော့မှာပဲ၊ အခုဘယ်လို ရောက်လာလဲဟင်"

"သမီး ဟိုဘက်လမ်းက သီတာ့အိမ်မှာ စာကူးမလို့ဆိုပြီး ထွက်လာတာ၊ သီတာတို့လမ်းက ချိုင့်များတော့ ကားကို လမ်းထိပ်ပဲ ရပ်ခိုင်းထားတာ၊ ကားပေါ်က ဒရိုင်ဘာက သီတာတို့အိမ်ကို လှမ်းမြင်နေရနိုင်တယ်လေ၊ အဲဒါကြောင့် သီတာ့အိမ်ပေါ်တက် စာကူးနေသလိုလိုနဲ့ သီတာတို့အိမ် နောက်ဖေးကဆင်းပြီး နောက်ဖေးလမ်းကြားကနေ ဒီဘက် လမ်းကို ကူးလာတာလေ"

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်၊ ရင်တုန်လိုက်တာကွယ်၊ အဖေပြန်သိရင် ငါ့သမီး အဆူအပူ ခံနေရပါဦးမယ်၊ ဘာမှ မဖြစ်ဘူး သမီး ... ပြန် ... ပြန်"

"ဟင် ... အန်တီ့ကိုလည်း လမ်းထိပ်နားတွေ့ ... မော်က လည်း ဒီနေ့ ကျောင်းမတက်တော့ စိတ်ပူသွားလို့ပါ"

သူတို့နေကြတာသည် မြို့နယ်တစ်ခုတည်းအတွင်း ဖြစ်ပေမယ့် ကားလမ်းမကြီး ခြားထားသော ဟိုဘက်ဒီဘက် ရပ်ကွက်တို့ဟာ လူနေမှုအဆင့် ကွာလှပါသည်။ ဟိုဘက်ခြမ်းက လူကုံထံ အခြမ်း။ တဖြည်းဖြည်း ဝေးလေ ခြံတွေဝင်းတွေ ပိုမို ကြီးကျယ်ခမ်းနားကာ သူဌေးရပ်ကွက်ဆန်လေ။ အဲဒီမှာ မိတာ တို့က နေပါသည်။





ဒီဘက် လက်လုပ်လက်စားရပ်ကွက်ဘက်ကျတော့ အတွင်းဘက်ရောက်လေ ပိုပိုနံချာစုတ်ပြတ်လေဖြစ်ကာ ခနော်ခနဲ့အိမ်ကလေးတွေ ပြွတ်သိပ်နေပါသည်။ တစ်မြို့နယ်တည်းမှာပင် မတူညီသော လူတို့ရဲ့ကုသိုလ်ကံအကျိုးပေးကို တွေ့မြင်နိုင်တာပါ။

"ညနေက အန်တီ အဲဒီဘက် လာတာက အဲဒီနားခြံတစ်ခြံက စပယ်ရုံတွေကနေ စပယ်ဖူးတွေ ပုတ်ပြတ်ကောက်ဖို့ပါ၊ မနက်စောက ပဲပြုတ်ရောင်းထွက်ရင်း မေးမြန်းစျေးတည့်ပြီးတော့ ညနေက အဲဒါလေး သွားခူးတာပါ၊ လက်ထဲမှာ နီးဗန်းလေး သမီး မတွေ့ဘူးလား၊ ခုန အဲဒါထိုင်သီနေတာ ဟိုမယ်လေ စံပယ်ကုံးတွေ၊ အန်တီ ခဏနေ ဘုရားခြေရင်းနား အဲဒါလေး သွားရောင်းမယ်လို့လေ၊ ရော့ ... ရော့ ... သမီး ယူသွားဦး"

မိတာသည် စိတ်ထဲမကောင်းနိုင်။ အန်တီ့ခမျာ အကျင့်ဆိုးလေးတစ်ခု စွဲနေတာကလွဲလျှင် ကြံဖန်တော့ ရှန်းကန်ရှာဖွေသား။ အန်တီဟာ သားဖြစ်သူနဲ့ဆို တစ်ယောက်တစ်ခွန်း တကျက်ကျက်ပေမယ့် မိတာအပေါ်တော့ နူးညံ့ချစ်ခင်လှပါသည်။ သူ့ ရပေါက်ရလမ်းရှိလို့ ချစ်ပြတာမျိုး မဟုတ်ဘဲ တကယ့်ကို စင်စင်ကြယ်ကြယ် ချစ်တာ မိတာ ယုံကြည်သည်။ မေမေ့ကိုလည်း ထို့အတူပါပင်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... မော် ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ နေမကောင်းဘူးလား၊ အခုကော ဘယ်မှာလဲ၊ မရှိဘူးလား"

"မော်က အလုပ်လေးလုပ်စရာရလို့ ဒီနေ့ ကျောင်းမတက်တာပါ၊ ဟိုဘက်နားက ဂိုဒေါင်သစ်ဆောက်နေတဲ့ဆီမှာ မီးကြိုးတွေသွယ်ဖို့ မီးလိုင်းဆင်ဖို့ လိုက်သွားတယ်"

"ဟင် ... မော်က မီးလိုင်းဆင်တာတွေ ဘာတွေ လုပ်တတ်လို့လား အန်တီယဉ်ရယ်"

"ဦးဖိုးရွှေတို့ လုပ်ကြတာ၊ မော်ဝန်းက ဘေးကကိုင်ပေး ကူပေး တွယ်တက်တန်တက် လက်တိုလက်တောင်းပေါ့၊ တစ်နေကုန်တာ ဆိုတော့ နေ့တွက်ခရမှာပေါ့ သမီးရဲ့"

မိတာ မျက်နှာလေးကို အိုသွားရပါသည်။ စိတ်မကောင်းလည်း ဖြစ်ရသည်။ ချက်ချင်းပဲ ထိုင်ငိုလိုက်ချင်သလို နှာတွေပင်မွှန်ကာ မျက်ခွံလေးတွေ ရဲတက်လာပါသည်။

"အန်တီ ... သမီးသွားတော့မယ်၊ ရော့ ... ပိုက်ဆံနည်းနည်းယူထားလိုက်နော်၊ မော့်ကို သမီးပေးတယ် မပြောပါနဲ့ အန်တီ"

"အို ... ဒီနေ့ အန်တီ့ဆီမှာ သုံးစရာရှိပါတယ် သမီးရဲ့၊ မယူဘူး... မယူဘူး၊ သမီးမုန့်ဖိုး သမီးပြန်ယူသွား၊ မော်ဝန်းကလည်း သမီးဆီက ပိုက်ဆံမယူရဘူး ပြောထားတယ်"

ဒေါ်လေးယဉ်က မိတာ အတင်းလက်ထဲထိုးထည့်တဲ့ ငါးရာတန်နှစ်ရွက်ကို မိတာထံ အတင်းပဲ ပြန်ပေးပါသည်။





"မော့်ကို လုံးဝမပြောနဲ့ပေါ့၊ သမီးလည်း မပြောဘူး၊ ယူထားလိုက်ပါ အန်တီရယ် ... နော်၊ ပြီးတော့ မော့်ကိုလည်း အဲလိုအလုပ်တွေထဲ နေ့စားမထည့်ပါနဲ့ အန်တီရယ် မကျွမ်းကျင်ဘဲနဲ့ အန္တရာယ်ဖြစ်နေပါ့မယ်"

"အမယ်လေး ... အန်တီ မထည့်ရပါဘူး သမီးရယ်၊ သူ့ဟာသူ လုပ်ချင်လို့ လိုက်သွားတာပါ၊ ကျောင်းပိတ်ရက်က ကိစ္စမရှိဘူး၊ ကျောင်းဖွင့်ရက်ကို ကျောင်းဖျက်ပြီးလိုက်တာတော့ အန်တီလည်း ဘယ်ကြိုက်ပါ့မလဲ၊ ဒါပေမဲ့ သမီးသူငယ်ချင်းက ဘယ်တုန်းက ပြောလို့ဆိုလို့ ရလို့လဲ"

"ဟင် ... မော်က လိမ္မာပါတယ် အန်တီရယ်"

"ဆိုးတယ် မိုက်တယ် ပြောတာ မဟုတ်ပါဘူးအေ၊ သူလုပ်ချင်ရာ လုပ်တယ်လို့ ပြောတာပါ၊ ကဲ ... သမီး ပြန်ပြန်၊ ဟိုနေ့ကလည်း အဆူခံရတာဆို"

"အန်တီ ဘယ်ကသိလဲဟင်"

"ပူရူးလေးနဲ့ ဈေးမှာတွေ့လို့ သူ ပြောပြတာ"

"ဖေဖေက အရာရာ သူ့စိတ်သူ့သဘောချည်းပဲ၊ ခုလည်း သမီးကို မော်နဲ့မပေါင်းရဘူး၊ မခင်ရဘူး လုပ်နေတာ၊ သူ့စကားနားမထောင်ရင် သမီးကို ကျောင်းထုတ်ပြီး ယောက်ျားပေးစားပစ်မယ်တဲ့"

"ဘုရားရေ ... ဦးဇစိုးကြီးက တကယ်လုပ်မှာအေ့၊ ဆင်ဆင်ခြင်ခြင်နေပေါ့ သမီးရယ်၊ မော်ဝန်းနဲ့လည်း ပေါင်းမနေပါနဲ့၊ ခပ်တန်းတန်းနေလိုက်"

www.burmeseclassic.com



"အို ... မနေနိုင်ပါဘူး အန်တီကလည်း၊ ဘာလို့မပေါင်းရမှာလဲ၊ အန်တီ့ကို အန်တီ့ကို ... ဟို ... မော်က ဘာမှပြောမပြဘူးလားဟင်"

"ဘာကိုလဲ သမီး၊ ဘာကိုပြောတာလဲ"

မိတာက လက်ချောင်းလေးများကို လိမ်ကာ ချိုးကာ သူ့နှုတ်ခမ်းလေးနှစ်လွှာကို အချင်းချင်း ဖိပွတ်ကာ ပြောဖို့မနည်း အရှိန်ယူရင်းက ရုတ်တရက် ကမူးရှူးထိုး ပြောချလိုက်ပါသည်။

"အန်တီ ... သမီးနဲ့ မော်က ချစ်နေကြပြီ၊ ချစ်သူတွေလေ"

"ဘုရား ... ဘုရား"

ဒေါ်လေးယဉ်က အူလှိုက်သည်းလှိုက် ဘုရားတလိုက်မိပါသည်။ ဦးဗစိုး မျက်နှာကြီး မြင်ယောင်ကာ ကြက်သီးတောင် တဖြန်းဖြန်း ထသွားရပါသည်။ သူကိုယ်တိုင်လည်း ချစ်ခင်လှတဲ့ အချောအလှ သူဌေးသမီးနဲ့ သူ့သားကြိုက်တာဆိုပေမယ့် ဝမ်းမမြောက်နိုင်ပါ။ ဦးဗစိုး လက်ချက်နှင့် သူ့သားစိစိညက်ညက်ကြေမှာကိုသာ တွေးပူပြီး မနှစ်မသက် ဖြစ်ရတာပင်။

"ဘာဖြစ်လို့ ချစ်ကြရတာတုံး၊ မဖြစ်နိုင်တာ၊ မိုက်လိုက်ကြတာ၊ မော်ဝန်းလည်း မိုက်လုံးကြီးလှချည်လား၊ သူဘာမှမပြောဘူး၊ သိလည်း မသိဘူး၊ သိလည်း ဝမ်းမသာဘူး၊ သဘောမကျနိုင်ဘူး သမီး၊ သမီးအတွက်လည်း မော်က တန်းညီတဲ့ ကြင်ဖော်ကြင်ဖက် မဟုတ်ပါဘူး၊ မော်ဝန်းကိုလည်း ဦးဗစိုး လက်ချက်နဲ့ ဒုက္ခအရောက်မခံနိုင်ပါဘူးအေ"





"အဲလိုမပြောပါနဲ့ အန်တီရယ်၊ သမီး မော့်ကို အရမ်းချစ်တာပါ၊ မော်ကလည်း သမီးကို တကယ်ချစ်ပါတယ်"

"အို ... စကားပြောလည်း အချိုးမပြေ၊ သမီးကို ဆူလားပူလား လုပ်နေတဲ့ ဒီကောင်လေးကိုများ ဘာချစ်စရာအကြောင်းရှိလို့လဲ၊ မေ့လိုက်ပါ သမီး၊ ဖြတ်လိုက်ပါအေ၊ ညည်းတို့နှစ်ယောက်လုံး ဒုက္ခရောက်ကြရလိမ့်မယ်"

"မဖြစ်နိုင်ဘူး အန်တီ၊ ပြီးတော့ အန်တီ့ကို သမီးကြိုပြောပြထားဦးမယ်၊ ဖေဖေက မော်နဲ့ကိစ္စသာသိရင် သမီးကို ကျောင်းပါထုတ်ပြီး ယောက်ျားပေးစားပစ်မှာတဲ့၊ အဲဒီလိုသာဖြစ်လာရင် သမီးက ဒီကိုပဲပြေးလာခဲ့မှာ၊ အဲဒါ မော့်ကိုလည်း ပြောပြထားပေးပါနော် ... နော် ... အန်တီ"

"အို ... မဖြစ်နိုင်တာ၊ ညည်းတို့ အသက်လေးတွေ ဘာရှိသေးလို့လဲ အတာရယ်၊ မိုက်ရူးမရဲပါနဲ့ သမီးလေးရယ်၊ ညည်း ဒုက္ခရောက်မှာအေ့၊ အန်တီတို့ ဘယ်လောက်တောင်မွဲတေချို့တဲ့တယ်ဆိုတာ သမီး မသိတာလည်း မဟုတ်ဘဲနဲ့ကွယ်"

"ဟင့်အင်း ... သမီး မော်နဲ့သာ မခွဲနိုင်တာ။ ဆင်းရဲခံနိုင်ပါတယ် အန်တီ"

"မဆင်းရဲဖူးသေးလို့ပါအေ၊ မဆင်းရဲဖူးလို့ ဒီစကားပြောတာပါ၊ မမိုက်ပါနဲ့ အတာရယ်၊ ညည်းအဖေပြောတဲ့စကားသာ နားထောင်စမ်းပါ၊ ကဲ ... ပြန် ... ပြန် ... သမီး၊ အခုလည်း ပြန်လိုက်တော့၊ ကြာနေပြီ သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



မိတ္တာခမျာ မျက်ရည်လေး တလည်လည်နှင့်ပင် ဒေါ်လေးယဉ် လက်တစ်ဖက်ကို ဆုပ်ကိုင်ထားရာမှ လွတ်ပြီး နောက်ဆုတ် နောက်ဆုတ်ကလေး ထွက်လာရာမှ ချာကနဲလှည့်၍ မော်တို့လမ်းသွယ်လေးတစ်လျှောက် ခပ်သွက်သွက်ပြေးလေသည်။ ခပ်ယိုင်ယိုင် အိမ်ကုပ်လေးနှစ်လုံးကြားထဲက လူတစ်ကိုယ်စာလေး တိုးဝင်ဖြတ်ကျော်လိုက်သော နောက်ဖေးလမ်းကြား ညစ်ညစ်ပတ်ပတ် တစ်ခုသို့ ရောက်လေသည်။

အဲဒီနောက်ဖေးလမ်းကြားထဲကမှ သိတ္တာတို့အိမ်ရဲ့ နောက်ဖေးပေါက်မှ သစ်သားလှေကားထစ်လေးများကို အမောတကော လှမ်းတက်လိုက်ရပါသည်။

"မိတ္တာ ... မိတ္တာ"

"ဟင် ... သိတ္တာ ... ဘာလဲဟင်"

သိတ္တာ့မျက်နှာလေးက ငိုမလို ရှုံ့မဲ့နေသည်။

"ဦးအာလူးကြီးက အိမ်ပေါ်လိုက်လာတယ်ဟ၊ နင်ကြာနေလို့တဲ့၊ နင်မရှိတာလည်းသိရော သူက ပူထူပြီး အခုလမ်းထိပ်ကို ဖုန်းပြေးဆက်တာဟ၊ ငါလည်း နင့်ဆီပြေးလိုက်လာမလို့ပဲ၊ ဒါပေမဲ့ အဖေပြန်ရောက်လာတယ်ဟ၊ ငါ့အဖေက ငါ့ကိုပါ နင့်ကို ဒီကိစ္စမျိုး ကူညီလို့ဆိုပြီး ဆူနေတယ်၊ ဒါကြောင့် ငါလိုက်လာလို့ မရတာ"

မိတ္တာ မျက်နှာလေးက ဆီးရွက်ကလေးမျှဖြစ်ကာ ကြောက်စိတ်မွှန်လာပါသည်။





"ငါ ... ငါ ... ဘာလုပ်ရမလဲ၊ ဒီက ပြန်ပြေးရမလားဟင်"

"မိတ္တာ"

အိမ်ရှေ့က ကျယ်လောင်သော အသံကြီးက ဟိန်းခနဲပေါ်လာ၍ မိတ္တာ တစ်ကိုယ်လုံး တုန်သွားရပါသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၂

"အခု ဘယ်လိုလုပ်ကြမလဲ၊ ကဲ ... ဘယ်လိုလုပ်ကြမလဲ"

မော်ဝန်းညိုက လက်ထဲကစာရွက်ကလေးကို စားပွဲပေါ်ချလိုက်ကာ ကတုန်ကယင် ဖြစ်လာသော ဒူးတွေကြောင့် ဆောင့်ကြောင့်လေး ထိုင်ချလိုက်ပါသည်။ သူ့ရင်ထဲမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ထူပူနေပါသည်။ ဒီစာကို မိတာက ပူဆူးကတစ်ဆင့် အမေ့ထံ မရောက်,ရောက်အောင် ကြိုးဆောင်ပို့လိုက်တာပါ။

"ပြောလေ"

"အမေ ... ခဏ၊ ခဏလောက် တိတ်နေပေးဗျာ၊ ကျွန်တော် အရမ်းထူပူနေပြီ"

"ခုမှ ထူပူမနေနဲ့၊ နင် မိုက်လုံးကြီးတာ၊ နင် ဘာဖြစ်လို့ မိတာကို ရည်းစားစကား ပြောလိုက်လဲဟင်"

"မပြောဘူးလို့ နေတာပဲဗျ၊ ဒါပေမဲ့ ပြောမိသွားတယ်၊ ချစ်တာကိုးဗျ"





"ချစ်ရအောင် နင်နဲ့ မိတာက တန်လို့လား"

ဒေါ်လေးယဉ် စကားကြောင့် အရိုက်ထိုးခံလိုက်ရသလို မော်ဝန်းညိုမျက်နှာက စုတ်ပြတ် ပျက်ယွင်းသွားပါသည်။

"အမေ ဘယ်လိုပြောလိုက်တာလဲ"

"ဒီလိုပဲ ပြောရမှာပဲလေ မော်ဝန်း၊ အခုကြည့်လေ၊ မိတာလို အဖူးအညွန့် သူဌေးသမီးက နင့်ကို ခိုးခိုင်းတယ်၊ ဘယ်လိုလုပ်မလဲ၊ သူသာ ငါတို့ဆီ ရောက်လာရင် သူ့ကို ဘယ်လိုထားပြီး နင် ဘယ်လိုကျွေးမှာလဲ"

မော်ဝန်းက အမေဖြစ်သူကို စိမ်းစိမ်းဝါးဝါး ကြည့်လိုက်ရင်း ...

"အမေပြောတော့ မိတာကို သမီးလေးတစ်ယောက်လို ချစ်တယ်ဆို၊ အဲဒါ အပိုပြောတာပေါ့ ...ဟုတ်လား"

"ငါ တကယ် သူ့ကို သမီးတစ်ယောက်လိုချစ်တာ၊ သမီးလိုချစ်တယ်ဆိုတာ သူ့အပေါ် စေတနာ မေတ္တာရှိတာ၊ သူ့မိဘလက်ထဲနေနေတဲ့ မိတာကို အဝေးကနေ လိုတာလေး ကူပေး လုပ်ပေး ကိုယ်တတ်နိုင်တာလေး ဘာလုပ်ရ လုပ်ရ၊ သူ့ကောင်းရာကောင်းကျိုးကိုလည်း ငါ လိုလားတယ် ...

ချွေးမလို ငါ မချစ်နိုင်ဘူး၊ ချစ်နိုင်တဲ့ အင်အားမရှိဘူး၊ ချွေးမတစ်ယောက်ကိုဆို ငါတာဝန်ယူရမှာတွေရှိပြီ၊ ဒါတွေကို ငါတာဝန်ယူနိုင်စွမ်း မရှိဘူး၊ ချွေးမ မတော်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မတော်နိုင်ဘူး ဆိုတာ တော်နိုင်တဲ့ခွန်အား မရှိတာကို ပြောနေတာ”

မော်ဝန်းသည် ကိုယ်တိုင်လည်း ပူထူစိတ်ရှုပ်နေသည်ဖြစ်၍ ပိုပြီး စိတ်ထိခိုက်လာပါသည်။ မျက်ဝန်းမှာပင် မျက်ရည်ကြည် ဝေ့အိုင်လာသည်။

“အခု ဘယ်လိုလုပ်မှာလဲ၊ ကဲ ... ပြော”

“ဖြစ်လာမှတော့ ရင်ဆိုင်ရတော့မှာပေါ့ အမေ”

“ဘယ်လိုရင်ဆိုင်မှာလဲ”

“ကျွန်တော် မိတာကို သိပ်ချစ်ပေမယ့် ခုလို စောစောစီးစီး နိုးပြေးဖို့ ပေါင်းသင်းဖို့ လုံးဝစိတ်ကူးမရှိဘူး၊ ကိုယ့်ဘာသာကြိုးစားပြီး အလုပ်အကိုင်လေး အတည်တကျနဲ့ သူ့မိဘလောက် မချမ်းသာတောင် သူ့ကို လုလုပပ ဝဝလင်လင် အေးအေးချမ်းချမ်း ထားနိုင်တဲ့ တစ်နေ့မှ လက်ထပ်ယူချင်တာပါ ...

ဒါပေမဲ့ ခုလို ဟိုတစ်နေ့က ကျွန်တော်တို့အိမ်ကို သူ နိုးပြီးလာတာ သူ့အဖေတွေ့သွား သိသွားပြီး ချက်ချင်း ယောက်ျားပေးစားပစ်တော့မယ် ဆိုတာမျိုးတော့ အဖြစ်မခံနိုင်ဘူး အမေ၊ သူ အိမ်ထောင်ကျသွားရင် ကျွန်တော်နဲ့ တစ်သက်လုံး အပြီးဝေးသွားပြီပေါ့၊ အဲသလို အဖြစ်မခံနိုင်ဘူး အမေ၊ သူ့ကို ဖြစ်တဲ့နည်းနဲ့ တစ်နေရာရာ ခေါ်သွားရတော့မှာပဲ”





ဒေါ်လေးယဉ်သည် ပါးပေါ် မျက်ရည်ပေါက်များ စီးကျလာလျက် ...

“နင်တို့ အသက်လေးတွေ ဘယ်လောက် ရှိသေးလို့လဲ၊ ခုချိန် နင် သူ့ကိုခိုးပြေးသွားရင် အသက်မပြည့်သေးတဲ့ သူ့ကို ခိုးယူပေါင်းသင်းမှုနဲ့ နင် ထောင်ကျမှာပေါ့ နလပိန်းတုံးကောင်ရဲ့၊ နင် ဒါကို မတွေးမိဘူးလား၊ မဖြစ်ပါဘူး မော်ဝန်းရယ်၊ သူ့အဖေ သူ့ကို ယောက်ျားပေးစားရင်လည်း သူ့ထိုက်သူ့ကံ သူ့ဘဝပဲပေါ့၊ မင်း ဒီစာကို မရခဲ့သလိုပဲ စိတ်ထဲသဘောထားလိုက်ပါ မော်ဝန်းရယ်... နော်၊ မိတာကို သွားမခေါ်ပါနဲ့၊ ပစ်ထားလိုက်ပါတော့၊ အမေ တောင်းပန်ပါတယ်၊ လုံးဝမသွားပါနဲ့၊ နင်သွားမှာကို ငါ သဘောမတူဘူး”

မော်ဝန်းညိုက ခေါင်းငိုက်စိုက်ချ ငုံ့ထားလိုက်ပါသည်။ ဟုတ်ပါသည်။ သူလည်း ဆယ့်ခြောက်နှစ်၊ မိတာလည်း ဆယ့်ခြောက်နှစ်။ လက်ထပ်ပေါင်းသင်းလည်း အုပ်ထိန်းသူမိဘ သဘောမတူရင် ပြစ်မှုမြောက်တယ်ဆိုတာ သူ နားလည်ပါရဲ့။ သို့ပေမဲ့ မိတာကို မိတာကိုယ်တိုင်ပင် မရင်းနှီးတဲ့ သူစိမ်းယောက်ျားလက်ထဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ ဘယ်လိုထိုးထည့်ရမလဲ၊ ဘယ်လိုမျက်နှာလွှဲခဲပစ် ထားရမလဲ။ အခုဝေးရင် အပြီးဝေးမှာလေ။

“နင်တို့ ထွက်ပြေးစရာတောင် တောပိုင်းနယ်ပိုင်းမှာ ဆွေမျိုးစပ် ရှိတာမဟုတ်ဘူး၊ ပြေးစရာ မြေကိုမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မဖြစ်နိုင်ပါဘူးအေ၊ လက်လျှော့လိုက်ပါ ငါ့သား
လက်လျှော့လိုက်ပါကွယ်"

"………"

"ပြောနေတာ ကြားလား၊ နှင် ထောင်ကျမှာ သိရဲ့လား၊ နှင် မကြောက်ဘူးလား"

"သိပါတယ်၊ ကြောက်လည်း ကြောက်ပါတယ်"

"ဒါဖြင့် အမေ့စကား နားထောင်ပါ၊ လုံးဝမသွားရဘူး၊ မသွားနဲ့နော်"

မော်ဝန်းညိုက လေရှိန်နှင့် စားပွဲပေါ်က လွင့်ကျလာသော စာရွက်ကလေးကို အသာအယာကောက်ကာ စားပွဲပေါ် ပြန်တင်လိုက်ပါသည်။

"မော် …

ငါ့ကို ဖေဖေက ချက်ချင်း အိမ်ထောင်ချပေးဖို့ စီစဉ်နေပြီ …

ငါ လက်မခံနိုင်ဘူး၊ နှင်ကလွဲပြီး ဘယ်သူနဲ့မှလဲ ငါ မပေါင်းနိုင်ဘူး၊

ငါ ရအောင်ထွက်ပြေးမှာ၊ နှင် ငါ့ကိုလာခေါ်ပါ။

'……'လမ်း ခေါက်ဆွဲစက်နားက မြေကွက်လပ်နားမှာ သန်ဘက်ခါည နှင် ဆက်ဆက်စောင့်နေပါ မော်၊ ငါ သန်းခေါင်မတိုင်ခင်လာမှာ မဖြစ်မနေ စောင့်ပါ … မော်၊





အဆင်သင့် ကြိုတင်စီစဉ်ထားပါ၊ ပေးလိုက်တဲ့ပိုက်ဆံကိုလည်း မသုံးဘဲမနေဘဲ လိုအပ်တဲ့နေရာမှာ သုံးစွဲပါနော်။

တကယ်လို့ နှင့်ကို မတွေ့ဘူးဆိုရင် ငါ အိမ်ပြန်မှာ မဟုတ်ဘူးနော်။ ရောက်ရာပေါက်ရာကို ထွက်သွားလိုက်မှာ၊ နှင် ငါ့ကို ဒီတစ်သက် ပြန်မတွေ့စေရဘူး။

ချစ်,မိတာ"

အဲဒီစာရွက်လေးအပြင် စာအိတ်လေးတစ်လုံးနဲ့က ပိုက်ဆံတစ်သိန်းထုပ် နှစ်ထုပ်။ သူ့မှာ ပိုက်ဆံရှာဖွေစီစဉ်ဖို့ခက်မှာ နားလည်နေပြီး အလိုက်တသိ ထည့်ပေးလိုက်တာပေမယ့် မော်ဝန်း ရင်တွေ နာရပါသည်။ မိတာကိုလည်း သနားလှသည်ပါ။ သူ့ရင်ထဲမှာ ခံစားချက်ပေါင်းစုံ ရောပြွန်းနေသည်။

မိန်းကလေးမိဘက ဘယ်လိုမှ သဘောမတူနိုင်တဲ့ အနေအထားဖြစ်ရတဲ့ သူ့ဘဝအတွက် ရှက်စိတ် နာကြည်းစိတ်၊ ခုလိုဖြစ်လာတဲ့ ဖန်လာတဲ့ အခြေအနေကို စိတ်ပျက်ခြင်း၊ မိတာကို ချစ်စိတ် သနားစိတ်၊ ရှေ့ဆက်ရမယ့် ဘယ်လိုမှန်းမသိတဲ့ အခြေအနေ ဘဝတစ်ခုအတွက် အမောဲ ကိုယ့်အတွက် ရှိလာနိုင်တဲ့ အန္တရာယ်အတွက် တုန်လှုပ်မှု၊ ခေါင်းတစ်ခုလုံး ပူထူကျပ်ခဲကာနေသည်။

အမေ့ကိုရော အကုန်ဖွင့် တိုင်ပင်ပြောပြလို့ အကြံဉာဏ်ယူလို့ ရပါ့မလား။ အမေဟာလည်း ဒီကိစ္စကို လုံးဝဖြတ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်မည့်သူ မဟုတ်။ ဖျက်ကိုဖျက်မှာ။ ဦးဗစိုးနှင့် အမေဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ကြပေမယ့် ဒီကိစ္စမှာတော့ ဆန္ဒချင်းထပ်တူ ညီနေမှာ။

ဦးဗစိုးကို အမေက ကြောက်လည်းကြောက် ရွံ့လည်း ရွံမုန်းတာ မော်ဝန်း သိပါသည်။ သို့သော် ခုကိစ္စမှာတော့ လိုအပ်ရင် ပူးပေါင်းဖို့ပင် အသင့်ဖြစ်နေမှာ။

"မော်ဝန်း"

မော်က အမေ့ကို မျက်လွှာပင့်ကြည့်သည်။

"ကတိပေးစမ်း ငါ့ကို"

"... ... ..."

"ဟဲ့ ... ကတိပေးစမ်းလို့ ပြောနေတယ် မဟုတ်လား"

"ကတိပေးတာ လွယ်ပါတယ် အမေရာ၊ အင်း'ဆို ပြီးနေတာပဲ၊ အရေးဖါတာက တကယ် သွားမခိုးဖို့ မဟုတ်လား၊ မိတာကို အမေ မယူစေချင်တာ မဟုတ်လား၊ အမေ့ဆန္ဒက အဲလိုမဟုတ်လား"

"အေး ... ပြီးရော"

အမေ့ဆန္ဒ အဲဒါ မဟုတ်လားသာ မေးတာ။ ကျွန်တော် မလုပ်ပါဘူး ပြောတာမှ မဟုတ်တာပဲ။ ဒေါ်လေးယဉ်က ဘဝင်ကျသွားသလိုနှင့် စားပွဲပေါ်က ပိုက်ဆံထုပ်ဆီ မသိမသာ လက်လှမ်းသည်။ မော်က လက်မြန်မြန်နှင့် ဘတ်ခနဲ ကောက်ယူကာ ...





"ဘာမှမလုပ်ဖြစ်ရင် ဒီပိုက်ဆံက ပြန်ပေးရမှာပေါ့ အမေ၊ အမေ ယူထားဖို့ မလိုဘူးလေ"

ဒေါ်လေးယဉ်က မော့်ကို မျက်စောင်းနက်နက်ထိုးလိုက်ပါသည်။

❖ ✤ ❖

"လွှတ် ... လွှတ် ... မလိုက်ဘူး ... မလိုက်ဘူး"

မိတာသည် သူ့ကိုချုပ်ထားတဲ့ ဦးမြ လက်ထဲက ထွန့်ထွန့်လူး ရုန်းကန်တဲ့အပြင် ဦးမြကိုရော နံဘေးက ကိုဝင်းခိုင်ကိုရော ရိုက်နက်တွန်းထိုး ကန်ကျောက်ကာ ရုန်းရင်းဆန်ခတ်ဖြစ်နေပါသည်။

ဖေဖေ့တပည့်တွေ။ တစ်ယောက်ကိုမှ မိတာ မကြောက်ပါ။ သို့ပေမဲ့ တကယ်တန်း လိုအပ်လာလျှင် ဒီတပည့်တွေဟာ ဖေဖေ့ခွင့်ပြုချက်အရ မိတာကို တဆုံးတစလည်း အသားနာအောင် လုပ်ကောင်း လုပ်ကြမှာပါ။ ခုတော့ ချုပ်ကိုင်မှုကအစ ခိုင်မြဲဖို့ အလွဲလျှင် တတ်နိုင်သမျှ ညှာညှာတာတာ သက်သက်သာသာ ဖြစ်အောင်သာ လုပ်ကြတာ မိတာ နားလည်သည်။

"လွှတ်ဆိုလွှတ် ... လုံးဝမလိုက်ဘူးလို့ ပြောနေတယ် မဟုတ်လား"

"သမီး ... မိတာ၊ လာ ... လိုက်ခဲ့ပါ၊ အံသားနာမခံပါနဲ့ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နာအောင်လုပ်ရင်လည်း လုပ်လိုက် … မလိုက်ဘူး၊ လွှတ်ပါ ဦးမြ၊ ဦးလေးရယ် … သမီးကို သနားပါ၊ ဖေဖေက သမီးကို … သမီးကို …"

မိတာသည် ပြောရင်း ပြောရင်းက ဝမ်းပန်းတနည်း ဆို့နင့်လာကာ ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။

"သမီးရယ် … မိဘစိတ်ဆင်းရဲအောင် ဘာဖြစ်လို့ လုပ်မှာလဲ၊ လာပါကွယ်၊ အိမ်မှာ သမီးအမေ မမနွယ်လည်း စိတ်တွေပူပြီး ကျန်ခဲ့ရှာတယ်"

"သမီးကို ပြန်ခေါ်သွားရင် ဖေဖေက အိမ်ထောင်ချပေးမလို့တဲ့၊ သမီးဒုက္ခရောက်မှာ၊ သမီးကို သနားပါ၊ ပြန်မခေါ်ပါနဲ့၊ သွားပါရစေ … သွားပါရစေ"

မိတာသည် ရှန်းလည်းရှန်း ငိုလည်းငို။ သူရောက်လာတာတောင် နာရီဝက်ကျော်ခဲ့ပြီ။ မော့်ကို ရှာလို့မတွေ့ခဲ့။ မော်ရယ် … ဘယ်ရောက်နေသလဲ။

"သမီး … ဆရာ့စကား နားထောင်ရင် ဆရာက အိမ်ထောင်ချပေးမှာ မဟုတ်ပါဘူး၊ ဦးလေးတို့ပါ ဝိုင်းတောင်းပန်ပေးပါ့မယ်၊ လိုက်ခဲ့လိုက်ပါ သမီးရယ်"

"ဟင့်အင်း … ဟင့်အင်း၊ သမီးကို မတွေ့ဘူးလို့ ဖေဖေ့ကို ပြောပေးပါ ဦးမြရယ်"

"ကားပေါ်မှာ ဆရာ ပါလာတယ် သမီးရဲ့"

"ဟင်"





မိတာက ခပ်လှမ်းလှမ်းက ကားဆီ အလန့်တကြား လှမ်းကြည့်လိုက်ပါသည်။ အမှောင်ထဲမို့ ကားထဲကလူကိုလည်း မမြင်ရပါ။ သို့သော် အချိန်ကြန့်ကြာနေတာကြောင့် ထင်သည်။ ရုတ်တရက် ကားတံခါး ချပ်ခနဲပွင့်ကာ ဦးဇစိုး ဆင်းလာတာကို မိတာ လှမ်းမြင်လိုက်ရပါသည်။ ဦးဇစိုးက ကားတံခါးကို ဒုံးခနဲမြည်အောင် ဆောင့်ပိတ်လိုက်ရင်း …

"ဘာလုပ်နေတာလဲ ဟိုဟာမလေး၊ ကိုမြ ခေါ်ခဲ့လေ၊ ဝင်းခိုင် ဒီဘက်က ဝင်ချုပ်ပြီး ဆွဲခေါ်ခဲ့လေ၊ ဘာကြောင့်ကြည့်နေတာလဲ"

ဝင်းခိုင်က မိတာရဲ့ ကျန်တစ်ဖက်ကို ဝင်၍ချုပ်ကိုင်လိုက်ပါသည်။ ဦးမြကတော့ လူကြီးမို့ ပိုင်ပိုင်နိုင်နိုင် ဝင်ချုပ်ထားသော်လည်း ဝင်းခိုင်ကတော့ လူငယ်မို့ သူဌေးသမီးကို ရဲရဲမချုပ်ဝံ့ရာမှ သူဌေးကိုယ်တိုင်က လှမ်းဟောက်လိုက်လျှင်တော့ သူပါဝင်ချုပ်၍ ဆွဲခေါ်သဖြင့် မိတာသည် ရှန်းရင်းကန်ရင်း ငိုရှိုက်ရင်း ကားနား ဒရွတ်တိုက်ပါလာသည်။

"တက် … ကားပေါ်"

"ဟင့်အင်း … မလိုက်ဘူး … မလိုက်ဘူး"

"ဖြန်း"

ဦးဇစိုးရဲ့လက်တစ်ဖက်က ဒေါသတကြီး မြောက်တက်လာကာ မိတာရဲ့ပါးပြင်ဖောင်းဥဥကလေးကို မညှာမတာ ရိုက်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

မိတာသည် မျက်နှာကလေး တစ်ဖက်လည်ထွက်သွားကာ မျက်စိထဲမှာလည်း ကြယ်တွေ လ,တွေ ပြိုးပြက်ဝင်းလက်သွားရပါသည်။ နှုတ်ခမ်းထောင့်စွန်းမှာပင် သွေးဥသွေးပေါက်လေး စို့ကာလာသည်။ နာကျင်မှုဝေဒနာ၊ ဝမ်းနည်းခြင်းဝေဒနာတို့နှင့် အသံလေးထွက်အောင် တရှိုက်ရှိုက် တသိမ့်သိမ့် ငိုမိလေသည်။

"တိတ်စမ်း ... ပြာပုံထဲ တိုးချင်တဲ့ခွေးမ"

"ဟုတ်တယ် ... ဟုတ်ပါတယ် ဖေဖေ၊ ပြာပုံထဲတိုးခွင့်ပြုလိုက်ပါ"

"သတ်ပစ်မှာ ... ဒီကောင်ကိုလည်း သတ်ကိုပစ်မှာ၊ နားလည်လား၊ မတန်မရာ ငါ့သမီးကို တက်ချိုင်ပြီး သိမ်းပိုက်ဖို့ကြံတဲ့ကောင်၊ ဖြတ်လမ်းနည်းနဲ့ သူဌေးဖြစ်ကြံနေသေးတယ်၊ ထွီ ..."

"မော့်ကို ဘာမှမလုပ်ပါနဲ့၊ သူ့ကို ဘာမှမလုပ်ပါနဲ့ ဖေဖေ၊ သူ့မှာ ဘာမှအပြစ်မရှိပါဘူး၊ သူ့ကိုသမီးခေါ်တာပါ၊ သူလာရင်လည်း ဘာမှမလုပ်ပါနဲ့နော်၊ သမီးခေါ်လို့ သူ လာရမှာပါ၊ သူက ဖေဖေထင်သလိုလည်း မဟုတ်ပါဘူး ဖေဖေရယ်၊ သမီးကို သူ ရိုးရိုးသားသား ချစ်တာပါ၊ သန့်သန့်ရှင်းရှင်း ချစ်တာပါ ဖေဖေ၊ ဖေဖေ့ငွေကြေးတွေကြောင့်ချစ်တာ တကယ်မဟုတ်ရပါဘူး"





"နင်က ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်သလဲ၊ နင့်ကို တကယ်ချစ်ရင် ခုလို နင် နစ်မွန်းအောင် ခိုးပြေးဖို့ချိန်းမလား"

"သမီးပြောလို့ပါ၊ သူ့ဆန္ဒ မဟုတ်ပါဘူး၊ သမီး ချိန်းခဲ့လို့ပါ"

"အခုတက် ... ကားပေါ်ကို၊ နင့်အကောင် မလာဘူး ... စိတ်ချ"

"ဘာဖြစ်လို့လဲ၊ သူ လာမှာ၊ သူ လာကိုလာမှာ ပြောပြီးသား၊ သမီး ယုံတယ်၊ ဖေဖေ သမီးကိုထားခဲ့ပါ၊ ပစ်လိုက်ပါ စွန့်ပစ်လိုက်ပါနော်၊ သမီး မှားသွားရင် ကြုံလာသမျှဒုက္ခ ကိုယ့်အပြစ်နဲ့ကိုယ် လည်စင်းခံမှာပါ ဖေဖေရယ်"

"တော်က် ... ပြောလေ ဆိုးလေပါလား၊ နင်တော့ ငါလုပ်ရင် သေတော့မယ်နော် ... မိတာ"

ဦးဗစိုးက မိတာရဲ့နဖူးထိပ် ဆံစအစုလိုက်ကို လက်နှင့်ဆုပ် ဆွဲဆောင့်လိုက်ပြန်ပါသည်။

"ဒီမှာ ...၊ ဒီနေရာကို အတိအကျ ငါ ဘာကြောင့် ချက်ချင်း ရောက်လာသလဲ နင် မတွေးတတ်ဘူးလား၊ နင့်အကောင်ကိုယ်တိုင် သတင်းပေးတာ၊ အဲဒါကြောင့် ငါတို့ဒီကို အတိအကျ ရောက်လာတာ နားလည်ပြီလား"

မိတာ မျက်လုံးအစုံက ပြူးကျယ်ကာ လှုကတဆတ်ဆတ် တုန်လာလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး ... မဖြစ်နိုင်ဘူး၊ ဖေဖေ ညာပြောတာပါ၊ သမီး မယုံဘူး၊ မှော် ဘယ်တော့မှ ဖေဖေ့ကို လာပြောမှာ မဟုတ်ပါဘူး"

ဦးဇစိုးက ခါးနှစ်ဖက်ထောက်ကာ ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း ...

"သြော် ... နင်က သိပ်ကို ယုံစားထားတာကိုး၊ ဖအေ့စကားကို မယုံဘဲ နင့်အကောင်ပဲ နင်ယုံတာ ဟုတ်လား"

"ယုံတယ် ဖေဖေ၊ ဖေဖေ သမီးကို လိုက်ရှာရင်း ဒီနားမှာ မတော်တဆ တိုက်တိုက်ဆိုင်ဆိုင်တွေ့တာ၊ အဲလိုပဲဖြစ်ရမယ်၊ မှော်ကတော့ ဘယ်တော့မှ ဒီလိုလာမပြောဘူး၊ သမီး သိတယ်"

"သြော် ... မိတာ ... မိတာ၊ နင့်ကိုဆက်ပြီး ကြိမ်းမောင်းဆူပူဖို့ရာတောင် သနားလာပြီ၊ ငါသမီးငါ ဘာမှတောင် မပြောရက်တော့ဘူး၊ ဟိုအကောင်ကိုပဲ သတ်ချင်တယ်၊ ငါ့သမီးရဲ့အချစ်၊ ငါ့သမီးရဲ့ယုံကြည်မှုကို ဒီလောက်ထိတောင် အရယူထားနိုင်တဲ့အထိ လှည့်ဦး နပ်ဦး ဆိုပြီး စိတ်ရှိလက်ရှိ ထိုးကြိတ်ချင်တာ၊ ရင်တောင်နာသေးတယ် ...

နင့်ကိုယူရင် ငါ တကယ် နင့်ကို အမွေဖြတ်စွန့်လွှတ်ပစ်မှာ၊ လိုက်ရှာသတ်ဦးမှာ၊ သင်းကို ဖမ်းချုပ်ဦးမှာ ဒါတွေ သေချာသိတော့ ဒီကောင်လိုဟာမျိုး နင့်အတွက် စွန့်စားပါ့မလား စဉ်းစားစမ်း မိတာ၊ ငါ စွန့်လွှတ်လိုက်





ရင် သူ့ပညာရေး ဟိုမရောက် ဒီမရောက်နဲ့ နင့်ကိုပဲ တပင်တပန်း ရှာကျွေးရတော့မှာလေ၊ နင့်နောက်က ဘာအထုပ်မှ မပါတော့ဘူးလေ၊ ဒီတော့ ... ဒီကောင် ရှေ့တိုးပါ့မလား၊ နင် စဉ်းစားကြည့်စမ်း"

ဟိုးအရင်ကတည်းက ဖေဖေ သိသွားရင် မိသွားရင် ပြေးလာမှာနော်ဆိုပြီး ပြောတတ်ခဲ့တဲ့ မိတာကို ဘယ်တော့မှ အဲသလိုမလုပ်ဖို့ အမြဲပြုံးပြုံးပျာပျာ တားမြစ်တတ်တဲ့ မှော့်ပုံစံတွေကို အတွေးထဲ တရေးရေး မြင်ယောင်လာသော်လည်း ...

"ဟင့်အင်း ... ဟင့်အင်း ... မယုံဘူး ဖေဖေ"

မျက်စိစုံမှိတ်၍ သွေးရူးသွေးတန်း ခေါင်းခါ၍ငြင်းမိပါသည်။

"ကဲ ... ကဲ ... ကားပေါ်တင်စမ်း၊ အချိန်ကြာတယ်"

ဦးမြနှင့် ကိုဝင်းခိုင်က မိတာ ငိုယိုရုန်းကန်နေသည့်ကြားက အတင်းတွန်းကာထိုးကာ ကားနောက်ခန်းထဲ မိတာကို ထိုးထည့်လိုက်ကြပါသည်။ နောက်ခန်း မိတာ နံဘေးနေရာကို ဖေဖေက ဝင်ထိုင်လိုက်ပြီး မိတာရဲ့ပခုံးကို တစ်ချက်ဖက်ချုပ်၍ ကျန်လက်တစ်ဖက်တည်းနှင့် မိတာရဲ့လက်ကောက်ဝတ် နှစ်ဖက်ကို ပူးချုပ်ထားပါသည်။

"သေချာနားထောင်စမ်း၊ သူကိုယ်တိုင် ငါ့ကိုပြောတာ၊ နင့်ကို ဒီနေရာမှာ သွားခေါ်ပါဆိုပြီး၊ သူတောင် ဆင်းရဲတော်ပြတ်လှပြီ၊ နင့်အတွက်ပါ ဝန်ထုပ်ဝန်ပိုးနောက်တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ ထပ်မခံနိုင်ဘူးတဲ့။ နင်ရေးပေးလိုက်တဲ့စာလည်း ငါ ကိုပြတယ်၊ နင့်စာကို ငါက ပြန်ရွတ်ပြနေရဦးမှာလား မိတာ၊ ပြီးတော့ နင်ပေးလိုက်တဲ့ပိုက်ဆံ ..."

မိတာက ဆတ်ခနဲ ခေါင်းလေးလည့်၍ ဖေဖေ့မျက်နှာကို စေ့စေ့ကြည့်မိပါသည်။ ပိုက်ဆံထည့်ပေးလိုက်တာကိုပါ ဖေဖေ သိနေတာတဲ့လား။ ဘယ်လိုလုပ် သိသလဲ။ မိတာ လက်ဆင့်ကမ်းလိုက်တဲ့ ပုရူးတောင် မသိနိုင်တာ။ မသိအောင်လည်း မိတာက စာအိတ်ရော ငွေကိုပါ သတင်းစာစက္ကူ အထပ်ထူထူနဲ့ ပတ်ထုပ်ကာ တိပ်ပ်တွေနဲ့ပတ်ချည်ပြီး လုံခြုံစွာထုတ်ပေးလိုက်တာပါ။ သွားပေးခိုင်းလိုက်တဲ့ အထုပ်ကြီးထဲမှာ ပိုက်ဆံပါတာကိုသော် လည်းကောင်း၊ ခိုးဖို့ချိန်းတဲ့စာ ပါတာကိုသော်လည်းကောင်း ပုရူး မသိပါ။

တစ်ခါတစ်ရံ အန်တီ့ကို လက်ဆောင်အဖြစ် ပါတိတ် လုံချည်လေး အင်္ကျီစလေး ပို့ခိုင်းတတ်သလိုမျိုးသာ ပုရူး အထင် ရောက်အောင် လုံလုံခြုံခြုံ စီစဉ်ထုပ်ပိုးပေးလိုက်တာ။

"အေး ... မအံ့သြနဲ့၊ နင့်ကို ခေါက်ဆွဲစက်သေား မြေကွက် လပ်နားမှာ သွားခေါ်လိုက်ပါတဲ့၊ သူလည်း သူ့အိမ်မှာဆက် မနေတော့ဘူးတဲ့၊ တစ်နေ့ရာရာ သွားမှာတဲ့၊ ပါလာတဲ့ ပိုက်ဆံတော့ ပြန်မပေးတော့ဘူး သူ သုံးဖို့ ယူထားလိုက် တော့မယ်တဲ့"

"ဟင့်အင်း ... ဟင့်အင်း ... မဟုတ်ဘူး"





"ကဲ ... ကိုမြ၊ ကားကို ဒီနားပတ်ပြီး မောင်းပြလိုက်စမ်း၊ သူ့အကောင် ဘယ်ချောင်ကြားမှ ရောက်မနေဘူးဆိုတာ မြင်အောင်၊ သေချာကြည့် ... သေချာရှာ၊ ညည်းကျေနပ် တဲ့အထိ ကားကိုပတ်မောင်းနေပေးမယ်"

ဖြည်းဖြည်းချင်း ကွင်းကို တစ်ပတ်ပြီး တစ်ပတ် ပတ်ကာ မောင်းနေသော ကားပြတင်းမှန်၌ နဖူးလေးကပ်၍ မှောင်မှောင်မည်းမည်း မသဲမကွဲထဲမှာပဲ အနားတစ်ဝိုက် မှော် ရှိနေ ရောက်နေမလား ရှာသည်။ အသက်မရှူမိစတမ်း ရှာသည်။ မျက်လုံးတွေ ပေါက်ထွက်မတတ် ရှာပါသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆယ့်လေးနှစ်အကြာ...
## ၂၀၁၂ ခုနှစ်



## ၄

"ကိုကျော်လှ"

"ဗျာ ... ဆရာ"

"သန့်ရှင်းရေးဝန်ထမ်း ခေါ်လိုက်"

"ဟုတ်ကဲ့"

တင်းထားသောမျက်နှာ၊ စေ့ထားသောသွား၊ ဒေါသဖြစ်လာလျှင် မျက်လုံးအစုံက ပြူးကျယ်တောက်ပြောင်လာတတ်တာ ဒေါသမဖြစ်တဲ့အချိန်က ခပ်ရှားရှားဖြစ်သော တင်းမာသောခက်ထန်သော မောက်မာသော ထည်ဝါသော အင်မတိအင်မတန်ကြောက်ကြရသော သူတို့ရဲ့သူဌေးမင်း "ဦးမော်ဝန်းညို"ကို ဘယ်ဝန်ထမ်းမှ စကားအပို အထွန့်မတက်ရဲပါ။

မော်ဝန်းညိုက ဝတ်ထားသော ကုတ်အင်္ကျီကို လက်နောက်ပြန် လျှောချွတ်ရင်း သူ့ရဲ့ ဆုံလည်ကုလားထိုင်အမှီပေါ်ချိတ်တင်သည်။ ရှပ်လက်ရှည်အပြာနု၊ နက်ကတ်တိုင် နီညိုအနက်စင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဆု(ထ်)အပြည့် အနက်ရောင်နှင့် ပြောင်လက်နေသော ရှူးဖိနပ်နက် ဝတ်ဆင်ထားသော မော်ဝန်းညိုက ခါးနှစ်ဖက်ထောက်ကာ သူ့ဟန်မူရာအတိုင်း သွားကိုစေ့ နှုတ်ခမ်းကိုကျစ်လျက် ခပ်တောင့်တောင့် ရပ်စောင့်နေသည်။

ပြန်ဝင်လာသော ကိုကျော်လှ နောက်က အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦး ပါလာပါသည်။ ခါးကိုကိုင်း၍ မော်ဝန်းညိုကို မော့မကြည့်ဝံ့ဘဲ ကြမ်းကိုမျက်နှာအပ်မတတ်ငုံ့စိုက်ခြေစုံရပ်နေသည်။

"မော့ပါ"

"ဟုတ် ... ဟုတ်"

"လုပ်သက် ဘယ်လောက်ရပြီလဲ"

"ရှင် ... ဟုတ် ... ဟုတ်၊ လေးလပါ"

"ဘယ်နေရာမှာမှ တံဘဝန်လစ်ဟင်း တိမ်းစောင်းတာမကြိုက်ဘူးဆိုတာ ခုထိ မသိသေးတာလား"

"သိ ... သိ ... သိပါတယ် သူဌေး၊ ကျွန် ... ကျွန်မ ... သေချာ လုပ်ပါတယ်ရှင့်"

"ကျုပ်စီးလာတဲ့ ဓာတ်လှေကားထဲမှာ ရေကွက်တွေ့တယ်"

"ရှင်"

"ခင်ဗျားကို ဘာအပြစ်ပေးရမလဲ၊ ကျုပ် ဘာမှမပြောဘူးနော်၊ ဘာဆိုဘာမှ မပြောဘူး၊ ခင်ဗျား ပြောတဲ့အတိုင်းလုပ်မှာပါ"





"ရှင် ... ဟို ... ဟို"

"အခု ... ခင်ဗျား ဘာလုပ်မလဲ၊ ကျုပ် ခင်ဗျားကို ဘယ်လိုစကားမျိုး ပြောရမလဲ ... ပြော"

"ဟို ... ဟို ... ခွင့် ... ခွင့်လွှတ်ပါ သူဌေးရယ် ... ကျွန် ... ကျွန်မက ..."

"စကားတွေ အများကြီး မပြောနဲ့ဗျာ၊ နည်းနည်းပဲပြော၊ ခု ခင်ဗျား ဘာလုပ်မလဲ"

"ကျွန်မ အခုချက်ချင်း သွားသုတ်ပါ့မယ်"

"ကျုပ် ခင်ဗျားကို ဘာအပြစ်ပေးရမလဲ"

"ဒီ ... ဒီ ... ဒီတစ်ခါ ခွင့်လွှတ်ပါရှင်၊ ခွင့်လွှတ်ပေးပါ သူဌေး"

"နောက်တစ်ခါရော"

"နောက်တစ်ခါ ကြိုက် ... ကြိုက်သလိုလုပ်ပါ"

"ခင်ဗျား ပြောတာနော် ... မှတ်မိတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"သွားတော့"

သန့်ရှင်းရေးအမျိုးသမီးခမျာ ခါးတစ်ဝက်ချိုးနှင့်ပင် မော်ကလဲမတတ် အခန်းထဲမှ အပြေးထွက်ခွာသွားပါသည်။

"ကိုကျော်လှ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ခတ်လေ့ကားကထွက်ပြီး ဒီကို လျှောက်လာတော့ စကြံ မှာဆုံတဲ့ မိန်းကလေးနှစ်ယောက်က ဘယ်ဌာနကလဲ”

“လောလောဆယ် ... ဒီက ကွန်ဒိုခန်းတွေ အရောင်းဌာန ခွဲကပါ”

“မျက်နှာချင်းဆိုင်ဆုံတော့ ကျုပ်ကို ပြုံးစပ်စပ်ပြီတီတီလုပ် သွားတာ မြင်လား”

“ဗျာ”

ကိုကျော်လှသည် ခေါင်းကို ကုတ်ဖွလိုက်ချင်သော်လည်း မကုတ်ရဲလို့သာပင်။ ဝန်ထမ်းမလေးတွေခမျာ သူဌေးနှင့် မျက်နှာချင်းဆိုင်တိုး၍ မျက်နှာချိုသွေး အပြုံးကလေးနှင့် နှုတ်ဆက်ခါးညွတ်သွားကြတာပါ။

“ဟို ... သူတို့က အရောင်းဌာနဘက်ကလည်းဖြစ်တော့ ကပ်စ်တမ်မာနဲ့ ဆက်ဆံရတာမို့ ကျွန်တော်က မျက်နှာချို ချိုထားဖို့၊ အဲဒါ ဆရာ့ကိုလည်း ...”

“မလိုချင်ဘူး၊ ခင်ဗျား သတိပေးထားပါ ကိုကျော်လှ၊ အလုပ်ရှင်သူဌေးဆိုတာ သူတို့ ပြုံးစိစိ လုပ်ပြစရာ‘ဘက်’ မဟုတ်ဘူးဆိုတာ နားလည်အောင် သေချာသင်လိုက်ပါ၊ နောက်တစ်ကြိမ် ကျွန်တော် ပြုံးစပ်စပ် ပြီတီတီရုပ်တွေ မမြင်ချင်ဘူး”

“ဟုတ်ကဲ့”





ကောင်မလေးတွေကြားရင် ဆတ်ဆတ်ခါ နာရင်နာ ရှက်ပြီး လဲသေရင် သေချင်ကြမည်။ ကိုကျော်လှကတော့ ဆန့်ကျင်ကန့်ကွက်ရန် နေရာမဟုတ်သည်မို့ ခေါင်းသာညိတ်ပြလိုက်ရပါသည်။

“အပေါ်ထပ်တွေက အင်တီးရီးယားဒက်ကိုရေးရှင်း လုပ်နေတဲ့အခန်းတွေကို နောက်ဆယ်မိနစ်နေရင် ကျွန်တော်လိုက်ကြည့်မယ်၊ ကြည့်မှာ စစ်မှာ နာရီဝက် မိနစ်လေးဆယ်ပဲ။ အဲဒီတော့ နောက်မိနစ်ငါးဆယ်မှာ အစည်းအဝေးခန်းကို ဌာနခွဲမန်နေဂျာတွေအားလုံး လူစုံနေဖို့ ခေါ်ထားပါ၊ ပြောစရာ တင်ပြစရာ ရှင်းစရာ ရှိတာတွေ အသင့်လုပ်ထားပါစေ ...

အစည်းအဝေးက ပြောစရာရှိတာတွေ တစ်ယောက်ခုနစ်မိနစ်လောက်နဲ့ဖြတ်၊ ငါးယောက်ဆိုတော့ သုံးဆယ့်ငါးမိနစ်၊ အလွန်ဆုံး မိနစ်လေးဆယ်ပေါ့၊ စုစုပေါင်းတစ်နာရီခွဲ၊ အခု တစ်နာရီဆိုတော့ နှစ်နာရီခွဲတိတိမှာ ကျွန်တော် ဒီက ပြန်ထွက်မယ်၊ ရွှေပြည်သာစက်ရုံ သွားမယ်”

“ဟုတ်ကဲ့”

“စ,လုပ်လို့ရပြီ”

“ဟုတ်ကဲ့”

ကိုကျော်လှသည် အခန်းထဲက ပြေးထွက်လာကာ ဖုန်းကိုနှိပ်၍ အပေါ်ထပ် ဒက်ကိုရေးရှင်းတွေ ဦးစီးနေတဲ့ အင်ဂျင်နီယာ မျိုးမင်းဆွေ ဖုန်းကို နှိပ်ခေါ်ထားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်မာလာ"

"ရှင်"

"ခွဲမန်နေဂျာ ငါးယောက်၊ ဒီကို ခဏခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

"ဟယ်လို"

"ကိုမျိုးမင်းဆွေလား ... ကျော်လုပါ"

"ဟုတ် ... အစ်ကိုပြော"

"သူဌေးလာမယ်၊ နာရီဝက် မိနစ်လေးဆယ် စစ်မယ်၊ အဲဒီအတွင်းထဲမှာ ပြောစရာ အထူးအထွေရှိရင် စုထား၊ ဘယ်အခန်းတွေ ဝင်ကြည့်မယ် မသိဘူး"

"အခုက ရှစ်ထပ်မှာရယ်၊ ဆယ်ထပ်မှာရယ်၊ ဆယ့်တစ်ထပ်ရယ်မှာ ကျွန်တော်တို့ အင်တီးရီးယား ဝင်နေတာ"

"အားလုံး တပ်လှန့်ထား၊ အမှားမရှိစေနဲ့"

"ဟုတ်ကဲ့ အစ်ကို"

ကိုကျော်လုက ဖုန်းပိတ်ပြီး သူ့ရုံးခန်းငယ်ရှေ့ရုပ်ကာ တစ်မိနစ်မျှ စောင့်လိုက်လျှင် မန်နေဂျာအမျိုးသားအမျိုးသမီးတို့ ခပ်သွက်သွက် လာနေတာနှင့်ဆုံသည်။

"အခုကနေ ၄၅ မိနစ် ... တစ်နာရီနဲ့ လေးဆယ့်ငါးမှာ အစည်းအဝေးခန်းမှာ ထိုင်ပြီးသား၊ လိုရင်းတိုရှင်းပြောစရာရှိတာပြောဖို့ တစ်ယောက် ခုနစ်မိနစ်ပါ၊ အဆင်သင့်ပြင်ပါ"

"ဟုတ်ကဲ့"





"ဟုတ်ကဲ့"

အားလုံးဟာ ကိုယ့်နေရာဘက်ကိုယ် ဝုစ်ခနဲ နေအောင်ပြေးကြပါသည်။ ကိုကျော်လုက သူ့ရုံးခန်းစားပွဲမှ အလုဆင်နေသော အခန်းတွေရဲ့အချက်အလက် အလုပ်စာရင်းဖိုင်တွဲရှာဖွေယူကာ မော်ဝန်းညို အခန်းဘက် ပြန်လျှောက်လာခဲ့ပါသည်။

ရုတ်တရက် ဖုန်းမြည်လာ၍ ကြည့်လိုက်လျှင် အိမ်က ဇနီးချော ဆက်နေတာ။ ချက်ချင်း ဖုန်းဖွင့်လိုက်ပြီး ...

"ဝေဝေ ... ကိုယ် မအားဘူး၊ နောက်တစ်နာရီခွဲအတွင်း ဖုန်းလုံးဝ ထပ်မဆက်နဲ့တော့ ... ဟုတ်လား"

"ဟင် ... ဘာမှတောင် မပြောရသေးဘူး၊ ရာသီဥတုမကောင်းဘူးလား"

"နေရာကွက်ကျား ထစ်ချုန်းရွာမယ့်သဘောရှိတယ်၊ ငါ့ခေါင်းပေါ် မရွာဖို့ အရေးကြီးတယ်ဟေ့"

"အစ်ကို့အမေ နယ်ကဖုန်းဆက်လာလို့လေ ... အဲဒါ"

"မင်းနဲ့ ပြောလိုက်ပြီ မဟုတ်လား၊ အရေးကြီးတာပါလား"

"အရေးတကြီးတော့ မဟုတ်ပါဘူး၊ နောက်လကျရင် ..."

"နောက်မှပြောတော့၊ တစ်နာရီခွဲနေရင် ပြန်ဆက်မယ်၊ အိုကေနော်"

"အစ်ကို့အလုပ်နဲ့တော့လေ ... တကယ်ပဲ"

ကိုကျော်လု ရပ်နေသော သူဌေးရဲ့အခန်းတံခါးခပ်ခနဲ ပွင့်သံကြား၍ လှည့်ကြည့်လိုက်လျှင် သွားတင်းတင်းစေ့ထားသော ပုံစံနှင့် မော်ဝန်းညို ထွက်လာတာ မြင်လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော်၊ ပြန်ဆက်မယ်"

ကိုကျော်လှက ဖုန်းကိုပိတ်ကာ အသံပါ Silent လုပ်လိုက်ပါသည်။ မော်ဝန်းညိုက သူ့ကိုကြည့်ရင်း ...

"လုပ်ပါ ... လုပ်ပါ၊ ပြောစရာရှိတာ ပြောပါ ကိုကျော်လှ၊ ခုနစ်မိနစ်ပဲ ရှိပါသေးတယ်"

"ဟုတ် ... ရပါပြီ"

"ဒီတစ်ရက် နှစ်ရက်အတွင်း မာလီတစ်ယောက်လောက် ရှာပေးပါ ကိုကျော်လှ၊ အိမ်ကမာလီ ကျွန်တော် အလုပ်ဖြုတ်ပစ်လိုက်ပြီ"

"ဟုတ်ကဲ့"

"အလုပ်သမားရှာဖွေရေး အေဂျင်စီတွေ ရှိပါတယ်၊ အဲဒါတွေနဲ့ ဆက်လိုက်ပါ"

"ဟုတ်ကဲ့"

ကိုကျော်လှက လက်ထဲက မှတ်စုစာအုပ်အသေးလေးထဲ အတိုကောက် ရေးမှတ်လိုက်ရပါသည်။

"ခြံလှအောင် လုပ်တတ်ဖို့လိုတယ်"

"ဟုတ်ကဲ့"

"ကျွန်တော်တို့တက်စို့၊ အပေါ်ရောက်ရင် အတော်ပဲ"

ဓာတ်လှေကားထဲရောက်ကာ ကိုကျော်လှ ရှစ်ထပ်ကိုနှိပ်လိုက်ချိန်မှာ မော်ဝန်းညိုက အတွင်းကြမ်းပြင်၊ နံရံလေး မျက်နှာ၊ မျက်နှာကြက်ပါ ဟိုကြည့်ဒီကြည့် စစ်ဆေးပြီး ပါလာပါ





သည်။ ရှစ်ထပ်မှာ ထွက်လိုက်ပြီး အိမ်တွင်းအလှဆင်လုပ်ငန်းခင်နေသည့် အခန်းတစ်ခန်းထဲ ဦးစွာဝင်လိုက်ကြပါသည်။

ဆိုင်ရာ ဆိုင်ရာ အလုပ်သမားတွေ ကိုယ့်နေရာနဲ့ ကိုယ် မျိုးစုံအလှဆင်လုပ်ငန်းဆိုင်ရာတွေ ပြုလုပ်နေတာကို မော်ဝန်းညို လိုက်ကြည့်နေဆဲ ကိုကျော်လှက ဖုန်းကိုဝှက်၍ ခိုးနှိပ်လိုက်ရသည်။

"ဟယ်လို"

"ဟား ... ကိုမျိုးမင်းဆွေ ... ခင်ဗျား ဘယ်မှာလဲ"

"ဆယ့်တစ်ထပ်မှာလေ"

"ရှစ်ထပ်ထဲ ဝင်နေပြီဗျ"

"အာ ... အပေါ်ကစကြည့်ပြီး အောက်ဆင်းမယ် ထင်လို့"

"မြန်မြန်ဆင်းလာ"

မော်ဝန်းညိုက အိပ်ခန်း ထမင်းစားခန်း မီးဖိုခန်းသာ ရေချိုးခန်း မကျန် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ကြည့်နေရင်း နောက်ဘက်လှည့်ကြည့်ကာ သူ့နောက်၌ သက်ဆိုင်ရာအင်ဂျင်နီယာ မပါတာ သတိပြုမိသွားပါသည်။

"ဒီကြွေပြား ဒီဇေစင်တွေက အခန်းပိုင်ရှင်က စိတ်ကြိုက်ရွေးပေးထားတာလား၊ ကိုယ့်စိတ်ကြိုက် လုပ်ပေးထားတာလား၊ ဘယ်သူ့မေးရမလဲ"

"အင်ဂျင်နီယာ လာနေပါပြီ၊ သူက ဆယ့်တစ်ထပ်က စောင့်နေလို့ပါ၊ ခေါ်လိုက်ပါပြီ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ မျိုးမင်းဆွေက အပြေးဝင်လာပါသည်။ မော်ဝန်းညိုက မြင်ပေမယ့် လှည့်မမေးတော့တာကြောင့် ကိုကျော်လှက မျိုးမင်းဆွေကို ခပ်တိုးတိုး မေးရပါသည်။

"ဩော် ... ဆရာ၊ အခန်းပိုင်ရှင်က အရောင်ပြောအပ်တာပါ၊ အဝါနုနဲ့ အညိုဖျော့စပ်ပေးဖို့ ပြောလို့ပါဆရာ"

"သူတို့ အရောင်ပြောအပ်ရင် ပြီးရောလေ၊ ခုကြည့်တော့ မလှဘူးမို့လို့၊ သူတို့ စိတ်ကြိုက်ဆိုရင် ရှိပစေတော့"

"ဟုတ်ကဲ့ ... ဒါတွေက အားလုံးလက်စသတ်ပြီးသွားပါပြီ၊ အခု အိပ်ခန်းတွေထဲက ကျွန်းအလုပ်တွေ ဝင်နေပါတယ်"

"ဒါတွေအားလုံး အချောပြီးပြီပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

မော်ဝန်းညိုက ရှေ့တစ်လှမ်းတိုးလိုက်ကာ ရေချိုးခန်းနံရံ တစ်နေရာက အဝါဖျော့ကြွေပြားတွေရဲ့ စပ်ရာ တစ်နေရာကို လက်ညှိုးနှင့်ထောက်ကာ မျိုးမင်းဆွေကို လှည့်ကြည့်လိုက်ပါသည်။ ကြွေပြားအစပ်နေရာမှာ မဆိုစလောက်သော ထောင့်အပဲ့လေးကို ဘိလပ်မြေဖြူနှင့် မသိအောင် ဖြည့်ထားတာပင်။

"မလိုချင်ဘူး ... ဒါမျိုး ..."

ကြွေပြားကို မော်ဝန်းညို လက်ညှိုးနှင့် တဒေါက်ဒေါက် ခေါက်သံကိုက ကြက်သီးထချင်စရာ ကောင်းနေပါသည်။

❖ ✤ ❖



❀ ၅ ❀

"ဆင်းရွှေနု"က လမ်းချိုးထောင့်မှာ ခပ်ငူငူရပ်နေပါသည်။ အဲဒီလမ်းအချိုး အကွေ့ ပလက်ဖောင်းထောင့်စွန်းလေးမှာ ဓာတ်တိုင်တစ်တိုင်ရှိသည်။ ထိုဓာတ်တိုင်ကိုမှီကာ ရပ်နေသော ဆင်းရွှေနုရဲ့မျက်ဝန်းများက သူ့ရှေ့ကားလမ်းမက မြင်ကွင်းများကို ဘာမှမမြင်သလို နားအစုံကလည်း အနီးတစ်ဝိုက်က အသံဗလံတွေကို ဘာမှမကြားသလို ရှိနေပါသည်။

အပေါ်ကထပ်ဝတ်တဲ့ မိန်းကလေးဝတ် ဂျက်ကက်ပုံစံအကျီအကွက်လေးရဲ့ ဘေးအိတ်နှစ်ဖက်ထဲ လက်အစုံကိုထိုးနှိုက်ကာ ခေါင်းပေါ်က နေပြင်းပြင်းကို လသာနေတဲ့အလား အရေးမစိုက် အတွေးမရောက်သလို ငိုင်နေဆဲ ဂျက်ကက်အိတ်တစ်ဖက်ထဲက ဟန်းဒ်ဖုန်းလေးက မြည်လာသည်။

"ရပ်ကွက်အတွင်း မှီတင်းနေထိုင်ကြသော သမ္မုဂ္ဂိတာ အနွယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်များ



www.burmeseclassic.com

www.burmeseclassic.com



စေတနာ့စကြာအဖွဲ့မှ ကြီးမှူး၍ ရပ်ကွက်အတွင်း နေ့ရှာသီ မီးဘေးကာကွယ်ရေး အစီအစဉ်များကို စေတနာရှေ့ထား အားကြိုးမာန်တက် ဆောင်ရွက်နေသည် ဖြစ်ပါသောကြောင့် ...”

ဆင်းရွှေနုက ဖုန်းကိုဖွင့်၍ နားထောင်လိုက်ပါသည်။

“ဟယ်လို”

“ရွှေနု ... ဘာလုပ်နေလဲ”

“ငါလား ... လမ်းထောင့် တစ်နေရာမှာရပ်ပြီး တစ်စုံတစ်ရာကို မျှော်ငေးနေတယ်”

“ကျွတ် ... ရှင်းအောင် ပြောစမ်းဟာ”

“ငါ နင့်ကို ပြောထားတယ်လေ ဝင်းဝါ၊ ငါ ဒီနေ့ နေ့တစ်ပိုင်း ခွင့်ယူပါမယ်ဆိုတာ၊ ငါဟာငါ အလုပ်မလုပ်ချင်လို့ အလုပ်တွေထဲက ခဏတဖြုတ် ထွက်ပြေးပြီး ခွင့်ယူပါတယ်ဆိုမှ နင်က ဘာဖြစ်လို့ စစ်လားဆေးလား လုပ်နေရတာလဲ”

“နင့်ပုံစံကို ခုတလော ငါ သိပ်အကဲမရလို့ စစ်လားဆေးလား လုပ်နေတာပါ”

“အဟက်ဟက် ... နင် ဘာတွေပူနေတာလဲ၊ ငါဟာငါ ဘာလုပ်လုပ်ပေါ့”

“ငါသိချင်လို့ မေးတာလေ၊ ဘာလုပ်နေတာလဲပြော”





“ငါ အခု စတိုးဆိုင်တစ်ဆိုင်မှာ ဈေးဝယ်နေတယ်၊ ဒါပဲဟာ”

“အေး ... အေး ... ညာနော်၊ ညာသာညာ၊ ဟဲ့ ... ရွှေနု၊ စိတ်တိုလာပြီနော်၊ နင့်ကို ငါ မြင်နေရတယ်”

“ဟင် ... နင် ... နင်က ဘယ်မှာလဲ”

“ငါက နင်ရပ်နေတဲ့ လမ်းမကြီးပေါ် နင်နဲ့မျက်စောင်းထိုး လမ်းဟိုဘက်ခြမ်းက ရှစ်ထပ်တိုက်ရဲ့ ပထမထပ်မှာ ဖွင့်ထားတဲ့ ဆူရှီဆိုင်မှာ၊ ငါ ဆိုင်မှာ နေ့လယ်စားဖို့ ဆူရှီ Take away လာဝယ်တာ၊ ပါဆယ်ထုပ်နေတာ ထိုင်စောင့်နေတုန်း ငါထိုင်နေတဲ့ နေရာဘေးက မှန်ချပ်ကြီးကနေ နင့်ကို ကောင်းကောင်းကြီး အပေါ်စီးမြင်နေရတယ်၊ ဓာတ်တိုင်ကို ကျော်ဟိန်းပို့စ်နဲ့ မှီရပ်ပြီး ဘာလုပ်နေတာလဲ၊ လမ်းလယ်ကောင်ကြီး နင် ရူးနေလား၊ ငါက စိတ်တောင်ပူသွားတယ်၊ နင့်ကို ဓာတ်တိုင်မှာရပ်နေမယ် ဘယ်ထင်မိမလဲ၊ ပထမ နင် ဓာတ်တိုင်မှာ ဓာတ်လိုက်ပြီး ကပ်နေတာလားလို့ လန့်သွားတာ”

“နင့်ဘိုးအေ ... ဓာတ်တိုင်မှာ ဓာတ်လိုက်ပြီး ကပ်နေမလား၊ ဓာတ်လိုက်မှတော့ တွန့်လိမ်ပြီး လဲကျမှာပေါ့”

“မသိဘူးလေ ... ငါမှ ဓာတ်မလိုက်ဘူးတာ”

ဆင်းရွှေနုက ဝင်းဝါပြောတဲ့ ဆူရှီဆိုင်ဘက် မျှော်ကြည့်ရင်း ဝင်းဝါကို မမြင်ရသော်လည်း ရမ်းသမ်းမှန်းဆပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်လေးပြလိုက်ပါသည်။ ထို့နောက် ဆင်းရွှေနုက လမ်းသွယ်ဘက် တစ်ချက်ငဲ့ကြည့်ရင်း ...

"အင်း ... ဒါပဲ ... သိလား၊ နင့်ဆီခဏနေ ငါလာမယ်"

ဆင်းရွှေနုက ဖုန်းကို ပိတ်ကာ ဂျက်ကက်အိတ်ထဲ ပြန်ထိုးထည့်ရင်းက ဆယ့်ငါးပေလောက်ကျယ်သော လမ်းသွယ်ကို တစ်ဖက်ထိပ်သို့ ဖြတ်ကူးလိုက်သည်။ လမ်းသွယ်ဟာလမ်းမကြီးကို "T" ပုံသဏ္ဌာန် လာရောက်ဦးတိုက်ထားတာ။ ဆင်းရွှေနု လမ်းသွယ်ကို ဖြတ်အကူးတွင် လမ်းသွယ်ထဲက ထွက်လာတဲ့ကားက လမ်းမကြီးပေါ် ကွေ့တက်ဖို့အပြင်။ ဆင်းရွှေနုသည် Lexus ကားအနက်ရောင်ကြီးရဲ့ရှေ့ဦးနှင့် ဖုန်းခနဲ ဝင်ဆောင့်မိကာ ခွေခနဲ လဲကျသွားပါသည်။

"ဟာ ... တောက်"

ကားပေါ်က မှော်ဝန်းညိုက စိတ်ရှုပ်လက်ရှုပ် တောက်တိုးတိုးခတ်ရင်း ကားကို ဘရိတ်နင်း စက်သတ်လိုက်ရကာ ...

"ကဲ ... ကိုကျော်လှ ... ဆင်းဗျာ ... မေး"

ကိုကျော်လှက တစ်ဖက်တံခါးမှ ခပ်သွက်သွက် ဆင်းလိုက်ပါသည်။ သူ့ဒွေးမင်းတို့ကတော့ သူမောင်းလာရင်း တိုက်မိတာဟာကို ကိုယ့်ဟာကိုယ်တော့ ဆင်းမမေး။

"ဒီမယ်ခင်ဗျာ ... ဘယ်နားထိသွားလဲခင်ဗျာ"

"အား ... အား ... အမယ်လေးနော် ... ကျွတ် ကျွတ်"





"ဟာ ... သိပ်နာသွားလား၊ ဘယ်ကိုထိတာလဲ၊ ဘာဖြစ်သွားလဲဟင်"

"ကျိုးပြီ ... ကျိုးပြီ ... ကျိုးကိုကျိုးပြီ"

"ခြေထောက်များလားဗျာ"

"ကျွန်မနေကာမျက်မှန်ရှင့် ဒီမှာ"

"ဟာ ... ခြေထောက်များလားလို့ဗျာ၊ လူထိသွားလားလို့ နေကာမျက်မှန်က ဘာအရေးကြီးလို့လဲ"

"အရေးကြီးတာပေါ့၊ နေကာမျက်မှန်ဆိုပြီး ရှင်ကပေါ့သေးသေး မှတ်နေလား၊ Guess ရှင့် Guess"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"လူကလည်း ဒူးရော ပေါင်ရော အောင့်သွားတာ၊ ခါးထဲကတော့ တော်တော်မျက်နေတယ်၊ လက်ဖဝါးတွေလည်း ပွန်းကုန်ပါပြီ၊ ကျွန်မ ဝတ်ထားတဲ့ ဂျင်းဘောင်းဘီက အသစ်စက်စက်ကြီး၊ ခုတော့ ဖင်ပွန်းကုန်ပြီ ထင်ပါရဲ့၊ နမြောလိုက်တာ၊ ကျွန်မဖိနပ်လည်း ... ကျွတ် ... ကျွတ်သွားပြီ"

ကိုကျော်လှမှာ ရယ်ရမလို ငိုမရလို ရှုးချင်သလို ဖြစ်သွားရပါသည်။

"ခင်ဗျား ဘာမှမဖြစ်ရင်လည်း ထ,လိုက်ပါလား၊ လမ်းမကြီးမှာ ထိုင်ရက်ကြီး မကောင်းပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖြစ်သမျှကို တန်းစီပြီး ဒီလောက် ပြောပြနေတာတောင် ဘာမှမဖြစ်ရင် ထလိုက်ပါလားတဲ့၊ ဘယ်လိုလုပ် ထနိုင်မှာလဲ၊ ဒီလောက် သေလုအောင်နာနေတဲ့ဟာကို ပြောရက်တယ်"

ကားရှေ့ခန်းက ဖောက်ထွင်းမမြင်ရသော မှန်အနက်ကြီးက လျှောခနဲကျလာသဖြင့် ဆင်းရွှေနုက မော့ငေးကြည့်လိုက်ပါသည်။ ပထမဦးစွာ ကားပြတင်းပေါင်ပေါ် တင်လိုက်တဲ့ တံတောင်ဆစ်ကွေး။ ထိုတံတောင်ဆစ်ကွေးက ကြွေရောင်တောက်နေသော ရှပ်ဖြူလက်ရှည်အတွင်းထဲ၌ တည်ရှိသည်။ အဲဒီနောက် အပြင်ဘက် အနည်းငယ်ယိုင်ကာ ပြူကြည့်လိုက်တဲ့ မျက်နှာတစ်ခု။ တကတဲ တည်တင်းချက်က ရင်တုန်စရာ။

မှော်ဝန်းညိုက လမ်းပေါ်က လဲလဲပြိုပြို အမျိုးသမီးကို သွားစေ့ကာ တင်းတင်းကြည့်လိုက်ရင်းက ...

"မင်း ... စိတ်ကော မှန်ရဲ့လား"

"ဘာပြောတာ"

"စိတ်မှန်ရဲ့လား၊ ရူးနေတာလား၊ ကားရှေ့ကို မင်းပဲတိုးဝင်တယ်၊ မမြင်စရာလည်း အကြောင်းမရှိဘူး၊ လဲကျပြီးတော့လည်း ဘာမှဖြစ်ပုံမပေါ်ဘဲနဲ့ မထ,တော့ဘဲ ပါးစပ်က ပေါက်ကရရှစ်ဆယ် လျှောက်ပြောနေတာ ဘာလုပ်တာလဲ"





ဆင်းရွှေနုက အံလေးကြိတ်ကာ မှော်ဝန်းညိုကို ကြည့်လိုက်သည်။

"ဘာလုပ်ရမှာလဲ၊ နာနေတော့ ဒီလိုပဲ ဟိုပြော ဒီပြောနဲ့ စိတ်ပြောင်းအောင် ပြောနေတာပေါ့၊ ရှင့်ကားနဲ့တိုးမိတယ်၊ ဒီမှာ နာနေတယ်၊ အဲဒါကို တိုက်မိတဲ့ကားမောင်းတဲ့သူ ပြောတဲ့စကားက အဲသလိုလား၊ ဘာလဲ ... ကိုယ့်ကိုယ်ကိုယ် သူဌေးပေါ့ ... ဟုတ်လား၊ မောက်မာလှချည်လား ...

ခုနပြောသမျှ ရှင် ကားထဲကနေ ကြားနေပုံပဲ၊ အခုမထနိုင်ဘူး၊ ရှင် ဘာလုပ်မလဲ၊ ရှင် မျက်စိကန်းနေလား၊ ကားကို ဘယ်လိုမောင်းတာလဲ၊ လမ်းပေါ်ကလမ်းလျှောက်သွားတဲ့လူကို ဂရုမစိုက်တဲ့ သဘောလား၊ ဒီလိုနေရာမျိုးမို့ပေါ့ရှင်၊ ရပ်ကွက်ထဲသာဆို တစ်ယောက်တစ်လက် ဝိုင်းထုလိုက်တာနဲ့ပဲ ရှင့်ကား အရှည်ကျိုစက် ပို့ရမယ် နားလည်လား"

မှော်ဝန်းညိုသည် ပလက်ဖောင်းပေါ် ကော်ဇောခင်းထားသလို ပေထိုင်နေသော အမျိုးသမီးကိုကြည့်ရင်းက ချဉ်ကာအမြင်ကတ်လာသည်။ ဟောင်ဖွာ ဟောင်ဖွာ မိန်းမပဲ။ စိတ်ပျက်ဖို့ကောင်းလိုက်တာ။

"အရှည်ကြီးလျှောက်မပြောနဲ့ တစ်ခွန်းတည်းပြော၊ ဘာလုပ်ပေးရမလဲ"

"Ambulance ခေါ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



မှော်ဝန်းညိုက မျက်မှောင်တွန့်ကာ စိုက်ကြည့်နေရင်းက နှာခေါင်းက လေထွက်ရုံ ဟွန့်ခနဲ တစ်ချက်ရယ်မိသည်။ ဒီမိန်းမ သဘောရိုးရော ဟုတ်ရဲ့လား။ တမင်များ ကားတိုက်ခံတာများလား ... ငွေညှစ်ဖို့လေ။

"ကိုကျော်လှ ကားပေါ်ပြန်တက်"

"ဗျာ ... ဟို ... သူ့ကို ..."

"ခင်ဗျား ကားပေါ်တက်လိုက်တော့"

ကိုကျော်လှက ဘာမှမပြောသာတော့ဘဲ လမ်းမပေါ် ထိုင်လျက်သားရှိနေဆဲ အမျိုးသမီးကို နောက်ဆံတင်းစွာနှင့်ပဲ ကားပေါ် ခပ်မြန်မြန် တက်ထိုင်လိုက်ပါသည်။ ဆင်းရွှေနုက ဖုန်းခေါ်နေတဲ့ မှော်ဝန်းညိုကို ဒီလူဘာလုပ်နေတာလဲဟု စိတ်ဝင်တစား အံ့အားတသင့်နှင့် ငေးမော့ကာ ကြည့်နေမိသည်။

"ရွှေနု ... ရွှေနု ... ရွှေနု"

အဲဒီအချိန်မှာ အော်ကြီးဟစ်ကျယ် အူယားဖားယား ရောက်လာသူက ဝင်းဝါ ဖြစ်ပါသည်။ ဆင်းရွှေနု ကားတစ်စီးနှင့် တိုးမိကာ လမ်းမပေါ် လဲကျသွားတာကို ဆူရှီဆိုင်လေးအပေါ် ထပ်မှ လှမ်းမြင်နေရတာလေ။ မှာထားတဲ့ ပါဆယ်ကို အမြန်ယူပြီး လမ်းဖြတ်ကူးလျက် အပြေးရောက်လာခဲ့တာ။

ဆင်းရွှေနုနံဘေး မှဆိုးဒူးထောက်ထိုင်ကာ ပျာပျာသလဲ ဖြစ်နေတဲ့ ဝင်းဝါကို မှော်ဝန်းညိုက ငဲ့ကြည့်ရင်း ဖုန်းထဲ စကားတစ်ခွန်း နှစ်ခွန်း ပြောကာ ဖုန်းကိုပြန်ပိတ်လိုက်ပါသည်။





"ဘာဖြစ်သွားပြီလဲဟင်၊ ကြိတ်မိတာလား၊ ကျိုးပဲ့သွားတာလား၊ သွေးတွေရော ဘယ်မှာလဲ၊ ဟင် ... ရွှေနု ... ပြောလေ ... ဘယ်နားနာလဲ"

ဆင်းရွှေနုက ဝင်းဝါဘက် အာရုံမရောက်နိုင်အား။ မှော်ဝန်းညို ဘာလုပ်မလို့လဲကိုပဲ လှမ်းကြည့်နေသည်။

"ဒီကောင်မလေး ကြည့်ရတာ မင်း စိုးရိမ်နေသလို ကျိုးပဲ့သွေးထွက်တာတွေလည်း ရှိပုံမရပါဘူး၊ ကားဦးကိုရှေ့ဘက်ကတိုးဝင်ပြီး လဲကျသွားတာပဲ၊ တခြား ဘာနဲ့မှလဲ မထိမိ မကြိတ်မိဘူး၊ ဘာလုပ်ပေးရမလဲဆိုတော့ သူက Ambulance ခေါ်ပေးဆိုလို့ Ambulance ခေါ်ပေးထားတယ် '......'ဆေးရုံကဆိုတော့ နီးနီးလေးပဲ၊ ဟော ... ဥဩသံတောင် ကြားနေရပြီ ... လာနေပြီ၊ ရောက်လာရင် မင်းတွဲတင်ပြီး ဆေးရုံခေါ်သွားပေတော့"

မှော်ဝန်းညိုက ဆင်းရွှေနုကို မပြောဘဲ ဝင်းဝါကိုသာ ဦးတည်ပြောကာ စကားဆုံးလျှင် သူ့ကားတံခါးဆွဲဖွင့် ကားပေါ်တက်လိုက်တာမို့ ရွှေနုက ဒေါသတချောင်းချောင်းထွက်သွားရရင်း ...

"ရှင် ... ရှင် ... အဲလို လက်လွှတ်စပယ် ထွက်သွားလို့ရမလား"

မှော်ဝန်းညိုက ကားပေါ်ပြန်ထိုင် စက်နှိုးလိုက်ကာ ပြတင်းမှန်ကို ပြန်မတင်မီ ခပ်တင်းတင်းမျက်နှာ ခေါင်းပြူထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လုပ်ပေးရမှာ တစ်ခွန်းတည်းပြောလို့ ပြောခဲ့တယ်၊ မင်းပြောတာကို လုပ်ပေးခဲ့တာ"

"ရှင့်ကားဘီးရှေ့မှာ ကျွန်မခြေထောက် တစ်ဖက်နော် ရှင် ရှေ့ကိုဘီးတစ်ချက်လိမ့်တာနဲ့ ကျွန်မခြေထောက်ကို ဖြတ်ကြိတ်မှာ၊ ရှင် ခုလိုထွက်သွားရင် ရှင့်ကားနံပါတ်မှတ်ပြီး ရဲတိုင်မှာ"

မော်ဝန်းညိုက မဲ့တဲ့တဲ့ ပြုံးလိုက်ရင်း ...

"ရဲစခန်းမှာ ရှင်းရတာ ပိုကောင်းတယ်"

စကားလည်းဆုံး မှန်နက်ကြီးကလည်း လျှောခနဲ ပြန်တက်သွားပြီး ကားထဲမြင်ကွင်း ဘာတစ်ခုမှ မမြင်ရတော့ဘဲ ကားကို မော်ဝန်းညိုက နောက်ဘက်သို့ ငါးပေလောက်ပြန်ဆုတ်၊ ဆင်းရွှေနု ထိုင်နေရာကို ပန်းကွေ့ကာ ဆယ့်ငါးပေကျယ်တဲ့ လမ်းထဲ ဟိုဘက်တစ်ဖက်က ကပ်မောင်းလျက် သူသွားလိုရာ လမ်းမကြီးပေါ် ကွေ့တက်ထွက်ခွာသွားပါတော့သည်။

"တောက်"

ဆင်းရွှေနုရဲ့ တောက်ခေါက်သံက ဒေါသလိပ်လိပ်နှင့်။ ရှေ့တိုးရင် ကြိတ်မိပြီဆိုပြီး ခြေကြီးဆန့်ထုတ်ထားတာ သူက နောက်ဆုတ်ပြီး ကွေ့ကျော်တက်သွားတော့ လမ်းပေါ်ထိုင်လျက်သားနှင့် သူမသာလျှင် ငေါင်းစင်းစင်းကြီး ကျန်ခဲ့သည်။ အဲဒီတုန်းမှာပဲ Ambulance တစ်စီးက သူတို့နှင့် နီးကပ်စွာ ပလက်ဖောင်းဘေးကပ်၍ စက်ရှိန်သတ်ရင်း ...





"ကားနဲ့တိုးမိတဲ့ လူနာဆိုတာ ဒီမှာလား"

မေးလည်းမေး ကားပေါ်ကလည်း Stretcher ကိုင်ဆောင်ထားသော လူနှစ်ယောက်က ဆင်းလာ။ ဝင်းဝါက ပြူးကြောင်ကြောင်လေး မော့ကြည့်ရာမှ ဆင်းရွှေနုကို ပြန်ကြည့်ရင်း ...

"ရွှေနု ... နင့်ကို ဒီလူနာထမ်းစင်နဲ့ တင်ခေါ်သွားမှာ၊ ရလား ... ထ,မလား၊ ငါနဲ့တွဲပြီး တက်မလား"

ဝင်းဝါသည် ထိုင်မလို ထမလို စိုးရိမ်တကြီး လက်ထဲလည်း အထုပ်တစ်ဖက် အိတ်တစ်ဖက်နှင့် ပျာပျာသလဲဖြစ်နေသလောက် ဆင်းရွှေနုကတော့ အံလေးတင်းတင်းကြိတ်ကာ လက်ဖဝါးနှစ်ဖက် တဖျပ်ဖျပ် ပုတ်ခတ်လျက် လမ်းပေါ်လက်ထောက်ရာမှ ပေသောသဲတွေ ခါချလိုက်ရင်း ...

"တောက်"

နောက်တစ်ချက်သာ တောက်ထပ်ခေါက်ပစ်မိသည်။ အဲဒီနောက် ဖျတ်ခနဲ ပေါ့ပေါ့ပါးပါး ထ,ရပ်လိုက်ကာ ဂျင်းဘောင်းဘီနောက်ဘက်ကိုပါ ပုတ်ခါရင်း ...

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ လူနာတင်ကားနဲ့ ခေါ်ရလောက်အောင် မဟုတ်ပါဘူးရှင့်၊ ရှင်တို့ကား ပြန်လို့ရပါပြီ၊ လူနာတင်ကားခေါ်ခကတော့ ကျွန်မနဲ့ မဆိုင်ဘူး၊ ကျွန်မခေါ်လိုက်တာလည်း မဟုတ်ဘူး၊ ကားနဲ့တိုးမိတဲ့သူက သူ့ဟာသူ ဖုန်းဆက်ခေါ်လိုက်တာ၊ ကားနံပါတ်က (၂ဃ/......) Lexus ကားအနက်ပါ၊ ရှင်တို့ သူ့ကိုသာ ရှာဖွေဆက်သွယ်ပြီး Ambulance ခေါ်ခ တောင်းလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝါက ဆင်းရွှေနုကို ဇဝေဇဝါကြည့်ရင်း ...

"ဟဲ့ ... ငါ့ကားက လမ်းဟိုဘက်ခြမ်းမှာ ရပ်ထားတာ လမ်းကူးရမယ်၊ နင်ရရဲ့လား"

"အိုစကေပါ ... ဝင်းဝါရာ၊ လာ ..."

နှစ်ယောက်သား လက်တွဲကာ ကားလမ်းမကြီးကို ဖြတ်ကူးလာကြပါသည်။ လူနာတင်ကား ရောက်လာပြီး လူနာ လိုက်ပါခြင်းမရှိတဲ့အတွက် ကားခေါ်ယူခ ပေးရလေသလား၊ မပေးရလေသလား ဆင်းရွှေနုက ဆက်စဉ်းစားမနေတော့။ သူ တို့လည်း နောက်က လှမ်းမခေါ်။ ပြီးရောပေါ့၊ ဖြစ်ချင်ရာဖြစ်။

ဝင်းဝါက ဆင်းရွှေနုကိုကြည့်ရင်း ...

"ရွှေနု ... နင် ဘာမှမဖြစ်ဘူးလား"

"အဟင်း ... ဟက်ဲ့ ဟက်၊ တင်ပါးတော့ နည်းနည်းအောင့် တာပေါ့ဟာ၊ ဖင်ထိုင်ရက်ကျတာဆိုတော့ လက်ဖဝါးလည်း ထောက်မိတော့ နည်းနည်းတော့ နာတယ်၊ ဆေးခန်းတော့ လိုလို မလိုလို သွားကိုပြဦးမှာ၊ ဟိုလူကို ဆေးဖိုးပြန်ကို တင်ဦးမှာ"

"ဟဲ့ ... ထားလိုက်ပါတော့၊ ဟိုလူ့ပုံစံက တင်ကြီးစီးကြီး နဲ့ ဆေးဖိုးလောက်နဲ့ သွားပတ်သက်မနေနဲ့တော့"

"မရဘူးလေ ... ဒီလိုနဲ့ ဘယ်ဖြစ်မလဲ"

"နင်ကလည်းဟာ ပေရှည်ပါတယ်"

"ပေရှည်ကိုရှည်ဖို့ ဆုံးဖြတ်ထားတာလေ"





"ဟဲ့ ... နင် ဘယ်လိုဖြစ်နေလဲ၊ နင့်ပုံစံက တစ်မျိုးပဲ၊ ငါ နင့်ကိုကြည့်နေတာ၊ ကားလာနေတာလည်း အလွတ်ကြီးပါ၊ နင် မြင်နိုင်တာပဲ၊ နင် ရှောင်လို့ရတယ်၊ ရှောင်လို့ရရဲ့သား နဲ့ ဓွတ်ကြီးလုဖြတ်လိုက်တဲ့ ပုံကြီးလို့ ငါထင်တာပဲ"

"ဟဲ့ ... နင်နဲ့ ဖုန်းပြောနေတယ်လေ၊ ဖုန်းပြောပြီး ဖြတ် ကူးမိတာကို"

"နင် ရုတ်တရက်ကြီး ဒါပဲဆိုပြီး ဖုန်းချပစ်တာ မဟုတ် ဘူးလား"

"အေးလေ ... နင့်ဆီလာမလို့ လုပ်တာလေ"

နှစ်ယောက်သား ဝင်းဝါရဲ့ကားဆီ ရောက်လာကြ ပါသည်။ ဝင်းဝါက ကားပေါ်ထိုင် ခါးပတ်သိုင်းပတ်လိုက်ပြီးတဲ့ အခိုင် ကားကိုမထွက်သေးဘဲ ဆင်းရွှေနုဘက်လှည့်ကာ ကြည့်နေ သည်။

"ဒါဖြင့် ပြောစမ်း၊ နင် ဘာကြောင့် အဲဒီနား ရောက်နေ တာလဲ၊ ဓာတ်တိုင်မှီရပ်ပြီး ဘာလုပ်နေတာလဲ၊ ဘယ်သူ့ ကို စောင့်နေတာလဲ၊ တိုက်တိုက်ဆိုင်ဆိုင် ငါက ဟောဟို ဆိုင်လေးထဲ ရောက်နေရလို့သာ၊ နင်က ငါ့ကိုတောင် ညာပြောဖို့ ကြိုးစားသေးတာလေ၊ စတိုးဆိုင်ထဲမှာ ဘာညာ နဲ့၊ နင် အဲဒီမှာ ဘာရပ်လုပ်နေတာလဲ ငါ့ကိုပြောပြ"

"စပ်စုရင် အရပ်ပုတတ်တယ် ... ဝင်းဝါ၊ ခိ ခိ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... နင်နော်၊ နင့်မှာ လျှို့ဝှက်ချက်တွေ သိပ်များနေပြီ ရွှေနု၊ ဟိုတလောကလည်း ဆိုင်ကိုရောက်လာပြီး ပျာယာကို ခတ်နေတာပဲ၊ ဟိုဖုန်းဆက်လိုက် ဒီဖုန်းဆက်လိုက်၊ ခုလည်း စဉ်းစားလို့ကိုမရဘူး၊ တစ်ခုခုပဲလို့တော့ ထင်နေတယ်"

"အေး ... ထင်၊ ထင်လို့ရတယ်၊ နင့်လွတ်လပ်ခွင့်ပဲ၊ ထင်သာထင်"

ဝင်းဝါက ဆင်းရွှေနုကို မျက်စောင်းထိုးရင်း ကားကိုမောင်းထွက်လိုက်ပါသည်။

❖ ✤ ❖



## ၆

"ဆရာ"

မော်ဝန်းညိုက သူ့စားပွဲပေါ်မှာ ဖိုင်လ်တချို့ကို လှန်လှောဖတ်နေရာမှ ကိုကျော်လှကို လှမ်း၍မျက်ခုံးပင့်ကြည့်လိုက်ပါသည်။

"ဟိုတစ်နေ့က ကားနဲ့တိုးမိတဲ့ အမျိုးသမီး အောက်ထပ်လော့ဘီမှာ ရောက်နေပါတယ်"

"ဘာလို့ ရောက်နေတာလဲ"

"သူ့ဆေးကုသစရိတ်တွေ ပြန်တောင်းဖို့လို့ ပြောပါတယ်၊ ဆေးစာအုပ်တွေ စာရွက်စာတမ်းတွေလည်း ယူလာပါတယ်"

"အဲဒါ ကျွန်တော် ဘာလုပ်ရမှာလဲ ကိုကျော်လှ၊ အဲဒီလောက်က ခင်ဗျားနဲ့ မပြီးဘူးလား"

"ပေးမယ် မပေးဘူး ဆရာ ဆုံးဖြတ်လို့ရအောင် လာပြောတာပါ၊ ကျွန်တော်ပဲ သွားဖြေရှင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော် မဆုံးဖြတ်နိုင်ဘူးလေ၊ ကျွန်တော်မှ သူ့ဆေးစာရွက်တွေ မြင်ရမှာမှ မဟုတ်ဘဲ၊ ခင်ဗျားကြည့်လေ၊ ကြည့်ရှုပြီး ပေးသင့်မသင့်၊ ပေးသင့်ရင်လည်း ဘယ်လောက်အတိုင်းအတာထိ စသဖြင့် ခင်ဗျားပဲ ပြီးစီးအောင် လုပ်လိုက်တော့ပေါ့ဗျာ၊ ဒါလေးလောက်တော့ ကျွန်တော့်ကိုလာပြောနေစရာ မလိုတော့ပါဘူး ထင်ပါတယ်"

"ဟုတ်ကဲ့ဆရာ"

ကိုကျော်လှ ပြန်ထွက်သွားလျှင် မော်ဝန်းညိုက တစ်ခဏ မျက်မှောင်ကုတ်နေမိပါသည်။ သူ့ရုံးခန်းထိ လိုက်လာတယ်ဆိုတော့ သူဘယ်သူဘယ်ဝါဆိုတာ သိလို့သာပေါ့။ ဘယ်က သိသလဲ။ သူ့ဘက်က ရနိုင်စရာ သဲလွန်စရယ်လို့ ကားနံပါတ်ပဲ ရှိပါသည်။ တော်တော်တော့ လည်လည်ပတ်ပတ် ရှိပုံပဲ။

အဲဒီနေ့က မလှမ်းမကမ်းမှာပင် တည်ရှိနေတဲ့ "...... ပုဂ္ဂလိကဆေးရုံ" ပိုင်ရှင်ဟာ မော်ဝန်းညိုနှင့် အချို့အလုပ်ကိစ္စတွေ ပတ်သက်နေပြီး ခင်မင်ရင်းနှီးသူ ကိုကျော်သူ ဖြစ်ပါသည်။ ဆေးရုံမန်နေဂျာဟာ မော်ဝန်းညိုကို ကောင်းကောင်းသိတဲ့အတွက် သူ ဖုန်းဆက်ပြီး လူနာတင်ကား ဘယ်နေရာလာခဲ့ဖို့ခေါ်တော့ မမေးမမြန်း ဘာမှပြောမနေတော့ဘဲ လွှတ်လိုက်တာဖြစ်သည်။

ဆေးရုံတစ်ရုံကနေ လူနာတင်ကား ခေါ်ယူလျှင် သတ်မှတ်ဝန်ဆောင်ခစရိတ်ရှိသည်။ သူ့ကလည်း လူနာတင်ကား မလာခင် ထွက်လာတာဖြစ်တဲ့အတွက် နောင်ပိုင်းအဖြစ်အပျက်





ကို မသိတော့ပါ။ အဲဒီနေရာကနေ ကားမောင်းထွက်လာပြီးကတည်းက စိတ်အနှောင့်အယှက် ဖြစ်ရတဲ့ ထိုကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက်တာမို့ သူ လုံးလုံးမေ့လျော့သွားလိုက်တာ ခုအထိ။

မော်ဝန်းညိုက ဖုန်းဂဏန်းတချို့ကို နှိပ်လိုက်သည်။

"ဟယ်လို ... ကိုမင်းလှိုင်လား၊ မော်ဝန်းညိုပါ"

"ဟုတ်ကဲ့ ... ပြောပါ ဆရာ"

"ဟိုတစ်ရက်က ကျွန်တော် ဖုန်းဆက်ပြီး Ambulance ခေါ်တာလေ၊ အဲဒါ နောက်ပိုင်း ကျွန်တော်မသိတော့လို့၊ ဝန်ဆောင်စရိတ် ပေးချေပြီးရဲ့လားလို့"

"ဩော် ... အဲဒီနေ့က လူနာအမျိုးသမီးက လူနာတင်ယာဉ်နဲ့ မလိုက်ဖြစ်ပါဘူး ဆရာ၊ သူ့ဟာသူ သူ့အဖော်နဲ့ ထွက်သွားတယ် ပြောတယ်၊ အခြေအနေလည်း ကောင်းပါတယ်တဲ့၊ ကျွန်တော်တို့ Ambulance က ဝန်ထမ်းက ဘာဆက်လုပ်ရမလဲ မေးပါတယ်၊ ကျွန်တော်လည်း ဆရာနဲ့ပတ်သက်နေတော့ ရောက်လာရပေမယ့်လည်း Charge မလုပ်နဲ့တော့ဘဲ ပြောလိုက်ပါတယ်၊ သုံးလည်းမသုံးဖြစ်ဘူးဆိုတော့ ကိစ္စမရှိပါဘူး ခင်ဗျ"

"ဩော် ... ဘယ်ဟုတ်ပါ့မလဲဗျာ၊ ခင်ဗျားတို့ ရောက်လာရသေးတာပဲဟာ၊ ကျသင့်ငွေကို ကျွန်တော့်ငွေစာရင်းဌာနကတစ်ဆင့် ပြန်ပြီး Claim လုပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ဆရာ ... ရပါတယ်၊ သုံးလည်း မသုံးဖြစ်ဘူး၊ ကျွန်တော်တို့ဆရာ ကျွန်တော့်ကို အပြစ်တင်နေပါ့မယ်၊ ဆရာ့လူလည်းဖြစ်နေတော့ နေပါစေ ကိစ္စမရှိပါဘူး"

"ကျွန်တော့်လူ မဟုတ်ပါဘူးဗျ၊ ဒီလိုပဲ လမ်းမှာတွေ့တာပါ"

"ဩော် ... ထားလိုက်ပါတော့ ဆရာ၊ ကိစ္စမရှိပါဘူး"

"ကောင်းပြီလေ ... ဒါဆို အိုကေလေ ... သင့်ခ်ယူး ကိုမင်းလှိုင်"

"ဟုတ်ကဲ့ ဆရာ ... ဟုတ်ကဲ့"

မော်ဝန်းညိုက ဖုန်းပိတ်လိုက်ပြီး သူ့ရှေ့စီစီတီဗီ မော်နီတာစကရင်မှ လော့ဘီထဲရိုက်ထားတဲ့ ကင်မရာမှတစ်ဆင့် မြင်နေရသောမြင်ကွင်းကို ဆွဲယူချဲ့ကာ ကြည့်လိုက်ပါသည်။

အညိုနုရောင်ဆိုဖာဆက်တီရှည်တစ်ခုပေါ် ဟိုအမျိုးသမီးက ထိုင်နေကာ ထောင့်ချိုး တစ်ယောက်ထိုင်ဆိုဖာမှာ ကိုကျော်လှ။ မော်ဝန်းညိုက ခပ်စောင်းစောင်း မြင်နေရတဲ့ ထိုအမျိုးသမီးကို မျက်မှောင်ကုတ်ကာ စူးစိုက်ကြည့်နေမိသည်။ သူမက လက်နှစ်ဖက်ရဲ့လက်ချောင်းထိပ်ကလေးများကို လက်မ လက်မချင်း လက်ညှိုး လက်ညှိုးချင်း ငါးချောင်းလုံး ထိဆက်ထားကာ လက်မအဆက်ကိုသာချန်ပြီး ကျန်လက်ချောင်းထိပ်ဆက်လေးတွေကို ထိဆက်လိုက် ခွာလိုက်၊ ထိဆက်လိုက် ခွာလိုက် လုပ်နေပါသည်။





စကားပြောတဲ့အခါ ခေါင်းကလေး အနည်းငယ်ဆောင်းပြီးပြောကာ ပခုံးရှေ့ကျတဲ့ဆံပင်ကို ခေါင်းယမ်း ခေါင်းဆတ်ပြီး ကျောဘက်လွှဲပို့လိုက်တဲ့ ပုံစံကို သူ သေချာစိုက်ကြည့်နေမိသည်။

ဆေးကုစရိတ် လာပြန်တောင်းတဲ့ အလုပ်မျိုး လုပ်နေပေမယ့် သူမပုံစံက အသနားခံတာ အောက်ကျို့တာမျိုးတော့ ရှိ။ ခပ်တည်တည်ပင်။ ရဲရဲရင်းတင်း ပိုင်ပိုင်နိုင်နိုင်လည်း ရှိလှသည်။ မော်ဝန်းညိုက တီဗီမော်နီတာမှ မျက်လုံးအကြည့်ကိုလွှဲကာ ကိုယ့်ဘာသာ လုပ်စရာရှိတဲ့အလုပ် ဆက်လုပ်နေလိုက်ရင်း အဲဒီကိစ္စကို တစ်ခဏမေ့လျော့သွားရပါသည်။

"ဒေါက်ဒေါက်"

"ဆရာ"

တံခါးခေါက်သံနှင့် ကိုကျော်လှ ပြန်ဝင်လာ၍ သူက မျက်လွှာတစ်ချက် လှန်ကြည့်သည်။

"ပြီးသွားပြီလား"

"ပြီးတော့ မပြီးသွားဘူး ဆရာ"

"ဟင် ... ဘာလဲဗျ၊ ခင်ဗျားပြောတာက"

"ညှိလို့မရဘူး"

"ဘယ်လို ညှိမရတာလဲ၊ ဒီလောက်ကိစ္စကလေးကို"

"သူက မတရား တောင်းနေတာမို့လို့ ကျွန်တော်က အဲသလောက်ကို မပေးချင်လို့ ကိစ္စမပြတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မော်ဝန်းညိုက လက်ထဲက ဘောလ်ပင်ကို စားပွဲပေါ်လွှတ်ချပြီး ဆုံလည်ခုံမှာ မှီထိုင်လိုက်ပါသည်။ ကိုကျော်လှကိုသာ စူးစိုက်ကြည့်၍ နားစွင့်နေလိုက်သည်။

"သူက ရိုးရိုး physician တွေရော၊ အရိုးအကြောစပါယ်ရှယ်လစ်စ်တွေရော၊ နှလုံးအထူးကုအထိပါ အကုန်လျှောက်ပြထားတယ်၊ နှလုံးစပါယ်ရှယ်လစ်စ်က ကျွန်တော်တို့နဲ့ ဘာဆိုင်လဲလို့ပြောတော့ အဲဒီနေ့က သူ အရမ်းလန့်သွားလို့ Heart beat တွေပါမြန်ပြီး မောလာလို့လို့ပြောတယ် ဆရာ၊ ဆရာဝန်တစ်ယောက်နဲ့ပြရင် တစ်ခါတည်း ECG တွေရော၊ ဓာတ်မှန်တွေရောရိုက်၊ သွေးတွေပါလျှောက်စစ်ထားတာ၊ ဘောက်ချာတွေတော့ အကုန်ပါတယ်၊ ဆေးစာအုပ်တွေ ဘောက်ချာတွေလည်း မိတ္တူကော်ပီလုပ်ပြီးယူလာတယ်၊ ဒီမှာ ကျွန်တော်တောင် မိတ္တူကော်ပီတွေယူထားလိုက်သေးတယ် ...

အားလုံး စုစုပေါင်းတော့ ရှစ်သောင်းကျော် ကိုးသောင်းကျနေတယ်၊ လူကြည့်တော့ အကောင်းကြီး၊ ထော့နဲ့တောင် မဖြစ်ဘူး၊ ကျွန်တော်က သုံးသောင်းပေးလိုက်မယ် ပြောတာ လက်မခံဘူး၊ မယူဘူး။ ရှင်တို့သူဌေးကို ပြန်ပြောပြီး တကယ်အစစ်အမှန် ဆရာဝန်ပြ စစ်ဆေးထားတာ ပြောပြပါတဲ့၊ အားလုံး တစ်ပြားတစ်ချပ်မကျန် ပေးရမယ်တဲ့ ...





ခုဟာက ကားနဲ့တိုက်တောင် မတိုက်မိဘဲ မလွတ်တလွတ်လေး ဝင်တိုးမိတာလေးပဲရှိတာ၊ သူ လဲကျတာလည်း အရှိန်မပြင်းဘူး၊ ဘာမှကို မဖြစ်တာပါ ဆရာရယ်၊ အဲဒါကို ဒီလောက်ထိ လျှောက်ပြ လျှောက်စစ်တာကကျတော့ ဘောက်ချာအမှန်တွေ ပါလာပေမယ့် နေရင်းထိုင်ရင်း သူ General check-up လုပ်တာကို ကျွန်တော်တို့က ငွေရှင်းပေးရမလို ဖြစ်နေလို့ ကျွန်တော်ကလည်း အကုန်လုံး တစ်ပြားမကျန်တော့ မပေးနိုင်ပါဘူးလို့ ငြင်းလိုက်တယ် ...

သူက တစ်ပြားမကျန်ဘဲပေးမှ လက်ခံမယ်တဲ့၊ ကိုးသောင်းလောက်က သူ့ဆရာဝန်ခ စစ်ဆေးခပဲ ရှိသေးတာတဲ့၊ သူက အလုပ်ဆင်းရက် ငါးရက်ပျက်လို့ သူ့အလုပ်ရှင်က နေ့တွက်တွေဖြတ်တာပါ ထပ်တောင်းသေးတယ်၊ တစ်လ လခသုံးသိန်း၊ တစ်ရက်တစ်သောင်းနဲ့ ငါးရက်စာ ငါးသောင်း၊ အဲဒါပါဆိုရင် တစ်သိန်းလေးသောင်း ဖြစ်သွားပြီ ဆရာ၊ ဒါကြောင့် ကျွန်တော်တောင် တော်တော်စိတ်တိုလာတာနဲ့ မပေးလိုက်ဘူး"

မော်ဝန်းညိုက နှာခေါင်းမှ လေထွက်ရုံ ဟွန့်ခနဲ မဲ့ရယ် ရယ်လိုက်ပါသည်။

"ဒီတော့ ဘာပြောသွားလဲ"

"ဆရာ့ကိုလည်း ဒါတွေပြထားတဲ့၊ သူ ဆရာနဲ့လာထပ်တွေ့ဦးမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအလုပ် လုပ်တာလဲ"

"နာမည်က ဆေးစာအုပ်မှာပါတယ်၊ ဆင်းရွှေနုတဲ့၊ အဝတ်အထည်ဆိုင်တစ်ခုမှာ လုပ်တယ် ပြောပါတယ်၊ Rose garden ဆိုတဲ့ ဆိုင်ပါ"

မော်ဝန်းညိုက နှုတ်ခမ်းကို တစ်ဖက်တွန့်ကာ ပြုံးထားပါသည်။ အဓိက,ကတော့ သူနှင့် ထပ်တွေ့ရဖို့ စကားအပြန်အလှန် အခြေအတင်ပြောရဖို့ အပတ်အသက် ဖြစ်ရဖို့သာ ရည်ရွယ်နေတာမျိုးပဲ မဟုတ်လား။

"ဆရာကိုယ်တိုင်နဲ့လည်း မတွေ့ရ။ ဒီငွေအကြေအလည်လည်း မရဘူးဆိုရင်တော့ တရားဥပဒေအရ စကားပြောမယ်တဲ့"

"တရားဥပဒေအရ !"

"ဟုတ်ကဲ့"

"ဟား ဟား ဟား"

"တော်တော်သည်းမခံချင်စရာ အမျိုးသမီးပဲ ဆရာ၊ သက်သက်မဲ့ စိတ်အနှောင့်အယှက် ပေးတာပဲ"

"မှန်တယ်၊ ဒီတော့ ကျွန်တော်တို့က စိတ်အနှောင့်အယှက်ဖြစ်ပြလို့ မရဘူး ကိုကျော်လှ၊ သူ့ရည်ရွယ်ချက် အောင်မြင်သွားမှာပေါ့"

"ဒါဖြင့် ဘာလုပ်ရင် ကောင်းမလဲလို့ ဆရာ"

"တွေ့လိုက်ရုံပဲလေ ... ဟင်း ဟင်း ဟင်း"

❖ ♣ ❖





ဆင်းရွှေနုသည် ဖုန်းကိုပိတ်လိုက်ကာ နှစ်ပတ်သောက် လှည့်ပတ်ခုန်ပေါက်လိုက်ပါသည်။

"ဘာဖြစ်တာလဲ ... ဒါ"

"ဝင်းဝါ ... ဟိုတစ်နေ့က ငါ့ကို ကားနဲ့တိုးမိတဲ့ သူဌေးနဲ့ နက်ဖြန်သွားတွေ့မယ်၊ ငါ ... ငါ ဘာဝတ်သွားရင်ကောင်းမလဲ ... ဟင်း ဟင်း"

ဝင်းဝါက ရွှေနုကို မျက်မှောင်ကုတ်ကာ ကြည့်ရင်း ...

"ဘာဝတ်သွားမယ်ဆိုတာက ဘာအရေးကြီးလဲ၊ ဘယ်လိုပြောမယ် ဆိုမယ် စဉ်းစားတယ်ဆို တော်သေးတယ်"

"ကျွတ် ... နင်ကလည်းဟာ။ သူ့စိတ်ထဲ ငါ့ကို အမှတ်ထင်ထင် သတိပြုမိအောင် ငါ ဘာဝတ်ရင်ကောင်းမလဲ လို့ပါ"

"ဘုရားရေ"

ဝင်းဝါက ရင်ကိုဟန်ပါပါဖိရင်း ...

"နင် ဘာဖြစ်နေတာလဲ၊ နင်နဲ့ ငါနဲ့ တက္ကသိုလ်ဒုတိယနှစ်မှာ စ,ပေါင်းမိကြတယ် ခင်ကြတယ်၊ အဲဒီတုန်းက ငါတို့ ဆယ့်ကိုးနှစ်၊ အခု ဆယ်နှစ်တောင် စွန်းစွန်းကျော်ပြီ၊ ဆယ်နှစ်အတွင်း ငါ နင့်ရဲ့ရင်းနှီးတဲ့ သူငယ်ချင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘောကတွေ့နေခဲ့တာ နင့်ကို ကြိုက်တဲ့လူတွေ ဆင်းရဲ ချမ်းသာမရွေး ဆယ့်လေးငါးယောက်တောင်ရှိတယ်၊ အချိုး များသလေး ချောခါးသလေးနဲ့ တစ်ယောက်ဆိုတစ်ယောက် ကိုမှ နင် စိတ်မဝင်စားဘူး၊ ရှင်မခုန်လိုက်တာမှ အဆော ကောင်လား ထင်ရတယ် ...

ယောက်ျားတစ်ယောက်နဲ့ သွားတွေ့ဖို့ ဘာဝတ်ရင် ကောင်းမလဲဆိုတာ ငါ့ဘဝမှာ နင့်ဆီက ပထမဆုံးကြားဖူး ခြင်းပဲ၊ ဘာဖြစ်တာလဲ"

"အဟင်း ... သူကသူ၊ သူများက သူများလေ"

"ဘာလဲ ... နင် ဒီလူကို ခိုက်သွားလို့လား"

ဆင်းရွှေနုက ပခုံးတစ်ချက် ပြုံးစိစိ တွန့်လိုက်ပါ သည်။

"ဒါမှမဟုတ် သူ့ကို နင် တမင်ကားအတိုးခံပြီး သွားပတ် သက်တာလား"

"ဝင်းဝါ ... နင် ဘာလို့ ဒီလောက် ဘရိန်းပြေးနေတာလဲ ဟင်၊ ငါ့သူငယ်ချင်း တော်ချက်ကတော့ မိုးပျံနေတာပဲ အေး ... နင့်ကို တစ်ခွန်းတော့ ဝန်ခံလိုက်မယ်၊ သူ့ကိုငါ သိတယ်၊ အရင်ကတည်းကသိတယ်၊ သူ့ကားကို ငါတမင် တကာစောင့်ပြီး တိုးမိအောင် ဖြတ်ဝင်တယ် ဒီထက်နာနာ တိုက်မိလိုက်ဖို့ထိ မျှော်လင့်ထားတာ၊ သူက သတိရှိလွန်း တော့ ထိမိရုံလောက်လေး ဖြစ်သွားတာ၊ သူမို့လို့ ငါ ဒီလို ဖြစ်နေတယ် ... ဟုတ်တယ် ...





ဒါပဲ၊ တော်ပြီ ... ဒီထက် ဘာမှထပ်မမေးနဲ့တော့၊ ဖြေစရာလည်း မရှိတော့ဘူး၊ နင်က အခုမေးရမှာမဟုတ် ဘူး၊ ဖြေရမှာ၊ ငါ ဘာဝတ်ရမလဲပြော"

ဝင်းဝါက ပါးစပ်အဟောင်းသား နားထောင်နေရာ မှ မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း ...

"ခုလိုပဲ ပေါ့ပေါ့ပါးပါး Jeans ပဲဝတ်ပေါ့၊ နင် ဒါပဲဝတ် တာများတာပဲကို"

"မိန်းမဆန်ဆန် ယဉ်ယဉ်ကျေးကျေးလေး ဝတ်မလားလို့"

"အဲဒါ နင့်သဘောပေါ့၊ ငါ့ဘာလို့မေးနေသေးလဲ"

"ခေါင်းတစ်လုံးထက်စာရင် နှစ်လုံးက အတွေးနှစ်မျိုး ထွက်တာမို့လို့ မေးတာပေါ့ဟဲ့"

ဝင်းဝါက သူတို့ရဲ့ ဘော်ကြယ်ထိုးသော ဝန်ထမ်း တွေ တစ်ယောက်တစ်နေရာ ဝတ်စုံတွေ ဘော်ကြယ်ထိုးသီနေကြ တာကို လိုက်စစ်နေရာမှ ...

"ဟောဒီ ထိုင်မသိမ်းတွေသာ ဝတ်သွားလိုက်တော့ဟေ့"

"ငါ တကယ်မဝတ်ရဲဘူး ထင်လို့လား၊ သူ ဂရုပြုမိပြီး အမှတ်တရ ဖြစ်မယ်ဆို ပြီးရော၊ သူက မိန်းမတွေကို စိတ် မဝင်စား မတုမတန် မဆက်မဆံနေတတ်တဲ့သူလို့ သတင်း ကြားထားပြီးသားမို့လို့ကို ငါ့ကို သတိပြုမိပြီး စိတ်ဝင် စားဖြစ် ပြီးရော ဘာဖြစ်ဖြစ် ငါလုပ်မှာ"

"ရွှေနု"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"နင့်မျက်နှာမှာ ငါ အရောင်တွေ တွေ့နေတယ်နော်"

"အင့်ဟင် ... ငါလည်း မိတ်ကပ်တွေ လိမ်းမထားပါဘူး"

"မိတ်ကပ်တွေဆို ဘာအရေးလဲ၊ နင့်မျက်နှာပေါ်ကအရောင်တွေက အဖြူတွေတော့ မဟုတ်ဘူး ရွှေနှ၊ ပြင်းရှကြမ်းတမ်းပြီး ပေါက်ကွဲဆူဝေတဲ့ အရောင်တွေ၊ မရိုးသားတဲ့ အရောင်တွေ၊ မသန့်ရှင်းတဲ့ အရောင်တွေ၊ မကောင်းတဲ့ အရောင်တွေ"

"အဟား ဟား ဟား၊ ဝင်းဝါ ... နင် စာရေးဆရာလုပ်တော့"

"ကပျက်ကချော် လုပ်မနေနဲ့ ရွှေနှ၊ ခုလောလောဆယ် နင့်ကိုကြည့်ရတာ မြင်ရတာ ငါ ဆယ်နှစ်ပေါင်းလာတဲ့ သူငယ်ချင်း ဆင်းရွှေနှ မဟုတ်သလိုပဲ"

"ဝင်းဝါ ... လူဆိုတာ ဒီလိုပါပဲဟယ်၊ ပုတ်သင်ညိုတွေလိုပဲလေ၊ နေရာဒေသအသစ် atmosphere အသစ်တစ်ခုတိုးဝင်တော့မယ်ဆိုရင် စိတ်တိုဒေါသထွက်လာပြီဆိုရင် ဆန်းကြယ်တဲ့ အသစ်တစ်ခုနဲ့ တွေ့ပြီဆိုရင် အရောင်ပြောင်းကြတယ်လေ၊ ညိုလိုက် ... ပြာလိုက် ... ဝါလိုက်၊ အဲလိုပေါ့"

ဝင်းဝါက ဆင်းရွှေနှကို တအံ့တသြ ငေးကြည့်နေပါသည်။

❖ ✤ ❖



## ၇

"ခင်ဗျား လိုက်ခဲ့"

"ခင်ဗျာ"

"ခင်ဗျားပါ လိုက်ခဲ့၊ ဒါပေမဲ့ ခင်ဗျား ကားပေါ်ပဲကျန်ခဲ့ပေါ့၊ တမင်တကာ ခင်ဗျားကိုခေါ်တာ၊ ခုလို ငွေညှစ်တတ်တဲ့ ကြောက်စရာကောင်းတဲ့ စိတ်သဘောထားမျိုးနဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်တစ်ယောက်တည်း ငေါက်စင်းစင်း သွားတွေ့လို့ ထောင်ချောက်ထဲ မိသွားမှာပေါ့ဗျာ၊ ကျွန်တော် အခုရွေးလိုက်တဲ့ စားသောက်ဆိုင်က မနက်ပိုင်း လူရှင်းတယ်၊ ခြံဝင်းထဲမှာပဲ စားပွဲတွေချထားတယ်၊ ကားကိုလည်း ခြံဝင်းထဲပဲ ရပ်ရမယ်၊ ကားပေါ်ကနေ ခင်ဗျား ကျွန်တော့်ကို မြင်နေနိုင်မယ် ...

မလိုသော်ရှိ လိုသော်ရှိ နောင်တစ်ချိန်ချိန် တစ်ခုခု တရားရာများဖြစ်ခဲ့ရင် ဒီကိစ္စကို ခင်ဗျား သက်သေတစ်ယောက်အဖြစ် ပြန်ပြောနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်လှက ခေါင်းညိတ်လိုက်ပါသည်။

"သူ့ကို ကျွန်တော် ဒီလောက် အလွယ်တကူ လက်ခံတွေ့ဖို့ သဘောတူလိုက်မယ်လို့တောင် သူ မျှော်လင့်မှာမဟုတ်ဘူး"

"ဟုတ်တယ် ဆရာ၊ မနေ့က ဖုန်းဆက်ပြောတော့ သူ အံ့သြသွားတယ်"

"သူ့ပုံစံ ကြည့်ရတာ ကျွန်တော်နဲ့ အလွယ်တကူ တွေ့ဆုံခွင့်ရမှာ မဟုတ်ဘူးလို့ မျှော်လင့်ပြီးသားပါ၊ ဒီထက် အထပ်ထပ်အခါခါ ကြိုးစားရလိမ့်မယ် ထင်နေပုံပါ၊ မရ မက မဖြစ်မနေ တွေ့ခွင့်ရအောင် ကြိုးစားမယ်လို့ အားခဲတာစု ရည်ရွယ်ထားပုံပဲ၊ အဲဒီတော့ အဲသလို ကြိုးစားခွင့်တွေပေးပြီး ဓာတ်ရှိန်မြှင့်ခွင့် ကျွန်တော် မပေးနိုင်ဘူး၊ တွေ့ရမှ သူ ကျေနပ်မယ် မဟုတ်လား ...

တွေ့လိုက်မယ်လေ၊ တွေ့ပြီးရင် သူ ဘာမှဆက်လုပ်လို့ မရတော့ဘူး ဆက်လုပ်စရာကို မရှိတော့ဘူး"

"ကောင်းတယ် ဆရာ၊ ဒါပေမဲ့ ဆရာ သူတောင်းတဲ့ပိုက်ဆံကို ..."

"ဘယ်လောက်လဲ စုစုပေါင်း"

"တစ်သိန်းသုံးသောင်းရှစ်ထောင်ပါ"

"တန်ပါတယ်ဗျာ၊ အနှောင့်အယှက်တစ်ခု ပြုတ်ကျသွားအောင် ဖြုတ်ချဖို့ကိစ္စ တစ်သိန်းလေးသောင်းလောက်ပဲ ကုန်တာ"





ကိုကျော်လှက ခေါင်းတဆတ်ဆတ် ညိတ်မိပါသည်။

တော်တာပေါ့။ မှော်ဝန်းညိုအတွက် ဒီငွေဟာ ဘာမှမဖြစ်စလောက်ဖြစ်သလောက်၊ ဒီငွေမရမချင်း ကတ်သီးကတ်သတ် လုပ်နေမယ့်မိန်းမတစ်ယောက်ရဲ့ အနှောင့်အယှက်ရန်က ငွေနဲ့တိုင်းတာသတ်မှတ်မရအောင် နစ်နာစေမှာ။

"ဟုတ်တယ် ဆရာ၊ ဆရာ စီစဉ်တာ အရမ်းကောင်းပါတယ်"

သူ့ဆရာသူဌေးဟာ မိန်းမဆိုတာနှင့် ပတ်သက်လာလျှင် ဘယ်လိုကင်းရှင်းတယ်၊ ရှောင်ရှားတယ်ဆိုတာ ကိုကျော်လှအသိဆုံးပင်။ သူက အနီးကပ်နေရတဲ့သူ။ အပြင်လောက,ကဆက်ဆံရတဲ့ အမျိုးသမီးတွေကိုဖြစ်စေ၊ ရုံးတွင်းအလုပ်ခွင်တွင်းက အမျိုးသမီးတွေကိုဖြစ်စေ မိန်းမမှန်လျှင် လုံးလုံးစိတ်မဝင်စားသလို ဝေးဝေးကင်းကင်း နေတတ်တာ။

မိန်းမတွေကို စိတ်နာနေသလား ထင်ရလောက်ပါသည်။ အဲသလို လူကို ခုလိုလာပြီး ကသောင်းတောင်းတော့လုပ်နေတဲ့ ဒီအမျိုးသမီးကို ကိုကျော်လှလည်း သိပ်သဘောမတွေ့လှ။ ပတ်သက်ချင်နေပုံရတဲ့ အမျိုးသမီးကို ပတ်သက်နေခွင့်ရအောင် အပေါ်စီးက ဖြုတ်ချလိုက်မည့် မှော်ဝန်းညို အပြုအမူကို ကိုကျော်လှက အင်မတန် အားရသဘောကျလှသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရ ဆိုမရနဲ့ ဇွတ်ကိုလိုက်တာပဲ"

ဝင်းဝါက ဆင်းရွှေနုကို မျက်စောင်းထိုးရင်း ...

"လိုက်ရမယ်၊ နင် ဒီလူနဲ့ပတ်သက်ပြီး မှုမမှန်လို့ကို အစ အရာရာ ငါ သိထားအောင် လိုက်ကိုလိုက်ရမယ်၊ နင့် အမေဆိုတာကလည်း နင့်ကို အားကိုးပြီး လူလုပ်နေတာ နင် ပြောသမျှ မှန်တယ်ချည်းထင်တာ၊ သမီးတစ်မျက်နှာ သူ့ကမ္ဘာပဲ၊ နင့်အိမ်က အဒေါ်ဝမ်းကွဲဆိုတာကလည်း ဒီ အတိုင်းပဲ၊ နင် ကြောက်ရတဲ့အဒေါ်မှ မဟုတ်တာ၊ နင့်ကို တောင် သူက ကြောက်နေရတာ၊ နှစ်ယောက်လုံး အိမ်ထဲ ကအိမ်ပြင် ထွက်ကြတာ မဟုတ်ဘူး ...

ကျန်တာ အိမ်မှာ အလုပ်သမားပဲ ရှိတော့တာ၊ နင် ထင်ကရာ လုပ်နေရင် ဘယ်သူမှလဲ သိမှာမဟုတ်ဘူး၊ သိရင်လည်း ဘယ်သူမှ ပြောအားရှိတာ မဟုတ်ဘူး၊ နင့် ဘဝမှာ နင့်အထက်မှာ နင်ကြောက်ရမယ့်သူ တစ်ယောက် မှ မရှိဘဲ နင်ထင်သလို ဆုံးဖြတ်လုပ်ကိုင်နေတာ၊ နင်က ကံအားလျော်စွာ စိတ်လေးကောင်း လူလေးကောင်းနဲ့ အကောင်းတွေချည်း လုပ်နေတဲ့သူမို့သာပဲ ...





ခုနေ နင် ကလေကချေ တစ်ယောက်နဲ့ ကောက် ကြိုက်လည်း နင့်ကို တားနိုင်အား ဆုံးမနိုင်အားရှိတဲ့သူ တစ်ယောက်မှ မရှိဘူး၊ နင် မဟုတ်တာ တစ်ခုခုလုပ်နေ လည်း ဆုံးမဖို့ ကန့်ကွက်ဖို့ နေနေသာသာ နင့်လူကြီးတွေ သိကြမှာတောင် မဟုတ်ဘူး၊ ငါပဲရှိတာ၊ ငါကတော့ နင့် မျက်နှာကြည့်ပြီး လူလုပ်နေတာ မဟုတ်သလို နင်ရှာကျွေး တဲ့ထမင်း စားနေရတာလည်း မဟုတ်ဘူး၊ နင်မဟုတ်တာ လုပ်နေရင်လည်း ဝေဖန်ကန့်ကွက်မှာ၊ နင် ဘာလုပ်နေ တယ်ဆိုတာ ငါ သိဖို့လိုတယ် ...

ငါ့ကိုတားဖို့ ထားခဲ့ဖို့ လျှို့ဝှက်ဖို့ လုံးဝမကြံစည်နဲ့ ဒါပဲ"

ဆင်းရွှေနုက ဟက်ဟက်ပက်ပက်လေး ရယ်လိုက် ပါသည်။

"ငါ့ချစ်သူငယ်ချင်းလေး၊ ချစ်လိုက်တာဟာ နင့်ကို"

"တော်ပါ၊ မနိုင်လို့ သည်းခံရတာ၊ မငြင်းသာလို့ လက်ခံ ရတာ ငါသိပါတယ်နော်၊ ငါ့ကို မလျှို့ဝှက်စဖူး လျှို့ဝှက် ချင်နေလို့ ငါ ပိုအံ့သြတာ"

"မဟုတ်ပါဘူးဟာ၊ နောက်တော့ နင့်ကို ငါ အကုန်ပြော မှာပါ၊ အခုတော့ ငါ ဘာမှရေရေရာရာ သေသေချာချာ ပြောစရာလည်း မရှိသေးလို့ မပြောချင်သေးတာပါ"

"အဲဒီလူက နင်နဲ့ တစ်ချိန်ချိန်က ဇာတ်လမ်းတစ်ခုခု ပြဿနာတစ်ခုခု ငြိခဲ့ဖူးတဲ့သူပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲဒါတော့ ဟုတ်တယ်လို့ နင့်ကို ငါပြောပြီး ပြီလေ၊ ဒီလူဟာ သူမို့လို့ ငါ ဒီလိုတွေလုပ်နေတာပါလို့ ပြောပြီးပြီလေ"

ဝင်းဝါက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ဘာပြဿနာပဲ ရှိခဲ့ရှိခဲ့၊ ဘာတွေပဲ ငြိခဲ့ငြိခဲ့၊ ယောကျ်ား တစ်ယောက်ကို မိန်းမတစ်ယောက်က မရိုးမသား ရည်ရွယ် ချက်တစ်ခုနဲ့ ချဉ်းကပ်တယ်ဆိုတဲ့ကိစ္စဟာ မမျှော်လင့်ဘဲ အန္တရာယ်တစ်ခုခုလည်း ရှိလာနိုင်တယ် ရွှေနု"

"ငါ နားလည်ပါတယ်"

"အခုလည်း ကိုယ့်ကားကိုယ် ရှိရက်သားနဲ့ လူချည်းပဲ တက္ကစီငှားပြီး ထွက်သွားမလို့ နင်ကြံတယ်၊ အဲဒါကြောင့် ငါ ဇွတ်အတင်း ကားမောင်းပြီး လိုက်ပို့တာပေါ့၊ ဘာပဲ ဖြစ်ဖြစ် ငါအဖော်ပါလာတယ်ဆိုရင် နင်တစ်ယောက်တည်း လှုပ်ရှားတာထက်တော့ ပိုလုံခြုံမယ်၊ ဟိုက္ကချွေ့ရမယ်လို့ ငါ ထင်တယ်"

"ကောင်းပါတယ် နင်လိုက်ပို့တော့လည်း၊ ငါက နင့်ကို ငါ့ရဲ့အလုပ်ရှင် လုပ်ထားတာ"

"ဟင်"

"ငါက ဒီဆိုင်မှာ အလုပ်လုပ်တယ်လို့ ပြောထားတယ်"

ဝင်းဝါက ခေါင်းတညိတ်ညိတ်သာ လုပ်နေပါတော့ သည်။ ဆင်းရွှေနု ပြောတဲ့ ဆိုင်ခြံဝင်းထဲ ကားမောင်းဝင်လိုက် လျှင်တော့ ခြံဝင်းထဲမှာ ကားရှင်းနေပါသည်။ ကားတစ်စင်းက တော့ ဟိုတစ်နေ့က ဆင်းရွှေနုနှင့် တိုးမိတဲ့ကားပင်။ နေရိပ်ကျ နေသော မြက်ခင်းစိမ်းလှလှကလေး အလယ်က အခင်းဖြူတွေ ခင်းထားသော စားပွဲတစ်လုံးမှာတော့ မော်ဝန်းညို ထိုင်နေနှင့် သည်။





"ဟိုလူ မဟုတ်လား"

"အင်း"

ခပ်လှမ်းလှမ်း စားပွဲတစ်ခုမှာတော့ သက်လတ်ပိုင်း စုံတွဲတစ်တွဲထိုင်ကာ စားသောက်နေကြပါသည်။ ဝင်းဝါက ကား ပေါ်က ဆင်းမည့်ဟန်ပြင်လျှင် …

"နင် နေခဲ့လေ"

"လိုက်မယ်လေ"

"မလိုက်ပါနဲ့ ဝင်းဝါရယ်၊ နေခဲ့ပါဦး၊ နင်လှမ်းမြင်နေရ နိုင်တာပဲလေ၊ သူ့ကားပေါ်မှာလည်း သူ့တပည့် ဟိုလူပါ တာပဲ၊ ကားပေါ်ပဲ ထိုင်စောင့်နေတယ်၊ သူကလည်းတစ် ယောက်တည်း စကားပြော ဖြေရှင်းမယ့်သဘော ဆိုတော့ ငါလည်း လူပိုမခေါ်ချင်သေးပါဘူး၊ ငါတစ်ယောက်တည်း ပဲ သွားမယ်"

ဝင်းဝါက သိပ်မကျေနပ်လှသော်လည်း စောဒက တက်တော့ပါ။

"ငါ့ကိုကြည့်စမ်းပါ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အရမ်းအဆင်ပြေတယ်၊ လှတယ်၊ နင်က မလှတဲ့အချိန်ရော ရှိလို့လား၊ ဒီစိမ်းပြာရောင်လေးကလည်း နင်နဲ့ အရမ်းလိုက်တယ်"

ဆင်းရွှေနုက ကျေနပ်ပြုံးနှင့် သူ့ဆေးစာရွက်တွေပါသော ဖိုင်လ်အိတ်လေးကိုင်ကာ စားပွဲဆီ လျှောက်သွားလိုက်ပါသည်။ စိမ်းပြာနှင့် အဝါနု အပွင့်အခက်အဆင် အသားပျော့ အိအိပိတ်စလေးကို မိန်းမဆန်ဆန်ပုံကလေး အပေါ်အောက်ချုပ်ဝတ်ထားပါသည်။

မော်ဝန်းညိုက သူ့လက်ထဲက အိုင်ပက်မီနီမှာ တစ်စုံတစ်ရာကို စိတ်ဝင်တစား ငုံ့ပြီးဖတ်ရှုနေတဲ့ ပုံစံနှင့်ပင်။ သူက မော်မကြည့်တဲ့အတွက် ဆင်းရွှေနုက ကိုယ့်ဘာသာကိုယ်ပဲ သူ့ရှေ့က ကုလားထိုင်တစ်လုံးမှာ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပါသည်။

"ဩော်"

မော်ဝန်းညိုက ဖျတ်ခနဲ မော့ကြည့်လာသည်။ ဆင်းရွှေနုက မော်ဝန်းညိုရဲ့မျက်ဝန်းများကို ခပ်တည်တည်လေး စူးစိုက်ကြည့်နေလိုက်ပါသည်။ ဆံပင်တိုတို တင်းတည်တဲ့ ခန့်ထည်တဲ့ ခပ်မှန်မှန် အမူအရာနှင့်မျက်နှာ။ မျက်ခုံးမျက်လုံးများကို မသိမသာ ကြုံ့ထားလျက်။

"ဩော် … မ … မဆွေဆွေနု ဆိုတာလား"

"ဆင်းရွှေနုပါရှင့်"





"ဟုတ်ကဲ့ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဟင် …။ ဆင်းရွှေနုက အံ့အားသင့်သွားပါသည်။ သူလိုလူကများ တွေ့ရတာ ဝမ်းသာသတဲ့။ သူဟာ ဘယ်လိုလူစားဆိုတာ ဆင်းရွှေနု စုံစမ်းသိရှိပြီးပါပြီ။ သူ့လက်အောက် ဝန်ထမ်းတွေ အင်မတန်မှ ရွံ့ကြောက်ရှိသေရတဲ့ အပြုံးမရှိတဲ့ မိန်းမတွေကို အဖက်မတန်သလိုလို အရေးမလုပ်လိုလှတဲ့။ စတဲ့ … စတဲ့ … သူ့ရဲ့ဂုဏ်ပုဒ် သတင်းတွေကို ကြားခဲ့ဖူးပြီးပါပြီ။

ဟိုးတစ်နေ့က ဆက်ဆံသွားပုံကိုပဲကြည့်လေ။ ဟင်း ဟင်း … အခုတော့ ငွေများများ လျော်ကြေးပေးရမှာကြောက်ပြီး အပိုးလေးများ ကျိုးနေတာလား။

"ဟိုတစ်နေ့က ရှင် ရုံးထိုင်တယ်လို့ ကြားသိရတဲ့ Blue Heaven Condo ကို ကျွန်မ လာပါတယ်၊ ရှင့်တပည့် …"

"ဟုတ်ပါတယ် … ကျွန်တော် သိပြီးပါပြီ"

မော်ဝန်းညိုက မထိမဲ့မြင် မျက်နှာထားမျိုး ရှိချင်ချင်ပုံကိုဆောင်တဲ့ အမျိုးသမီးကို စိတ်ထဲက အတော်အချဉ်ပေါက်လှသော်လည်း သွားကိုစေ့ပြီး နှုတ်ခမ်းနှစ်ချပ်ကို စေ့လျက်သား အားသို့ဆွဲဖြန့် ကားထားလိုက်ပါသည်။ အပေါ်ယံက ကြည့်ရင်တော့ ပြုံးနေတယ်ပေါ့။ တကယ်တော့ ပြုံးနေတာမဟုတ်။ နှုတ်ခမ်းဘေးကြွက်သားတွေ ဆွဲကားထားတာသာ။

"တစ်ဆိတ်လောက် … ခင်ဗျားစာရွက်တွေ"

"ဟိုနေ့ကလည်း ဟိုလူ့ကို ဖိုတိုကော်ပီတွေ ပေးခဲ့ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု မပါတော့ဘူးလား"

"ပါပါတယ် ... ဒီမှာ"

မော်ဝန်းညိုက ဖျတ်ခနဲ ဆွဲယူကာ ဆွဲထုတ်ပြီး ဝတ်ကျေတန်းကျေ တစ်ချက်ကြည့်လိုက်ပါသည်။

Name - Hsinn Shwe Nu

Sex - Female

Age - 29

နာမည် အသက်တို့ကို သိချင်လို့ ထပ်ယူကြည့်လိုက်မိတာပင်။ သူနဲ့မတိမ်းမယိမ်း ရွယ်တူလောက်ရှိမယ့် အမျိုးသမီးပဲ။ သူ့မျက်နှာက ဘာကြောင့် မော်ဝန်းညိုကို ကလိတိတိ ရှိသဲ့သဲ့ပုံစံမျိုးနှင့် တပွဲတလမ်း အကဲစမ်းချင်နေတာပါလိမ့်။ အဲဒါဟာ ထူးခြားချက်ပင်။

"ဟိုတစ်နေ့က ရှင်နဲ့မတွေ့ခဲ့ရဘူး"

"ဟုတ်ကဲ့"

"ရှင့်တပည့်နဲ့ တွေ့ပါတယ်၊ သူက မလိုလားအပ်ဘဲ ပေါက်ကရအစုံ လျှောက်စစ်ထားတာမို့ ကုန်ကျစရိတ် အားလုံးကို မပေးနိုင်ဘူးလို့ပြောတယ်၊ လူတစ်ယောက်လုံး ကားတိုက်ခံရတာကို သူမို့ ဒီလိုပြောရက်တယ်"

မော်ဝန်းညိုက သွားစေ့ ကြွက်သားတွေဆွဲကားကာသာ အပြုံးမပျက် ရှိနေပါသည်။ ဒီမိန်းမတော့။ ကားတိုက်တယ်တဲ့။ အမှုကြီးအောင် လုပ်ချင်နေပြန်ပြီ။ တကယ်က ကားတိုးမိ





တယ် ဆိုရင်တောင် နည်းနည်းများနေဦးမှာဖြစ်ပြီး တကယ်တမ်းက ကားနဲ့ထိမိတယ် ဆိုသလောက်ရှိတာ၊ တိုက်မှ မတိုက်မိတာ။ အချိန်မီ ဘရိတ်အုပ်မိသားပဲ။ သူက ဖွတ်အတင်း ဆက်ဝင်လို့သာ မဖြစ်မနေ ထိမိသွားရတာ။

"ကျွန်မ လန့်ဖျပ်ပြီး ရင်တွေလည်း တအားတုန်လို့ အီးစီဂျီ ရိုက်ရတာ၊ အရိုးအဆစ်တွေကတော့ ဘယ်နေရာ ဘာဖြစ်လဲ သိရအောင် ဓာတ်မှန်ရိုက်ကိုရိုက်ကြည့်ရမှာပဲလေ။ အာလ်ထရာဆောင်းကလည်း ဗိုက်ထဲ ဘာများ ဆောင့်မိခိုက်မိသွားသေးလဲလို့ လိုအပ်လို့ရိုက်တာ"

ဒါဖြင့် သွေးတွေ လျှောက်စစ်တာကကော မယ်မင်းကြီးမရဲ့။ အမြင်ကတ်လှစွာသော ခံစားချက်ကို မျက်နှာပေါ်ပေါ်စေဘဲ မော်ဝန်းညိုက မပြောင်းမလဲ တစ်သမတ်တည်းရုပ်နှင့်သာ ဆင်းရွှေနုကို ပြုံးကြည့်နေပါသည်။

"အဲဒါ အားလုံးပေါင်း ကိုးသောင်းနီးပါး ကျသွားတယ်၊ ပြီးတော့ ကျွန်မ အလုပ်ပျက်ရက်တွေ၊ ငါးရက်စာကငါးသောင်း၊ အားလုံးပေါင်းတော့ တစ်သိန်းလေးသောင်းလောက် ကျပါတယ်၊ အဲဒါကို အဲဒီလူက မညှာမတာ သုံးသောင်းပဲ ပေးမယ်လို့ပြောတယ်"

"ဟုတ်ကဲ့ ... အဲဒီတော့ ... !"

"ကျွန်မက တစ်ပြားမကျန် လိုချင်တယ်၊ လူလည်း ကားတိုက်ခံရသေးတယ်၊ ဘာမှဖြစ်မသွားပေလို့သာပေါ့၊ ဖြစ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင် ကျွန်မ ဒီအသက်အရွယ်လေးနဲ့ လူစဉ်မမီဖြစ်ရဦးမှာ၊ ကံသီပေလို့သာပေါ့၊ အဲဒီတော့ ဒီပိုက်ဆံတွေကို တစ်ပြားမကျန် ပြန်ပေးရင်ပေး ...”

ဆင်းရွှေနုက စကားကိုဖြတ်လိုက်၍ မှော်ဝန်းညိုက မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်ကာ ခေါင်းတစ်ချက် စောင်းဆတ်ပြီး စကားဆက်ကို ငံ့လင့်တဲ့အမူအရာ ပြုလိုက်ပါသည်။

“မပေးရင်တော့ ကျွန်မက တရားဥပဒေအရ စကားပြောရလိမ့်မယ်”

မှော်ဝန်းညိုက ခေါင်းတစ်ချက်ညိတ်ကာ သူ့ရဲ့ ပိုက်ဆံအိတ်ကို ဘတ်ကယ်လ်နှင့်နှိပ်စိဖြုတ်ကာ ဖွင့်လိုက်ပြီး တစ်သောင်းတန်ငွေစက္ကူ ဆယ့်လေးရွက် ထုတ်ယူလိုက်ပါသည်။

“တစ်သိန်းလေးသောင်းနော်”

“ဟင်”

“ဒီမှာနော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး”

မှော်ဝန်းညိုက ရုတ်တရက် ဖျတ်ခနဲ ထရပ်လိုက်ပြီး ပိုက်ဆံအိတ်နှင့် အိုင်ပက်အသေးလေး ကောက်ကိုင်ကာ လှည့်ထွက်လိုက်ပါသည်။ ဆင်းရွှေနုသည် ပြောဖို့စာစီထားသော စကားများစွာ နှုတ်ကထွက်အံမကျလိုက်ရဘဲ နှုတ်ခမ်းနှစ်လွှာ မသိမသာ ပွင့်ဟလျက် အံ့အားတသင့် ငူငိုင်ငိုင် ကျန်ရစ်လေသည်။

❖ ✤ ❖



## ❧ ၈ ❧

“အစည်းအဝေးအတွက် အဆင်သင့်ဖြစ်ပြီလား ကိုကျော်လှ”

“ဟုတ်ကဲ့ ... အဆင်သင့်ဖြစ်လောက်ပါပြီ၊ နောက်ဆယ်မိနစ်မှာ အစည်းအဝေးစမယ်လို့ ကျွန်တော် အသိပေးထားပါတယ်”

“ဒါဆို ကျွန်တော်တို့ သွားလိုက်ကြရအောင်”

မှော်ဝန်းညိုက ထိုင်ရာက ထရပ်လိုက်ပါသည်။

“တီတီတီ ... တီတီ ... တီတီတီ”

ရုတ်တရက် မှော်ဝန်းညိုရဲ့ ဟန်းန်ဖုန်းက မြည်လာ၍ မှော်ဝန်းညိုက ဖုန်းကိုတစ်ချက်ကြည့်လိုက်ပါသည်။ ကိုကျော်လှက အခန်းတံခါးဝရောက်မှ ခြေလှမ်းရပ်ပြီး မှော်ဝန်းညိုဘက်လှည့်ကြည့်လိုက်ပါသည်။

“ဟယ်လို”

“... ... ...”

“ဟုတ်လား ... အခုရော”



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း အစည်းအဝေးရှိတာဖြစ်ဖြစ်၊ အလုပ်ကိစ္စ တစ်ခုခု ရှိတာဖြစ်ဖြစ် ဖုန်းလာရင် ကိုင်လေ့မရှိတော့သော မော်ဝန်းညို ဖုန်းဖွင့်ကိုင်လိုက်ကတည်းက ဤဖုန်းက သူ့အိမ်ကဖုန်း ဖြစ်မှာလို့ ကိုကျော်လှ အတွေ့အကြုံအရ သိပါသည်။ ခပ်တင်းတင်းနဲ့ ခက်ထန်တဲ့ဘက်ရောက်သော မော်ဝန်းညိုဟာ သူ့အမေကိုတော့ သိပ်ကိုအလေးထားလှတာ သိပြီးဖြစ်လို့ပင်။

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မာမီ့ကိုမပေးနဲ့တော့၊ နားနေပစေ"

မော်ဝန်းညိုက ဖုန်းကိုပိတ်လိုက်ပါသည်။

"ကိုကျော်လှ ... အစည်းအဝေး ဖျက်လိုက်တော့ဗျာ"

"ဟုတ်ကဲ့ ဆရာ၊ အရေးကြီးတာရှိလို့လား၊ ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ဘာလုပ်ပေးရမလဲတော့ ခုမပြောနိုင်သေးဘူး၊ ခင်ဗျားပါ လိုက်ခဲ့လိုက်လေ၊ ခင်ဗျားကားနဲ့ပဲ နောက်ကလိုက်ခဲ့ပါ ကိုကျော်လှ၊ ကျွန်တော် ရုံးပြန်ဖြစ်ဖို့ မသေချာလို့၊ ပြီးရင် ကိုယ့်ဘာသာ ပြန်နိုင်အောင်"

"ဟုတ်ကဲ့ ဆရာ"

"မာမီ မူးလဲလို့တဲ့ဗျ၊ ဆရာဝန်ကြည့်ပြီးပြီ မစိုးရိမ်ရတော့ဘူးလို့တော့ ပြောတယ်၊ အိမ်ကလူတွေကလည်း သိပ်ခက်တာပဲ၊ ဖြစ်ဖြစ်ချင်း ကျွန်တော့်ကို ခေါ်ကြရမှာပေါ့ ... မခေါ်ဘူး။ တော်ကြာ စိုးရိမ်ရတဲ့ အခြေအနေဆိုရင် ဘယ်လိုလုပ်မလဲ၊ အခုက ဘာမှမဖြစ်ပေလို့ပေါ့"





မော်ဝန်းညိုက တဖျစ်တောက်တောက် ပြောနေပါသည်။ သူ့အိမ်က လူတွေလည်း သူ့ကို ရုတ်တရက် ဘယ်လှမ်းခေါ်ရဲပါ့မလဲ။ အရေးကြီးတယ် မကြီးဘူး မသေချာဘဲ တော်ရုံအန်ရုံကိစ္စကို မော်ဝန်းညိုထံ အပူတပ်ရဲမှာမဟုတ်။ မော်ဝန်းညိုရဲ့စိတ်ဓာတ်ခက်ထန်မှုက နေရာမရွေး လူမရွေးဘူး မဟုတ်လား။ ရှင်းချက်အဖြစ် သူ့အမေကလွဲ၍ပင် ...။

"သွားစို့"

"ဟုတ်ကဲ့ ... ကျွန်တော် အစည်းအဝေး သွားဖျက်လိုက်ဦးမယ် ဆရာ၊ ဆရာ ဆင်းရင်ဆင်းနှင့်ပါ၊ ကျွန်တော် နောက်ကနေ လိုက်ခဲ့ပါ့မယ်"

"ကောင်းပြီလေ"

မော်ဝန်းညိုက ချက်ချင်းပဲ ရုံးခန်းမှ ပြန်လာခဲ့လိုက်ပါသည်။ ကားကို မောင်းလာရင်း လမ်းမှာ မာမီ့ကို စိုးရိမ်တဲ့စိတ်အပြင် တစ်စုံတစ်ဦးကိုပါ သတိရလာပါသည်။

အမေ ...။

အမေရော ... ဘယ်ရောက်နေပါလိမ့်။ ဘယ်မှာပါလိမ့်။ သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲချိုးကွေ့ခဲ့ရအပြီး နှစ်နှစ်သုံးနှစ်အကြာမှာတော့ သူငယ်စဉ်က နေထိုင်ခဲ့တဲ့ မြို့နယ်ကြီးတစ်ခုလုံးနီးပါး ဆိုးဝါးကြီးမားတဲ့ မီးဘေးအောက်မှာ ပြာပုံဘဝရောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက်ဒီနှင့် မာမီထံ ရောက်ခဲ့ရအပြီး နှစ်နှစ် သုံးနှစ် အတွင်း သူဟာ သူနေခဲ့ရာ အရပ်ဒေသသို့ တမင်တကာပင် ခြေဦးမလှည့်ဖြစ်ခဲ့။ သူ့စိတ်ထဲမှာ နာကြည်းခဲ့တာ နာကျင်ခဲ့တာတွေ ရှိခဲ့တဲ့အပြင် အဟောင်းတွေ အသစ်ပြန်မဖြစ်ချင်တော့တဲ့အတွက် ဖြစ်ချင်ရာဖြစ် ပစ်ထားလိုက်ကာ လှည့်မကြည့်စတမ်းနေခဲ့တော့တာ။

တစ်မြို့နယ်လုံးနီးပါး မီးဘေးသင့်တယ်လို့ ကြားသိလိုက်ရချိန်မှာ မော်ဝန်းညိုက ညီညီနှင့်အတူ စင်ကာပူကိုရောက်နေတဲ့ အချိန်ပါ။ သူ ရုတ်တရက် ပြန်သွားနိုင်တဲ့ အနေအထား မဟုတ်ပါ။ ဘယ်လိုပဲ နာကြည်းစရာတွေရှိတယ်ပြောပြော သူ ကလေးဘဝကတည်းကနေ အသက်ဆယ့်ငါးနှစ်ထိ နေထိုင်ခဲ့တဲ့ အရပ်ဒေသကိုတော့ သံယောဇဉ်ကြီးပါသေးသည်။

ပြီးတော့ ... ဘယ်လောက်ပဲ စိတ်ပျက်စရာကောင်းလှတယ်ဆိုဆို မွေးသမိခင်အရင်းကြီး တော်စပ်နေသေးတဲ့ အမေရင်းတစ်ယောက်လုံး ထိုအရပ်မှာ နေနေပါသေးသည်။ အဲဒါတွေ အပြင် သူ့အသည်းနှလုံးတွေကို ခြေမွချနင်းခံရသလို အဖြစ်အပျက်မျိုးထဲက အဓိကဇာတ်ဆောင်၊ သူ့ရဲ့အသည်းနှလုံး မိတာ တစ်ယောက်လုံးလည်း အဲဒီမှာပဲ ရှိနေပါသေးသည်။

သူ ရန်ကုန်ကို ဖုန်းဆက်ပြီး မာမီ့ကိုတော့ အဲဒီကိစ္စလှမ်းကာ မေးမြန်းစုံစမ်းပါသည်။ တစ်ရပ်ကွက်လုံး တစ်မြို့နယ်လုံးနီးပါးပဲဆိုတဲ့ သတင်းကိုရတော့ ရင်တွေနာကျင်ပူပန်ခဲ့ရသော်





လည်း သူ လွယ်လွယ်ပြန်ဖို့ကမဖြစ်။ သူ ရန်ကုန်ပြန်ရောက်လာ တော့ မီးလောင်မှုဖြစ်ပွားအပြီး တစ်လခွဲကျော် နှစ်လလောက်ပင် ဖြစ်နေပါပြီ။

သူ အပြေးသွားစုံစမ်းကြည့်ရှုခဲ့ပါသေးသည်။ သူတို့ ရပ်ကွက်လေးကတော့ ဘယ်နေရာမှာ ဘာလို့ မမှန်းဆနိုင်တော့ လောက်အောင် မီးလောင်ပြင်ငုတ်တို ဖြစ်နေပြီ။ နဂိုကပင် ဂရန် မြေမဟုတ်တဲ့ သူတို့တစ်ပိုင်းလုံးကို အစိုးရကသိမ်းကာ မြို့သစ် တစ်ခုမှာ အပိုင်မြေကြီးတွေ ပြန်လည်နေရာချထားပေးသည်ဟု ကြားရတဲ့အတွက် အဲဒီ မြို့သစ်ကိုလည်း သူ လိုက်လံစုံစမ်းခဲ့ပါ သည်။

အမေနှင့်ပတ်သက်တဲ့ သတင်းရယ်လို့ တစ်စွန်း တစ်စကလေးပင် မရ။ ရပ်ကွက်ထဲက လူသိတစ်ယောက် နှစ် ယောက်စ,တော့ တွေ့ပါသည်။

"မင်းအမေ ဒေါ်လေးယဉ် ဘယ်ရောက်သွားတယ် မသိ ဘူးကွ၊ မီးလောင်ပြီးကတည်းက လုံးဝမတွေ့တော့တာ၊ ဒုက္ခသည်စခန်းတောင် ရောက်မလာဘူး၊ နယ်ဘက်တော ဘက်များ ပြောင်းရွှေ့သွားလေသလား စုံစမ်းကြည့်ပါလား"

အဲဒီ နယ်ဘက် တောဘက်မှာ ဆွေမျိုးသားချင်း ရင်းချာရယ်လို့မှ အားကိုးခိုလှုံစရာ မရှိတဲ့ဟာ။ သူ ဘယ်လိုလိုက် စုံစမ်းရမတဲ့လဲ။ ဟိုးတစ်ဖက်ခြမ်းက မိတာတို့ အပိုင်းကျတော့ အိမ်အားလုံး မီးလောင်ပြင်မဖြစ်ပါ။ တချို့တလေပါကာ တချို့



www.burmeseclassic.com

www.burmeseclassic.com



တလေ ကျန်သည်။ အဲဒီထဲမှာ မိတာတို့ အိမ်ကတော့ ကျန်ရစ် နေပါသည်။

အရိပ်အခြေကြည့်ပြီး မှော်ဝန်းညို စုံစမ်းကြည့်ပါသည်။ အဲဒီအိမ်မှာ လူသစ်တွေ ရောက်နေကြသည်၊ လူသစ်တွေက မီးလောင်အပြီးကျမှ ဝယ်ကာပြောင်းလာကြသူတွေမို့ ဒီရောက်တာ တစ်လကျော်ရုံရှိသေးသည်။ သူတို့ကို ရောင်းချသွားတဲ့ အိမ်ရှင်တွေအမည်က မိတာ မိဘတွေမဟုတ်။

"အန်တီတို့ ဝယ်လိုက်တဲ့ အရင်အိမ်ရှင်တွေကလည်း ဒီအိမ်ကိုဝယ်ထားတာ နှစ်နှစ်လောက်လား ရှိသေးတာ။ မီးလောင်ပြီးပြီးချင်းပဲ ဒီအိမ်ပြန်ရောင်းမယ်ဆိုတာ ဒီလမ်းထဲကလူသိတစ်ယောက်ကပြောလို့၊ အန်တီတို့က လာကြည့်ရင်း ဈေးလျှော့ရောင်းတာမို့လို့ ချက်ချင်းပဲဝယ်ဖြစ်သွားတာပါ၊ သူတို့ရှေ့က ဟိုအရင် အိမ်ရှင်တွေကျတော့ အန်တီတို့လည်း မသိတော့ဘူး၊ ဟိုးအရင် ပုသိမ်ဘက်ဇာတိတွေလို့တော့ ပြောဖူးတယ်၊ အန်တီဝယ်လိုက်တဲ့ အိမ်ရှင်တွေကကျတော့ နဂိုတည်းက ဝမ်းတွင်းဘက်က၊ အခုလည်း ဝမ်းတွင်း ပြန်ကြမယ်ပဲ ကြားတယ်၊ ရန်ကုန်မှာ တစ်နေရာရာ ပြန်ဝယ်ဖြစ် မဝယ်ဖြစ်တော့ အန်တီလည်း မသိတော့ဘူး"

ကိစ္စပြတ်သွားတာပေါ့။ ဇာတ်လမ်း ရပ်သွားတာပေါ့။





သူ့ကို ဒက်ဒီ ကူညီကယ်တင်ပြီး အိမ်ကိုခေါ်သွားအပြီး အချိန်တစ်နှစ်လောက်အကြာမှာကတည်းက ဒက်ဒီနှင့်မာမီက သူ့ကို မွေးစားသားတစ်ယောက်အဖြစ် သတ်မှတ်ခဲ့ကြသော်လည်း သူ့စိတ်ထဲမှာ ဤကျေးဇူးရှင်မိသားစုဟာ သူ့ရဲ့မိသားစု စစ်စစ်လို့တော့ ခံစားလို့ မရခဲ့သေးပါ။

ဘယ်လိုပဲ သားတစ်ယောက်လို ကောင်းကောင်းနေရ စားရပေမယ့် သူ့နဂိုမူလဘဝဟာတော့ သူ့နောက်က အမျှဉ်တန်းကာ ရှိနေဆဲပဲလို့ သူ ခံစားရသည်။ မီးလောင်ပြင်ကို သွားကြည့်ပြီး ဇာတ်လမ်းတွေ စုပ်စုမြုပ်စပျောက်ကုန်တာနှင့် ဝမ်းနည်းပက်လက် ကြုံလာရအပြီးမှာတော့ သူ့ခေါင်းထဲ သူ့ရင်ထဲက သံယောဇဉ်လက်ကျန်အာရုံတွေကို သူ တကူးတက ဖြတ်ပစ်ပါသည်။

အဲဒီတုန်းက သူ ကျောင်းတက်နေရတုန်း။ ကျောင်းမပြီးသေး။ သူ့ကို မျှော်မှန်းအားကိုးသော ဒက်ဒီ့ မျှော်လင့်ချက်တွေကိုလည်း သူ ဖြည့်ဆည်းချင်သည်။ သူ့အပေါ် မေတ္တာစေတနာ အပြည့်အဝ ဖြူစင်ကြသော ဒက်ဒီ၊ မာမီ၊ ညီညီတို့ကို သူ ချစ်လည်းချစ်သည်။ အားကိုးလောက်သော မွေးစားသားတစ်ယောက် ဖြစ်လိုသည်။ ဒါတွေကြောင့် အလွမ်းတွေ အဆွေးတွေ သံယောဇဉ်တွေကိုဖြတ်ကာ ဒီဘက်ဘဝသစ်မှာ သူလုပ်စရာရှိတာတွေကိုသာ အားကြိုးမာန်တက် တာဝန်ကျေအောင် လုပ်ခဲ့ပါသည်။ မွေးစားကျေးဇူးနပ်သော သားတစ်ယောက်အဖြစ် ကြိုးစားနေထိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် မာမီ့မှာ သူတစ်ယောက်သာ အားကိုးအားထားရာအဖြစ် ရှိတော့တာလေ။ မာမီက သူ့ကိုချစ်လည်းချစ်၊ အားလည်း ကိုးရှာသည်။ ကျေးဇူးရှင်တစ်ယောက် နေရာမျိုးမှာလည်း မနေရှာ။ ခုချိန်မှာ လုပ်ငန်းဆောင်တာ အဝဝကို မော်ဝန်းညိုပဲ ဦးဆောင်ဦးရွက် စီမံခန့်ခွဲလုပ်ကိုင်ကာ မာမီ့ကို ဘာတစ်ခုမှ စိတ်အနှောင့်အယှက် ဖြစ်စရာမရှိအောင် ထားထားသည်ဖြစ်၍ မာမီက လူလာတိုင်း "မွေးစားသားကပဲ ရှာကျွေးနေတာလေ၊ လုပ်ကျွေးနေတာလေ"ဆိုပြီး သူ့ကိုသာ ရှေ့တန်းမှာထားပြီး အမွှန်းတင် ပြောနေကျ။

အိမ်ရောက်လျှင် မော်ဝန်းညိုက တံခါးလာဖွင့်တဲ့ ဒေါ်စိန်ကို မာမီ ဘယ်မှာလဲမေးပြီး အပေါ်ထပ်ကိုပဲ တန်းတက်လာခဲ့ပါသည်။

"မာမီ"

မာမီ့ခုတင်စွန်းမှာ ဝင်ထိုင်လိုက်ကာ မျက်စိမှေးမှိတ်ထားသော မာမီ့လက်တစ်ဖက်ကို ကြင်နာယုယစွာ ဆုပ်ကိုင်၍ခေါ်သည်။

"သား ... မော်ဝန်း ... ပြန်လာပြီလား"

"ဘယ်လိုဖြစ်တာလဲ မာမီ၊ ကျွန်တော့်ဆီ ချက်ချင်းဖုန်းဆက်ရောပေါ့"

"ဘာမှမှ သိပ်မဟုတ်တာကွယ်၊ ရင်ဘတ်ထဲ နည်းနည်းအောင့်လာပြီး မူးသွားတာပါ၊ လဲ့လဲ့က သားဆီဖုန်းဆက်ရမလား မေးပါတယ်၊ မာမီက မဆက်ခိုင်းတော့တာ"





မလဲ့ဟာ အိမ်ဖော်ဟိုရအလုပ်သမားအဖြစ် မဟုတ်ဘဲ ဘေးနားနေပြီး မာမီ့ဝေယျာဝစ္စသာ ဆောင်ရွက်ဖို့၊ မာမီသွားရာ အဖော်လိုက်ဖို့ သူ ခန့်ထားတဲ့ မာမီ့အစစ်စစ်တဲန့်လိုအမျိုးသမီးပါ။ သူဝင်လာတော့ နောက်ဆုတ်ရပ်နေတဲ့ မလဲ့ကို သူလှည့်ကြည့်လိုက်သည်။

"ဆရာဝန်က ဘာတဲ့လဲ မလဲ့"

"ဒေါက်တာကျော်ဇင်က Heart attack သဘောမျိုးပြောပါတယ် ကိုမော်ဝန်း၊ ကိုမော်ဝန်းဆီ ညနေလောက်ကျ သူ ဖုန်းဆက်မယ်လို့ ပြောသွားပါတယ်"

"ဟင် ... Heart attack !"

မော်ဝန်းညိုက မာမီ့လက်ချောင်းလေးများကို နှိပ်နယ်ရင်း ...

"မာမီ့မှာ နှလုံးရောဂါမှ ရှိတာမှ မဟုတ်တာ၊ ဒါဆို ဘာလုပ်ရမယ်တဲ့လဲ၊ ဘာဆက်လုပ်ဖို့ ပြောသွားလဲ၊ ခုနပြောတော့ မစိုးရိမ်ရဘူးဆို"

"မစိုးရိမ်ရပါဘူးလို့ ဒေါက်တာကျော်ဇင်က သေချာပြောသွားပါတယ် သားရယ်၊ မာမီလည်း အခု ဘာမှဖြစ်မနေတော့ဘူး၊ နှလုံးရောဂါရယ်လို့ အစကမရှိဘူး ဆိုပေမယ့် အခု နှလုံးသွေးကြောကျဉ်းတာမျိုး စဖြစ်ပြီဆိုတဲ့ သဘောနေလိမ့်မယ်လေ၊ နှလုံးကို သေချာစမ်းသပ်စစ်ဆေးဖို့ရှိတာတွေလည်း သူ့ရှေ့တစ်ပတ်လောက် အားလုံးလုပ်ပေးမယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မာမီ စကားပြောတာများပြီး မောနေမယ်လေ၊ မေ
ပြော”

“သြော် ... မာမီ မမောပါဘူး၊ လဲ့လဲ့ ပြောရင် သား
စိုးရိမ်နေဦးမှာမို့ မာမီပဲပြောတာ၊ မာမီက ကာယကံရှ
ကိုယ်ခံစားနေရတာ ကိုယ်အသိဆုံးပဲ၊ အခုနေကောင်း
ပါတယ် ခုနတစ်ချက်ပဲ ဆယ့်ငါးမိနစ် နာရီဝက်ပဲ
သားရယ်၊ အခန့်မသင့်လို့ ဖြစ်သွားတာ နေမှာပါ”

“ဒီလိုလေးပဲပြောလို့ ဘယ်ရမလဲ မာမီ၊ ဆရာဝန်ကို
တိုင်က Attack လို့ပြောသွားတဲ့ဟာ၊ Heart attack
တာ နည်းတဲ့ကိစ္စကြီးမှ မဟုတ်တာ”

“သူက ပြောပါတယ်၊ attack ဆိုတိုင်းလည်း ကြောက်စ
မဟုတ်ပါဘူးတဲ့၊ သူတို့ဆေး ပညာသဘောအရ atta
လို့ သတ်မှတ်ပေမယ့် ဘာမှသိပ်မပြင်းထန်တဲ့မျိုးတွေရှိ
တယ်တဲ့၊ နောင်ကို ဆောင်ရန် ရှောင်ရန်တွေလည်း သေ
ပြောပြသွားပါတယ်”

“မလဲ့ သေချာမှတ်ထားလိုက်ရဲ့လား”

“ဟုတ်ကဲ့ ... မှတ်ထားပါတယ် ကိုမော်ဝန်း”

“မဖြစ်ဘူး ... မာမီ စားတာသောက်တာလည်း စနစ်ယော
နဲ့စားတော့မှ၊ နှလုံးအတွက်ရော တစ်ကိုယ်လုံးပါ ဂျ
ရယ်လ်ချက်ကပ်အပ်ပ် ပြန်လုပ်မှ၊ စစ်စရာရှိသမျှ အားလုံ
စစ်ဖို့ ဒေါက်တာကျော်ဇင်ကို ပြောရမယ်”





“စစ်မှာပါ သားရယ်၊ သူက စစ်မယ်လို့ ပြောထားပါတယ်”

“မာမီ ဒီမနက် ထမင်းသေချာစားနိုင်ရဲ့လား”

“စားနိုင်ပါတယ် သားရဲ့”

“ညနေဘာစားချင်လဲ၊ ကိုကျော်လှလည်း နောက်ကပါလာ
တယ်၊ သူ့ကို ဝယ်ခိုင်းလို့လည်းရတယ် မာမီ”

“ထူးထူးခြားခြား ဘာမှမစားချင်ပါဘူး သားရယ်၊ ထမင်း
လည်းစားနိုင်နေတာပဲ၊ စားလို့ကောင်းနေတာပဲဟာ”

“ကျွန်တော်တော့ ရုံးမပြန်တော့ဘူး၊ မာမီ့နားပဲ စောင့်နေ
လိုက်မယ်၊ မလဲ့ အပြင်မှာ ခဏနေရင်နေ၊ ကျွန်တော့်မာမီ့
နား ရှိနေမယ်”

“ဟုတ်ကဲ့ပါ”

မလဲ့ ထွက်သွားမှ မာမီ ဒေါ်တင်လေးဖြူက ပြုံး
သိက်ရင်း ...

“အတော်ပဲ ... လဲ့လဲ့ မရှိတုန်း သားကို ပြောရဦးမယ်”

“ဘာများလဲ မာမီ ... ပြောလေ”

“သားလည်း တစ်နေ့ တစ်နေ့ အလုပ်နဲ့ မာမီ့ကို ဂရုစိုက်
ရတာနဲ့ အမြဲပင်ပန်းနေရတာပဲ”

“မပင်ပန်းပါဘူး မာမီရယ်၊ ယောက်ျားပဲဟာ၊ ကားလေး
မောင်းပြီး အလုပ်ရှိရာကိုသွား၊ အရှုံးမရှိတဲ့ လုပ်ငန်း
ဆောင်တာတွေကို စီမံခန့်ခွဲ၊ ဘာများတပင်တပန်းရှိလို့လဲ၊
ပိုက်ဆံလုံးဝမရှိတဲ့ဘဝက လာတဲ့လူပါ မာမီ၊ ကိုယ်သုံးချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းသုံး ဝယ်ချင်တိုင်းဝယ်၊ လုပ်ချင်တာလုပ်နိုင်တဲ့စည်းစိမ်ချမ်းသာနဲ့ မာမီတို့ကျေးဇူးကြောင့် နေနေရတာ ဘာများပင်ပန်းဖို့ အကြောင်းရှိလို့လဲ”

“ဒီလိုလည်း မဟုတ်သေးဘူးသား၊ လူဆိုတာ ငွေရှာဖို့ အလုပ်တစ်ခုတည်း ရှိတာမှမဟုတ်တာ၊ သာယာကြည်နူး စိတ်ခံစားချက် ဆိုတာလည်း လူ့ဘဝမှာ လိုအပ်သေးတယ်၊ သားမှာ အချိန်အားလည်းမရှိ၊ ကိုယ့်အတွက် စိတ်ဖျော်ဖြေရာ Entertainment လည်း ဘာမှမရှိ နေနေတာ၊ သားရဲ့ life style က ခြောက်သွေ့ပြီး ငြီးငွေ့စရာကြီး ...

သား ဘွဲ့ရပြီးကတည်းက မာမီ တဖွဖွ မေးနေတာ ချစ်သူရှိလား ချစ်သူရှိလားဆိုတာ၊ ခုချိန်ထိလည်း ချစ်သူရည်းစားရယ်လို့မရှိ၊ ဒီအရွယ် ယောက်ျားပျိုတစ်ယောက်အဖို့ သားအနေအထားက ငေါင်စင်းစင်းနဲ့ကွယ်”

“ဩော် ... မာမီရယ်၊ ရည်းစားရှိမှပဲ ဘဝမှာ နေပျော်ရမလို ဖြစ်နေပါပြီ”

မော်ဝန်းညိုက ချစ်ခင်လေးစားရသော မာမီ့ကိုနှစ်နှစ်ကာကာ ပြုံးကြည့်ရင်း ပြောလိုက်ပါသည်။ အင်မတန်မှပင် ပြုံးရယ်ခဲလှတဲ့ မော်ဝန်းညိုသည် ဒေါ်တင်လေးဖြူနှင့်တွေ့မှပင် ပြုံးရယ်တတ်သလို ရှိပါသည်။ မာမီကလွဲရင် ဘယ်သူနှင့်တွေ့ဆုံလို့မှ သူ ဟက်ဟက်ပက်ပက် မပြုံးမိ မရယ်မိ။ သူ့မျက်နှာဟာ ကျောက်သားတစ်ချပ်လို မာခက်ခက် အေးစက်စက်ပင်။





“ငါ့သားက ပြုံးပြုံးရယ်ရယ်လေး နေရင် တကယ့်လူချော”

“အဟင်း ဟင်း ... မာမီကလည်း၊ သားအမိချင်းကို ဒီလိုကြီးချီးမွမ်းတော့ မျက်နှာဘယ်လိုထားရမှန်း မသိတော့ဘူး”

“ဘယ်လိုမှ မထားနဲ့ ဒီအတိုင်းသာပြုံးထား၊ သားကို လူတကာနဲ့ ဆက်ဆံနေတာ အပြုံးအရယ်မရှိတာ မြင်နေရတော့ ငါ့သားရဲ့နှလုံးသားတွေဟာ လူမသိ သူမသိ ဘယ်လောက်တောင် အေးစက်မာခဲနေသလဲလို့ မာမီ တွေးတွေးနေမိတယ်”

“အပြုံးအရယ်မရှိတာက စိတ်ညစ်နေလို့ မပျော်လို့လည်း မဟုတ်ပါဘူး မာမီ၊ ကျွန်တော့်စိတ်ထဲမှာ လူတွေကို သိပ်တရင်းတနှီး သံယောဇဉ်မထားမိလို့ပါ၊ တမင်ခပ်စိမ်းစိမ်းပဲ နေမိတာပါ”

“ချစ်ခြင်းမေတ္တာ သံယောဇဉ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကို နွေးထွေးစေတယ်၊ နှလုံးသားတွေကို နူးညံ့ပျော့ပျောင်းစေတယ် သား၊ လူတွေကို ချစ်ပါ၊ သံယောဇဉ်ထားပါ၊ ကိုယ့်တပည့်သားချင်းတွေလည်း ချစ်ချစ်ခင်ခင်နေပေါ့”

“တပည့်တွေ ဝန်ထမ်းတွေအပေါ် အမြဲတာဝန်ကျေတာထက်ပိုပြီး စေတနာနဲ့ ကြည့်ရှုဖြည့်ဆည်းစောင့်ရှောက်ပါတယ် မာမီ၊ အရောသာမဝင်တာပါ”

“မာမီ ယုံပါတယ်၊ သားက စိတ်ကောင်း စေတနာကောင်းရှိတဲ့ လူရိုးလူကောင်းပဲ၊ တာဝန်ကျေတာထက်ပို စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ထား ဖြည့်ဆည်းမှာသိပြီးသား၊ ဒါအတွက် ပြောစရာမလို ဘူး၊ သားမှာလည်း တစ်ကောင်ကြွက်၊ မာမီဆိုလည်း ဆွေနည်းမျိုးနည်း ဆွေဝေးမျိုးဝေး၊ လက်ချိုးရေလို့တောင် ဒီမှာ ဘယ်လောက်မှ မရှိဘူး၊ မာမီ့မှာ မော်ဝန်းညိုဆိုတဲ့ သားတစ်ယောက်ရှိနေတာကိုပဲ မာမီက မြတ်စွာဘုရားကို ကျေးဇူးတင်လှပြီ၊ မာမီ့လိုမဟုတ်ဘဲ သားမှာ ရင်းနီးနီး ကပ်တဲ့ လူရင်းအသိုက်အဝန်း ရှိစေချင်တယ်ကွယ်။ မာမီ ဆိုလိုတာက သားရဲ့နှလုံးသား သားရဲ့ဘဝ နူးညံ့ပျော့ ပျောင်း နွေးထွေးမှု ရှိလာစေချင်တာ၊ ရည်းစားလေး ဘာ လေးထားဖို့ စိတ်မကူးဘူးလား သား"

"အဟင်း ဟင်း ... မာမီကလည်း၊ ရည်းစားထားတယ် ဆိုတာ ထားမယ် ထားမယ်ဆိုပြီး တကူးတက လိုက်ရှာ နေရတာမျိုးမှ မဟုတ်တာ၊ အမှတ်မထင် တွေ့ကြုံဆက်ဆံ ရတဲ့ အသိုင်းအဝန်းထဲက တစ်ယောက်ယောက်ကို သံယော ဇဉ် ငြိတွယ်မိရင်လည်း တစ်မျိုးပေါ့၊ ကျွန်တော့်စိတ်ကိုက ဘယ်မိန်းကလေးကိုမှ သံယောဇဉ်မဖြစ်မိ၊ မချစ်မိတာ ဘယ်လိုလုပ်ရမလဲ မာမီ"

"သားက သားပြောဖူးတဲ့ ဟိုးတစ်ချိန်က ရည်းစားဆိုတာ ကိုပဲ စိတ်ကမျှော်လင့်နေတာလား"

မော်ဝန်းညိုက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"အဲသလိုလည်း မဟုတ်ပါဘူး မာမီ၊ သူ့ကိုလည်း အခု





လောက်ဆို သူ့အဖေက အိမ်ထောင်ချပေးပြီးလို့ သားတွေ သမီးတွေတောင် ရနေလောက်ပါပြီ၊ ဘယ်ရောက်နေမှန်းလဲ မသိ စုပ်စမြုပ်စပျောက်နေတာပါ၊ ပြန်တွေ့ဆုံဖြစ်ဖို့လမ်းစ လည်း ခဲယဉ်းပါတယ်၊ အမှန်တော့ ရောက်လေရာနေရာ တွေ့လေရာ မိန်းမတွေထဲမှာ သူပါလေမလား၊ ကျွန်တော့် အမေပါလေမလားလို့ အမြဲတမ်း အာရုံက စူးစမ်းဖြန့်ကျက် နေတာပါ၊ တခုတ်တရ လိုက်မရှာနေမိပေမယ့် သူတို့ကို တွေ့ချင်တဲ့ မျှော်လင့်ချက်ကတော့ ရှိပါတယ် ...

ဒါပေမဲ့ သူ့ကိုပဲ မျှော်လင့်နေလို့ တခြားမိန်းမတွေ ကို စိတ်မဝင်စားနိုင်တော့တာမျိုးလည်း မဟုတ်ပါဘူး၊ အသက်ငယ်ငယ်လေးမှာပဲ ကျွန်တော့်ရင်ထဲက မိန်းမတစ် ယောက်အပေါ် ချစ်မြတ်နိုးခြင်းဆိုတဲ့ သံယောဇဉ်အနွယ် အမျှင်တွေကို ဓားထက်ထက်နဲ့ အပိုင်းခံလိုက်ရတာ နုပ်နုပ် စင်းခံလိုက်ရတာမျိုးဆိုတော့ အဲဒါကို ခါးသီးရတဲ့ ခံစား ချက်ကလည်း အလျဉ်းမပျောက်ပါဘူး။ မိန်းမတစ်ယောက် ယောက်ကို သံယောဇဉ်တွယ်ရမှာ ချစ်ရမှာကိုပဲ စိတ်က မပါတော့သလို နောင်ကြဉ်သလို ဖြစ်နေတာ"

"မဆိုင်တာပဲ သားရယ်၊ တစ်ကြိမ်အချစ်ရေးကံဆိုးဖူးတာ နဲ့ ထပ်မချစ်ရဲတော့ဘူးဆိုရင် ဒီကမ္ဘာပေါ်မှာ စုံတွဲတွေ ဒီလောက် ဘယ်များပါ့မလဲ၊ လူများစုက ပထမတစ်ကြိမ် အသည်းကွဲဖူးတာ ကံမကောင်းဖူးတာတွေချည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း"

မော်ဝန်းညိုက အသံထွက် ပြုံးရယ်ရင်း မာမိကို စေ့စိုက်ကြည့်မိကာ ...

"မာမိ ဒီနေ့ ဘာဖြစ်လို့ အချစ်ရေးနဲ့ပတ်သက်တဲ့ စကား တွေ သိပ်ပြောနေရတာလဲ၊ ကျွန်တော့်ကို မာမိတစ်ခု ပြောချင်နေပုံပဲ"

"အင်း ... ငါ့သားလည်း အသက်သုံးဆယ် ရှိတော့မ လေ"

"မာမိ ... ကျွန်တော့်ကို အိမ်ထောင်ပြုစေချင်တာလား"

"အဲလိုတော့ ယတိပြတ်ကြီး မပြောပါဘူးကွယ်၊ တော်ကြ မာမိဆန္ဒဆိုပြီး သားက ဘာမှမစဉ်းစားတော့ဘဲ ခေါင်းညိတ် ချရင်ချပစ်မှာ၊ မာမိက သားကိုယ်တိုင်ရဲ့စိတ်ထဲက ကိုယ် နှစ်လိုတဲ့ လက်ခံနိုင်တဲ့ သဘောကျတဲ့ သံယောဇဉ်ရှိ မိန်းမတစ်ယောက်ယောက်နဲ့ အမြန်ဆုံးတွေ့စေချင်တာပါ သူနဲ့ယူလို့ ဆွဲခေါ်ပြပြီး ပေးစားတာမျိုးကျတော့ သား ကြိုက်နိုင်ရင် သက်သက် စိတ်ဆင်းရဲရနေမှာမို့ မာ အဲလို မလုပ်ချင်ပါဘူး"

မော်ဝန်းညို သက်ပြင်းကျိတ်ကာ ရှိုက်မိသည် မာမိ သူ့ကို အိမ်ထောင်ပြုစေချင်ပြီ အမှန်ပင်။ မာမိထင်တဲ့အတိုင် ပင် ခုနေများ မာမိက မိန်းကလေးတစ်ယောက်ယောက်ကိုလက် ဆွဲကာ "မင်း၊ သူနဲ့လက်ထပ်ပါလား"ဆိုလျှင် မော်ဝန်းညိုက





ရှည်ရှည်လျားလျား ကြာကြာမြင့်မြင့် စဉ်းစားနေမှာမဟုတ်ဘဲ ခေါင်းညိတ်ချလိုက်ပြီး ရောရောရှုရှု နာခံလက်ထပ်လိုက်မှာပါ။

"မာမိ ... ကျွန်တော့်မှာ ချစ်စရာ သံယောဇဉ်တွယ်စရာ မိန်းကလေး မရှိပါဘူး၊ ဒါပေမဲ့ မာမိပြောတာလည်းသဘော ပေါက်ပါတယ်၊ သဘောလည်း ကျပါတယ်၊ လူတစ်ယောက် မှာ ကိုယ်ပိုင်မိသားစုဆိုတာ မရှိရင် ဘဝက အဓိပ္ပာယ်မ ပြည့်စုံသလိုပါပဲ၊ ကျွန်တော် အိမ်ထောင်ပြုမှာပါ၊ ခုထိတော့ ကျွန်တော်လက်တွဲဖို့ မိန်းကလေးမျိုး ကျွန်တော် ရှာမတွေ့ သေးပါဘူး မာမိ ...

မာမိလည်း ကျွန်တော့်ကို ပြချင်ပြပါ။ မာမိပြတဲ့ မိန်းကလေးဆိုရင် မသင့်တော်တာမျိုး မဖြစ်နိုင်ဘူးဆိုတာ သေချာနေတာပဲ မာမိ၊ မိန်းမကောင်းမို့သာ မာမိမျက်စိထဲ တွေ့တာဖြစ်မှာလေ"

"သားက ပြဆိုရင်တော့ မာမိပြမယ်၊ ဒါပေမဲ့ မာမိပြတဲ့ မိန်းကလေးကို သား ခေါင်းညိတ်ရမယ်၊ ရွေးချယ်ရမယ် လို့ မာမိ မဆိုလိုပါဘူးနော်၊ ငါ့သားမှာ မိန်းကလေး အပေါင်းအသင်း ထိုက်ထိုက်တန်တန် လူလူသူသူမရှိလို့ ကြည့်ရှုပေါင်းသင်းစရာ ရွေးထုတ်ပေးမယ်သဘောပဲ၊ အဲဒီ ထဲက သားသဘောကျတဲ့သူမျိုး တွေ့ရင်လည်းတွေ့၊ မ တွေ့ရင်လည်း မိတ်ဆွေလို ပေါင်းသင်းဆက်ဆံပေါ့၊ မဖြစ် မနေ ရွေးချယ်စရာ မလိုပါဘူး သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မာမီ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ မာမီပြောတဲ့အတိုင်းပါပဲ၊ မာမီကြိုက်တဲ့ အနေအထားမျိုးနဲ့ မိတ်ဆက်ပေးလေ၊ ကျွန်တော် လက်ခံပါတယ်"

"အဲဒီကျ သားရဲ့မျက်နှာကို ခုလိုပဲ ပြုံးထားပါဦးနော်"

"အဟင်း ဟင်း … စိတ်ချပါ မာမီရယ်၊ မာမီ မျက်နှာ မပျက်စေရပါဘူး"

❖ ✣ ❖



# ၄

"ဒေါ်ခင်မြတ်မူမှာ သမီးနှစ်ယောက်ရှိတယ်၊ လင်းလက်အောင်နဲ့ ဝင်းဝါအောင်တဲ့၊ အကြီးမလေးက ဆရာဝန်မ၊ သားထက် တစ်နှစ်လောက်ကြီးလိမ့်မယ်၊ သုံးဆယ်ပြည့်ပြီး ကျော်သွားပြီပေါ့၊ ဒီတော့ မူမူကလည်း အရမ်းကို အိမ်ထောင်ချပေးချင်လှပြီ၊ နီးစပ်ရာ အရမ်းကိုရှာဖွေစပ်ဟပ်နေပြီ …

အငယ်မလေးက သူ့သူငယ်ချင်းနဲ့တွဲပြီး ဖက်ရှင်ဒီဇိုင်နာလုပ်ငန်း လုပ်နေတယ်၊ ကိုးမိုင်ဘက်မှာလည်း သစ်ခွခြံ တစ်ခြံရှိတယ်၊ အလုပ်သမားတွေနဲ့ပေါ့၊ အိမ်တွင်းခြံတွင်း အလှဆင်လုပ်ငန်းလည်း ဝန်ဆောင်မှုပေးတယ်၊ မာမီတောင် ဟိုဘက်ခြံမှာ အသစ်ဆောက်နေတဲ့ အိမ်ရှေ့မှာ land scaping လုပ်ဖို့ဟာ သူ့ဆီ အပ်လိုက်မလားစဉ်းစားနေတယ်၊ သူ ဒီအလုပ်လုပ်တာ ဟိုတလောလေးကမှသိလို့ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အပ်လိုက်လေ မာမီ၊ ဟုတ်သားပဲ၊ ကျွန်တော်တောင်အဲဒီ ကိစ္စ မေ့နေတယ်၊ မာမီ့သူငယ်ချင်းသမီးရဲ့လုပ်ငန်းဆိုတော့ အဆင်ပြေတာပေါ့"

"အင်း ... အငယ်မလေးက စီးပွားရေးလုပ်တာ ဝါသနာ ပါတယ်၊ ပိုလည်းသွက်တယ်၊ အကြီးမလေးကတော့ ခပ် အေးအေးလေး၊ မူမူက သမီးတွေအမေမို့သာ စကားပွင့်ပွင့် လင်းလင်း မစရဲတာ၊ သားကို အရမ်းသဘောကျတာ စိတ်ထဲက ကျိတ်တော့ ရည်ရွယ်မျှော်လင့်နေတာ"

"အဟင်း ဟင်း ... ဟုတ်ရဲ့လား မာမီရယ်"

"ဘာလို့ မဟုတ်ရမှာလဲ သားရယ်"

"မာမီ အခု ကျွန်တော့်ကို မိတ်ဆက်ပေးဖို့ ရည်ရွယ်ထား တဲ့ မိတ်ဆွေတွေအားလုံးက ကျွန်တော့်ကို မွေးစားသား မှန်းတော့ သိကြပါတယ်နော်"

"ဘယ်လိုပြောလိုက်တာလဲ သားရယ်"

မာမီက စိတ်မကောင်း ဖြစ်သွားသလို လှည့်မေးပါ သည်။ မော်ဝန်းညိုက မာမီ စိတ်မကောင်းဖြစ်သွားတာ ရိပ်မိ သဘောပေါက်လိုက်၍ ...

"ဘယ်လိုသဘောမှ မဟုတ်ပါဘူး မာမီ၊ သဘောရိုးနဲ့ ပြောလိုက်တာပါ၊ မာမီကတော့ ကျွန်တော့်ကို အမြဲ သား အရင်းတစ်ယောက်လိုပဲ စိတ်ထဲ သတ်မှတ်ထားခဲ့တော့ ဒီလိုတွေးမိမှာ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ဒါက အဖြစ်မှန် မဟုတ်လား မာမီ၊ ဒါကြောင့် ကျွန်တော် ပြောရတာပါ_





မိန်းကလေးရှင်တွေစိတ်ထဲ ကျွန်တော့်ကို ဒက်ဒီနဲ့ မာမီတို့ရဲ့ သွေးသားရင်းချာလို့ ထင်နေတာလည်း ရှိနိုင် တယ်၊ မာမီတို့မှာ သားတစ်ယောက်ရှိတယ်ဆိုတာ နဂို တည်းက သိထားကြမှာကိုး၊ နားလည်မှု ရှုပ်ထွေးပြီး ကျွန်တော့်ကိုပဲ သားရင်းထင်နေကြမှာ များလိမ့်မယ်ထင် တယ် မာမီ၊ ကျွန်တော်က ဆယ့်ငါးနှစ်သားလောက်မှ ကောက်ယူမွေးစားလိုက်တဲ့ မွေးစားသားဆိုတာ သိတဲ့သူ လည်းရှိမယ်၊ မသိတဲ့သူလည်းရှိမယ် ...

မွေးစားသားတစ်ယောက်နဲ့ သူတို့သမီးကို သဘော တူချင်မှ တူကြမှာပေါ့ မာမီ၊ မတူရင်လည်း သူတို့အလွန် မရှိပါဘူး၊ အဲဒါလေးတော့ ရှင်းရှင်းလင်းလင်းလေး အား လုံးသိထားရင် ကောင်းမယ်ထင်ပါတယ် မာမီ၊ အဲဒါကို ပြောတာပါ"

"မော်ဝန်း ... သား၊ သားကို ဒက်ဒီနဲ့မာမီက အမွေစား အမွေခံ မွေးစားထားတာပါ၊ တကယ်တမ်း လူတစ်ယောက် မှာ ဘယ်သူ့သား ဘယ်သူ့သမီး ဆိုတာထက် ကိုယ်ပိုင် အရည်အချင်း၊ ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်အကျင့်သိက္ခာ က အရေးကြီးတာပါ သားရယ် ...

သားက ပညာရေးလည်း ထူးချွန်တယ်၊ အကျင့် သိက္ခာလည်းပြောစရာမရှိဘူး၊ စီးပွားရှာရာမှာလည်း လာဘ် မြင်တယ် တော်တယ်၊ အဲဒီအရည်အချင်းတွေနဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မွေးစားသားမို့ မကြည်ဖြူဘူး ဆိုရင်လည်း မာမိက မနေပြောပါဘူးကွယ်၊ ငါ့သားကို မရထိုက်လို့သွား တယ်ပဲ မှတ်ပါတယ်၊ မာမိကတော့ ဖုံးကွယ်လျှို့ဝှက်ထား မှာ မဟုတ်သလို အလကား နေရင်းထိုင်ရင်းလည်း ကျွန်မမွေးတဲ့ သားအရင်း မဟုတ်ပါဘူး၊ မွေးစားသား လို့ ကြေညာနေမှာ မဟုတ်ဘူး၊ စကားလမ်းကြောင်း အလိုက်သင့်သလိုတော့ ပြောသင့်ပြောထိုက်သလို မာ ပြောသွားမှာပါ ...

အိမ်ပေါ်တက် မိတ်ဆက်ဆက်ချင်းမှာတော့ ဒါ မော်ဝန်းညိုလေ မွေးစားသားလေလို့ မာမိက မိတ်ဆက်မှာ မဟုတ်ဘူး သား”

“ဟုတ်ကဲ့ပါ မာမိရယ်၊ မာမီ့စိတ်သဘောကို ကျွန်တော် နားလည်ပါတယ်။

ဒီရက်ပိုင်းအတွင်း မာမိဟာ မော်ဝန်းကို အားရ အားသလို အချိန်ရရင် ရသလို သူ့မိတ်ဆွေ ဂုဏ်သရေရှိတွေထဲ က သမီးရှင်တွေနှင့် ထိတွေ့မိတ်ဆက်ပေးနေတာပါ။ မော်ဝန်းညို ကလည်း မာမီ့ဆန္ဒအတိုင်း အလိုလိုက်ပါသည်။ ကိုယ့်ဆီဖိတ် တာနဲ့ ကိုယ်ကသွားတွေ့ရတာနဲ့ အလျဉ်းသင့်သလို စီစဉ်နေတာ ပင်။

မော်ဝန်းညိုရဲ့ တာဝန်ကတော့ မိတ်ဆက်ပေးစဉ် ဖော်ဖော်ရွေရွေရှိဖို့နှင့် နောင်ကိုလည်း ခင်ခင်မင်မင် ကျွမ်းဝင်သွား





ဖို့ ဖြစ်ပါသည်။ မာမီ့မိတ်ဆွေတွေထဲမှာ သမီးပျိုရှင်တွေ ဘယ် နှယောက်လောက်ရှိလည်းတော့ မော်ဝန်း မသိပါ။ အခု သူတို့ သားအမိ အတူသွားနေကြတဲ့ အိမ်ကတော့ မော်ဝန်းညို တတိယ မြောက် မိတ်ဆက်ပေးခံရတဲ့ မိသားစုပင်။

“အဲဒီခြံပဲ သား၊ ဟွန်းတီးလိုက်၊ မာမိ ဖုန်းဆက်ထား တယ်”

မော်ဝန်းညို ဟွန်းတီးလိုက်လျှင် တစ်စုံတစ်ယောက် က ခြံတံခါးကို အပြေးကလေး လာဖွင့်ပါသည်။

“ဒီမှာတော့ အကြောင်းရင်းကို ဟိုဘက်တိုက်သစ်မှာ ခြံထဲ land Scaping လေးလုပ်ချင်လို့ လာတိုင်ပင်တာ ဆို တာနဲ့ပဲ အကြောင်းပြရမှာပဲ၊ တကယ်တော့လည်း မူမူလည်း သိပြီးသားပါလေ၊ ဘာလေးအကြောင်းရှိရှိ သားဖါခေါ်ခဲ့ ပါ အမြဲပြောတာ၊ အရင်က မခေါ်ခဲ့ဖူးပဲ အခုမှ သား လည်းခေါ်လာခဲ့ဦးမယ် ဆိုကတည်းက သူ ပျာယာတွေ ခတ်နေတာ ...

land scaping ကို အကြောင်းပြပြောမယ်ဆိုတော့ သူ့သမီးငယ်နဲ့ ပိုပြီးစကားပြောစရာရှိသလို ဖြစ်နေပေမယ့် အကြီးမ ဆရာဝန်မလေးလည်း သား အကဲခတ်ပေါ့”

မော်ဝန်းညိုက ရယ်ချင်သလိုလည်း ခံစားရကာ စိတ်လည်း အနည်းငယ် ကျဉ်းကျပ်ပေမယ့် မာမီ့ဆန္ဒမို့ ဟက် ဟက်ပက်ပက် ရှိကိုရှိရပါမည်။ ပေါ်တီကိုအောက်မှာ ကားရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် ဒေါ်ခင်မြတ်မူ ဆိုသည့် အန်တီက ကားနားအထိ မာမိကို ဆင်းကာကြိုသည်။

“မတွေ့တာကြာတော့ ဖြူဖြူ ရုတ်တရက် လာလည်မယ် လည်းဆိုရော ဝမ်းသာလိုက်တာကွယ်၊ အရမ်းပဲ၊ ဖုန်း တောင် အကြောင်းအရာလေးရှိမှ ပြောဖြစ်သလို ဖြစ်နေတာ၊ မူလည်း ဖြူ့ဆီလာလည်မယ် လာလည်မယ်နဲ့ပဲ၊ ဖြူလာ တာ တကယ့်ကို အရမ်းဝမ်းသာတယ်၊ သားပါ ပါလာမယ် ဆိုတော့ ပိုတောင် ဝမ်းသာနေတာ၊ လာ … သား … ဝင် နော်”

“ဟုတ်ကဲ့ပါ အန်တီ”

“ထမင်းစားပါ ဆိုတာကို မစားဘူး ဖြူရယ်၊ စိတ်တောင် မကောင်းဘူး”

“နောင်တရက်ရက်တော့ စားဖြစ်အောင် စားပါ့မယ် မူမူ ရယ်၊ မူမူက သမီးနှစ်ယောက်တောင်မှ မွေးထားတဲ့ဟာ၊ သမီးတွေလက်ရာ စားဖူးအောင် စားဦးမှာပေါ့၊ ဒီနေ့က တော့ မူတို့ဆီ လူစုံလည်းရှိနေအောင် ထမင်းစားပြီးမှ နောက်ကျကျပဲ ထွက်လာလိုက်တာပါ”

“လူစုံအောင်ဆိုတော့ ဖြူ အရေးကြီးကိစ္စရှိလို့လားဟင်”

“အရေးတော့ မကြီးပါဘူး၊ လူစုံရှိတော့ သမီးတွေနဲ့လည်း တွေ့ရတာပေါ့၊ ဦးထွန်းအောင်နဲ့လည်း ဆုံရတာပေါ့၊ တမင်ပဲ သမီးတွေပါ ဆေးခန်းက အလုပ်က ပြန်ရောက်





မယ့်အချိန်မျိုး လာတာပါ၊ သမီးငယ်ကိုလည်း ခြံအလှ ဆင်တဲ့အလုပ်နဲ့ပတ်သက်ပြီး စုံစမ်းချင်တာ မေးချင်တာ လေးရှိသေးတာလေ၊ အဲဒါလေးပါပဲ”

“သမီးတွေ ရှိတယ် ရှိတယ်၊ ခုနပဲ ထမင်းစားပြီးကြတာ ဆိုတော့ သူတို့လည်း အောက်မှာပဲ၊ သမီးတို့ရေ … အန်တီဖြူ့ကို လာနှုတ်ဆက်ကြပါဦး”

ညှော်ခန်းထဲ ထိုင်ဖြစ်ကြသည်နှင့် ဒေါ်ခင်မြတ်မူက သမီးတွေကို လှမ်းခေါ်ပါသည်။ ထမင်းစားပြီးကတည်းက အမေ လုပ်သူက အပေါ်ပြန်မတက်ကြနဲ့ဆို၍ အောက်ထပ်စာအုပ်ခန်းထဲ မှာ ရှိနေကြတဲ့ လင်းလက်နှင့် ဝင်းဝါသည် တစ်ယောက်မျက်နှာ တစ်ယောက် ရှုံ့တွတွ ကြည့်လိုက်ကြပါသည်။

တကယ်တော့ အန်တီဖြူ့ကို လာနှုတ်ဆက်ကြဟု ဆိုရအောင် သိပ်လည်းမရင်းနှီးကြလှပါ။ ဘုရားစူး ဆုံဖူးတယ် ဆိုရုံလောက်လေးသာ ရှိတာပါ။ သို့ပေမဲ့ ရောက်မလာခင်က တည်းက အမေဖြစ်သူက သူ့အထင်အမြင်ကို ဖွင့်ပြောထားပြီးပါ ပြီ။

မခေါ်စဖူး သူ့ဟာသူ သီးသန့်ဆန်လှသည့်သားကို ခေါ်လာမည်ဆိုတာဟာ အဓိပ္ပာယ်တစ်မျိုးကို ဆောင်ပါသတဲ့။ ပတ်ဝန်းကျင် နီးစပ်တဲ့အသိုင်းအဝန်းထဲမှာလည်း ဒေါ်တင်လေးဖြူ ဟာ သူ့သားအတွက် ချွေးမလောင်းတစ်ယောက်ကို မျက်စိဖွင့် ထားဖွင့်နေပါသည်ဆိုတဲ့ သတင်းပျံ့လွင့်နေပါသတဲ့။ အခုကိစ္စဟာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ကြေးများရမယ့်ကိစ္စ မဟုတ်ဘဲ ဂုဏ်ယူရမည့်ကိစ္စတစ်ခု ဖြစ်ပါသတဲ့။

ဒီလိုနှင့်ပဲ ညီအစ်မနှစ်ယောက်တို့ဟာ ဧည့်ခန်းရှိရာ ထွက်လာခဲ့ကြရပါသည်။ မျက်နှာထားလေးတွေကလည်း ပိပိရိရိ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ကလေးတွေနှင့်ပင်။

"လာ ... ထိုင် သမီးတို့၊ အန်တီဖြူ့ကို နှုတ်ဆက်ဦး"

"ဟုတ် ... အန်တီ နေကောင်းတယ်နော်"

သံပြိုင်ထွက်လာသံလေးကို ဒေါ်လေးဖြူကပြုံးရင်း_

"အေး ... အေး ... ကောင်းပါတယ်ကွယ်"

"ဟိုဘက်က အန်တီဖြူ့သား မော်ဝန်းညိုတဲ့"

"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ်ရှင့်"

ဒီအသံကတော့ သံပြိုင်ထွက်မလာဘဲ လင်းလက်ထံ မှသာ ထွက်လာနိုင်ပါသည်။ ဝင်းဝါကတော့ မျက်ခုံးအစုံပင့်၊ မျက်လုံးအစုံပြူးဝိုင်းပြီး နှုတ်ခမ်းလေးဟလျက် မော်ဝန်းညိုကို အံ့အားတသင့်ကြီး ငေးကြည့်နေမိပါသည်။ သူ ... သူက ...၊ သူက ဆင်းရွှေနုရဲ့ ဘာမှန်းမသိသော အတိတ်ကြီးပဲ။

"သားရယ် ... မှတ်ထားပါဦး၊ အန်တီ့သမီး နှစ်ယောက် က အကြီးက ဒေါက်တာလင်းလက်အောင်တဲ့၊ အငယ်မ ကတော့ ဝင်းဝါအောင်၊ စီးပွားရေးပဲ ဝါသနာပါပြီး သူငယ်ချင်းနဲ့စပ်တူ အလုပ်လုပ်နေကြတာပဲ"

"ဟုတ်ကဲ့ ... သိရတာ ဝမ်းသာပါတယ်ခင်ဗျ"





ဟင် ...။ ပျူငှာယဉ်ကျေးလှပါလား။ နှစ်ကြိမ်မြင် ဖူးတဲ့ ခပ်ထန်ထန် ခပ်တင်းတင်း မျက်နှာ မဟုတ်ပါလား။ မျက်နှာကြောက ပျော့ပျောင်းနူးညံ့နေကာ ဒီရုပ်ဒီရည်ကိုမြင်တဲ့ သူတိုင်းက စိတ်ကောင်း သဘောကောင်း ရှိလှတဲ့ရုပ်လို့ သတ် မှတ်ကြမှာ မလွဲပင်။

ဝင်းဝါက ချက်ချင်းမှတ်မိလိုက်ပေမယ့် သူကလုံး လုံး မှတ်မိပုံမပေါ်ပါ။ အင်းလေ ... သူကတော့ ပထမနေ့ကလည်း လျှပ်တစ်ပြက် အခိုက်အတန့်လေးပဲ တွေ့လိုက်ရကာ ဒုတိယနေ့ ကျတော့ ဝင်းဝါကိုတောင် သတိတပြု မြင်လိမ့်မှာ မဟုတ်တာပါ။

"ဟိုဘက်ခြံကပ်လျက်မှာ တိုက်သစ်တစ်လုံး ဆောက်နေ တယ်လေ၊ ဘာရယ် မဟုတ်ပါဘူး၊ ပြီးသွားရင်တော့ ငှား ရင်လည်းငှားမှာ ရောင်းရင်လည်းရောင်းမှာ၊ ဒါမှမဟုတ် သားရဲ့သီးသန့်ရုံးချုပ် လုပ်ရင်လည်း လုပ်ဖြစ်မှာပါ၊ အဲဒီ ဘက်ခြံထဲမှာ မြက်ကလေးတွေ အပင်လေးတွေ အဆင် အပြင်လေးတွေ လှလှလေး ဖြစ်စေချင်တာ ...

ပထမတော့ အိမ်ကမာလီကိုပဲ ရိုးရိုးပဲလုပ်ခိုင်းမလို့ ပါပဲ၊ ဒါပေမဲ့ မာလီကလည်း အချိုးမကျလွန်းလို့ ခုတော့ အလုပ်ဖြုတ်လိုက်ပြီ ဆိုတော့ ကိုယ့်ခြံဘက်တောင် ခု တလောလေးမှာ ဖြုတ်စဖျင်းတောင်း ရှုပ်ပွနေတာပဲ၊ သမီး ငယ်လုပ်တဲ့ အလုပ်ထဲမှာ အိမ်တွင်းအိမ်ပြင် ခြံထဲတွေ အလှဆင်တဲ့လုပ်ငန်းလည်း ပါတယ်ဆိုတာ ကြားတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ပါ တိုင်ပင်ချင်တာ၊ အပြင်နဲ့အလုပ်အပ်မယ်ဆိုရင်တော့ ကိုယ့်လူရင်း သမီးတို့ဆီပဲ အပ်မှာပေါ့”

“ဒါပေါ့ ဖြူရယ်၊ မူ့သမီးတစ်ယောက်လုံး ဒီလိုလုပ်ငန်းမျိုးလုပ်နေတာ သူ့မခိုင်းလို့ ဘယ်သူ့ခိုင်းမလဲ၊ Gardening နဲ့ land scaping အဖွဲ့ကောင်းကောင်းတွေ သူ့မှာဆက်ထားတာရှိတယ်၊ သမီး … ဝင်းဝါ … အန်တီဖြူတို့ကို သေသေချာချာ ခမ်းခမ်းနားနားလေး လုပ်ပေးလိုက်စမ်းပါ၊ ဟိုဘက်ခြံဘေးတစ်ခြမ်းမှာ သူတို့လုပ်ထားတဲ့ နမူနာပုံစံလေး ကြည့်ကြည့်ပါလား သား၊ ဂျပန်ဝါးပင်ရုံလေးတွေ နောက်ခံနဲ့ ရေတံခွန်လေး လုပ်ထားတာ အရမ်းလှတာပဲ..

တခြား သူများ ရေတံခွန်တွေလို ရှုပ်ရှုပ်ထွေးထွေးတွေ မဟုတ်ဘူး သား၊ သဘာဝကျကျလေးရယ်၊ လိုက်ပြလိုက်ပါလား သမီး”

ဝင်းဝါက ခပ်အမ်းအမ်းနှင့် …

“ဟို … နည်းနည်းတောင် မှောင်နေပြီလားလို့”

“မှောင်ရင် ဒီဘက်ထောင့်က အဝါရောင်ဆလိုက်မီးထွန်းလိုက်ပေါ့၊ အဲဒီဆလိုက်မီးဝါကြီးနဲ့ ပိုတောင်လှသေးတာ သား သွားကြည့်လိုက်၊ လုပ်ထားတာလေးကြည့်ပြီး ကိုယ်လိုချင်တာလည်း စိတ်ကူးကြည့်လို့ရတာပေါ့၊ သမီးကြီး မီးသွားထွန်းလိုက် … သွား … သမီးငယ် လိုက်ပြလိုက်”





မော်ဝန်းညိုက ဝင်းဝါကို ဖော်ဖော်ရွေရွေ ပြုံးကြည့်ကာ ထိုင်ရာက ထ,ရပ်လိုက်တာမို့ ဝင်းဝါကလည်း ထ,ရပ်လိုက်ရပါတော့သည်။ ဝင်းဝါရှေ့က ဦးဆောင်ကာ မီးဆလိုက်ဝါဝါကြီးအောက်မှာ လှပတင့်တယ်နေသော ခြံဘေးဘက် အပြင်အဆင်ဆီလျှောက်လာခဲ့သည်။ မော်ဝန်းညိုက လိုလိုလားလားပင် လိုက်ပါလာကာ ခြံသဲ ဟိုကြည့် ဒီကြည့် အသေအချာကြည့်ရှုရင်း …

“ဟုတ်တယ်ဗျ၊ တော်တော်လှတာပဲနော်၊ ကျွန်တော်က များစိရှုပ်ရှုပ် မကြိုက်ဘူး၊ အပင်တွေ စင်တွေ ကုန်းတွေ ရေတံခွန်တွေ ပွတ်သိပ်ကျပ်ညပ်နေတာမျိုး သိပ်စိတ်ညစ်တာပဲ၊ အခုက ရှင်းပြီး တော်တော်ခေတ်မီတယ်၊ ဂျပန်ပုံစံလေး ဆန်တယ်နော်”

“ဟုတ်ကဲ့ အစ်ကို၊ ဒါက ဂျပန်ရိုးရာဥယျာဉ်ပုံစံ လုပ်ထားတာပါ အစ်ကို … မှောင်တော့ ခြင်နည်းနည်းကိုက်မယ်နော်”

“ကိစ္စမရှိပါဘူး … ရပါတယ် မကိုက်ပါဘူး”

မော်ဝန်းညိုက ရေတံခွန်လေးရှေ့ရပ်ကာ စေ့စေ့စပ်စပ်ကြည့်နေရာမှ ရုတ်တရက် ဝင်းဝါဘက် လှည့်လိုက်ရင်း …

“မဝင်းဝါအောင်ကို ကျွန်တော် တစ်နေရာရာမှာ ဆုံဖူးသလားလို့”

ဘုရားရေ … သူ မှတ်မိတာပဲ။ မမှတ်မိဘူး ထင်နေတာ။ ဝင်းဝါက အလန့်တကြားလေး ဖြစ်သွားရရင်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ရပါသည်။ ဒီလူဟာ တစ်ပွဲတိုးပေါင်းရမည့်သူတော့ မဟုတ်၍ မဟုတ်က ဟုတ်ကတော့ လျှောက်ပြောဖို့ မဖြစ်နိုင်ပါ။

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော့်အားနည်းချက်က လူတစ်ယောက်ကို မရင်းနှီးသေးရင် မျက်နှာတွေ သေချာမမှတ်မိတတ်ဘူး၊ အခုလောက် စကားသေချာပြောဆိုဖူးရင်တော့ မှတ်မိပါတယ်၊ အမှတ်တမဲ့ ဆုံဖူးကြတာမျိုး ဖြစ်လိမ့်မယ် ထင်ပါရဲ့"

"ဟုတ်ကဲ့"

ဝင်းဝါက ခေါင်းညိတ်လိုက်ရင်း ...

"ဟိုး တလောက '......'လမ်းနဲ့ '......'လမ်းထောင့်မှာ ကိုမော်ဝန်းညို မိန်းကလေးတစ်ယောက်ကို ကားနဲ့ ... ဟို တိုးမိသလို ဖြစ်တယ်လေ၊ အဲဒီတုန်းက သူ့ဆီ ကျွန်မ ရောက်လာတာပါ"

"သြော် ... အဲဒါ ... ဟုတ်သားပဲ ..."

"ဟုတ်ပါတယ်"

"သူက မဝင်းဝါအောင်နဲ့ ..."

"တီတီ ... တီတီ"

ဝင်းဝါ လက်ထဲပါလာသော ဖုန်းလေးက ခေါ်သံမြည်လာ၍ ဝင်းဝါက ဖုန်းလေးကိုကြည့်သည်။ ဖြေရခက်မည့် မေးခွန်းလာလုဆဲဆဲ မြည်လာတဲ့ဖုန်းကိုလည်း ကျေးဇူးတောင်





တင်မိသည်။ ပိုတိုက်ဆိုင်တာက ဖုန်းဟာ ရွှေနုထံကဖုန်းဖြစ်နေတာပင်။

"ကျွန်မ ဖုန်းခဏပြောပါရစေ၊ အပြင်အဆင်ပုံစံလေး အေးအေးဆေးဆေး ကြည့်ကြည့်ပါနော်၊ ပြီးရင် လိုချင်တဲ့ပုံစံ ကျွန်မကို ပြောပါ"

"ဟုတ်ကဲ့ ... ရပါတယ် သွားပါ ပြောပါ မဝင်းဝါအောင်၊ ကျွန်တော်လည်း နည်းနည်းကြည့်လိုက်ပါဦးမယ်"

ဝင်းဝါက မလှမ်းမကမ်းလေးကို ပြေးလာလိုက်ရင်း အသံအုပ်အုပ်နှင့် ...

"ဟဲ့ ... ရွှေနု၊ မိုးလေဝသတွေ ဖောက်ပြန်ကုန်ပြီ၊ ကမ္ဘာပျက်တော့မလား မသိပါဘူး၊ ငါ့ခေါင်း ပုတ်လောက်ကြီးသလို ခံစားရတယ်၊ ရင်တွေတုန်တာ လျှောင်လှုပ်သလိုပဲ"

"ဟဲ့ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ခြံတံခါးလာဖွင့်ထားနှင်လို့ ပြောမလို့၊ ငါလာနေတာ လမ်းထိပ်ရောက်နေပြီ"

"ဘုရားရေ ... တကယ်လား"

"ဟောတော် ... တကယ်မဟုတ်ဘဲ နင့်ကို ဘာအတွက် အရူးလုပ်ရမှာလဲ၊ နင် ဒီနေ့ အသစ်ထပ်ဝယ်တဲ့ စိန်ပွင့်တွေ ကျောက်ရောင်စုံတွေ ဘူးလိုက်ကို ဆိုင်မှာမချခဲ့ဘူးဆို၊ နင့်ကားပေါ် ပါသွားတာပဲဖြစ်မယ်၊ ဟိုသတို့သမီးဝတ်စုံက အမြန်ထိုးနေရတာမို့လို့ နန္ဒာနဲ့ မေသက်ကို ဒီညငါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာအိပ်ဆိုပြီး ငါ့အိုဗာတိုင်ဆင်းခိုင်းထားတာ၊ သူတို့ ထိုင်ထိုးနေရင်း ကျောက်ဘူး စိန်ဘူးအသစ်က ပါမလာဘူး၊ နင်မပေးခဲ့ဘူးဆိုလို့ အခုလာယူနေတာ၊ သူတို့ကို ဒီည သန်းခေါင်ကျော်ထိ ထိုးကြပါ ပြောထားတာ"

"အေး ... အေး ... ဟုတ်တယ်၊ ငါကားပေါ်က ပစ္စည်းတွေချတော့ အဲဒီဘူးတွေ ကျန်ခဲ့တယ် တွေ့တယ်၊ ဆိုင်မှာ ကျန်သေးတယ်ထင်ပြီး ငါလည်း မနက်မှပြန်ယူလာမလို့၊ အဲဒါအသာထား၊ နင် အခုမရောက်ခင် ကြိုပြောစရာရှိတယ်၊ လမ်းထိပ်ရောက်ပြီဆိုရင် ကားဖြည်းဖြည်းမောင်း၊ ငါ့စကားကိုနားထောင်ပြီး လာမလာ ဆုံးဖြတ်"

"ဘာမို့လို့လဲဟာ ... ပြော"

"ငါ့အိမ်မှာ ဟိုလူ ... နင့်အတိတ်ဟောင်း မော်ဝန်းညို ရောက်နေတယ်"

"ဘာ"

"ကဲ ... နင် လာမှာလား မလာဘူးလား"

"ဒါ နောက်စရာ Topic မဟုတ်ဘူးနော် ဝင်းဝါ၊ ငါ့ရဲ့ ဝေဒနာဒဏ်ရာတွေ ရင်းနှီးမြှုပ်နှံထားတဲ့အတိတ်၊ နင်စ, စရာမဟုတ်ဘူး"

"ရော် ... ကဲ ... မယုံလည်းနေ၊ အခု သူနဲ့ ငါခြံထဲမှာ သူက ငါ့အနား ဆယ့်ငါးပေ ပေနှစ်ဆယ် အကွာမှာရှိတယ်"





ဆင်းရွှေနှသည် ဒိန်းခနဲ ရင်တုန်ကာ လက်ဖျားတွေလည်း အေးစက်လာပါသည်။ အသည်းနှလုံးတွေပါ အေးခဲလာသလို ခံစားရကာ ...

"ဘာလာလုပ်တာလဲ နင့်ဆီ"

"သူ့အမေနဲ့ ပါလာတာ၊ သူ့အမေက ငါ့အမေဆီလာတာ"

ဝင်းဝါက အင်တင်တင်နှင့်ပင် ပြောရပါသည်။ အမေတွေချည်း ဘယ်လိုသဘောထား ထားရှိကြတာ ရိပ်မိသိရှိနေပေမယ့် အတိအကျကြီးလည်း မဟုတ်သေးတော့ ဘယ်လိုပြောရပါမလဲ။ ဆင်းရွှေနှရဲ့ အတိတ် ဆိုတာကလည်း ဘယ်လိုအတိတ်မှန်း ကိုယ်မှ အသေအချာ မသိတာလေ။

"အဲဒါဆိုရင် သူနဲ့ နင်နဲ့က ဘာဖြစ်လို့ ခြံထဲရောက်နေကြတာလဲ"

"သူက သူတို့ဟိုဘက်ခြံထဲမှာ အသစ်ဆောက်နေတဲ့အိမ်အတွက် ခြံထဲမှာ အလှဆင်ဖို့ ငါတို့ကို အကူအညီတောင်းတဲ့သဘော ပြောတာနဲ့ ငါတို့အိမ်ရဲ့ဘေးဘက်မှာ ငါလုပ်ပေးထားတဲ့ ဥယျာဉ်ကလေးကို လိုက်ပြနေတာဟဲ့၊ အခု သူက ဒီနားမှာပဲ ဟိုဟိုဒီဒီ ကြည့်နေတယ်"

"ဝင်းဝါ ... လက်ခံလိုက်၊ အဲဒီအလုပ်ကို လက်ခံလိုက်နော်၊ အကူအညီတောင်းတဲ့သဘောဖြစ်ဖြစ် အလုပ်အပ်တဲ့သဘောဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် အဲဒီအလုပ်ကို ငါတို့လုပ်ခွင့် ရကိုရမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနု"

"ငါပြောတဲ့အတိုင်းလုပ်ပါ ဝင်းဝါ၊ မဖြစ်မနေ ဒီအလုပ် လုပ်ရမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"ငါ နောက်တော့ ပြောပြမယ်"

"ရွှေနု ... နင် ငါ့ကို အကြောင်းစုံ မပြောဘဲ လျှို့ဝှက်နေရင်တော့ ငါက ဒီအလုပ်ကို လက်ခံမှာမဟုတ်ဘူး၊ လက်ခံမခံက ငါ့တစ်ယောက်တည်း ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်နေတယ်"

"ဝင်းဝါ ... ငါ ... ငါပြောပြပါ့မယ်၊ ငါကတိပေးပါတယ်၊ ရှိကြီးခိုးပါရဲ့၊ ဒီအလုပ် လုပ်ဖြစ်အောင် မဖြစ်,ဖြစ်အောင် နင် စီစဉ်ပေးပါ"

ဝင်းဝါက အံ့အားလည်းသင့် ကရုဏာပင် သက်လာပါသည်။ ဆင်းရွှေနုဟာ အချိုးပြေပြေနှင့် နူးနူးညံ့ညံ့ မိန်းကလေးတစ်ယောက်မှ မဟုတ်ဘဲ။ ဂျစ်ကန်ကန်နှင့် လောကကြီးအပေါ် သိပ်စိတ်အချိုးမပြေသော ပုံစံနှင့် မိန်းကလေးတစ်ယောက်ပဲ။ ခုလို ကတုန်ကယင်လေသံမျိုးနှင့် ရှိခိုးဦးတင် တောင်းပန်တယ်ဆိုတာမျိုး ရွှေနုထံမှာ တစ်ကြိမ်တစ်ခါမှ မမြင်မတွေ့ဖူးခဲ့တာပါ။

"နင် တကယ် ပြောတာလား"

"တကယ်ပါဟာ၊ နင့်ကို ငါ အစအဆုံး ပြောပြပါ့မယ်"





"အေးလေ ... ဒါဆိုလည်း ပြီးရော"

"ပြီးတော့လေ ... အခု ငါလာရင် ငါ့ကို နင့်ဝန်ထမ်းလို့ပဲ သူနဲ့မိတ်ဆက်ပေးပါနော်"

"ဟာ ... ဒါတော့ လုံးဝမဖြစ်ဘူးဟာ၊ သူနဲ့ကတစ်ပွဲတိုးလိမ်ညာလှည့်စားပြောလိုက်လို့ ရတဲ့အနေအထား မဟုတ်ဘူး၊ မိဘချင်း ခင်နေတာ၊ ငါက သူ့ကို ဟန်ဆောင်လှည့်ဖြားတဲ့ ဇာတ်လမ်းတစ်ခု တီထွင်ပြောဆိုဖို့ဆိုတာကတော့ နင် စဉ်းစားကြည့်ဦး၊ မပေါ်မယ့်ကိစ္စမျိုး တစ်သက်လုံး လိမ်လို့ရတဲ့ကိစ္စမျိုးလည်း မဟုတ်ဘူး၊ မေမေသိသွားရင် ငါ့ကို ဘယ်လိုပြောမလဲ၊ သူသိသွားရင် မေမေရော ငါပါ သိက္ခာကျမှာလည်း တွေးကြည့်ဦးလေဟာ"

"ကောင်းပြီ ... အိုကေ၊ နင်တစ်လုံးမှ မညာနဲ့၊ ငါ့ဟာငါ ကြည့်ပြောမယ်၊ နင် မညာနဲ့ ငါပဲညာမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန် ပေါ်မယ်ဆိုတာ ငါလည်းသိတယ်၊ ပေါ်သွားရင် ငါပဲလှည့်ဖြားတဲ့ လူညာမလေးဟယ်၊ နင်က ဘာတစ်ခွန်းမှ ညာပြောခဲ့တာ မဟုတ်ဘူးလို့ နေလို့ရအောင်ပဲ ငါ ကြည့်ဖန်တီးပါ့မယ်"

"ကျွတ် နင်ကတော့ တကယ်ပဲဟာ၊ ဘာဇာတ်လမ်းတွေမှန်းကို မသိပါဘူး၊ နင်ပဲ တစ်ဖက်သတ် အတိတ်ဇာတ်လမ်း ဖြစ်နေတာ၊ သူက နင့်ကို သူ့အတိတ်ထဲမှာ သိဖူးမြင်ဖူးပုံတောင် မရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါလည်း သူ့အကြောင်းနဲ့သူပဲ၊ ငါခြံထဲဝင်လာနေပြီ ဝင်းဝါ၊ ဒါပဲနော်"

ဆင်းရွှေနုရဲ့ကားလေးက ခြံထဲ တကယ်ပဲမောင်းဝင်လာခဲ့ပါပြီ။ ဝင်းဝါက ဖုန်းပိတ်ရင်း စိတ်ရှုပ်ရှုပ်လေး ရှုံ့ဖွနေမိပါသည်။ သူတို့နားအထိ လာရပ်လိုက်သောကားကို မော်ဝန်းညိုကလည်း လှည့်ကြည့်နေရာမှ ကားပေါ်မှ ဆင်းရွှေနု ဆင်းလာတာမြင်လျှင် မျက်မှောင်ကုတ်သွားပါသည်။

ဆင်းရွှေနုက ဝင်းဝါအနား လျှောက်လာတဲ့အခါ မော်ဝန်းညိုကလည်း လက်ပိုက်ရင်း ဝင်းဝါ အနားတိုးလာပါသည်။

ဆင်းရွှေနုက မော်ဝန်းညိုပါ ကြားသာအောင် အသံကျယ်ကျယ်နှင့် ...

"မဝင်းဝါ ... ရွှေနု စိန်တွေ ရောင်စုံကျောက်တွေ ပုတီးစေ့တွေ လာယူတာပါ၊ မဝင်းဝါဆီ ပါသွားတယ်ဆိုလို့၊ အိမ်မှာ ဒီညတစ်ညလုံးနီးပါး သတို့သမီးဝတ်စုံထိုးရမှာမို့လို့ ကျောက်တွေ လိုအပ်နေလို့ပါ၊ ပြီးရင် ရွှေနု ဒီကားလည်း အိမ်ကိုပြန်မောင်းယူသွားမယ်နော်"

ဝင်းဝါက အမ်းတမ်းတမ်းဖြစ်ကာ စိတ်ထဲကတော့ ရွှေနုကို ရေရွတ်ကျိန်ဆဲလျက်သား။ သူ့ကားသူ မောင်းယူသွားတာ ထူးဆန်းလို့လား။ ဘေးကကြားတဲ့လူအဖို့ကတော့ ဝင်းဝါကားကို ခဏတောင်းယူသွားတဲ့ သဘောမျိုး(အဲဒီစကားလုံးနှင့်ဖွင့်ဟလိုက် ညာနေစရာ မလိုဘဲ)အလိုအလျောက် တွေးထင်ချင်နိုင်စရာလေ၊





"အေး ... ငါကားပေါ်မှာ ငါ သွားယူလိုက်ဦးမယ်"

ဝင်းဝါက စိတ်ရှုပ်စွာ ဤနေရာက ရှောင်ထွက်သွားလိုက်တဲ့အတွက် မော်ဝန်းညိုနှင့် ဆင်းရွှေနုသာ ဒီနေရာမှာ ဆောင်စင်းစင်း ကျန်ခဲ့သည်။ ဆင်းရွှေနုက မော်ဝန်းညိုဘက်လှည့်ပြီး ခေါင်းလေးမသိမသာညွတ်၍ ရိုရိုကျိုးကျိုး နှုတ်ဆက်ပုံပြုလိုက်ပါသည်။

မော်ဝန်းညိုက အံ့သြနေမိတာဖြစ်တဲ့အတွက် ...

"မင်းက ဝင်းဝါအောင်နဲ့ ဘယ်လိုပတ်သက်လဲ"

"အဲဒီ Rose garden fashion dress making မှာ ကျွန်မက အလုပ်လုပ်ပါတယ်"

"သြော် ... သြော်၊ ခုပဲ ဝင်းဝါအောင်ကို မြင်ဖူးတာမှတ်မိသွားလို့ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ မေးနေသေးတာ၊ ဘယ်လိုလဲ တစ်ကိုယ်လုံး ကောင်းသွားပြီလား"

"ဟုတ်ကဲ့ ... ကျွန်မ ဆေးကုစရိတ် တောင်းတာကို ကိုမော်ဝန်းညိုက စိတ်ခုကောင်း ခုနေပါလိမ့်မယ်၊ ဘယ်လိုမိန်းမလဲလို့ တွေးကောင်း တွေးမယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မအကြောင်းနဲ့ ကျွန်မပါ၊ ကျွန်မက ကျန်းမာရေးမကောင်းတဲ့ အမေတစ်ယောက်နဲ့ အဒေါ်တစ်ယောက်ကို လုပ်ကျွေးနေရတဲ့သူပါ၊ အိမ်မှာ အားကိုးစရာယောကျ်ားသားရယ်လို့ ဖခင်တွေ အစ်ကိုမောင်တွေ ရှိတာမဟုတ်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အလုပ်လုပ်ဖို့ လိုပါတယ်၊ ကျန်းမာဖို့လိုပါတယ်၊ ကျန်းမာရေးဒေါင်ဒေါင်မြည်နေမှ ဒီအမေ ဒီအဒေါ်ကို ရှာကျွေးနိုင်မှာပါရှင်၊ ဒါကြောင့် မလိုလဲလိုလဲ ကျွန်မ စိတ်ထင့်သမျှ အကုန်စစ်ဆေးလိုက်ပါတယ်၊ အဲဒီအတွက် ပြန်တောင်းရတဲ့ ဆေးကုသစရိတ် နည်းနည်းများသွားတာကို စိတ်မရှိပါနဲ့"

သူ့မျက်ဝန်းထဲ စေ့စေ့စိုက်ကြည့်ကာ ပြောရင်းပြောရင်း မျက်ရည်များပင် ရစ်လည်တောက်ပလာတဲ့ ဆင်းရွှေနုကြောင့် မော်ဝန်းညိုက ဘာပြောရမှန်းမသိအောင် အငိုက်မိသွားရပါသည်။ ပခုံးပေါ်မှာ တာဝန်ယူရမှုတွေနှင့် ရုန်းကန်ရပ်တည်နေရတဲ့ မိန်းမတစ်ယောက်ကိုတော့ သူက အလဟာသ အခြောက်တိုက် ရန်လိုမနေချင်ပါ။

"ထားလိုက်ပါတော့။ ခုလို ဆေးစရိတ် ပြန်တောင်းတဲ့ကိစ္စအပေါ် လုံးစေ့ပတ်စေ့ မကျေညက်တာတော့ မှန်ပေမယ့် ငါ့အတွက်က သိပ်ကိစ္စမရှိပါဘူး၊ မင်း ပြေလည် အဆင်ပြေသွားတယ်ဆိုရင်ပဲ ပြီးတာပဲပေါ့"

"ကျေးဇူးအများကြီး တင်ပါတယ်၊ အဲသလို ကိုယ်စစ်ချင်တာတွေ လျှောက်စစ်ပစ်လိုက်ပြီး ငွေတောင်းလိုက်ရတာကိုလည်း တကယ်တော့ မိန်းမပျိုတစ်ယောက် အနေနဲ့ မျက်နှာပူပါတယ်၊ ရှက်ပါတယ်၊ ရှင် အထင်သေးနိုင်မယ့် နားလည်ပေးနိုင်ဖို့တော့ ခက်ပါတယ်၊ ရှင်က မှော်မှန်းမရအောင် ချမ်းသာကြွယ်ဝ မြင့်မားနေတဲ့ သူဌေးကိုး





မော်ဝန်းညိုက ခေါင်းယမ်းလိုက်ရင်း ...

"လူတိုင်းက မွေးကတည်းက ချမ်းသာကြွယ်ဝခဲ့ကြတာချည်းမှ မဟုတ်တာ၊ ဘာပဲဖြစ်ဖြစ် မင်း အခုပြောတဲ့ အကြောင်းအရာကိုတော့ နားလည်လက်ခံပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ မဝင်းဝါနဲ့က မိတ်ဆွေတွေမှန်း ကျွန်မ သိတောင်မသိဘူး၊ ကားတိုးမိတဲ့နေ့က မဝင်းဝါတော်င် လမ်းဟိုဘက်ကမ်းကနေ ပြေးလာသေးတယ်၊ ရှင်တို့ သူစိမ်းတွေလိုပဲ စကားပြောကြလို့ မသိကျွမ်းဘူး ထင်နေတာ၊ ခုတော့ မိတ်ဆွေတွေကိုး"

"မဟုတ်သေးပါဘူး၊ ဒီနေ့မှစပြီး မိတ်ဆွေဖြစ်မလား အစပျိုးရုံ ရှိပါသေးတယ်၊ ကဲ ... ကဲ ... မင်း ယူစရာရှိတာ သွားယူလေ"

မော်ဝန်းညိုက သိသိသာသာ နှင်ထုတ်လိုက်သော်လည်း ဝင်းဝါက အနားကို ပြန်ရောက်လာတာမို့ ဆင်းရွှေနု ထွက်သွားဖို့ မလိုလိုက်ပါ။ ဝင်းဝါက ဘာတွေများပြောနေကြသလဲ နောက်ကြောင်းမအေးပုံနှင့် ခပ်သွက်သွက် လှမ်းလာတာဖြစ်ပြီး အနားရောက်ရောက်ချင်းပင် ...

"ကဲ ... ရွှေနု၊ ဒါတွေယူပြီး ပြန်လိုက်တော့လေ"

"ဟုတ်ကဲ့"

အမယ်လေးနော် ... အသည်းထဲ ယားလိုက်တာ။ ဟုတ်ကဲ့ဆိုပဲ ... သူက။ တစ်ချက်လောက်တောင် ခြေသလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဦဘဲကန်လိုက်ချင်တာ။ အပိုးကျိုးချင်ယောင် ဆောင်နေရပြန်ပြီ။ မျက်စိထဲ အမြင်မတော်တရော် ရှိလိုက်တာဆိုတာ။

"ကဲ ... သွား ... သွား"

"ဟုတ် ... မဝင်းဝါ၊ ကိုမော်ဝန်းညို ခွင့်ပြုပါဦးရှင့်"

မော်ဝန်းညိုက မသိမသာ ခေါင်းဆတ်တယ်ဆိုရုံ ရပ်ကတော့ ခပ်တည်တည်ပင်။ သို့သော် ဆင်းရွှေနု ကားမောင်း ထွက်သွားတဲ့အထိတော့ လိုက်ကြည့်နေပါသည်။ ဘေးတိုက် အမြင်မှာ ဆံပင်ကို ခေါင်းတခြမ်းဆတ်ပြီး နောက်ကို ခါတင်လိုက် တဲ့ပုံကို မှင်သက်ငေးမောမိပါသည်။ ငေးကြည့်နေခဲ့တဲ့ မော်ဝန်းညို ကို ဝင်းဝါက တစ်ဆင့်ပြန်လည် အကဲခတ်ကာ နေမိသည်။

❖ ✤ ❖



❧ ၁၀ ❧

"ငါ့အမေကတော့ မမလင်းနဲ့ ငါနဲ့ထဲက သူကြိုက်တဲ့သူ နဲ့ပေးစားမယ် လုပ်နေတယ်၊ သူ့အမေကလည်း ဒီအတွက် ရည်ရွယ်လမ်းဖောက်လာတာပဲ၊ အခု သူ့သားကို သမီးရှင် အိမ်တွေ ဟိုအကြောင်းပြ ဒီအကြောင်းပြ ခေါ်ခေါ်သွား နေတာ၊ ဈေးခေါ်နေတဲ့ သဘောပေါ့ဟယ်၊ ငါတို့ကတော့ ညီအစ်မနှစ်ယောက်ရှိတော့ ဘယ်သူနဲ့ရယ်လို့ အတိအကျ မဟုတ်ဘူးပေါ့"

ဆင်းရွှေနု ရင်ထဲက နှလုံးသားသည် ရုတ်တရက် အဆင်မတန် ရောင်ကိုင်းကြီးထွားကာ ရင်တစ်ခွင်လုံး ပြည့်သွား သလို အသက်ရှူပါ ကျပ်လာမိပါသည်။

"ဝင်းဝါ ... နင် ... နင်က သူ့ကို ကြိုက်လား"

"ဟဲ့ ... သူ့ကို ငါက ကြိုက်ရအောင် ငါတို့ညီအစ်မနှစ် ယောက်ထဲက ဘယ်သူ့ကြိုက်မလဲ ဘယ်သိမှာလဲ၊ ငါတို့ ညီအစ်မတင် မကဘူး၊ သူ ကြိုက်နိုင်စရာအမျိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတွေလည်း သူ့ ထည့်စဉ်းစား ရွေးချယ်စရာအများကြီးပဲ ရှိနေတဲ့ဥစ္စာ၊ သူ့ကိုကြိုက်ရင် ကောင်းမလား မတွေးပါဘူးနော်၊ မအောက်တာပေါ့"

"နင်မကြိုက်ရင် ပြီးရော"

ဝင်းဝါက ဆင်းရွှေနုကို အမြင်ကတ်လာကာ ...

"သူက ကြိုက်တယ် ဆိုရင်တော့ ငါလည်း ကြိုက်ရင်ကြိုက်မှာပေါ့"

ဆင်းရွှေနု မျက်နှာလေးက ဆီးရွက်လောက် ငယ်သွားပါသည်။ တားမြစ်ဖို့ကလည်းမသင့် လက်သင့်လည်းမခံချင် လွန်ဆွဲနေတဲ့ရုပ်က နှမြောတသ ရင်ကွဲပက်လက် ဖြစ်နေသလို ရုပ်နှင့် ပေါင်းစပ်နေသည်။

"ဟဲ့ ... ရွှေနု၊ နင် သူ့ကို တစ်ဖက်သတ် ကြိုက်နေတာလား"

"တစ်ဖက်သတ် ကြိုက်စရာလား၊ အခုဆိုရင် မုန်းတောင်မုန်းနေတာ"

"ဒီတော့ နင်က ဘာဖြစ်ချင်နေတာလဲ ရှင်းရှင်းပြော"

"ဘာဖြစ်ချင်နေတာလဲလို့တော့ ပြောရခက်တယ်၊ ငါဖြစ်ချင်သလို ဖြစ်လို့ရတာမှ မဟုတ်တာ၊ ဒီတော့ ဖြစ်ချင်စိတ်မျှော်လင့်ချက်တွေ ဖျောက်ထားပါတယ်၊ သူ့အိမ်မှာ ခြံထဲအလုဆင်ချင်တာက သူ့နားနီးနီး နေဖြစ်ပြီး သူ့ကိုအကဲခတ်ချင်တာ စုံစမ်းချင်တာတွေ ရှိလို့ပါ ဝင်းဝါရယ်"

"ပြော ... အဲဒါတွေ အကုန်ပြောပြ"





ဆင်းရွှေနုက ငိုင်နေပါသည်။ ဖွင့်ပြောချင်နေလှပါပြီ။ အရေးထဲ ဝင်းဝါတို့ညီအစ်မနဲ့မှ အိမ်ထောင်ဖက် စပ်နေသလိုဖြစ်နေတော့ ကိုယ့်ဘက်က ပြောစရာရှိတာလေးပြော၊ အသိပေးသင့်တာလေး အသိပေးထားမှပေါ့။ နို့မို့ရင် သူတို့ညီအစ်မလက်ပါသွားရချည်ရဲ့။ တကယ်တော့လည်း သူတို့ညီအစ်မသာ ကိုယ်နဲ့သိနေလို့ပါ၊ တခြား သမီးမိန်းကလေးတွေကျတော့ ကိုယ်နဲ့သိဆောင်မှ မသိတာ။ ဘယ်လိုတားလို့ ရမှာမို့လဲ၊ ဆုံးရှုံးစရာရှိ ငူငူငိုင်ငိုင် ဘာမှမတတ်နိုင်ဘဲ၊ ဆုံးရှုံးခံလိုက်ရမှာပါ။

အဲသလို အဖြစ်အပျက်တွေ ဖြစ်မလာဖို့ဆိုရင် အခါက,က မော်ဝန်းညို ကိုယ်တိုင်ကိုလည်း ကိုယ့်ကိုယ်ကိုယ်ဖွင့်ပြောမိတ်ဆက်မှ။ တကယ်တမ်းတွင် ဆင်းရွှေနုရဲ့ နှလုံးသားတွင်းအနက်ရှိုင်း အလေးနက်ဆုံး ခံစားမှုမှာ သူ့အပေါ် အချစ်တစ်ဝက်နှင့် မုန်းမျက်နှာကြည်းမှုလည်း ဆတူပဲလေ။

"ရွှေနု"

နှာကျင်ခြင်းတစ်ဝက် လွမ်းမောခြင်းတစ်ဝက်နှင့် ခံစားချက် ပြင်းထန်နေသော ဆင်းရွှေနုရဲ့မျက်နှာကို ဝင်းဝါက ဘအံ့တသြကြည့်နေရင်း ဘာပြောမလဲဆိုတာကို ငံ့လင့်စောင့်စားနေမိသည်။

"နင် ငါ့ကို ဘာမဆို ဖွင့်ပြောလို့ရပါတယ်ဟာ၊ ငါတို့ပေါင်းလာတာ ကြာလှပြီပဲ ရွှေနုရယ်၊ နင်နဲ့ဒီလူ ဘယ်လိုပတ်သက်တာလဲ၊ သူကတော့ နင့်ကို မသိတာသေချာနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ စဉ်းစားလို့ကို မရတော့ဘူး၊ နင့်ဘက်ကပဲ တဖက်သတ် နောက်ကြောင်းခံစားချက်တွေ ရှိနေတာဆိုတော့ ဘယ်လိုဇာတ်လမ်းမျိုးလဲ”

“ငါမပြောခင် နင့်ကို တစ်ခုမေးချင်တယ် ဝင်းဝါ၊ နင့်အမေက သူနဲ့ နင်တို့ညီအစ်မထဲက တစ်ယောက်ယောက်ကို မဖြစ်မနေ ပေးစားမှာလားဟင်”

“ငါပြောပြီးပါပကော ရွှေနုရယ်၊ အဲဒါက ကိုမော်ဝန်းညိုပေါ်ပဲ မူတည်နေတာလေ၊ သူစိတ်ပါမှ ဖြစ်မယ့်ကိစ္စလေ”

“ငါမေးရတာက နင့်အမေနဲ့ သူ့အမေဆိုတာနဲ့ စီစဉ်ကြတဲ့ အစီအစဉ် ငါ့ကြောင့် ကဖျက်ယဖျက် ပျက်စီးရုံသက်သက် ဖြစ်သွားမှာ စိုးတာကြောင့်ပါ၊ ငါ့စိတ်ထဲမှာ ဘယ်လိုခံစားနေတယ်ဆိုတာ ငါကိုယ်တိုင်လည်း ပြောတောင်မပြတတ်တော့ပါဘူးဟာ၊ သူ့အပေါ်မှာ နာကြည်းသလို ခံပြင်းသလို ခံစားချက်က ငါ့ရင်ထဲမှာ နှစ်ပေါင်းဆယ့်လေးငါးနှစ် အမြစ်လို တွယ်နေတာ ...

ခွင့်မလွှတ်ချင်ဘူး၊ တစ်ခုခုကို သူ နာကျင်အောင်လုပ်ပစ်ချင်တာ။ အဲဒီစိတ်တွေနဲ့ ဒီဆယ့်လေးငါးနှစ်စလုံး ကိုယ်သွားလေရာနေရာ ရောက်လေရာအရပ်မှာ သူ့ကိုပြန်တွေ့ နိုးနိုးနဲ့ ရှာခဲ့တယ်၊ လုံးဝရှာမတွေ့ခဲ့တာ၊ ငါရှာဖွေမိတဲ့ အသိုင်းအဝိုင်းကလည်း အခု သူရှိနေတဲ့အသိုင်းအဝိုင်းမျိုးမှ မဟုတ်ခဲ့တာကိုး၊ ဒီလောက်ချမ်းသာအောင်မြင်နေမယ်





မထင်လို့ ဒီအဆင့်အတန်း အသိုင်းအဝိုင်းမှာ မစုံစမ်းမိဘူးပေါ့ ...

တကယ့် အာဂလူ၊ လုံးဝမထင်မှတ်တဲ့ အဆင့်တစ်ခုကို ရောက်နေတယ်၊ ပြီးတော့ မာန်ဂုဏ်မောက်နေလိုက်တာကလည်း သူ့ကိုယ်သူ ဘယ်အနေအထား ဘယ်ဘဝက ကြီးပြင်းခဲ့တယ်တောင် မှတ်မိသေးရဲ့လား မသိပါဘူး ... ဟင်း ဟင်း ... ရယ်ရတယ်ဟာ”

“သူက ဘယ်ဘဝက ကြီးပြင်းခဲ့လို့လဲ ရွှေနုရဲ့၊ အဲဒီဒေါ်တင်လေးဖြူတို့ မိသားစုက ဟိုးခေတ်အဆက်ဆက်က ချမ်းသာလာကြတာပါ”

ဆင်းရွှေနုက မျက်ခုံးလေးပင့်ကာ ဝင်းဝါကိုကြည့်ရင်း ...

“ဟင် ... နင်တို့ မသိဘူးလား”

“ဘာကိုလဲ”

“မော်ဝန်းညိုက အခု သူ့အမေဆိုတဲ့ အမျိုးသမီးရဲ့သားအရင်းမှ မဟုတ်တာ”

“ဟင်”

ဝင်းဝါက တကယ်ပဲ အံ့အားသင့်သွားရပါသည်။ သူ မသိပါ။

“သားအရင်း မဟုတ်ဘူး ! ဟုတ်ရဲ့လား၊ နင် ဘယ်လိုလုပ်သိလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရွှေနုက ပြုံးလိုက်ပါသည်။ ဘယ်လိုလုပ် သိရမလဲ။ ဒီလိုပဲ သိတာပေါ့။ အစအဆုံး သိခဲ့ဖူးသူပဲဟာ။

"သူက သားအရင်းပါလို့ ပြောထားလို့လား"

"မပြောပါဘူး၊ ပြောစရာလည်း မလိုဘူးလေ၊ ဒေါ်တင်လေးဖြူနဲ့ အန်ကယ်ဦးဇော်လွင်က သားတစ်ယောက်ပဲ မွေးထားတာ မေမေတို့ ဟိုးအရင်ကတည်းက သိခဲ့တာပဲ၊ အန်ကယ်ကတော့ ဆုံးသွားပါပြီ၊ သူတို့သားက ငယ်ငယ်ကတည်းက ကျောက်ကပ်မကောင်းဘူးတောင် ကြားဖူးတယ်၊ ခုလည်း ဟိုတစ်နေ့က မေမေတို့စကားထဲမှာ အန်တီဖြူက ကိုမော်ဝန်းညိုက ကျောက်ကပ်တစ်ဖက် ထုတ်ထားရတော့ စင်ကာပူကို သတ်မှတ်တဲ့အချိန်တိုင်း follow up သွားပြီး check up လုပ်ရတယ်လို့ ပြောတာပဲဟာ၊ ဘယ်လိုလုပ် သားအရင်း မဟုတ်ရတာလဲ"

"ဖြစ်နိုင်တာကတော့ သူ့ကို မွေးစားထားတာပဲ၊ သူ့အမေက သူ ငယ်ငယ်ကတည်းက ဆုံးသွားတာ၊ သူ့အမေနာမည်က ဒေါ်လေးယဉ်တဲ့"

"နင် ဘာဖြစ်လို့ အဲဒီလောက် တိကျခိုင်လုံနေတာလဲ"

"ဟိုးငယ်ငယ်ကတည်းက သိခဲ့လို့ပေါ့ဟယ်"

"ဒါဖြင့် သူက နင့်ကို ဘာဖြစ်လို့ မသိရတာလဲ"

"သူ မသိနိုင်တော့လို့ပေါ့ဟာ၊ အဲလို မသိနိုင်တာပဲကောင်းတယ်၊ ငါ သူ့ကို ရက်ရက်စက်စက် တစ်ခုခုလုပ်ချင်လည်း





ရတယ်၊ မလုပ်ချင်တော့လို့ ဟိုးအဝေး ထွက်သွားချင်လည်း အဆင်ပြေတာပေါ့"

ဝင်းဝါက ခေါင်းတွေ ခါယမ်းလိုက်ရင်း ...

"နင်ပြောတာ ဘာတစ်ခုမှ နားမလည်ဘူး၊ ပဟေဠိတွေများလွန်းတယ်၊ ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်တန်းတန်းလေး ပြောစမ်းပါ ရွှေနုရယ်၊ နင်နဲ့သူ ဘယ်လိုပတ်သက်ခဲ့တာလဲ"

ဆင်းရွှေနုက နှုတ်ခမ်းလေးကိုတော့ မဲ့ထားပေမယ့် မျက်လုံးအိမ်ထဲ သူ့အလိုလို ပြည့်လာသော မျက်ရည်တို့ကိုတော့ မျက်တောင်ပုတ်ခတ် သိမ်းရပါသေးသည်။

"သူနဲ့ ငါလား၊ ငါတို့ ချစ်သူတွေလေ"

"ဟင်"

"အထက်တန်းကျောင်းသားဘဝကတည်းက ချစ်သူတွေပဲ၊ ငါတို့နှစ်ယောက် ထွက်ပြေးကြဖို့တောင် ချိန်းခဲ့ဖူးပါတယ် ဝင်းဝါ ..."

ငါ့အဖေ လုံးဝသဘောမတူလို့ ငါတို့ ထွက်ပြေးဖို့ ကြံစည်ခဲ့ကြဖူးပါတယ်၊ မအောင်မြင်ခဲ့ဘူးပေါ့ဟာ၊ မအောင်မြင်ခဲ့ရတာကလည်း သူကိုယ်တိုင်က ဖေဖေ့ကို ငါစောင့်နေမယ့်နေရာ လက်ထောက်ချလိုက်တာလေ၊ လာသာမခိုးတယ်၊ ထွက်ပြေးဖို့ ငါစုထားတဲ့ ငါ့လက်ဝတ်လက်စားတွေ ခိုးရောင်းပြီး ရာဖွေထားတဲ့ ပိုက်ဆံတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးယူပြီး သူ အဝေးကို ထွက်သွားခဲ့တယ်လေ၊ မယုံနိုင်အောင်ပဲ၊ သူ့အမေကိုယ်တိုင်က ဟုတ်တယ်၊ ပိုက်ဆံတွေ သူယူသွားတယ်၊ ဘယ်သွားမှန်းတော့ သူလည်းမသိဘူးလို့ ပြောပြခဲ့တာပါ၊ ဒါကြောင့်သာ ယုံလိုက်ရတယ်၊ ရင်တွေ နာကျင်လိုက်ရတာဆိုတာ ...

ငါ ရူးမတတ်ဘဲ၊ သူကလည်း ငါ့ကို လက်လွှတ်စပယ်စွန့်ပြီး ထွက်ပြေးသွားခဲ့တဲ့အပြင် အဲဒီနေ့ကပဲ ငါ့အဖေလည်း ကွယ်လွန်ခဲ့တယ်"

"ဟင်"

"သူ ဘယ်လောက်ဝေးဝေး ရောက်နိုင်မှာမို့လဲ၊ ဖေဖေဆုံးပြီဆိုတဲ့ နာရေးကို နည်းနည်းပါးပါး နောက်ကျပြီးမှပဲဖြစ်ဖြစ် သူ မမြင်တော့ဘူးတဲ့လား၊ ငါ့သတင်းကို ပြန်မစုံစမ်းတော့ဘူးတဲ့လား၊ နေစိမ့်နိုင်လွန်းခဲ့တယ်၊ ကျောကော့ပြီးတော့ကို ရှောင်ဖယ်ထွက်သွားခဲ့တာ၊ သိပ်စိတ်နာဖို့ကောင်းတယ် ဝင်းဝါ ...

တကယ် ကြုံခဲ့ရပေမယ့် တစ်ခါတလေ အိပ်မက်လို့တောင် ထင်မိတယ်၊ သူ အဲလိုလုပ်လိမ့်မယ်လို့ မယုံချင်ဘဲ ယုံလိုက်ရပြီးတဲ့အထိကို မယုံသေးပါဘူးဟာ၊ ချစ်သူ ငါ့ကိုရော သူ့အမေကိုရော အတ္တကြီးကြီးနဲ့ စွန့်ခွာသွားတယ်၊ နောက်ကြောင်း ပြန်လှည့်မကြည့်တော့ဘူး၊ သိပ်တစ်ကိုယ်ကောင်းဆန်တယ် ...





သူက သိပ်တော်ပြီး Brain လည်းသိပ်ကောင်းတဲ့သူ၊ ကြိုးစားလည်း ကြိုးစားတဲ့သူပါ၊ ဒါကြောင့်လည်း သူ ဒီလောက်ကြီးထိ အောင်မြင်ပြည့်စုံနေတာပေါ့၊ ဒါပေမဲ့ မယုံနိုင်လောက်အောင် ကိုယ်လွတ်ရုန်းပြေးတဲ့စိတ်၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်၊ သံယောဇဉ်ပြတ်တဲ့စိတ်၊ ဒါတွေက လူတစ်ယောက် မဟုတ်သလိုပဲဟာ၊ ငါ့စိတ်ထဲမှာခါးသီးနေတယ်၊ ငါတို့နှစ်ယောက်ကြားက သံယောဇဉ်ဆိုတာမှာ သူ့ဘက်က ဒီလောက်ပဲလား ... ဟုတ်လား၊ ဟုတ်လား ဝင်းဝါ"

"ငါ ဘယ်သိပါ့မလဲ ရွှေနုရယ်၊ နင်တို့ပတ်သက်ခဲ့ပုံကို ငါမှ မသိခဲ့ရတာပဲ"

"ငါ သူ့ကိုသိပ်ချစ်ခဲ့တာပါ ဝင်းဝါ၊ သူလည်း ငါ့ကိုသိပ်ချစ်တာလို့ ငါယုံခဲ့တယ်၊ ငါ့ကိုချစ်လွန်းလို့ သူကဖွင့်ပြောဖို့တောင် စဉ်းစားခဲ့တာ မဟုတ်ပါဘူး၊ အဲဒီတုန်းက ငါတို့နှစ်ယောက်ကြားက အခြေအနေက အရမ်းကွာခြားလွန်းခဲ့တယ်၊ အဲဒါကြောင့် သူက မျိုသိပ်ထားခဲ့တယ်ဆိုတာ ငါသိပါတယ်၊ မမျှော်လင့်တဲ့ တစ်နေ့မှာ ကောင်လေးတစ်ယောက်က ငါ့ကို နှောင့်ယှက်ရာက သူ လွတ်ခနဲပွင့်ထွက်သွားပြီး ငါ့ကိုချစ်တယ်လို့ ပြောခဲ့တာ၊ ငါကလည်း အဲဒီအခွင့်အရေးလေးကိုပဲ လက်လွှတ်မခံဘဲ ချက်ချင်းခေါင်းညိတ်ပစ်လိုက်လို့သာ ငါတို့ ချစ်သူတွေ ဖြစ်ခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရွှေနုက မျက်ဝန်းစပ်က ပြုတ်ကျလာသော မျက်ရည်ပေါက်ကလေးကို သူ့မျက်ရည် မဟုတ်သလို လက်ညှိုးတစ်ချောင်းတည်းနှင့် ခပ်ဆတ်ဆတ် ဖယ်ရှားပစ်လိုက်သည်။

"ဟိုလေ ... ထွက်ပြေးဖို့ နင်ကပေးထားတဲ့ ပိုက်ဆံတွေကို နင်တို့နှစ်ယောက် ထွက်လည်းမပြေးဖြစ်ဘဲနဲ့ သူက ယူပြီး ပျောက်သွားတယ်ဆိုတာကိုတော့ ငါ မယုံနိုင်သလိုကြီး၊ ဘယ်လိုစိတ်နဲ့များ အဲသလို ..."

"အဟင်း ဟင်း ... ငါလည်း မယုံနိုင်သလိုကြီးပဲပေါ့ ဝင်းဝါရယ်၊ ခုမှ ကြားဖူးတဲ့နင်ကတောင် မယုံနိုင်ရင် သူ့ကိုချစ်ခဲ့တဲ့ ငါကကော ဘယ်လိုယုံနိုင်မှာတဲ့လဲ၊ ဒါပေမဲ့ အဲသလို တကယ်ပဲ ဖြစ်ပျက်ခဲ့တယ်"

"သူ တစ်ခုခုသော အကြောင်းကြောင့် ရောက်မလာခဲ့တာရော !"

"အဲသလိုဆိုရင် အဲဒီနေ့ပဲ ငါ့အဖေဆုံးခဲ့တာ၊ ငါ့အဖေနာရေးကိုရော သူ ဘာကြောင့် ရောက်မလာလဲ၊ သူက ထွက်ပြေးကြမယ်ဆိုတဲ့နေ့ ညနေကတည်းက အဝတ်အစားတချို့နဲ့အတူ သူ့အိမ်က ထွက်သွားခဲ့ပါပြီ၊ ငါ့ကိုခိုးမပြေးပါဘူးဆိုတာလည်း သူ့အမေကို ပြောခဲ့တယ်၊ အဲဒီအပြင် ငါ ဘယ်နေရာမှာ ရှိနေလိမ့်မယ် ဆိုတာကိုတောင်မှ ငါ့အဖေကို လှမ်းအသိပေးသွားခဲ့သေးတယ်"





"ဘယ်လိုပြောရမှန်းကို မသိတော့ဘူး ရွှေနု၊ အဲဒီ နင်နာကြည်းတဲ့ကိစ္စတွေကို ထားလိုက်ပါဦး၊ အခု သူက နင့်ကို မသိချင်ယောင် ဆောင်နေတာလား၊ မမှတ်မိတော့တာလား"

"သူ မမှတ်မိတာပါ"

"ဒီနာမည်နဲ့ မိန်းမတစ်ယောက်ကို ရုပ်တော်တော်လေး ပြောင်းလဲသွားတယ်ဆိုရင်တောင်မှ မမှတ်မိပါဘူးဆိုတာ ဖြစ်နိုင်လား ရွှေနုရယ်"

"ငါ့ရဲ့နာမည်ရင်းက ငယ်ငယ်လေးကတည်းက 'တာတာ' ပါ"

"တာတာ !."

"ဟုတ်တယ် ...၊ မိတာ ... အတာဆိုတာပဲ ငါ့ကိုခေါ်ကြတယ်၊ ငါ အဲဒီနှစ်က စိတ်ဆင်းရဲတာရော ဖေဖေ ဆုံးသွားတာကြောင့်ရော ဆယ်တန်းမဖြေဖြစ်ခဲ့ဘူး၊ နောက်တစ်နှစ်မှာ ငါ ဆယ်တန်းပြန်ဖြေတော့ ငါ့နာမည်ကို ငါ့သဘောနဲ့ ငါ ပြောင်းပစ်လိုက်တာပါ၊ သူ့လို နာမည်လှလှလေးမျိုးလေ ...

အဲဒီအချိန်လောက်က နေ့တိုင်း ရက်တိုင်း နာရီတိုင်း ငါ သူ့ကိုမျှော်ခဲ့တယ်၊ သူ လှစ်ခနဲ မမျှော်လင့်ဘဲရောက်လာမလားလို့လေ၊ မုန်းတယ် စိတ်ဆိုးတယ်၊ အဲဒီကြားက မျှော်နေသေးတယ်၊ တဖြည်းဖြည်းနဲ့ ငါ နာကြည်းလာ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဝင်းဝါ၊ စိတ်ဆင်းရဲ နာကျင်ခဲ့ရတဲ့ မိတာ ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ငါ မေ့ပစ်လိုက်ချင်တယ်၊ အဲဒါကြောင့် တာတာဆိုတဲ့ နာမည်ကို ငါ့စိတ်ကူးနဲ့ငါ သတင်းစာထဲထည့်ပြီး တရားဝင် ပြောင်းပစ်လိုက်တယ်...

ဆယ်တန်းဖြေကတည်းက ဒီနာမည်နဲ့ပဲ၊ ဒါကြောင့် တက္ကသိုလ်မှာ နင်နဲ့ငါ စ,သိကြတော့ ငါ ဒီနာမည်နဲ့ပဲ၊ ငါ့ကို မေမေနဲ့ အန်တီက မိတာလို့ နှုတ်ကျိုးပြီးခေါ်ရင်တောင် ငါ မကြိုက်ဘူး၊ 'မိတာ'လို့ ကြားလိုက်တာနဲ့ ရင်တွေနာလာအောင် နောက်ကြောင်းတွေ အသစ်ပြန်ဖြစ်လာသလိုပဲ"

"ဘာပဲဖြစ်ဖြစ် သူ နင့်ကို မှတ်မိရမှာပေါ့"

"သူ ဘယ်လိုမှ မမှတ်မိနိုင်ဘူး၊ မမှတ်မိနိုင်တာ သေချာလို့လည်း ငါ အခု သူ့နားကို ရဲရဲတင်းတင်း ချဉ်းကပ်တာပေါ့"

ဆင်းရွှေနုရဲ့ မျက်ဝန်းအာရုံထဲ လွန်ခဲ့တဲ့ဆယ့်လေးငါးနှစ်ကာလက ညလေးတစ်ညရဲ့ အဖြစ်အပျက်တို့ကို ရုပ်ရှင်ပြကွက်ကဲ့သို့ ပြက်ပြက်ထင်ထင် မြင်ယောင်လာပါသည်။ ကံကြမ္မာဆိုတာမျိုးဟာ ကြိုတင်ခန့်မှန်းနိုင်ဖို့ ခဲယဉ်းလှပါတဲ့အမျိုး။ အဲဒီနေ့က ကားပေါ်မှာ မိတာဆိုတဲ့ တသိမ့်သိမ့် ငိုရှိုက်နေသော ကောင်မလေးတစ်ယောက်ရဲ့နံဘေးမှာ သူမရဲ့အဖေ ထိုင်နေပါသည်။





ကွင်းပြတ်ကိုပတ်ကာသာ မောင်းနေတဲ့ကားပေါ်မှာ မှောင်ရိပ်ထဲ ဘယ်တစ်နေရာကနေ ဘွားခနဲပေါ်လာမလဲ မျှော်လင့်ချက်နှင့် ကောင်ကလေးတစ်ယောက်ကို ရှာနေတဲ့ မိတာသည် အားမလို အားမရနှင့် အရှိုက်ရှိုက် အငင်ငင်ကြားက "သမီး ... အောက်ဆင်းရှာပါရစေ ဖေဖေ"လို့ပင် ပူဆာတောင်းပန်မိပါသည်။ ကားတံခါး ဖွင့်ဖွင့်ဆင်းဖို့ ပြင်နေတဲ့ မိတာကို ဖေဖေက ဆောင့်လည်းဆွဲ နာရင်းလည်းအုပ်။ ကားထဲမှာ ရှုန်းရင်းဆန်ခတ်နှင့်။

အဲဒီအချိန်မှာ ကံဆိုးမိုးမှောင် ကျချိန်တန်တော့ မိတာတို့ကားလေးဟာ ဘရိတ်ပေါက်လာတဲ့ ကုန်ကားကြီးတစ်စီးနှင့် ပြင်းပြင်းထန်ထန် တိုက်ခဲ့မိတာပါ။ ဖေဖေနှင့် ဒရိုင်ဘာဦးမြ ပွဲချင်းပြီး ကွယ်လွန်ကာ ဖေဖေ့တပည့် ကိုဝင်းခိုင်နှင့် မိတာတို့ ဒဏ်ရာပြင်းထန်ခဲ့ကြသည်။ မိတာရဲ့တစ်မျက်နှာလုံး မှန်ကွဲစတွေနှင့် ထိုးစိုက်မိကာ နှာခေါင်းရိုးပါ သွင်သွင်ကျိုးခဲ့ရပါသည်။

"ကားအက်ဆစ်ဒဲန့်ကြောင့် စုတ်ပြတ်ရုပ်ဆိုးသွားတဲ့ ငါ့မျက်နှာကို ပလတ်စတစ်ဆာဂျရီနဲ့ ပြုပြင်ထားတာ ဝင်းဝါ၊ သူ ဘယ်လိုမှ မမှတ်မိနိုင်ဘူး"

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

"ဒါက ဘယ်လိုဖက်ရှင်မျိုးလဲ"

ဂျင်းဘောင်းဘီ ရှပ်အင်္ကျီကွက်လက်ရှည်ပွပွ၊ ခေါင်းပေါ်မှာ jungle hat လို့ခေါ်တဲ့ အနားဖတ်ကားကားနဲ့ ကာကီရောင် ဦးထုပ်ဆောင်းထားသော ဆင်းရွှေနုကိုကြည့်ကာ ဒေါ်နွယ်နွယ်က မေးလိုက်ပါသည်။

"ဒီနေ့ အလုပ်ရှိလို့ပါ မေမေ"

"ဘာအလုပ်မို့လို့လဲ သမီးရဲ့၊ သမီးပုံစံက နေလုံအောင် ကိုယ်ကိုထုပ်ထားသလိုပဲ"

"ဟုတ်တယ် မေမေ၊ ခြံတစ်ခြံ အလုဆင်ဖို့ကိစ္စ သွားရမှာရှိလို့ပါ"

"သမီးက ကိုယ်တိုင်ကိုယ်ကျ လုပ်ရမှာမှ မဟုတ်ဘဲမဟုတ်လား"





"ဟုတ်ကဲ့ ... ဒါပေမဲ့ သမီးလည်း ကိုယ်တိုင်ပါသင့်သလောက်တော့ ပါရမှာမို့လို့ပါ၊ နေပူအရမ်းခံရမှာစိုးလို့ တမင် ဒီလိုဝတ်ထားတာပါ"

ဆင်းရွှေနုက ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ ဒေါ်လေးယဉ်က အုပ်ဆောင်းလာဖွင့်လိုက်ရင်း ...

"သမီး မုန့်ဟင်းခါးရှိတယ်၊ ကောက်ညှင်းပေါင်းလေးပါ ဝယ်လာတယ်"

"ဟုတ်လား အန်တီ၊ ဟေး ... ကောင်းတယ်၊ မုန့်ဖတ် မထည့်တော့ဘူး၊ ကောက်ညှင်းပေါင်းနဲ့ပဲ စားမယ်"

ဒေါ်လေးယဉ်က ဆင်းရွှေနု အတွက် ပန်းကန်သီးသန့် ပြင်သည်။ ပန်းကန်ထဲ ကောက်ညှင်းပေါင်းထည့်ပြီးတော့ မုန့်ဟင်းခါးဟင်းရည်ပူပူကို ထည့်ပေးပါသည်။

"သမီး ... ကိုယ့်ဘာသာကိုယ်လုပ်စမ်း၊ လေးယဉ် နေမကောင်းဘူး"

"ဟင် ... ဟုတ်လား အန်တီ၊ ပေး ပေး ... သမီးဘာသာလုပ်မယ်၊ နေမကောင်းရင် နားနေလေ အန်တီ၊ မနက်က ဈေးသွားသေးတာလား"

"အန်တီ မသွားပါဘူး၊ နွဲ့ကြည် သွားတာပါ၊ အန်တီက ကောက်ညှင်းပေါင်း ရှာဝယ်ကြည့်ဖို့ မှာလိုက်တာ"

ငယ်ငယ်ကတည်းက ဘယ်လိုကဘယ်လို ပေါက်ခေါက်ရှာရှာ တွဲစပ်စားမိတယ် မသိဘဲ ဆင်းရွှေနုက မုန့်ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ခါးအောင်းရည်ကို ကောက်ညှင်းပေါင်းနှင့် စားတတ်သူပင်။ ကောက်ညှင်းပေါင်း မရှိရင်တော့ ရိုးရိုး မုန့်ဟင်းခါးမုန့်ဖတ်နှင့် စားတတ်ပေမယ့် ကောက်ညှင်းပေါင်းများ ရလျှင်တော့ မုန့်ဖတ်ဖယ်ကာ ကောက်ညှင်းပေါင်းနှင့် စားတတ်မြဲ။

"အန်တီဘာဖြစ်လို့လဲဟင်"

"သွေးတိုးတာပါ သမီးရယ်၊ ဘာမှမဖြစ်ပါဘူး"

"လေးယဉ်နော် ... နင်လည်း အစားအသောက် လုံးဝမဆင်ခြင်ဘူး၊ ကိုယ်က သွေးတိုးရှိတဲ့ဟာကို ရသတဏှာတော်တော်တပ်၊ ငါ့ကိုကြည့်စမ်း ... ဟိုးငယ်ငယ်ကတည်းက ကျန်းမာရေးက မကောင်းတော့ မတည့်တာ မစားရတာ ရှောင်ရတာတွေ အများကြီး၊ ငါရှောင်တာပဲ၊ စားချင်စိတ်ဆိုတာကတော့ ဖြစ်တာပေါ့၊ ဒါပေမဲ့ မနေနိုင်လွန်းလို့ စားမိတောင် အာသာပြေရုံပေါ့ဟယ် ...

နင်က စားလိုက်မှဖြင့် တနင့်တပိုး၊ ကောင်းကောင်းကန်းကန်းတွေလည်း မဟုတ်ဘဲနဲ့ ဒီငါးပိ ငါးခြောက်ငံပြာရည်ချက်တွေပဲစားပြီး သွေးတက်နေရတာ တန်တောင်မတန်ဘူး"

ဒေါ်လေးယဉ်က ဒေါ်နွယ်နွယ်ကိုကြည့်ကာ ပြုံးနေရင်း

"ငါ အခု မုန့်ဟင်းခါးတောင် မစားပါဘူးဟယ်"

"အေး ... ထမင်းကြော်လေးပဲစား၊ နွဲ့ကြည် ကြော်ပေးထားတယ် မဟုတ်လား"





"အေးပါ"

"မေမေကလည်း အန်တီ့ကို မဆူပါနဲ့၊ နေမကောင်းနေတာကို၊ အန်တီ သွေးတိုးက ဘယ်လောက်တက်နေတာလဲဟင်"

"အပေါ်သွေး တစ်ရာ့ရှစ်ဆယ်တောင်၊ နည်းတဲ့ပရက်ရှာလား၊ လေးယဉ်ရယ် ... ငါက နင့်ကိုချစ်လို့ ခင်လို့ပြောနေတာ၊ နင်ဟာလေ တစ်ချိန် တစ်ချိန်မှာ မဖြတ်နိုင်တာတစ်ခုခုတော့ စွဲနေရမှ ဆိုတဲ့လူစားမျိုး သိလား"

ဒေါ်လေးယဉ်က ဒေါ်နွယ်နွယ့်စကား မှန်နေ၍ပြုံးနေရပါသည်။ သူ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကျော်က အစွဲကြီးစွဲလမ်းခဲ့တဲ့ နှစ်လုံး သုံးလုံး ချဲထီတွေကြောင့် လူမွဲလူတောင်မပြောင်နိုင်အောင် ဖြစ်ခဲ့ရသည်။ သားရဲ့အဖေရှိစဉ်ကလည်း ဒီအစွဲကြောင့် တကျက်ကျက်။ သူ့အပ်သမျှငွေ တစ်ရက်က နှစ်ရက်မကူးအောင်ကို ဒေါ်လေးယဉ်က အသုံးကြမ်းခဲ့သည်။ ဒီတော့ ယောက်ျားဖြစ်သူက စိတ်တိုစိတ်ညစ်ရတာ အကြောင်းပြပြီး သူ့ပါးအရက်တမြမြ လုပ်လာသည်။ လင်နဲ့မယား တက်ညီလက်ညီဆိုးကြ မိုက်ကြတဲ့အခါ ကြားထဲက မျက်နှာငယ်ချို့တဲ့ရသူမှာ သားဖြစ်သူ မော်ဝန်းညို။

အိမ်ဦးစီးမိဘနှစ်ယောက် ပြိုင်သုံးဖြုန်းတော့ အကြွေးတ နေရာပေါင်းစုံကတင်သည်။ ဆပ်နိုင်တဲ့ အခြေအနေ မရှိတော့ ကြွေးပတ်လည် ဝန်းရံခဲ့ရပါသည်။

ဒီအချိန်မှာ မော်ဝန်းအဖေက ရုတ်တရက် ဦးနှောက်သွေးကြောပေါက်ကာ ကွယ်လွန်ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ အချို့သောအရာတို့ဟာ နောင်မှ ပြန်လည်တွေးတော နောင်တရချိန်မှာ အချိန်နှောင်းလင့်ခဲ့ပြီဖြစ်ကာ ဘာကိုမှ ပြုပြင်မရနိုင်တော့ပါ။ ဘဝကို အစကပြန်လည်တည်ဆောက်ဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ပါ။ ဒေါ်လေးယဉ်သည် အစစအရာရာအတွက် စိတ်မကောင်းခြင်းကြီးစွာ ပြန်လည်တွေးတောငေးငိုင်သွားရပါသည်။

"မေမေကလည်း အန်တီ့ကို မဆူပါနဲ့ဆိုမှ၊ အန်တီက ဟိုတုန်းကလို မကောင်းတာတွေ ဘာမှလုပ်တော့တာမှ မဟုတ်တာ"

"မတည့်တာတွေ မရှောင်နိုင် မဆင်ခြင်နိုင်ဘဲ စားနေတာလည်း ကိုယ့်ကိုယ်ကိုယ် ဖျက်တာပဲလေ၊ ကိုယ့်ကျန်းမာရေး ကိုယ်ဖျက်တာပဲ၊ တန်ဖိုးရှိတဲ့ ခွန်အားဖြစ်တဲ့ အသားငါးကျတော့ မစားဘူး၊ ဒီသွေးတိုးစေတဲ့ အငန်တွေအအီအစိမ့်တွေတော့ ကြိုက်သလား မပြောနဲ့၊ နင် မဖြစ်ဘူး ဆေးခန်းပြရမယ် လေးယဉ်"

"ဟုတ်တယ် အန်တီ၊ ဒီညနေ သမီးပြန်လာရင်အန်တီ့ကို ဆေးခန်းလိုက်ပြမယ်၊ အဆင်သင့် ပြင်ထားနော်"

"အို ... ဆေးခန်းပြဖို့ မလိုပါဘူး၊ ငါ ဆင်ခြင်လိုက်ရင် ပြီးပါတယ် နွယ်နွယ်ရယ်၊ ငါ မစားတော့ပါဘူး၊ ဒီနေ့ ထမင်းကို ဆီလေးပဲ ဆမ်းစားလိုက်မယ်၊ ဆားတောင်မထည့်ဘူး"





"ဒီနေ့ ဘာနဲ့စားစား နင့်သွေးက တက်နင့်နေပြီ၊ နည်းတာမဟုတ်ဘူး၊ ဆေးခန်းပြကိုပြမှ ဖြစ်မှာ"

"ဆေးခန်း တစ်ခါပြရတာ ကြောက်ခမန်းလိလိ ပိုက်ဆံကုန်တာလေ နွယ်နွယ်ရဲ့၊ မပြချင်ပါဘူးဟယ်၊ နင်တို့သားအမိအပေါ် ငါ ဒီလောက်ဒုက္ခပေးရ တော်ပြီပေါ့"

"အို ... အန်တီကလည်း အဲလိုမပြောပါနဲ့"

ဆင်းရွှေနုက ဒေါ်လေးယဉ် လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။ အန်တီ့ကို သူမ ငယ်ငယ်ကတည်းက ချစ်ခင်သည်မှာ ခုထိလည်းချစ်ခင်ဆဲပါပင်။ ဒီခိုင်မြတဲ့သံယောဇဉ်ဟာ "မှော်ဝန်းရဲ့အမေ"ဆိုတဲ့ အချက်မှ မြစ်ဖျားခံ စတင်ဖြစ်ထည်တာပင်။

"သမီးတို့က တစ်ယောက်အပေါ် တစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ မှီခိုအဖော်ပြုနေထိုင်ကြတာပါ၊ ဒါကိုဒုက္ခပေးတယ်မှ မခေါ်တာ အန်တီရယ်"

"အန်တီကသာ မှီရတာပါ သမီးရယ်၊ သမီးနဲ့ နွယ်နွယ်ကသာ အန်တီ့ ကျေးဇူးရှင်သားအမိပါ"

"ဘယ်ဟုတ်ပါ့မလဲ အန်တီရယ်၊ ထမင်းတစ်လုပ်ကတော့ အန်တီ ဘယ်မှာနေနေ ရှာစားနိုင်တာပဲလေ၊ ဒီအိမ်မှာ အန်တီ အတူလာနေတဲ့အတွက် မေမေ့အတွက် ဘယ်လောက်အဖော်ရလဲ၊ ဘယ်လောက်စိတ်ချရလဲ၊ မေမေက အန်တီရှိနေတော့ ငြိမ်းငြိမ်းချမ်းချမ်းလေးနေရပဲ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲထည့်ပေးတဲ့ ပိုက်ဆံနဲ့ တစ်အိမ်လုံး ဂျက်… အောင် စီမံခန့်ခွဲရတာ လွယ်တဲ့ကိစ္စလား …

တခြားလူ အဲလိုစိတ်ချရပါ့မလား၊ သမီးတို့က ဆွေမျိုး… တွေပါပဲ အန်တီ၊ အန်တီ့ကိုလည်း အားကိုးရတာတွေ ရှိ… တယ်၊ အားငယ်တဲ့စကားမျိုး မပြောပါနဲ့ အန်တီရယ်"

"ဟုတ်ပါတယ် လေးယဉ်ရယ်၊ နှင် ငါတို့ကို အားကိုး… တယ်ဆိုတာ ထမင်းတစ်လုတ်အတွက်ပါပဲ၊ ငါတို့ကို အား… မကိုးရလို့လည်း ဘာမှမဖြစ်သွားဘူး၊ ငါတို့ နှင့်ကိုအား… ကိုးရတယ်ဆိုတာက အစစအရာရာပဲ၊ ဒီစကားတွေ မပြော… ပါနဲ့၊ နှင့်တူမလေးက နှင့်ကို ဘယ်လောက်ချစ်တာ နှ… လည်းသိသားနဲ့"

ဒေါ်လေးယဉ်က ဆင်းရွှေနုကို မျက်ရည်အဝိုင်းသား… နှင့် ပြုံး၍ကြည့်ပါသည်။ သူသည်လည်း ဆင်းရွှေနုကလေး… သားနေရာမှာ အစားထိုး၍ သမီးရင်းကလေး တစ်ယောက်… ချစ်ရပေသည်ပဲ။

သား … သား …။ မော်ဝန်း။

အကြောင်းတိုက်ဆိုင် တွေးပေါ်မိတော့ ရင်ထဲ… ဆို့နစ်ကြေကွဲလာပြန်ပါသည်။ ဘယ်အရပ် ဘယ်ဒေသအထိများ… ထွက်သွားခဲ့ပြီး နောက်ကြောင်းလှည့်မကြည့်စတမ်း သံယော… ပြတ်နိုင်လွန်းတာပါလိမ့်။ ဆယ့်လေးနှစ်အတွင်း တစ်ကြိမ်တစ်… မှကို မဆုံစည်းရ။ မတော်တဆကလေးပင် တည့်တည့်မတိုး…





သား ဘယ်ကိုများ ရောက်၍ ဘာများဖြစ်နေပါ…သနည်း။

"ကဲ … နှင် … မော့်ကို သတိရသွားပြန်ပြီ မဟုတ်လား လေးယဉ်"

ဒေါ်လေးယဉ်က ခပ်ကြမ်းကြမ်း ခေါင်းခါယမ်းလိုက်…ပါသည်။

"သတိမရပါဘူး၊ လွမ်းလည်း မလွမ်းဘူး၊ တမ်းလည်း မတ,ဘူး၊ မအေတစ်ယောက်လုံးကိုတောင် အဲသလောက် ထိ သံယောဇဉ်ဖြတ်ပြီး နောက်ကြောင်းလှည့်မကြည့်စတမ်း နေစိမ့်တာ၊ ဒီမအေနဲ့ နေရထိုင်ရ ကြီးပြင်းခဲ့ရတာကို သူက ငရဲလို့ထင်နေတဲ့ ကောင်စားလေ၊ သူဒွေးပဲဖြစ်နေနေ ခွေးပဲဖြစ်နေနေ စိတ်မဝင်စားဘူး၊ မလွမ်းလောက်ပါဘူး အေ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ လေးယဉ်ရဲ့၊ သူ့ခမျာ အဆင်တပြေမှရော ရှိရဲ့လား၊ တာဝန်ရယ်လို့ မယူနိုင်သေးဘဲနဲ့ အမေဆီ ပြန်ခိုကပ်လာတာမျိုး မလုပ်ချင်လို့လည်း ဖြစ်နိုင်တာပဲ လေးယဉ်ရယ်"

"အိုဟယ် … ဖြေသိမ့်ပြောမနေစမ်းပါနဲ့ နွယ်နွယ်ရယ်၊ ဘယ်နနှစ်ရှိနေပြီလဲ ဆယ့်လေးနှစ်ကြာပြီ။ သူအသက်ပဲ သုံးဆယ်ထဲ ရောက်ပြီ၊ သူဒွေးကြီးဖြစ်စရာ မလိုပါဘူး ဒီအရွယ်ယောကျ်ားရင့်မကြီး တစ်ယောက်အနေနဲ့ မအေကို



www.burmeseclassic.com

www.burmeseclassic.com



ထမင်းလေးနှစ်နပ်လောက်မှ ခုထိရှာဖွေကျွေးနိုင်စွမ်းရှိသေးဘူးတဲ့လား၊ အဲသလောက် ဖျင်းညံ့သလား ...

ဒီအချိန်လောက်မှာ သူ စုတ်ပြတ်သတ်တော့ မနေလောက်တော့ပါဘူး နွယ်နွယ်ရယ်၊ ငါ့သားအကြောင်း ငါသိပါတယ်၊ သင်း လူဖျင်းလူညံ့ မဟုတ်ပါဘူး၊ ခုချိန်မှာ သူ့ခြေထောက်ပေါ် သူရပ်နိုင်တဲ့ အခြေအနေတစ်ခုမှာ သူ ရှိကိုရှိနေမှာ အသေအချာပါ၊ မအေကိုရော ဒီလူ ဒီလူတွေကိုရော သူ သံယောဇဉ်ဖြတ်တာပါ၊ ငါစွေးလိုက်ရင် သိပ်ရင်နာတာ"

ဆင်းရွှေနုသည် ကော်ဖီပန်းကန်လေးကို နှုတ်ခမ်းဖတ္တော့ပြီး မသောက်မိဘဲ ငေးငိုင်နေသည်။ အဲဒါကို သိပ်သိချင်တာလေ။ ဆင်းရွှေနု ကိုယ်တိုင် ဒါကို အရှုးအမူး သိချင်တာ။ သူ သံယောဇဉ် တမင်ဖြတ်ပြီး မရှာမဖွေ မဆက်မသွယ် နေနေတာလား။ ပြန်ကိုပတ်သက်ဖို့ လုံးဝစိတ်ကူးထဲ မရှိတာလား။

ဒါကြောင့်လည်း "မော် ... ငါပါ၊ ငါလေ ... အတာလေ"ဆိုတဲ့ စကားမျိုးနဲ့ သူ့ကိုသွားနှုတ်ဆက်ဖို့ တစ်စက်ကလေးမှ စိတ်ကူးထဲမရှိတာ။ အန်တီဒေါ်လေးယဉ်ကတော့ ဘယ်လိုပဲ ရင်နာနာ မိခင်ရင်းဖြစ်တဲ့အတွက် ခုနေများ ဘွားခနဲတွေ့ရင် "သား ... သား"နဲ့ ပြေးမဖက်ဘူး ပြောနိုင်မလား။

ထိုသို့ ဆုံစည်းမှုမျိုးနှင့် သူနဲ့ပြန်မဆုံချင်ပါ။ ကိုယ်က သွားခေါ်လိုက်လို့ မဖြစ်မနေ ပြန်ပတ်သက်ရတဲ့ ပတ်သက်မှု





မျိုးကိုလည်း သူ့ထံက မလိုလားပါ။ ရှောင်နေရတဲ့ကြားက မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရလို့ ရှောင်မရ ပြေးမရ မသင့်တော်လို့ အောင့်သီးအောင့်သက် ပြန်ဆက်ဆံလိုက်ရမယ့် အခြေအနေမျိုးထက်စာရင်တော့ ဆင်းရွှေနုက "ငါဟာ မိတာပဲ"လို့ တစ်သက်လုံး မပြောဘဲ နှုတ်ပိတ် တိတ်ဆိတ်စွာ သူ့ကိုရှောင်ခွာလိုက်ပါတော့မည်။

သို့သော် ...။

ဆင်းရွှေနုက ဒေါ်လေးယဉ်ကို ငေးကြည့်ငိုင်တွေနေမိတာပါ။ မော့်ကို ပြန်တွေ့နေပါလျက်နှင့် အန်တီ့ကိုတောင် အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်လှုပ်ရှားနေတာ မှန်ရော မှန်ကန်ပါရဲ့လား။ သူကအမေ ဟိုကသား၊ ပတ်သက်မှုက သားအမိလေ။ တကယ်တမ်း ကိုယ်နဲ့ ပတ်သက်မှုက ချစ်သူတွေသာ။ ချစ်သူတွေဆိုတာဟာ တကယ်တော့ သူစိမ်းသာပဲ မဟုတ်လား။ ချစ်နေခဲ့လို့သာ ချစ်သူတွေ တော်စပ်ရတာဖြစ်ပြီး တစ်ဦးနဲ့တစ်ဦးရဲ့ ပတ်သက်ပိုင်ဆိုင်မှုက ဘာများရှိတာမို့လဲ။

မမျှော်လင့်ဘဲ ကိုယ်တိုင်ရှာဖွေ တွေ့ရှိထားပြီးဖြစ်ပါလျက် နှုတ်ပိတ် ကျိတ်မြိုထားမိခြင်းအပေါ် ဆင်းရွှေနုက စိတ်မကောင်းသလိုလို ဖြစ်မိပါသည်။ ဒေါ်လေးယဉ် အဖို့ရာကတော့ မော်ဝန်းညိုကို တွေ့စရာအကြောင်း ဘယ်ရှိပါ့မလဲ။ မေမေရော အန်တီရောဟာ အိမ်ထဲကအိမ်ပြင် ဟိုဟိုဒီဒီ ထွက်တဲ့သူတွေမှ မဟုတ်တာ။ မေမေဆို ငယ်ကတည်းက ရင်သားကင်ဆာရောဂါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေ့ကို ဟိုးအရင်ကတော့ အကြိတ်တွေပေါ်လာလိုက် ခွဲထုတ်လိုက်၊ အဲဒီကတစ်ဆင့် Breast cancer ဆိုတာ သိရတော့ ရင်သားကိုလှီးဖြတ်ထုတ်။ နောင်နှစ်အနည်းငယ်ခြားပြီး နောက်တစ်ဖက်ဖြစ်။ နောက်တစ်ကြိမ် ခွဲစိတ်လှီးဖြတ်။

ဟိုးတလောကတော့ သားအိမ်အပြင်မှာ စပျစ်ခိုင်ခေါ်တဲ့ အကြိတ်အလုံး အတွဲလိုက်လေးတွေတွေ့ပြန်၍ ခုဆို သားအိမ်ပါ ထုတ်ပစ်ထားတာ။ ဘယ်ဆိုဘယ်မှ မသွားတဲ့သူ။ အန်တီဒေါ်လေးယဉ်ကမှ နေအိမ်နှင့် မလှမ်းမကမ်းက သားငါးဈေးလေးဆီ ဈေးဝယ်သွားတတ်ပါသေးသည်။ ဒီကလွဲလို့ ဘယ်မှမသွား၊ ဘယ်မှခေါ်မရ။ အိမ်ထဲမှာချည်း နေသူတွေအဖို့ မော်ဝန်းညိုနှင့် မတော်တဆ ဆုံတွေ့စရာ အကြောင်းလည်းမရှိ။

“အင်း ... ဒါပေမဲ့ နောက်တစ်မျိုး တွေးမိပြန်တာက ငါ့သားလေး လူ့လောကကြီးမှာရော အသက်ရှင်လျက်မှ ရှိသေးရဲ့လား ... လို့”

“အို ... လေးယဉ်ရယ် ... ဖွဟဲ့ ... မဦးမချွတ်”

“အို ... အန်တီကလည်း၊ မော် မသေပါဘူး၊ မော်ရှိတယ်၊ အသက်ရှင်လျက် ရှိနေသေးတယ်၊ အဲဒါကို စိတ်ချထားပါ၊ တစ်နေ့တော့ အန်တီ့ရှေ့မှောက်ကို သမီး လက်ဆွဲခေါ်လာပြမှာ”

“အဲသလို အသက်ရှင်လျက် ရှိနေတာတွေ့လို့များတော့ အန်တီ့ဆီ လုံးဝဆွဲခေါ်မလာနဲ့၊ မလာချင်လို့ မလာတဲ့





အကောင်၊ မရှာချင်လို့ မရှာတဲ့အကောင်ကို ဒီကလည်း ခေါ်ပြောလိမ့်မယ် မထင်နဲ့၊ ခေါ်လာလည်း ချာခနဲ ငါက လှည့်ထွက်သွားမှာ ... စိတ်ချ”

ဆင်းရွှေနုက ကော်ဖီကိုမော့ချကာ သွားဖို့ စားပွဲမှ ထလိုက်ပါသည်။

“သမီးလေး ... ညည်းလည်း ဒီကောင်ကို မျှော်လင့်ချက်ထားမနေပါနဲ့အေ၊ မေ့ပစ်လိုက်စမ်းပါ၊ အသက်လည်းကြီးလာပြီ၊ ချစ်သူလေး ဘာလေးရှာပြီး အိမ်ထောင်ပြုဖို့သာ စဉ်းစားတော့၊ သူ့ကို မေ့သင့်တာ ကြာနေပြီ”

ဆင်းရွှေနုက ဒေါ်လေးယဉ်ကို ခပ်ယဲ့ယဲ့သာ ပြုံးပြခဲ့ပါသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ခြံတံခါးဝမှ တီခနဲ ဟွန်းသံနှင့်အတူ မော်ဝန်ညီ ရဲ့ကားနက်ကြီး လှမ်းမြင်လိုက်ရ၍ ဆင်းရွှေနုက ရင်တွေဒိတ်ဒိတ် ခုန်သွားပါသည်။ သူ့အိမ်သစ် ခြံသစ် အလှဆင်လုပ်ငန်း ကိုယ်နေ့တိုင်း မလိုအပ်ပါဘဲ နေ့စဉ်နေ့တိုင်း တစ်နေ့ကုန်လာ သည်မှာ သူနှင့် တွေ့နိုး တွေ့နိုးနှင့်ပင်။

အမှန်က ကိုယ်နဲ့ဆက်စပ်တဲ့ အလှဆင်လုပ် ငန်းတွေကို ကန်ထရိုက်တစ်ဆင့် ပြန်ငှားရမ်းလိုက်ကာ ပြီးတဲ့ အလုပ်ဆင့်အလိုက် ကြီးကြပ်စစ်ဆေးရုံလောက်သာ လာလို့ဖြစ် လျက်နှင့် တစ်နေကုန် အချိန်ဖြုန်းနေတဲ့အတွက် ဝင်းဝါရဲ့ဆဲ ထောပနာကိုလည်း ထာဝရခံယူနေခဲ့ရတာပါ။

“ရွှေနုနော် ... ငါတို့ အဓိကအလုပ်က ဖက်ရှင်ဒီဇိုင်း အလုပ်၊ အဝတ်အထည်ဆိုင်အလုပ်၊ နင်က အဲဒီခြံကိုချည် စက်ကျနေတော့ ငါတစ်ယောက်တည်း အပတ်လည်အောင် လုပ်နေရတာ လွယ်တယ်မှတ်နေလား၊ မူးပြီးသေတော့မယ်”





တကယ်တမ်း ဆင်းရွှေနုနှင့် ဝင်းဝါတို့ဆိုင်ကြီးက အောက်ထပ်မှာ ပိုးထည် ပိုးချိတ်တွေ ပွဲထိုင်ဇာတွေ ရှားပါးပိတ်စ အမျိုးမျိုးတွေနှင့် ဒီဇိုင်နာမိတ် အဝတ်အထည်မှတွေ ရောင်းချကာ အပေါ်ထပ်မှာက အပ်ထည်တွေလက်ခံရာဖြစ်သည်။ မင်္ဂလာဆောင် နှင့် ပွဲလမ်းအမျိုးမျိုးတို့အတွက် ညှပ်ရ ချုပ်ရ ပုတီးပုါသီထိုးရ အလုပ်သမဝန်ထမ်းလေးတွေများစွာနှင့် ကြီးကျယ်အောင်မြင်နေ သော အလုပ်ပါ။

ဝင်းဝါနှင့် ဆင်းရွှေနုက တက္ကသိုလ်မှာ ခင်မင်ကျွမ်း ဝင်ကြပြီး ကျောင်းပြီးတဲ့နောက် နှစ်ယောက်တူတူ ဖက်ရှင်ဆိုင်ရာ ဒီပလိုမာကို ဗန်ကောက်မှာ နှစ်နှစ်ကျောင်းသွားတက်ထားခဲ့ပါ သေးသည်။ ပြန်ရောက်ပြီး ဆိုင်ဖွင့်ကာ လုပ်ငန်းစတင်လည်ပတ် လိုက်သည်နှင့် တစ်ရှိန်ထိုး အောင်မြင်သွားတဲ့ လုပ်ငန်းကြီးပါ။

နှစ်ဦးစလုံးက ပန်းအလှပြင် အိမ်အလှဆင် ဆိုတာ တွေကိုလည်း ဝါသနာတူညီကြကာ ဈေးလာရှူးစမ်းကြရင်းက သူတို့ရဲ့ဖောက်သည် မင်းသမီးတစ်ယောက်နှင့် ခင်မင်ရင်းနှီးလာ ကြအပြီး တစ်ချိန်မှာ မင်းသမီးရဲ့ကွန်ဒိုတိုက်ခန်းအသစ်ကို မေတ္တာ ရှိနှင့် သူတို့နှစ်ဦး အိမ်တွင်းအလှဆင်ပေးလိုက်ရာကစပြီး အိမ် တွင်း ခြံတွင်း Decoration ပိုးက စွဲကပ်သွားတော့တာ။

စာအုပ်တွေဝယ်၊ ဖတ်၊ အင်တာနက်ကတစ်ဆင့် လေ့လာ၊ လေဘာတွေနှင့် ချိတ်ဆက်ပြီး ထိုလုပ်ငန်းကိုပါ ချဲ့ထွင် ခြေချခဲ့ကြပါသည်။ ကပ်လျက်ဆိုင်ခန်းငယ်တစ်ခု ထပ်ဖွင့်လျက်



www.burmeseclassic.com

www.burmeseclassic.com



Floral service တစ်ခုလည်း ဖွင့်လှစ်ပြီး အိမ်ခြံအလှဆင်လုပ်ငန်း အပ်တာတွေကိုပါ လက်ခံဆောင်ရွက်နေခဲ့တာ တစ်နှစ်ခွဲလောက် ရှိခဲ့ပါပြီ။

တစ်ကြိမ်မှ ကိုယ်တိုင် နေ့စဉ်မလိုက်ခဲ့ဘဲ လိုအင် သလောက်သာ ကြီးကြပ်စစ်ဆေးရာက ခုတစ်ကြိမ်တော့ ရွှေနု တစ်ယောက် မော်ဝန်းညို ခြံထဲပဲ အချိန်သွားဖြုန်းနေ၍ ဝင်းဝါ တော်တော် အမြင်ကတ်နေလေပြီ။ ဝင်းဝါကို ရှိခိုးဦးတင် တောင်းပန်ထားရပါသည်။

အတိတ်ဇာတ်လမ်းကို ဖြစ်ကြောင်းကုန်စင် ဇာတ် ကြောင်းလှန်ထား၍ ဝင်းဝါခများလည်း ယတိပြတ်တော့ မတားမြစ် သာ။ ဒီလောက် နေ့တိုင်းလာနေတာတောင်မှ ပထမဆုံးအလုပ်စ ဝင်တဲ့တစ်ရက်ပြီးလျှင် အခုတစ်ရက်သာ မော်ဝန်းညိုနှင့်ဆုံရတာ။ ဘယ်လိုပင်ဖြစ်စေ ဆုံတော့ ဆုံရပြီ။

အိမ်မှာ တစ်နေကုန်ဖြစ်၍ မော်ဝန်းညိုရဲ့မာမီ ဒေါ်တင်လေးဖြူတို့ ဒေါ်တင်လေးဖြူရဲ့လက်စွဲတော် မလဲ့တို့နှင့် ပင် ဆင်းရွှေနု ရင်းနှီးနေပါပြီ။ အခုလို နေ့လယ်ဘက် မော်ဝန်းညို ပြန်လာတာ ဆင်းရွှေနု တစ်ခါမှ မကြုံပါ။ ဘာကြောင့်ပြန်လာ ပါလိမ့်။ သူ့ဟာသူ ဘာကြောင့်ပဲ ပြန်လာလာ မဖြစ်ဖြစ်တဲ့နည်း နှင့် မျက်နှာချင်းဆိုင်ခွင့်ရဖို့ အရေးကြီးသည်။

မော်ဝန်းညိုကားက ပေါ်တီကိုအောက် ရပ်ပြီးသည် နှင့် မော်ဝန်းညိုက အိမ်ပေါ်တန်းတက်သွားပါသည်။ တော်တော်





နှင့်ပေါ်မလာတော့ပါ။ ဆင်းရွှေနု စိတ်ထဲ မရိုးမရွ ဖြစ်လာကာ အလုပ်သမားတွေအနား နေရိပ်တစ်နေရာမှာ ထိုင်နေရာမှ ခြံစည်း ရိုးခြားခတ်မထားသော တစ်ဖက်တိုက်ရှိရာဘက်သို့ မယောင် မလည် ကပ်လာခဲ့သည်။

တိုက်နံဘေးက ဖြတ်လာကတည်းက ခန်းဆီးစဘေး ဆွဲကပ်ထားသော မှန်ပြတင်းရှည်များအတွင်း ဒေါ်စိန်တို့ ဂျပုမ တို့ ပြေးပြေးလွှားလွှား အလုပ်များနေတာ တွေ့လိုက်ရ၍ ဆင်း ရွှေနုက မျက်မှောင်လေးတွန့်တွန့်နှင့် စပ်စပ်စုစုလေးပင် အိမ်ထဲ ဝင်လာခဲ့ပါသည်။ ဒီအိမ်ထဲကိုတော့ သူ အချိန်မရွေး အဝင် အထွက်ပြုကာ ဒေါ်တင်လေးဖြူနှင့်တောင် စကားစမြည်ထိုင်ပြော ဖူးပါသည်။

ထမင်းစားချိန် ဆိုရင်လည်း အမြဲ ကိုယ့်ထမင်းချိုင့် ခြင်းတောင်းလေးနှင့်လာသော ဆင်းရွှေနုကို သူတို့က အိမ်ပေါ်ခေါ် ကာ စားပွဲမှာ အတူတကွ စားစေနေကျ။ သဘောထားကောင်းလှ တဲ့ ဒေါ်တင်လေးဖြူနှင့် ဆင်းရွှေနုတို့ စကားစမြည်တွေလည်း များစွာပြောဖူးခဲ့ပြီးပြီ။

"ဒေါ်စိန်ရေ"

"အော် … သမီး လာလေ၊ ဘာလဲ … ရေဘူးလိုချင်လို့လား"

တစ်ခါတစ်ရံ ရေသန့်ဘူးအေးအေးကလေး လာ တောင်းတတ်တဲ့ ဆင်းရွှေနုကို ဒေါ်စိန်က လှမ်းမေးလိုက်၍ ဆင်းရွှေနုက အကြောင်းပြစရာ မလိုတော့ဘဲ …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဒေါ်စိန် ရေငတ်လို့၊ ကျွန်မဘာသာ ယူ လိုက်ပါ့မယ်၊ ဒေါ်စိန်တို့ အလုပ်များနေသလိုပဲ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ မရှိမသေ ကိုယ့်ဘာသာပဲ ရေခဲ သေတ္တာထဲကယူလိုက်ပါ သမီးရယ် ... နော်"

"ဟုတ်ကဲ့ ... ရပါတယ် ဒေါ်စိန် ... ဘာတွေအလုပ်များ နေလဲဟင်"

"ကိုမျော်ဝန်း နေမကောင်းလို့ပါ"

"ဩော် ... ဟုတ်လား"

ဒေါ်စိန်က ရေခဲခွက်ထဲက ရေခဲတုံးတွေ ဇလုံသန့် သန့်လေးတစ်ခုထဲ မှောက်ထည့်နေရင်း ပြောပါသည်။ ရေခဲတုံး တွေ ကပ်မည့်ပုံမျိုး ထင်ရတာမို့ ...

"အဖျားတက်လို့လားဟင်"

"ခေါင်းကိုက်လို့ပါ"

"ဩော်"

ဘာဆက်ပြောရမှန်းမသိ။ ရေခဲသေတ္တာဖွင့်ရင်း ရေခဲ ရေတစ်ဘူး ထုတ်ယူကာ မယောင်မလည် ဆက်ရပ်နေမိလေသည်။

"ဂျပုမ ... လက်ကိုင်ပဝါ အသန့်လေး ရပြီလား၊ ကြာ လိုက်တာ"

"ဟုတ်ကဲ့ ရပါပြီ ကြီးကြီးစိန်"

"ရော့ ... ရော့ ... သွားပေးလိုက်"





ဂျပုမလေးက ရေခဲဇလုံနှင့် လက်ကိုင်ပဝါခေါက် လေးကိုင်ကာ တသုတ်သုတ်ပြေးသည်။ မလဲ့က ထမင်းစားခန်း ထဲဝင်လာကာ ...

"ဒေါ်စိန်ရေ ... စားစရာလေး တစ်ခုခုတော့ လုပ်မှပဲ၊ သူ ကတော့ ထမင်းလည်းမစားဘူး ဘာမှမစားချင်ဘူး ပြောပေ မယ့် ဆေးတွေ ဘာတွေ သောက်ဖို့လိုရင် ဗိုက်ဖြည့်ရဦး မှာလေ"

"ဘာလုပ်ရမှာလဲ ဟင် ... မလဲ့။ သူ မကြိုက်ရင်လည်း ဆူမှာလည်း ကြောက်ရသေးတယ်"

ဆင်းရွှေနုက သူတို့စကားပြောထဲဝင်ကာ ...

"ခေါင်းတအားကိုက်နေလို့လားဟင်"

"ဟုတ်တယ် ... ကိုမျော်ဝန်းညိုက ခေါင်းတစ်ခြမ်းကိုက် တတ်တယ်၊ ခဏ ခဏပဲ၊ ကိုက်ရင် သူ တော်တော်ခံရ တာ"

"ဩော်"

ဆင်းရွှေနုသည် ဂျပုမ ပြေးသွားရာကို မျှော်ကြည့် လိုက်ရာ အပေါ်ထပ်ကို တက်သွားတာ မဟုတ်ဘဲ ဧည့်ခန်းနံဘေး ... နားနေခန်းတစ်ခုထဲ ဝင်သွားတာဖြစ်၍ ရေဘူးကို ထမင်းစားပွဲ ... လှမ်းတင်လိုက်မိရင်း အဲဒီအခန်းနားဆီ လူကအလိုအလျောက် ...း ကပ်လျှောက်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးက ဟင်းလင်းဟ,ထား၍ ကြီးမားသော ဆိုဖာရှည်သမင်ရောင်ကြီးပေါ် လဲလျောင်းနေသော မှော်ဝန်းညိုကို လှမ်းမြင်နေရပါသည်။ ဆိုဖာကြီးရဲ့အစွန်းမှာပင် ဒေါ်တင်လေးဖြူက ကပ်ထိုင်နေကာ မှော်ဝန်းညိုကို နဖူးလေးစမ်း လက်လေးစမ်းနှင့် ပူပူပင်ပင် ရှိနေသည်။

"ဒေါက်တာကျော်ဇင်ဆီ ဖုန်းဆက်လိုက်မယ်လေ သား ရယ်"

"မဆက်ပါနဲ့တော့ ဆေးသောက်လည်းပဲ အချိန်တန်မှ ပျောက်တာပဲ၊ မသောက်လည်း ခဏမှေးလိုက် နားလိုက်ရင် အချိန်တန် ပျောက်သွားနေကျပဲ၊ သူလည်း လာရတာ အလုပ်ပိုပါတယ်၊ မခေါ်တော့ဘူး မာမိ"

"သားက မခေါ်ဘူး ဆိုပေမယ့် ဒီလို တစ်ခါတစ်ခါကိုက်ရင် သားမှာ ဆိုးဆိုးဝါးဝါး ခံစားရတာ မာမီ မြင်ရတာ စိတ်မချမ်းသာလွန်းလို့ပါ"

"အရမ်းမဆိုးပါဘူး မာမီ၊ နေသာပါတယ်၊ ရပါတယ်"

"မဟုတ်တာ ... ဒီလောက် မျက်နှာကပျက်နေတာ၊ သား တော်တော်ကိုက်နေတာ မာမီ သိတယ်၊ အန်ကောအန်ချင် သေးလား သားရယ်"

"နည်းနည်းပါ မာမီ၊ မာမီ စိတ်သက်သက်သာသာနေပါ ဖြစ်နေကျပဲဟာ"





သူ့ခေါင်းသူ လက်နှစ်ဖက်နှင့် ဆုပ်ညှစ်နှိပ်နယ်နေသော မှော်ဝန်းညိုကို တံခါးဝမှာရပ်၍ ဆင်းရွှေနုက ငေးကြည့်နေမိပါသည်။ မှော်ဝန်းညိုက ဂျပုမလေး ယူလာသော လက်ကိုင်ပဝါနှင့် ရေခဲတုံးအချို့ကိုထုပ်ကာ သူ့နားထင်ချိုစောင်းတစ်ဖက်ကို ရေခဲဝတ်ကပ်နေပါသည်။

"အနယ်လ်ဂျက်စစ်လေး တစ်ခုခုတော့ သောက်ရအောင် အစားလေးတစ်ခုခု ဗိုက်ဖြည့်လိုက်ပါလား သားရယ်"

"နေပစေ မာမိ ... မစားချင်ဘူး"

"ခေါက်ဆွဲပြုတ်လေးရော၊ ပူတင်းဘူးလေး ရှိတယ်လေ၊ ဒါမှမဟုတ် အသီးလေးတစ်ခုခု စားလိုက်မလား"

ဆင်းရွှေနုသည် နှုတ်မှလွှတ်ခနဲ ...

"ကွေကာအုပ်လေး သောက်လိုက်ပါလား"

မမျှော်လင့်ဘဲ ထွက်လာတဲ့ ဆင်းရွှေနု အသံကြောင့် ဒေါ်တင်လေးဖြူက လှည့်ကြည့်လိုက်သလို မှော်ဝန်းညိုလည်း အံ့သြသွားသလို ခေါင်းကိုမတ်ကာ ငဲ့ကြည့်သည်။ ငဲ့ကြည့်သည်နှင့် တစ်ပြိုင်နက်လိုလိုပင် ဆိုဖာလက်ရန်းပေါ် ခေါင်းတင်မှီလှဲနေတဲ့ မှော်ဝန်းက တံတောင်ဆစ်ထောက်ကာ သူ့ဘာသာ ထူထလိုက်ရင်း ဆင်းရွှေနုကို ခပ်စူးစူး လှမ်းကြည့်လိုက်ပါသည်။

ရုတ်တရက်တော့ လန့်သွားသလိုရှိရာက ဆင်းရွှေနုက မျက်လွှာချပစ်လိုက်မိသည်။ လက်ဖျားကလေးပင် ဖြန်းခနဲ အေးသွားသလိုပင်။ ဒီပါးစပ်။ မထိန်းနိုင်ဘဲ လွှတ်ခနဲ ထွက်သွားမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးငယ်ငယ်ကတည်းက မော်ဝန်းက ကွေကာအုပ် ကိုကြိုက်ပါသည်။ ဒါကို ဆင်းရွှေနု ကောင်းကောင်းသိထားတာပေါ့။ ရေနွေးနှင့် ပျစ်ပျစ်ဖျော်သောက်တာမျိုးကိုပင်မက တစ်ခါတစ်ရံ သွားရင်းလာရင်း ဗိုက်ဆာတယ်ဆိုရင်တောင် လမ်းနံဘေး မုန့်ရောင်းတဲ့စတိုးဆိုင်မျိုးလေးကနေ ဆင်းရွှေနုတို့ကျန်တဲ့သူငယ်ချင်းတွေတို့က ဆင်းဒဝစ်ချ်လိုမျိုး ပူတင်းပေါင်မုန့်လိုမျိုး အာလူးကြော် ငါးမုန့်ကြော်လိုမျိုး နောက်ဆုံး ဘာမှမလွယ်ကူရင် ငှက်ပျောသီးလိုမျိုးသာ ဝယ်စားဖြစ်လိုက်မည်။

သူက ကွေကာအုပ် အထုပ်ကလေးကို ဝယ်ကာ အထုပ်ဖောက် ပါးစပ်ထဲကို ဒီအတိုင်း ခေါင်းမော့လောင်းထည့်ပစ်ကာ မက်မက်မောမော ဝါးစားပစ်လိုက်ပြီး ရေကိုသောက်ချလိုက်တတ်တဲ့သူမျိုးပါ။

"သားက ကွေကာအုပ် မကြိုက်ဘူး သမီးရဲ့"

ဒေါ်တင်လေးဖြူက ပြောသည်။

"သြော် ... ဟုတ်လား"

ဆင်းရွှေနုက မော်ဝန်းနှင့် မျက်နှာချင်းဆိုင်ကာ ခေါင်းတညိတ်ညိတ် ရေရွတ်လိုက်ပါသည်။ အဟင်း ဟင်း။ ကွေကာအုပ် မကြိုက်ဘူးဆိုပဲ။ ဆင်းရွှေနု မျက်နှာပေါ်၌ ဘယ်လိုအရိပ်အကဲ ပေါ်နေမည် မသိပါ။

မော်ဝန်းညိုက ဆင်းရွှေနုကို စိုက်ကြည့်နေရာမှ —





"ရှားရှားဖွေဖွေ ခင်ဗျားက ကွေကာအုပ်လို့ ဘာဖြစ်လို့ အကြံပြုရတာလဲ"

"သြော် ... ကွေကာအုပ်ဆိုတာ ရှားရှားဖွေဖွေ အစားအစာမျိုးတော့ မဟုတ်ပါဘူးရှင်၊ ဒီလိုပဲ အဆာပြေဖြစ်ဖြစ် ခွန်အားဖြစ်ဖို့ပဲဖြစ်ဖြစ် လူမမာ နလန်ထဖြစ်ဖြစ် ဘရိတ်ဖတ်စ်အနေနဲ့ပဲဖြစ်ဖြစ် လူအတော်များများ စားလေ့ရှိကြတာမျိုးမို့လို့လေ"

"ခင်ဗျားက ကွေကာအုပ်ကြိုက်တာလား"

"ဟင့်အင်း၊ အရမ်းကို မကြိုက်တာ၊ လူမမာစော်နံလို့"

"ဒါဖြင့် ကိုယ်မကြိုက်တဲ့ အစာတစ်မျိုးကို သူများကို အကြံပေး တိုက်တွန်းဖို့ ခေါင်းထဲဘာဖြစ်လို့ သတိရတာလဲ"

ဆင်းရွှေနုက ပြုံးလိုက်ရင်း ...

"ဒီလိုပဲ သတိရလိုက်တာပါ၊ ကျွန်မ သူငယ်ချင်းတစ်ယောက်က ကွေကာအုပ် အလွန်ကြိုက်လို့လေ"

ဆင်းရွှေနုက ဘာရယ်မဟုတ်၊ သူ အနေရခက်လျှင် ...ပ်နေကျ လက်နှစ်ဖက်ရဲ့ လက်ချောင်းထိပ်ကလေးများကို ခပ် ...ွေးကွေး ထိဆက်ချည် ခွာချည်လုပ်နေမိလိုက်သည်။ အဲဒီလက်ချောင်းလေးများကို မော်ဝန်းညိုက တစ်ခဏ စိုက်ကြည့်နေမိပါသည်။ နှစ်ခါရှိပြီ။ တစ်ကြိမ်က ရုံးအောက်ထပ် လော့ဘီမှာ ...ကျော်လှနှင့် သူမ စကားထိုင်ပြောနေပုံကို သူ စီစီတီဗီကင်မရာကတစ်ဆင့် မော်နီတာက ကြည့်နေမိတုန်းက။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းထိပ်ကလေးတွေ ထိဆက်လိုက် ခွာလိုက်။ မော်ဝန်းညိုက ဆင်းရွှေနုကို ခြေဆုံးခေါင်းဖျား ကြည့်သည်။ သူ့မျက်ခုံးများကိုလည်း နီးကပ်စွာ မျက်မှောင်ကုတ်ထားမိသည်။

"ခင်ဗျားနာမည် ရွှေ ... ဟို ..."

"ဆင်းရွှေနုပါ ... ဦးမော်ဝန်းညိုရယ်၊ ခုလောက်ရှိရင်တော့ မှတ်ထားမိသင့်လောက်ပါပြီ။ ရှင့်ခြံထဲ အလုပ်ဆင်းနေတာလည်း နှစ်ပတ်လောက် ရှိပါပြီ၊ အန်တီတို့တောင် ကျွန်မနာမည် ကောင်းကောင်းမှတ်မိနေပါပြီ"

"ကျွန်တော်နဲ့က သိပ်တွေ့ဖြစ်တာမှ မဟုတ်တာ"

"ဒါပေမဲ့ ရှင်က ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပဲမဟုတ်လား"

"ခင်ဗျား ဘယ်လိုပြောနိုင်လဲ၊ ကောင်းချင်မှ ကောင်းမှာပေါ့"

"စီးပွားရေးလုပ်ငန်းတွေ ဒီလောက်အောင်မြင်နေတာ ဉာဏ်ပြေးလို့ပေါ့ရှင့်"

"ခင်ဗျား ဝင်းဝါအောင်ဆီမှာ အလုပ်လုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ကျောင်းပြီးကတည်းကပါပဲရှင်၊ ကျွန်မတို့ ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေပါ"

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"





ဆင်းရွှေနုက ထိတ်ခနဲ တစ်ချက်ဖြစ်သွားရပါသည်။ စူးစိုက်စေ့စေ့ကြည့်နေတဲ့ မော်ဝန်းညို မျက်လုံးစိမ်းများကို ပြန်သည်စူးစိုက်ကြည့်မိသည်။ တစ်စုံတစ်ရာကို သံသယဝင်မိလို့များ မေးလေသလားမော်။ ဒေါ်တင်လေးဖြူကတော့ သူ့သားရဲ့မေးခွန်းတွေကို နားမလည်သလို စိတ်ဝင်တစားသာ နားစွင့်နေပါသည်။

"ဝင်းဝါနဲ့ အတူတူပါပဲ၊ တစ်နှစ်တည်း ဆယ်တန်းအောင်တာပါ"

တစ်ဝက်မှန် တစ်ဝက်မှား။ ဆယ်တန်းတစ်နှစ်တည်း အောင်ကြပေမယ့် အမှန်က ဆင်းရွှေနုက ဒုတိယတစ်နှစ်မှ ဖြေဖြစ်တာမို့ ဝင်းဝါထက် တစ်နှစ်ကြီးတာပါ။ မော်ဝန်းညိုက ခေါင်းတစ်ချက် မသိမသာ မှုတ်ထုတ်လိုက်ပါသည်။ ဒါဖြင့် ဒီမိန်းကလေး သူ့ထက်လည်း တစ်နှစ်ငယ်လိမ့်မှာပေါ့လို့ တွေးမိသည်။

သူ့ရဲ့စိတ်တွင် ဆင်းရွှေနုဆိုတဲ့ မိန်းကလေးဟာ တစ်မျိုးထူးခြားနေကာ ဘာကထူးခြားနေတယ်တော့ သူ မပြောတတ်ပါ။ သူ့ကိုကြည့်တဲ့အကြည့် ပြောတဲ့စကားတွေက အငွေ့အသက်တစ်ခု ပါနေသလိုထင်သည်။ ကားနဲ့ဝင်တိုးတုန်းက တဲကဲဆတ် ဆက်ဆံမှု။ ဆေးကုစရိတ်ပိုက်ဆံ မရမနေ ဖွတ်လိုက်တောင်းတဲ့ပုံစံ၊ အခု သူ့ကို အလုပ်ခေါ်အပ်ထားတဲ့ အလုပ်ရှင်တစ်ယောက်ဖြစ်နေပါလျက် ရိုကျိုးနေရာပေးမှု အရေးထားမှု လျော့ရဲနေတဲ့ ဆက်ဆံပုံ ဆက်ဆံနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျား အခု ဒီကို ဘာအတွက်လာတာလဲ၊ တစ်ခုခု ပြောစရာရှိလို့လား မဆင်းရွှေနု"

"ကျွန်မ ရေဘူးလာယူတာပါ၊ ဒါပေမဲ့ ဦးမော်ဝန်းညို ခေါင်းကိုက်လာလို့ဆိုပြီး အိမ်သားတွေ ပျာယာခတ်နေတော့ ဘယ်လိုများနေလဲ လာကြည့်မိတာပါ၊ အကြံလေး တစ်ခုလည်း ပေးချင်လို့ပါ၊ ကျွန်မက ဆရာဝန်တော့မဟုတ်ဘူးပေါ့လေ၊ ဒါပေမဲ့ ခေါင်းတစ်ခြမ်းကိုက်တတ်တဲ့သူမို့ပါ၊ ကော်ဖီနဲ့ မက်ဆီလွန် တွဲသောက်လိုက်ရင် ခေါင်းတစ်ခြမ်းကိုက်တာ ခပ်မြန်မြန် သက်သာသွားတတ်ပါတယ်၊ ကျွန်မ လုပ်နေကျပါ၊ ကိုယ်တွေ့ပါ၊ ကျွန်မလည်းမကြာမကြာ ကိုက်တတ်ပါတယ်"

"သားက ငယ်ငယ်က ခေါင်းကို ထိခိုက်ခံရဖူးတယ်၊ အဲဒါကြောင့် မကြာ မကြာ ခုလိုပဲ ခေါင်းတစ်ခြမ်းကိုက်တယ် သမီးရယ်"

"သြော် ... ဘာနဲ့ထိခိုက်မိဖူးတာလဲဟင်"

"ငယ်တုန်းက ဒီလိုပဲ မတော်တဆ ထိမိတာပေါ့ဗျာ ခင်ဗျားပြောတာ ... ဘာ ! ... ကော်ဖီနဲ့ မက်ဆီလွန်ဟုတ်လား"

"ဟုတ်ကဲ့ ..."

"သောက်ကြည့်လိုက်မယ်၊ တစ်ဆိတ်လောက် မလှဲ့ကိုပြောပေးပါ၊ ဆေးသေတ္တာ မလှဲ့သိပါတယ်၊ ယူခဲ့ပေးဖို့ပြောပေးပါ"





ပြောပြီး မော်ဝန်းညိုက ဆိုဖာလက်ရန်းပေါ် ခေါင်းတင်ကာ ပြန်လှဲချလိုက်ပါသည်။ ခေါင်းထဲက ပိုတောင်ကိုက်လာသလိုပင်။ လောလောဆယ် အတွေးတချို့ ရှုပ်ထွေးကာ အာရုံနောက်ကျိသွားတာကြောင့် ဖြစ်မည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"နင့်ကို တစ်ခုပြောပြရဦးမယ်"

"နင့်ကိုလည်း ငါ တစ်ခုပြောမလို့ ... ဟီး"

"ကဲ ... ပြော၊ နင် အရင်ပြော ရွှေနု"

"ဒီတစ်ခေါက် ငါတို့ ဗန်ကောက်ကို ပစ္စည်းအဝယ်ထွက်ရင် ငါ မလိုက်လို့ရမလားလို့ဟာ၊ ငါမလိုက်ချင်လို့"

ဝင်းဝါက ဆင်းရွှေနုကို မျက်စောင်းလေးရွယ်ရင်း —

"နင်တော့ ဒုက္ခပဲ၊ အလုပ်ပျက် အကိုင်ပျက် ဖြစ်နေပြီနော် ရွှေနု၊ ဒီကိစ္စက နင့်ရဲ့အတိတ်ဒဏ်ရာလို ဖြစ်နေတာ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ဒီလောက်ထိ ကိုယ့်ရဲ့ နိစ္စဓူဝ ကိစ္စတွေကို ပျက်ကွက်ထိခိုက်လာဖို့လိုလား ရွှေနု၊ ငါ ကိုယ်ချင်းမစာလို့ ပြောနေတာ မဟုတ်ပါဘူး ...

ခုဆိုရင်ပဲ နင် ဟိုက ခြံအလှပြင်တဲ့ဆီ နေ့တိုင်း သွားနေတယ်၊ ဒီဘက်က အလုပ်တွေ အရမ်းပျက်ကွက်တယ်၊ အဲလောက် အပျက်ကွက်ခံသလောက် နင်အကို





ဖြစ်ထွန်းသလားဆိုတော့ မဖြစ်ထွန်းဘူး၊ ကိုမော်ဝန်းနဲ့လည်း နင် အမြဲတွေ့ခွင့်ရတာ မဟုတ်ဘူး၊ ဘယ်တော့ တွေ့ခွင့်ရမလဲ ရမလဲနဲ့ နင့်အချိန်တွေကို နေ့တိုင်းသုံးပစ်နေတာ၊ သူနဲ့တွေ့ရတာက နှစ်ခါပဲရှိသေးတာ မဟုတ်လား"

"ဟုတ်ပါတယ်ဟာ"

"ငါနဲ့ နင် ဗန်ကောက်သွားနေကျ၊ ဒီတစ်ခါလည်းသွားမှာ ၄ ရက်တည်း၊ အဲဒီ ၄ ရက်စလုံး နင် ကိုမော်ဝန်းကို နေ့တိုင်းတွေ့ခွင့်ရမှာ သေချာတယ်ဆိုရင် နင်မလိုက်နဲ့ ဖြစ်တယ်၊ အခုက နင်မလိုက်ခဲ့တာကလွဲရင် သူနဲ့နင်နဲ့ တွေ့ကြရမှာလည်း မဟုတ်ဘူး"

"ဒါတော့ ဘယ်ပြောနိုင်မလဲဟာ၊ တစ်ရက်တလေတွေ့ရင်လည်း တွေ့ရနိုင်တာပေါ့၊ ကုသိုလ်ကံက ရှိသေးတာပဲ"

"ကုသိုလ်ကံက ကုသိုလ်ကံပဲ၊ အဲဒီကံက ကောင်းဦးမှ၊ နင့်အတွက် မျက်နှာသာပေးဦးမှ၊ အဲဒီ ကိုမော်ဝန်းကိုရော နင် ဘယ်လိုထင်နေလဲ၊ မိန်းမတွေနဲ့ သိပ်ကင်းကင်းနေတယ်ဆိုတာ နင် မကြားဘူးလား၊ ငါတောင် အခုကြားရပြီးပြီ၊ သူ့ခြံထဲ အလှဆင်တဲ့ကိစ္စ လာကြီးကြပ်ပေးနေတယ်လို့ သူသိထားတဲ့ မိန်းမတစ်ယောက်ကို အရေးလုပ်မယ် အရောဝင်မယ်လို့ နင် ထင်နေလား၊ နင် အခု လုပ်နေတာ အချိန်ဖြုန်းတာသက်သက်၊ အပိုလုပ်တာ သက်သက်ပဲဖြစ်နေတယ်"

"အပိုတော့ မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာနေသော ဆင်းရွှေနုကိုကြည့်ကာ ဝင်းဝါက သက်ပြင်းလေးတစ်ချက် ချလိုက်မိပါသည်။ ပွင့်ပွင့်လင်းလင်း မပြောလို့တော့ မဖြစ်တော့ပါ။

"ရွှေနု ... ငါ ပြောစရာရှိတယ် ဆိုတာကို မပြောရသေးဘူးလေ"

"အေး ... ဟုတ်သားပဲ ... ပြော ... ဘာလဲဟင်"

"နင် ဘယ်လိုမှတော့ မဖြစ်နဲ့၊ ငါကတော့ နင့်ကို အမှန်အတိုင်းပဲ ပြောပြဖို့ တာဝန်ရှိတယ်"

ဆင်းရွှေနု မျက်ဝန်းလေးများက အရောင်တစ်မျိုးပြောင်းကာ ဝင်းဝါကို ခပ်ငေးငေး စိုက်ကြည့်နေပါသည်။

"ကိုမှော်ဝန်းက မနေ့က အိမ်ကိုလာလည်တယ်"

"ဟင်"

"မလာခင် သူက ငါ့ဆီဖုန်းဆက်တယ်၊ အိမ်မှာရှိလားအားလား၊ လာလည်မလို့တဲ့"

"........."

"ဒီတော့ ငါက အားပါတယ်၊ လာလည်ပါလို့ ပြောလိုက်ရတာပေါ့၊ အဲဒါကိုလည်းသိရော မေမေရော မမလင်းရောက သူတို့အထင် သူတို့အတွေးနဲ့သူတို့ တစ်စုံတစ်ရာကိုမှတ်ချက်ချလိုက်ကြတယ်"

ဆင်းရွှေနုက မျက်တောင်လေး တဖျပ်ဖျပ်ခတ်ကာ...





"သူ ... သူက ... သူ့အမေ အိမ်ထောင်ချဖို့ သူ့ကိုစီစဉ်ဆုံတွေ့ပေးနေတဲ့ မိန်းကလေးတွေထဲက နင့်ကို ... နင့်ကိုများ သဘောကျတဲ့ သဘောလားဟင် ဝင်းဝါ"

"မေမေတို့က အခု နင်ပြောသလိုပဲ ပြောကြတာလေ"

"........."

ဆင်းရွှေနုမှာ ရင်ထဲ နင့်ခနဲ မွန်းပိတ်သွားရပါသည်။

"သူ ... သူ ... တကယ်လာတာလား"

"အင်း ... တကယ်လာတယ်၊ သူနဲ့ငါ စကားပြောဖြစ်ကြတယ်၊ နင် သိပ်စိတ်မလှုပ်ရှားပါနဲ့၊ သူက ငါ့ကို စိတ်ဝင်စားတဲ့ အရိပ်အယောင်ပါတဲ့စကားမျိုး မပြောပါဘူး ရွှေနု၊ ရိုးရိုးပဲ မိတ်ဆွေသူငယ်ချင်းဖွဲ့သလို စကားမျိုးတွေသာ ပြောတာပါ၊ သူ့မှာ မိန်းကလေး အပေါင်းသင်း မိတ်ဆွေရယ်လို့ မရှိဘူးလို့လည်း ပြောပြတယ် သူ့ခြံထဲမှာလုပ်နေတဲ့ လုပ်ငန်းတွေကိုလည်း သူကြိုက်တယ် သဘောကျတယ်လို့ ပြောတယ်၊ ပြီးတော့ ..."

"ပြီးတော့ ဘာတဲ့လဲဟင်"

"ပြီးတော့ ပြောတယ်၊ နင့်ကို ... ဆင်းရွှေနုကို ကြီးကြပ်ဖို့လို့ သဘောမျိုးနဲ့ တစ်နေကုန် လွှတ်ထားတာ အလကားပဲတဲ့၊ သူ အလုပ်လည်း မရှိဘူး၊ အလကား ထိုင်နေရတာတဲ့၊ နင့်ကို အဲဒီလွှတ်ထားတာ တခြားနေရာမှာ သုံးလို့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ လုပ်အားတွေ ဆုံးရှုံးတယ်၊ လိုလည်း မလိုအပ်ဘူး အဲဒါကြောင့် နင့်ကို အဲဒီကို လွှတ်မထားပါနဲ့တဲ့၊ စစ်ဆေးဖို့ လိုအပ်ရင်တောင် တစ်နေ့ တစ်ကြိမ်လောက် ခဏလာကြည့်ရင် လုံလောက်ပြီတဲ့"

"ဘာ"

ဆင်းရွှေနုသည် ရင်ထဲအောင့်ကာ ဝမ်းလည်းနည်းဒေါသလည်း ထွက်သွားရပါသည်။ သူက ဒီလိုပြောသတဲ့လား။ ကြီးကြီးကျယ်ကျယ် စီးစီးပိုးပိုး။ ဆင်းရွှေနု လာလာနေတာ မလိုလားတဲ့သဘော မျက်စိနောက်တဲ့ သဘောလား။

"အဲဒါ နင့်ကို ပြောပြတာ"

"ဘာလဲ ...၊ ငါ့ကို အဲဒီခြံမသွားနဲ့တော့လို့ နင် အခုပြောနေတာလား"

"ငါက သူပြောတာကို ပြန်ပြောပြတာ၊ သူ ပြောတာလည်း ဟုတ်နေတယ်၊ တစ်နေ့ တစ်နေ့ နင်ထိုင်နေရတာ၊ ဘာမှ လုပ်ရတာ မဟုတ်ဘူး၊ သက်သက်မဲ့ လာနေတယ်ဆိုတာ ပေါ်လွင်ရင် နင်လည်း သိက္ခာကျစရာဖြစ်သလို သူလည်း ဘာကြောင့်လဲလို့ တွေးစရာဖြစ်လာမှာပဲလေ ရွှေနု၊ ဘာအကြောင်းရှိလဲလို့ သူ တကယ်လည်း စဉ်းစားနေပုံပဲ"

ဆင်းရွှေနုက အသက်ရှူသံလေး မြန်လာကာ ဝင်းဝါကိုလည်း စေ့စေ့လေး အကဲခတ် ကြည့်ရှုပါသည်။

"နင် ငါ့ကို သူ့ခြံမသွားစေချင်တာလား ဝင်းဝါ"





"ငါက အစကတည်းကကို ပြောပြီးသား၊ ဘာသွားလုပ်မှာလဲ တွေ့ရတာလည်း မဟုတ်ဘဲနဲ့ဆိုတာ၊ အခု နင်ဒီဘက်အလုပ်တွေလည်း လစ်ဟင်းတယ်၊ ပြီးတော့ ခုနောက်ဆုံး သူကပါ နင်လာနေတာ အပိုပဲ၊ လွှတ်မနေနဲ့လို့ ပြောပြီဆိုတော့ နင်မသွားတော့ရင် ကောင်းတယ်လို့ပဲ ငါ ထင်တာပဲ"

"ဝင်းဝါ ... သူ့မွေးစားအမေက သူ့ကို အိမ်ထောင်ချဖို့ စဉ်းစားလာတယ်၊ အသိုင်းအဝိုင်းထဲက ကောင်းကောင်းမွန်မွန် မိန်းမပျိုကလေးတွေနဲ့ မိတ်ဆက်တယ်၊ ပွဲထုတ်တယ်ဆိုတဲ့ အခြေအနေမှာ သူက နင့်ကို အခုရင်းနှီးဖို့ စ,လာတယ်၊ နင်တို့အိမ်မှာဆိုရင် ညီအစ်မနှစ်ယောက်တောင် ရှိတဲ့ကြားက နင့်ကိုမှ သူကရွေးပြီး ဖုန်းဆက်တယ်၊ လာလည်မယ် ခွင့်တောင်းတယ်၊ ဒါတွေဟာ နင့်ကို သူ စိတ်ဝင်စားမှုရှိလို့ပဲလို့ နင် သဘောထားပြီးတော့ နင်လည်းပဲ ပြန်လည်တုံ့ပြန် လက်သင့်ခံချင်ချင်ဖြစ်လာလို့ ငါ့ကို အဲဒီအိမ် သူ့အနား မသွားစေချင်တော့တာမဟုတ်လား"

မျက်ရည်ပြည့်လျှမ်းလာသော မျက်ဝန်းနှင့် ကတုန်ကယင် နိုင်လှတဲ့ ဆင်းရွှေနုရဲ့စကားသံတို့ကြောင့် ဝင်းဝါက ပါးစပ်ကလေး အဟောင်းသားဟာပြီး ဆင်းရွှေနုကို ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ရဲ့ ဟိုးအတိတ်က ဇာတ်လမ်းဟောင်းပါလို့ အစအဆုံး ဖွင့်ပြောထားပြီးတာတောင်မှ နင် မှော်ကို စိတ်ဝင်စားလာတယ် ... ဟုတ်လား၊ နင် ကြိုက်လာတာလား”

“ရွှေနု”

ဝင်းဝါက စိတ်ပျက်သံနှင့် ခေါ်လိုက်ပြီး ဟက်ခနဲ လုပ်ရယ်ကာ ခေါင်းလေးကို အသာအယာ တညိတ်ညိတ်လုပ်နေပါသည်။

“ရွှေနု ... ငါကလေ ပထမတော့ နင် သူ့ကို စိတ်နာကြည်းနေတယ်လို့ ထင်နေတာ၊ အခုတော့ နင်က သူ့ကို စိတ်နာနေတာမှ မဟုတ်တာ၊ လက်စသတ်တော့ နင် သူ့ကို ချစ်နေတာပဲ၊ နင် သူ့ကို သိပ်ချစ်နေသေးတာပဲ”

“အဲဒါ ဟုတ်ရင်ကော ဘာဖြစ်သေးလဲ၊ ငါ စိတ်နာနေသည်ဖြစ်စေ၊ ငါ သူ့ကိုချစ်နေသည်ဖြစ်စေ နင့်အတွက် ထူးခြားမှု ဘာရှိလဲ၊ နင် ဘာဖြစ်လို့ ငါ သူ့ဆီမသွားအောင် တားချင်နေတာလဲ”

“ရွှေနု ... ငါက နင့်ကို တားနေတာ မဟုတ်ဘူး၊ သူက တားခိုင်းတာကို ပြောပြနေတာ၊ နင် ဘာဖြစ်လို့ ငါ့ကို အထင်လွဲရတာလဲ”

“နင် သူ့ကို ကြိုက်လာပြီလား”

“ကျွတ် ... ပြောလေ ဆိုးလေပါလား ရွှေနု၊ တကယ်လို့များ ငါက သူ့ကို ကြိုက်လာမိတယ်ဆိုရင်လည်း ငါအပြစ် မရှိဘူးလို့ ထင်တယ်နော်၊ နင် ငါ့ကို ဒီလိုလေသံနဲ့ မေးဖို့မသင့်ပါဘူး၊ ငါ့အမေ သူ့အမေ နှစ်ယောက်ကြားမှာ ရည်ရွယ်မှုတစ်ခု ရှိကြတယ်၊ အဲဒီ ရည်ရွယ်မှုကို ငါကပဲ လက်ခံခံ သူကပဲလက်ခံခံ ဘယ်သူမှ အပြစ်မရှိဘူးဆိုတာ နင် နားလည်ထားသင့်တယ် ...

ငါ တစ်ခွန်းပဲပြောမယ်၊ ငါ သူ့ကိုမကြိုက်သေးဘူး၊ နင်လည်း ငါ့ကို စွပ်စွဲမလာနဲ့၊ နင် ခုလိုအဓိပ္ပာယ်မရှိတာ လုပ်နေမှာထက်စာရင် ကိုမှော်ဝန်းရှေ့မှာ ကျွန်မက မိတာပဲဆိုပြီး တစ်ခွန်းတည်း ဖွင့်ပြောလိုက်တာက ပိုအကျိုးရှိတယ်၊ ခုလို လုပ်နေတာ နင်သိက္ခာကျတယ်၊ သူတားတဲ့ကြားက နင် ဆက်သွားနေရင် နင်သိက္ခာကျတယ်၊ ဒါကို နင် တွေးနိုင်စေချင်တယ်”

“ငါမှ ငါဟာ မိတာပါလို့ သူ့ကို မပြောနိုင်သေးတာ”

“ဘာဖြစ်လို့လဲ”

“ငါ့ကို ပစ်ပြေးပြီး ကိုယ်လွတ်ရုန်းထွက်သွားပြီး တခြားတစ်နေရာမှာ တင့်တယ်ကောင်းစားနေတဲ့ အခြေအနေရှိရက်နဲ့ သူ့အမေကိုလည်း မရှာဖွေ၊ ငါ့ကိုလည်း မရှာဖွေ၊ နောက်ကြောင်း အတိတ်ဆိုတာ မရှိခဲ့ဖူးတဲ့သူလို ဘဝမေ့ပြီး ဟိတ်ကြီးဟန်ကြီး လုပ်နေတဲ့သူကို ငါနည်းနည်းကလေးတော့ စိတ်ဒုက္ခပေးချင်တယ်”

“ဟင့်အင်း ... မဟုတ်ပါဘူး၊ နင် သူ့ကို စိတ်ဒုက္ခပေးချင်တာ မဟုတ်ပါဘူး၊ သူ့နားမှာ နေချင်နေတာ၊ နင့်စိတ်ထဲမှာ ကိုမှော်ဝန်းဟာ မိတာ ဆိုတဲ့ မိန်းကလေးကိုပဲ







www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားတယ်၊ ဒါကြောင့် မိတာ ဆိုတာကို နင် အသိခေ ရဲဘူး ဖြစ်နေတာ ဟုတ်တယ်မဟုတ်လား၊ နင်ပြောရခက် နေတာဆိုရင် ငါပြောပေးမယ်၊ ငါပြောပေးလို့ ရတယ်"

"ဝင်းဝါ"

ဆင်းရွှေနုသည် ရင်ကလေး နိမ့်ချည်မြင့်ချည်ဖြစ် အောင် ခံစားချက်တွေ လှိုင်းထန်လာပါသည်။ မော်ဝန်းညိုအပေါ် နာကျင်မှုကလည်း ဆထက်ထမ်းပိုး တိုးလာသည်။ ခုနေ မော် ဝန်းညိုနှင့် ဝင်းဝါ တစ်ဦးနဲ့တစ်ဦး အဆင်ပြေ ပေါင်းဖက်သွားမှာ မျိုးကိုလည်း နည်းနည်းကလေးမှ လက်ခံကြည်ဖြူနိုင်ဖို့ မရှိပါ။

"နင့်ကို ငါ ဘာမှမပြောတော့ဘူး၊ သူ့ကိုပဲပြောမယ်"

"ဘာပြောမှာလဲ"

"ငါ့ကို ဘာကိစ္စ လာခွင့်မပြုရတာလဲလို့၊ သူက ငါတစ်ခေ ကုန် လာနေစရာ မလိုဘူးလေး ဘာလေး ပြောရအောင် ငါက သူ့ကို ဘာများနှောင့်ယှက်နေမိလို့လဲ၊ သက်သေ ရင့်သီးတင်စီးတယ်၊ သိပ်မုန်းဖို့ကောင်းတယ်၊ သူကများ ငါ့အချစ်မေတ္တာတွေကို အလွဲသုံးစားလုပ်သွားတဲ့သူကများ ဟင်း ဟင်း ဟင်း ... တွေ့ကြသေးတာပေါ့ မော်ဝန်းညို ရယ်"

ဝင်းဝါက ဆင်းရွှေနုကို ဘာမှမပြောလိုတော့ပုံနှင့် သာ ငြိမ်သက်ငေးကြည့်နေလိုက်သည်။

❖ ✤ ❖





"ဆရာ"

"ပြော ... ကိုကျော်လု ... ဘာသိရသလဲ"

"သူ့နာမည်က ဆင်းရွှေနု၊ အမေတစ်ယောက်နဲ့ အဒေါ်တစ် ယောက်နဲ့ နေပါတယ်၊ Rose garden မှာလည်း အလုပ် လုပ်တာ မှန်တယ်၊ နှစ်ခုကွဲလွဲနေတာက တချို့ကပြော တော့ ဒီ Rose garden ရဲ့ပိုင်ရှင်က ဆင်းရွှေနုလို့လည်း ပြောကြတယ်"

"ဟင် ... ဒါကတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်ဗျာ။ ဝင်းဝါအောင်ရဲ့အမေက ဒါ သူ့သမီးပိုင်တဲ့ဆိုင် မဟုတ် ဘဲနဲ့ သူ့သမီးရဲ့ဆိုင်လို့ ပြောပါ့မလား၊ လူကြီးတန်မယ့် လိမ်ညာပါ့မလား၊ မဖြစ်နိုင်ပါဘူး"

"တစ်ခုရှိပါတယ် ဆရာ၊ သူတို့နှစ်ယောက် စပ်တူပိုင်ဆိုင် ကြတာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ ဆင်းရွှေနုရဲ့အိမ်က '......'မြို့နယ်ထဲမှာ ခြံနဲ့ ဝင်းနဲ့ အိမ်ကြီးအိမ်ကောင်း ၁စ် လုံးပါ၊ ဆင်းရွှေနုက အနုညာတတစ်ယောက်တော့ မဟုတ် နိုင်တာ သေချာပါတယ်၊ ပိုဆိုးတာက သူ့ကိုကြည့်လိုက် ရင် ဘယ်တစ်ကွက်ကမှ သူများဝန်ထမ်းပုံ ပေါက်မနေပါ ဘူး၊ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နဲ့ ဟန်ပန်မူရာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်စီးကချည်းပါပဲ၊ အခြောက်တိုက် ဘဝင်မြင့်နေတဲ့
မျိုးကလည်း ပေါက်နေသေးတယ်”

“ဒါဆို သူက ဘာသဘောလဲ”

“ဘာသဘောမှ မဟုတ်ဘဲ မဝင်းဝါအောင်က ဖက်ရှင်ဆိုင်
ကိုဦးစီး၊ သူက အိမ်ခြံအလှဆင်တဲ့ဘက် ဦးစီးတာကော
မဖြစ်နိုင်ဘူးလား ဆရာ”

“အဲသလိုဖြစ်နိုင်ရင်တောင် သူက ဘာအကြောင်းကြောင့်
ကျွန်တော့်ကို သူက ဝန်ထမ်းအလုပ်သမားပါလို့ ပြောထား
အသိပေးထားရတာလဲ”

ကိုကျော်လှက နှုတ်ပိတ်သွားကာ နဖူးကြောရှုံ့ပြီး
စဉ်းစားခန်း ဝင်နေပါသည်။

“ဘယ်လိုထင်လဲ”

“မရိုးသားတဲ့ အကြံအစည် တစ်ခုခု ရှိရင်ရှိ ... ဒါမှမဟုတ်”

“ဒါမှမဟုတ် ... !”

“ဟိုလေ ဆရာ ... ဆရာက သူဌေးလူပျိုဆိုတော့ မိန်းက
လေးတွေဟာ ဆရာ့ကို ချဉ်းကပ်ချင်တဲ့ စိတ်ဝင်တစားရှိ
ကြတဲ့ သဘောလေးတွေ ရှိကြပါတယ်၊ အရင်ကလည်း
လုပ်ငန်းသဘောအရ ဆက်စပ်ဆက်ဆံရတဲ့ အမျိုးသမီး
အတော်များများက ကျွန်တော်နဲ့ပြီးလိုက်လို့ရတဲ့ အလုပ်
ကိစ္စတချို့အတွက်တောင် ဆရာ့ကိုတွေ့ဖို့ ကြိုးစားခဲ့တဲ့
သာဓကလေးတွေလည်း ရှိခဲ့ဖူးတာဆိုတော့ ...”





“ဆိုတော့ ... ! !”

“ဆိုတော့ ... သူလည်းပဲ အဲဒီသဘောလေးများ ပါနေမ
လားလို့ပါ၊ တခြား မရိုးသားသော အကြံအစည်ဆိုတာ
ဖြစ်နိုင်ချေ နည်းပါတယ်၊ အဲဒါပဲ ဖြစ်ဖို့များတယ်လို့
ကျွန်တော်တော့ ယူဆပါတယ်၊ ဆရာနဲ့ တွေ့ဆုံရင်းနှီးခွင့်
ရဖို့ ဖန်တီးမှုလို့ ထင်ပါတယ်”

ကိုကျော်လှကပြောရင်း မော်ဝန်းညိုကိုလည်း ခိုး၍
အကဲခတ်ရပါသေးသည်၊ မိန်းမကိစ္စနှင့်ပတ်သက်ပြီး စကားပြော
လျှင် မကြိုက်တတ်တာ၊ စီးပွားဖက် အပေါင်းအသင်းချင်းပင်
အစအနောက်မခံတာ ကိုကျော်လှ အတွေ့အကြုံရှိပြီးမို့ပင်။ မော်
ဝန်းညို မျက်နှာက သူ့စကားအပေါ် အလေးအနက် စဉ်းစားနေ
တဲ့ မျက်နှာခပ်တည်တည်ကိုသာ မြင်ရ၍ ရှေ့ဆက်ပြောရဲကာ ...

“မိန်းမတွေရဲ့သဘောက ကာလီကမာ ဇာတ်လမ်းထွင်တတ်
တဲ့ သဘောလေးတွေ ရှိတတ်ပါတယ် ဆရာ၊ ဘာမဟုတ်
တာလေးကို ရိုးရိုးတည့်တည့် ပြောတာထက် twist လေး
နဲ့ပြောချင်တတ်တာမျိုးပါ၊ ဆရာက သူဌေးမင်းတစ်ယောက်
ဖြစ်နေတော့ ပိုက်ဆံရှိတဲ့ မိန်းမမျိုးကိုမှ မက်နေစရာ
အကြောင်းမရှိပါဘူး၊ အဲဒီအခါမှာ သူ့ကိုယ်သူ မပြည့်စုံ
တဲ့သူ၊ ရုန်းကန်ရပ်တည်ရတဲ့မိန်းမသား၊ ကားနဲ့တိုးမိတာ
တောင် ဆေးကုစရိတ် မတတ်နိုင်တဲ့သူလိုပုံစံမျိုးလေးဖမ်း
ပြီး တနည်းတဖုံ ဆရာ့ကရုဏာကို ချူချလို့များရမလား
ဆိုတဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ခင်ဗျား တော်တော်တွေးတတ်တဲ့သူပဲ ကိုကျော်လှ"

ကိုကျော်လှသည် တကယ်ချီးကျူးတာလား၊ ရွဲ့ပြောတာလား မရေရာ၍ လိုက်မရယ်ရဲပေ။ ပြုံးတုံ့တုံ့ အီလည်လည်မျက်နှာနှင့် ကိုယ်ကိုလှုပ်ယမ်းကာ အနေရခက်နေမိပါသည်။

"ကျွန်တော် အဲသလို လုံးဝထည့်မတွေးမိတာ အမှန်ပဲ။ ဒီမိန်းမဟာ တစ်ခုခုတော့ တစ်ခုခုပဲလို့ အလိုအလျောက် ကျွန်တော့်စိတ်ထဲမှာ သံသယဖြစ်နေတာ၊ သူ့ကိုမြင်လိုက်တိုင်း ဘာမှန်းမသိတဲ့ စနိုးစနောင့်မှု ခံစားချက်တစ်ခုအမြဲဖြစ်ရတယ်၊ စိတ်အနှောင့်အယှက် ဖြစ်တယ်ပေါ့ဗျာ ... သူ့ကို ကျွန်တော် အရင်က လုံးဝမသိခဲ့ဖူးတာ သေချာရက်နဲ့တောင်မှ တစ်နေ့ရာရာမှာ တစ်ချိန်ချိန်က သိခဲ့ဖူးသလိုလို ဇဝေဇဝါ ဖြစ်ဖြစ်လာတတ်တယ်၊ ဟုတ်တယ် ခင်ဗျားပြောတာ အများကြီး ဖြစ်နိုင်ချေရှိပါတယ်၊ ကျွန်တော်ကလည်း ကျွန်တော့်အပေါ် မျှော်လင့်ချက်တစ်ခုခုနဲ့ ချဉ်းကပ်လာရင် သိပ်မုန်းတာ၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် လှည့်စားပြီး ဆက်ဆံတတ်တဲ့သူတွေကို ကျွန်တော် အထင်မကြီးဘူး၊ ကျွန်တော့်ကို လိုအပ်တာထက် ပိုအရောဝင်လာရင်တော့ ပိုတောင် အထင်သေးသွားတတ်သေးတယ် ..."





ခင်ဗျားကိုတော့ တော်တော် ချီးမွမ်းလိုက်ပြီဗျာ၊ အသေးစိတ်စိတ်လေး ချောင်ကြိုချောင်ကြားနှိုက်ပြီး ခင်ဗျားတွေးနိုင်တာ လူတော်ပဲ"

"အဟဲဟဲ ... ဆရာ၊ ဒါ ကျွန်တော့်အတွေး ဆိုတာထက် ဝန်ခံရရင် ကျွန်တော့်အမျိုးသမီးရဲ့ အတွေးအခေါ်ပါ"

"ဩော်"

"သူက ဆေးစစ်စရိတ်စကတွေ လာတောင်းတဲ့အကြောင်း ကျွန်တော့်ဆီက ကြားကတည်းက အစောကြီးကတည်းက ကျွန်တော့်ကို ဒီလိုမှတ်ချက်ပေးထားတာပါခင်ဗျ"

"ဩော် ... ဒီလိုလား၊ ဒီလိုဆိုရင် ခင်ဗျားအမျိုးသမီးက တော်တယ်၊ ခင်ဗျားကတော့ ညံ့တယ်"

"ခင်ဗျာ"

"ကိုယ် အိမ်ရဲ့ပြင်ပ အလုပ်ခွင်ထဲ ကြုံရဆုံရသမျှတွေ ချေးရောသေးရော တစ်လုံးမကျန် မိန်းမကို ပြန်ပြန်ပြောတတ်ပုံပဲ၊ အဲဒီအကျင့်တော့ ခင်ဗျား ပြင်လိုက်ဦး၊ ဒီကိစ္စက သိပ်အရေးမကြီးပေမယ့် နောင်အရေးကြီးတဲ့ကိစ္စတွေ မိန်းမကို ပြန်ပြန်မပြောမိပါစေနဲ့"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါ"

ကိုကျော်လှ မျက်နှာကောင်းမရဘဲ ခေါင်းကြီးငုံ့ကာ ကတိပေးရပါသည်။

"တိ ... တိ ... တိ တိ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်လှက ဖုန်းသံကြောင့် ထွက်ပေါက်ရသွားသလို ဖုန်းကိုဖွင့်လိုက်သည်။

"ဟယ်လို"

"ဆရာရေ ... လော့ဘီမှာ ညေ့်သည်တစ်ယောက် စောင့်နေပါတယ်"

"ဘယ်သူလဲ ကိုစိုး"

"အမျိုးသမီးတစ်ယောက်ပါ၊ မဆင်းရွှေနု ဆိုလားတဲ့"

"ဗျာ ... ဘာတဲ့လဲ"

"သူက သူဌေးကိုတွေ့ခွင့်တောင်းပြီး ဖုန်းဆက်ခိုင်းတာပါ၊ ကျွန်တော်က သူဌေးကရော ဆရာကပါ မှာမထားတော့ အပွိုင့်မဲင့်မရှိဘဲ တွေ့လို့မဖြစ်နိုင်ပါဘူးလို့၊ သူဌေးလည်း မရှိပါဘူးလို့ ပြောပါတယ်၊ သူက သူဌေးရဲ့ကားရော ကိုကျော်လှကားရော သူတွေ့ပါတယ်တဲ့၊ သူဌေးနဲ့တွေ့လို့ မဖြစ်နိုင်သေးရင် ကိုကျော်လှကို အရင်ခေါ်ပေးပါတဲ့၊ သူ ပြောစရာရှိလို့တဲ့၊ ဘာကိစ္စလဲ မှာခဲ့ပါဆိုတော့လည်း မပြောပါဘူး ဆရာ၊ ပုံစံကတော့ သန့်သန့်ပြန့်ပြန့်ပါပဲ"

"ကျွန်တော်လည်း အလုပ်မအားဘူးလို့ ပြောလိုက်ရောပေါ့ ဗျာ ... ခင်ဗျားကလည်း"

"ပြောပါတယ် ဆရာ၊ သူက ဆရာ့ဖုန်းနံပါတ်လည်း သူ သိပါတယ်တဲ့၊ ဦးမော်ဝန်းညိုနဲ့တွေ့ချင်တဲ့ကိစ္စမို့လို့ ဆရာ့





ဆီ တစ်ဆင့်ဆက်မနေတော့တာပါတဲ့၊ အကျိုးအကြောင်းကို ကျွန်တော့်ကိုတော့ မပြောနိုင်ဘူးတဲ့၊ သူဌေးနဲ့မတွေ့ရရင်တော့ တွေ့လို့ရအောင် ဆရာ့ကိုဆိုရင်တော့ သူပြောမယ်တဲ့၊ ဖုန်းဆက်မပြောဘူး၊ ဆရာ့အိမ်ကိုပဲ လိုက်ပြီး ပြောရတော့မယ်တဲ့"

"ကျွတ် ... ဒီမိန်းမတော့ ပြဿနာပဲ၊ ကဲ ... ကဲ ... စောင့်ခိုင်းထားဗျာ၊ လာခဲ့မယ်လို့"

ကိုကျော်လှက အတော်ဒေါကန်သွားပါသည်။ သူ့ဆိုပါ အိမ်လိုက်ပြောမယ်လို့ ခြိမ်းခြောက်လိုက်သေး။ အလုပ်များသူကာ အလုပ်ချိန်ရယ်လို့ အတိအကျမရှိဘဲ ရောက်ချင်တဲ့အချိန်မှ ပြန်ရောက်တတ်သော ကိုကျော်လှကို နဂိုကမှ စကားနာထိုးထိုးခပ်ရစ်ရစ်ဖြစ်တဲ့ အိမ်ကဇနီးချောကိုသွားပြီး အတွေ့မခံဘူး ဘာဘူး သွားပြောနေရင်ဖြင့် အာပေါက်အောင်ရှင်းရ တိုင်ပတ်ရချည်ရဲ့။ ဒ်သယများလှတဲ့ မိန်းမကလည်း ယုံချင်မှယုံကာ သကော်ကောင်းတွေ စစ်ဆေးနေဦးမှာ။

"ဘယ်သူလာတာလဲ ကိုကျော်လှ"

"အသက်သေခဲဦးမယ့် ဟိုအမျိုးသမီးပါ ဆရာ"

မော်ဝန်းညို မျက်နှာက သွားစေ့ထားတဲ့ရုပ်နှင့် ဆေးရိုးတင်းသွားပါသည်။ မျက်နှာကြော တစ်ဆိတ်မှာတင်းလှတဲ့ သူဌေးဟာ သူ့မာမီ နားချဖျောင်းဖျလို့ အခုတစ်လပိုင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ မျက်နှာကြောနည်းနည်းလျော့၍ ရုံးတွင်းလူတွေ အသက်ရှူချောင် နေသာထိုင်သာ ရှိကြရတာ။ ဒီမိန်းမကြောင့်တော့ ပြဿနာပါပဲ။

မော်ဝန်းညိုက လော့ဘီထဲ ရိုက်ထားသော စီစီတီဗီ ကင်မရာမြင်ကွင်းကို ဆွဲယူကြည့်လိုက်သည်။ ကိုကျော်လှကပါ ခေါင်းငိုက်၍ လှမ်းကြည့်သည်။ အောင်မယ် ... ဝင်တောင်မထိုင်ဘဲ လက်ကိုပိုက်ပြီး ခပ်တည်တည်ရပ်နေတာ။

"ခေါ်လိုက်ပါ ကိုကျော်လှ၊ ခင်ဗျားပါ ရှိနေပါ၊ ကိုစိုးဆီ ဖုန်းပြန်ဆက်လိုက်"

"ဟုတ်ကဲ့"

ကိုကျော်လှက အောက်ထပ်က လုံခြုံရေးစုံစမ်းရေး ကောင်တာက ကိုစိုးကို ဖုန်းလှမ်းခေါ်ကာ သူဌေးအခန်းဆီလိုက်ပို့ဖို့ ပြောလိုက်ပါသည်။ ကိုစိုး သူမကိုသွားခေါ်တာ၊ ခတ်လှေကားဆီ လျှောက်လာတာတွေ မော်နီတာမှတစ်ဆင့် မြင်နေရပါသည်။ မကြာခင် သူ့အခန်းတံခါးခေါက်သံ ထွက်လာ၍ ကိုကျော်လှ ကိုယ်တိုင်ပင် တံခါးသွားဖွင့်လိုက်ပါသည်။

ဆင်းရွှေနှသည် ဝင်ဝင်လာချင်းပင် သူ့စားပွဲကြီးရဲ့ နောက်မှာ ဆုံလည်ခုံကိုမှီ၍ လက်စုံပိုက်ကာ စတိုင်ကျကျ ခပ်တင်းတင်းပုံစံနှင့်ထိုင်ရင်း လှမ်းကြည့်နေသော မော်ဝန်းညိုကို မျက်လုံးချင်းဆိုင်ကြည့်ကာ ဝင်လာပြီး မော်ဝန်းညိုနှင့်စားပွဲခြား





သော မျက်နှာချင်းဆိုင်က ကိုကျော်လှပင် အခါခပ်သိမ်းမပြောမဆို ဝင်မထိုင်ရဲသောခုံကိုဆွဲကာ ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်ရင်း ခေါင်းတစ်ချက်ယမ်း၍ ဝဲလာတဲ့ဆံပင်တွေ နောက်ဘက်ပို့လိုက်ပါသည်။

"ကျွန်မ လိုရင်းပဲ ပြောပါမယ်"

မော်ဝန်းညိုက စိုက်သာကြည့်နေသည်။ သူမရဲ့ လုပ်ပုံကိုင်ပုံတွေက ပိုင်စိုးပိုင်နင်း ခပ်ရင့်ရင့်တွေချည်းပင်။ ဒီယောကျ်ားတစ်ယောက်ကို ရင်းနှီးခင်မင်ခွင့်လေးများ ရလိုရငြားရယ်လို့ အရောဝင်ဖို့ ချဉ်းကပ်တဲ့ မိန်းမတစ်ယောက်ဆိုရင်လည်း ဲဝ မျက်နှာထိ မျက်နှာထားက ထိပ်တိုက်ရင်ဆိုင်လိုက်မည်ဆိုတဲ့ ခ်ိန်ခေါ်သလို မျက်နှာထားမျိုး ဖြစ်နေမှာ မဟုတ်ဘူးပေါ့။ မဟုတ်သင့်ဘူးပေါ့။

မင်းက ဘာလဲ ... ဆင်းရွှေနှ။

မင်းက ဘယ်သူလဲ။

"ရှင့်ခြံထဲက အလုပ်ခွင်ကို ကျွန်မကို မလွှတ်နဲ့ဆိုတာက ဘာသဘောလဲရှင့်"

ကိုကျော်လှသည် ဆံပင်မွေးတွေထောင် ခေါင်းကြီးသွားကာ ...

"ဒီမှာ မဆင်းရွှေနှ၊ ခင်ဗျား ဘယ်သူနဲ့စကားပြောနေတာလဲ ဆိုတာရော ခင်ဗျားသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲနေပါ့မလား၊ မော်ဝန်းညိုနဲ့ ပြောနေတာလေ"

"ခင် ... ခင်ဗျား ... ခင်ဗျားတော့"

သူ့ရှေ့ကို "ကို"မတပ်၊ "ဦး"မတပ်၊ မော်ဝန်းညိုလို့ ခေါ်ချလိုက်ရဲ့တဲ့ အမျိုးသမီးကို ကိုကျော်လှ အံ့သြစိတ်ပျက်လှစွာ ထိုင်နေရာကတောင် ဆွဲထူတွန်းလွှတ်ချင်သလို ဖြစ်လာပါသည်။ မော်ဝန်းညိုကိုကြည့်လိုက်၊ ဆင်းရွှေနုကိုကြည့်လိုက်နှင့် ကြားက ဘာဝင်လုပ်ပေးရမလဲ မသိအောင် စိတ်ရှုပ်ထွေးလာသည်။ မော်ဝန်းညိုကတော့ ငြိမ်သက်လျက်။

"ကျွန်မမေးတာ ဖြေပါ၊ ရှင်က ဘာအတွက်နဲ့ ကျွန်မကို ရှင့်ခြံထဲမလာနဲ့လေး ဘာလေး ပြောရတာလဲ၊ ရှင့်ခြံထဲမှာ ကျွန်မက မဟုတ်တာ ဘာများလုပ်မိလို့လဲ၊ အလုပ်ကိစ္စနဲ့ လာနေတာကို ရှင်က ကျွန်မအလုပ်ရှင်ဆီသွားပြီး ကျွန်မကိုမလွှတ်နဲ့ ဘာညာပြောလိုက်တာက ကျွန်မကို သိက္ခာချတာ စော်ကားတာ ထမင်းအိုးခွဲတာ သက်သက်ပဲ"

"မဆင်းရွှေနု"

"ကိုကျော်လှ ... နေပါစေ၊ သူပြောတာတွေ နားထောင်ရအောင်ဗျာ"

မော်ဝန်းညို စကားကြောင့် ကိုကျော်လှက နှုတ်ပိတ်သွားပါသည်။

"ဆက်ပြောပါဦး"





"ဘာကို ဆက်ပြောရမှာလဲ၊ ရှင်တော်တော် အကြောကြီးနဲ့ ဖနေတတ် ပြောတတ်လား ... ဟုတ်လား၊ ချီးကျူးစရာကြီးနော်၊ ဒီလောက်တောင် မိုးပျံအောင် ချမ်းသာပြီး ကိန်းကြီးခန်းကြီး နေတတ်အောင်၊ မိန်းကလေးတစ်ယောက်ကိုပါ ခြံအလုပ်သမားဆိုပြီး လာခွင့်မပြု မောင်းထုတ်ရဲတဲ့ အပြုအမူမျိုးတွေ ဘယ်ကများ သင်ယူခဲ့ပါလိမ့် ...

ရှင် ကျွန်မကို အလုပ်လာမဆင်းနဲ့ ပြောရအောင် ကျွန်မဘက်က ဘာပျက်ကွက်လဲ၊ အခု ရှင့်ခြံကိုကြည့်စမ်း ဘယ်လောက်လှထားသလဲ၊ ကျွန်မတို့ အလုပ်လက်ခံဖူးသမျှထဲမှာ ဂရုအစိုက်ဆုံးနဲ့ သေချာလှပသာယာအောင် ကြိုးစားပမ်းစား ဖန်တီးပေးတယ်၊ ရှင်မို့လို့၊ ရှင် တခြားမှာ အပ်ရင် ဒီဈေးနှုန်းနဲ့ ဒီအနေအထားတွေ ရမယ်ထင်သလား"

"ဒီဈေးနှုန်း ဒီအနေအထားရတာ မင်းနဲ့ ဘာဆိုင်လို့လဲ၊ မင်းဝင်အမှတ်ယူစရာ မလိုပါဘူး၊ ပိုင်ရှင်ဖြစ်တဲ့ ဝင်းဝါအောင်က ငါ့ကိုမို့လို့ ဒီလိုလုပ်ပေးတာပေါ့၊ မင်းကအလုပ်သမားတစ်ယောက်ပဲ၊ ဘာတွေလာပြောနေတာလဲ၊ ခုလောလောဆယ် ငါ ခဏအားနေတာရယ်၊ မင်းကို ငါ သေချာအကဲခတ်ချင်နေတာရှိလို့ရယ် ငါ ထိုင်နားထောင်နေတာ၊ မင်းပြောချင်တာပြောပြီးရင်တော့ ပြန်တော့၊ ပြောတာလည်း လိုရင်းတိုရှင်းပဲ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပြန်လို့ ရမလား"

"ကဲ … ဒါဖြင့် မင်းလိုချင်နေတာ ဘာလဲ"

"ရှင် ကျွန်မကို အလုပ်ခွင်ထဲ မလာစေနဲ့ မလွှတ်နဲ့ဆိုတဲ့ စကားကို အခုပြန်ရုပ်သိမ်းပေးပါ"

"ဟ … မင်းက ဘာမို့လို့လဲ၊ ငါ့ခြံထဲ ငါလာစေချင်တဲ့ သူကိုလာစေ၊ မလာစေချင်တဲ့သူကို မလာစေဆိုတာ ငါ့ သဘောလေ"

"ရှင်က မလာခိုင်းတော့ ကျွန်မအလုပ်ရှင်က ကျွန်မကို ဘယ်လိုထင်မလဲ"

"ဘယ်လိုထင်ထင် မင်းမှာ ပြဿနာမရှိလောက်ပါဘူး။ မင်း အလုပ်ရှင်ဆိုပေမယ့် တက္ကသိုလ်က ကျောင်းနေဖက် အရင်းနှီးဆုံးသူငယ်ချင်းပဲ မဟုတ်လား"

ဆင်းရွှေနုက တစ်ချက်တုံ့ခနဲ ဖြစ်သွားရပါသည်။

"ဒီကိစ္စအတွက်တော့ မင်း အလုပ်လည်းမပြုတ်ဘူး၊ ထမင်း အိုးလည်း မကွဲဘူးဆိုတာ မင်းဘာသာမင်း သေသေချာချာ သိထားပြီးသားပါ၊ ဒါကြောင့် ထမင်းအိုးခွဲတာလားဆိုတဲ့ စကား ထည့်ပြောတာ အပိုဖြစ်နေတယ်၊ နောက်တစ်ခုက မင်းသိက္ခာထိခိုက် မထိခိုက်၊ ဝင်းဝါအောင်ကို မင်းကို ခြံထဲလွှတ်ထားစရာ မလိုဘူးလို့ ပြောတဲ့အခါမှာ မလိုအပ် လို့သာ မလိုအပ်ကြောင်း ပြောတာကလွဲရင် မင်းမှာအပြစ် တစ်ခုခုရှိကြောင်းလည်း မပြောဘူး၊ မကြိုက်တာ မနှစ်သက် တာ ရှိတယ်လို့လည်း မပြောဘူး၊ မင်းဘာအကြံအစည် ဘာအမှားမှ မကျူးလွန်တာ မင်းကိုယ်မင်း သေချာရင် ဘာမှ သိက္ခာထိခိုက်မသွားဘူးဆိုတာ မင်းအသိဆုံးပဲ၊ မင်း က ဘာကို ဘယ်လိုတွေးလို့ သိက္ခာကျတယ် သိက္ခာထိ ခိုက်တယ် ယူဆသလဲ ဆိုတာတော့ ငါ အတော်စဉ်းစား ရဦးမယ်"





ဆင်းရွှေနုသည် တင်းမာသော မော်ဝန်းညို စကား သံကြောင့် ဝမ်းနည်းဒေါသနှင့် ဆတ်ဆတ်တုန်လာသလို ခံစား ရပါသည်။ ခုချိန်မှာ ဆင်းရွှေနုရဲ့ရုပ်ရည်နှင့် ကိုယ်ဘယ်သူဆိုတဲ့ အနေအထားဟာ မော်ဝန်းညိုထံမှာ သူစိမ်းသက်သက် ဖြစ်နေတယ် ဆိုတာကို နားလည်တာကသတ်သတ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း များစွာကတည်းက နုနုငယ်ငယ် အရွယ်ကလေးတွေကတည်း က တစ်ယောက်ကိုတစ်ယောက် မြတ်နိုးချစ်ခင် တွယ်တာခဲ့ကြတဲ့ သူဆိုတဲ့ ကိုယ့်အသိထဲက ခံစားချက်က သတ်သတ်။

ဒီခံစားချက် နှစ်မျိုးအကြားမှာ လူက နာကျင်ကြေကွဲ လှသည်။

"ကဲ … မင်း ဘာပြောစရာရှိသေးလဲ"

"ကျွန်မ စဉ်းစားနေတယ်၊ ရှင် ဘာဖြစ်လို့ ဒီလောက် မောက်မာသလဲ ဆိုတာပေါ့"

မော်ဝန်းညို နှုတ်ခမ်းများက တင်းတင်းစေ့သွားပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဆင်းရွှေနု၊ ကဲ ... နောက်တစ်မျိုးပြောမယ်၊ မင်းဟာ ဒီ Rose garden ဆိုတဲ့ဆိုင်မှာ ဝန်ထမ်းမဟုတ်ဘူး ထင်ပါတယ်၊ ငါ တခြားက ကြားရတာကတော့ မင်းနဲ့ ဝင်းဝါအောင်ဟာ စပ်တူပိုင်ရှင်တွေများလားလို့၊ ဒါကိုနားကွယ်ပြီး ဒီလိုခြံအလုပြင်တဲ့ လုပ်ငန်းမျိုးထဲ မလိုအပ်ဘဲ အပင်ပန်းခံပြီး တစ်နေကုန် လာနေနေတာကို ငါ့အတွေး ထဲမှာ သဘောမတွေ့ဘူး၊ မရိုးသားဘူးလို့ ထင်လာတယ်၊ ဒါကြောင့် မင်းကို ဒီအလုပ်ထဲ လာကြီးကြပ်နေဖို့ အသုံး ရှိဘူး ဆိုရင်ကော"

ဆင်းရွှေနု မျက်နှာက နီမြန်းသွားပါသည်။

"ရှင့်ကို ဝင်းဝါ ပြောတာလား"

"သူ ဘာမှမပြောဘူး၊ ငါကလည်း သူပြောသလောက်ပဲ သိထားရမယ့်သူ မဟုတ်ဘူးလေ"

"ဒီမှာ မော်ဝန်းညို"

နာမည်ကို ဖြတ်ခေါ်ချလိုက်တဲ့အတွက် မော်ဝန်းညို မျက်ခုံးက တွန့်သွားကာ ကိုကျော်လုလည်း ပျာပျာသလဲ လှုပ် လှုပ်ရှားရှား ဖြစ်သွားရသည်။

"မရိုးသားမှုဆိုတာ လူတစ်ယောက်ဘဝမှာ တစ်ကြိမ် မဟုတ်တစ်ကြိမ် အကြီးအသေး ကွဲပြားပြီး ရှိခဲ့ဖူးတာမျိုး ချည်းပါ၊ ရှင် ပြန်စဉ်းစားလိုက်ပါဦး၊ ရှင် တစ်သက်လုံး ရိုးသားခဲ့ဖူးသလား ဆိုတာပေါ့၊ ရှင့်ဘဝမှာ ငယ်ငယ်က





တည်းကစပြီး အများ၊ မကောင်းတဲ့အပြုအမူ လုံးဝမကျူး လွန် မပြုမူခဲ့ဖူးဘူးလား ဆိုတာ သေချာ မသေချာလေ ... အဟင်း"

ပြောအပြီး ချာခနဲ လှည့်ထွက်သွားသော ဆင်းရွှေနု ကို မော်ဝန်းညိုက မျက်မှောင်ကုတ်ကာ နောက်ကျောမှ စိုက်ကြည့် ကျန်ရစ်ခဲ့သည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

"သားရယ် ... ဒီမိန်းကလေးက ဘာအနှောင့်အယှက်မှ ပေးရှာတာ မဟုတ်ပါဘူး၊ ဒီခြံပြင်ဆင်မှုမှာ သူလာကြီးကြပ်နေတာလည်း ကောင်းသားပဲလေ၊ မာမီတော့ သူလုပ်ပေးနေတာလေးတွေ တော်တော်ကြိုက်တယ်၊ ညာဘက်ခြမ်းက လမ်းအကွေ့လေး ဖော်ထားတဲ့ဆီမှာ ကျောက်ပြားလေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့ အစွန်းဖက်လေးမှာ ပန်းတန်းလေး ပျိုးပေးထားတာလေးလည်း မာမီ အရမ်းကြိုက်တာပဲ"

"ဟုတ်ပါတယ် မာမီ၊ ကောင်းတာတော့ မှန်ပါတယ်၊ အခုလုပ်ထားတာ ကျွန်တော်လည်း သဘောကျပါတယ်"

"အဲဒါဆို ဘာဖြစ်လို့ မိန်းကလေးကို နောက်ထပ်လာစရာ မလိုဘူး ဘာညာတွေ ပြောရတာလဲ သားရယ်၊ အားနာစရာကြီးကွယ်"





"ဘာဖြစ်လို့လဲဆိုတော့ သူ့ကို စိတ်ထဲက တစ်မျိုးဖြစ်နေလို့ မာမီ၊ အခုပဲ ကြည့်လေ။ ကျွန်တော်က သူ့ကို နေ့တိုင်း အချိန်ပြည့် လာစရာမလိုလို့ မလာနဲ့ပြောတာ၊ ဒီစကားကို မာမီ့ဆီ သူက ဘာကြောင့် ပြန်ရောက်စေရတာလဲ၊ မာမီ့ကို သူ လာပြန်ပြောစရာ ဘာအကြောင်းမှမရှိဘူးလေ၊ ဘာအတွက် ဒီလိုပြောရတာလဲ ...

သူ့ပုံစံ သူ့မျက်နှာ သူ့မျက်လုံးတွေမှာ တစ်ခုခုရှိနေသလိုပဲ၊ ရိုးရိုးလေး ဖြူဖြူစင်စင်လေးလို့ ခံစားလို့မရဘူး ဖြစ်နေတယ် မာမီ၊ သူ့ကို တစ်ခုခုလို့ ထင်နေမိတယ်၊ အဲလို မရိုးသားဘူး ခံစားရလို့လည်း မလာခိုင်းတော့တာပါ မာမီ"

မှော်ဝန်းညိုသည် ပြောနေရင်းကပင် ဆင်းရွှေနုရဲ့ ရူးရူးရဲရဲ မျက်ဝန်းကလေးတွေကို မျက်စိထဲ မြင်ယောင်လာမိပါသည်။ ဒီမျက်ဝန်းလေးတွေ ... ဒီမျက်ဝန်းလေးတွေ။ သူမကို နှစ်မမြို့ ဖြစ်နေရင်းကြားကပင် ထိုမျက်ဝန်းလေးတွေကို မကြာမကြာ အထပ်ထပ် မြင်ယောင်ကာ စိတ်ဉ္စတရင်းတနှီး ဖြစ်နေသလိုလို ခံစားနေမိရသည်မှာ အဘယ်ကြောင့်ပါနည်း။

"မာမီ့ကို သူ စိတ်မကောင်းလို့ ပြောရှာတာပါ သားရယ်၊ ပြောတော့တောင် အသံလေးတုန်တုန် တုန်တုန်နဲ့ သနားပါတယ်၊ သူက ရိုးရိုးနဲ့ စေတနာလေးထားပြီး လာနေတာဆိုရင် သားတလွဲထင်နေရင် သူ နစ်နာတာပေါ့ သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီခြံလေးအပေါ် သားအပေါ် စေတနာထားပါတယ် သားရယ်၊ မာမီကြည့်ရင် သိပါတယ်”

“အလုပ်ကို စေတနာထားတာတော့ ဟုတ်ပါလိမ့်မယ် ဒါတောင် တစ်နေကုန်ထိုင်နေဖို့ မလိုတာကတော့ မငြိ တာပဲ၊ ကျွန်တော့်ကိုတော့ သူကလည်း မျက်နှာကြော တည့်ပါဘူး၊ စေတနာရှိစရာ အကြောင်းမရှိပါဘူး၊ ပြီးတော့ ကျွန်တော့်ကို သူ စကားပြောလိုက်ရင်လည်း ရင့်သီးလွန်း တယ်၊ ကျွန်တော့်ရုံးခန်းထဲမှာ ကျွန်တော့်တပည့်ရှေ့မှာ စကားပြောသွားတာ ကျွန်တော့်နာမည်ကို ‘ကို’တွေ ‘ဦး’ တွေ မတပ်ဘဲ မော်ဝန်းညိုလို့ ခေါ်ချသွားတယ်လေ _

အနည်းဆုံးတော့ ကျွန်တော်က သူ့ကို အလုပ်အပ် ထားတဲ့ အလုပ်ရှင်လေ၊ သူ ကောင်းကောင်းမွန်မွန် လေး လေးစားစား ဆက်ကိုဆက်ဆံရမယ် မာမီ၊ မော်ဝန်းညိုလို့ ခေါ်စရာ ဘာအကြောင်းမှ မရှိဘူး၊ ရိုင်းတာလား၊ တစ်ခု တစ်ခုကို အစာမကြေနေတာလား ဘာမှန်းကို မသိဘူး”

“ဩော် ... သူ ပြောပါသေးတယ်၊ သူက သားကို ဟိုတုန်း ကတည်းက သိပါတယ်တဲ့၊ သားကသာ သူ့ကိုမသိတာ တဲ့”

“ဟိုတုန်းကတည်းက !၊ ကျွန်တော်က သူ့ကို ဘယ်မှာ သိတာလဲ”

“ဒါတော့ မပြောဘူး”





“မာမီတို့ဆီ မရောက်ခင်တုန်းက ကျွန်တော့်ဘဝ အခြေ အနေဆိုတာကို မာမီတို့ကို အကုန်ပွင့်ပွင့်လင်းလင်း ပြော ပြထားပြီးသားပါ၊ ကျွန်တော့်ဘဝ အရမ်းနိမ့်ကျခဲ့ပါတယ်၊ ဟိုအရင်ကတည်းက သူ ကျွန်တော်ကို သိတယ်ဆိုရင် ကျွန်တော်ရဲ့နိမ့်နိမ့်ပါးပါး အခြေအနေကို သိခဲ့တာဖြစ်မှာ ပေါ့၊ အဲဒါကြောင့်လည်း သူက ကျွန်တော့်ကို ဘဝမေ့ အောက်ခြေလွတ်နေတဲ့ကောင် အထင်မကြီးဘူးဆိုတဲ့ပုံမျိုး ဖမ်းထားတာ ထင်တာပဲ၊ နည်းနည်းကလေးမှ လေးစားသမှု မပြတာ ...

ကျွန်တော်လည်း မိန်းမတွေနဲ့ သိပ်ဆက်ဆံရေးပါး နပ်ကျွမ်းကျင်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဝင်းဝါ အောင် ဆိုရင်လည်း ကျွန်တော့်ကို လေးလေးစားစားဆက် ဆံတာပဲလေ၊ မလေးစားချင်ရင်တောင် ပုံမှန်ပေါ့၊ ဒါပေမဲ့ သူကတော့ ကျွန်တော့်ကို တော်တော် မာရေကျောရေ ရင့် ရင့်သီးသီးကို ဆက်ဆံတာ၊ ဘယ်လိုမှ စကားကိုပြန်ပြင် ပြီး ပြန်ခေါ်ထားဖို့ဆိုတာ မဖြစ်နိုင်ဘူး မာမီ”

ဒေါ်တင်လေးဖြူက သက်ပြင်းတစ်ချက် ချလိုက်ပါ သည်။

“အင်းပါလေ ... မာမီက မာမီ့အမြင်ကို ပြောတာပါကွယ်၊ ဆုံးဖြတ်တာ သားသဘောပါ၊ ဝင်းဝါအောင်ကကော သူ့ ဝန်ထမ်းကို အလုပ်ရှင်ကို ရိုသေသမှုရှိဖို့လေးတောင် မသင် တာလား”



www.burmeseclassic.com

www.burmeseclassic.com



"သူက ဝင်းဝါအောင်ဝန်ထမ်းလည်း မဟုတ်ပါဘူး မာမီ"

"ဟင်"

"သူတို့ စပ်တူလုပ်ငန်းပိုင်ရှင်တွေပါ၊ လုပ်ငန်းတွေ နှစ်ယောက်အတူ ရှယ်ယာလုပ်ကြတာပါ၊ အဲဒါကို ဘာကြောင့် ဝန်ထမ်းလိုလိုပုံစံနဲ့ ဒီအလုပ်ခွင်ကို လာနေရတာလဲ၊ မာမီတို့နဲ့လည်း ရင်းနှီးမှု ရယူနေသလိုပဲ၊ အဲဒီအကြောင်းအမျိုးမျိုးတွေကြောင့် ကျွန်တော် သူ့ကို ခပ်ကင်းကင်း ခပ်ဝေးဝေးထားမှ ဖြစ်မယ်ထင်ပြီး မလာနဲ့တော့ ပြောလိုက်တာပါ၊ ရှင်းရှင်းပြောရရင် သူ့ကို ကျွန်တော် လန့်ပြီး ကြောက်နေသလိုတောင် ဖြစ်နေတယ် မာမီ"

❖ ✤ ❖

"ဒါက ဆေးခန်းလား ဆေးရုံကြီးလား သမီး"

ဒေါ်လေးယဉ်က ခေါင်းချာချာလည်အောင် ဟိုဟိုဒီဒီ လှည့်ကြည့်ရှုစမ်းမဝနှင့် မေးပါသည်။ နာဖျားမကျန်းဖြစ်ခဲ့သော ဒေါ်လေးယဉ်တစ်ယောက် နာစေးချောင်းဆိုး ဖျားနာတာလောက်တော့ ဖြစ်ဖူးသော်လည်း အိမ်အနီးအနားက ရပ်ကွက်ဆေးခန်းကလေးမျိုးသို့ တစ်ကြိမ်သွားရုံနှင့် ပျောက်ကင်းကျန်းမာနေကောင်းသွားခဲ့ကာ ဆေးခန်းကြီးကြီးကို ခေါ်မလာဘူးပါ။





မေမေ့ကို နောက်ဆုံးအကြိမ် သားအိမ်ထုတ်တော့ ဆေးရုံတင်တာတောင်မှ ဆေးရုံကို လိုက်မလာခဲ့တဲ့ ဒေါ်လေးယဉ်။ အိမ်မှ လိုလေသေးမရှိ စီမံပေးပြီး အပြင်ထွက်ရမှာ လူများများကြားထဲ လူတောတိုးရမှာ ရှိန်တဲ့ ကြောက်တဲ့ ဒေါ်လေးယဉ်က ဆေးရုံမလိုက်ပါ။

အခုလည်းပဲ ကုတ်ကတ် အချိန်ဆွဲ ငြင်းဆန်နေတဲ့ ကြားက သွေးတိုးတက်နေတာ ကြာပြီမို့ သမားတော်နှင့်သေသေချာချာ အပ်နှံပြသဖို့ အတင်းချော့မော့တစ်လှည့် ခြောက်တစ်လှည့် ရွှေမှုက ပြောဆိုဆွဲခေါ်လာရတာ။ မြို့လယ်ကောင်အဆောက်အအုံခန်းကွင်းတွေ ကျပ်ညပ်ပိတ်နေတဲ့ကားတွေကို မြင်ကတည်းက ကြောက်အားတသင့် ဖြစ်နေသူပါ။

"ဒါ ဆေးခန်းလို့ပဲတော့ နာမည်တပ်ထားတာ အန်တီရဲ့၊ ဒါပေမဲ့ ဆေးခန်းလို ဆရာဝန်ပြလို့ရသလို ဆေးရုံလို ဆေးရုံတက်လို့လည်းရတဲ့ ဆေးခန်းကြီးပေါ့"

"အကြီးကြီးပဲနော်၊ ဆေးခန်းကြီးကလည်း လှလိုက်တာ၊ လူတွေကလည်း ကျပ်တောက်နေပါလား၊ ဒါ လူနာတွေလား"

"အဟင်းဟင်း ... အန်တီကလည်း လူနာတွေရော၊ လူနာနဲ့အဖော်ပါတဲ့ လူနာရှင်တွေရောပေါ့"

"လူတွေက ဒီလောက်တောင် အများကြီး နေထိုင်မကောင်းဖြစ်နေကြတာပဲလား၊ ကျန်းမာရေး ချို့တဲ့နေတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တောင်များလား၊ ကျန်းမာကြပါစေ ... ချမ်းသာကြပါစေ”

ဆင်းရှွေနက ဒေါ်လေးယဉ်ကို စောင့်ဆိုင်းဖို့ ခုံ တစ်ခုမှာ နေရာချထိုင်ခိုင်းခဲ့ကာ သူကတော့ ဆေးခန်းစာအုပ် လုပ်ဖို့ စာအုပ်ထပ်ဖို့ နေရာဆီ ထွက်လာခဲ့ပါသည်။ ဒေါ်လေး ယဉ်ကတော့ သူ့နေရာရဲ့ ရှေ့တည့်တည့် အပေါ်နားမှာ ကိုရီးယား ဇာတ်လမ်းတွဲ ပြသနေတဲ့ တီဗီကြီးကို တအံ့တဩ ရင်သပ်ရှုမော မော့ငေးကြည့်ရှုရင်း ကျန်ရစ်ခဲ့ပါသည်။

ဆေးခန်းစာအုပ်လုပ်တဲ့ ကောင်တာမှာ စာအုပ်လုပ် နေရင်းက ဆင်းရှွေနသည် ကိုယ့်ရဲ့ဘေးဘက်တစ်နေရာကို စိတ်ရဲ့စေ့ဆော်မှုတစ်မျိုးနှင့် လှည့်ကြည့်လိုက်မိပါသည်။ တုန် တောင် ဖြစ်သွားရကာ ခုံပေါ်ထိုင် ခါးကိုကိုင်း တံတောင်ဆစ်နှင့် ဖက် ဒူးပေါ်ထောက်ပုံစံနှင့် သူ့ကို မျက်မှောင်ကုတ်ကုတ် လှမ်း ကြည့်နေတဲ့ မော်ဝန်းညိုကို မမျှော်လင့်ဘဲ ဒိုင်းခနဲ တွေ့လိုက်ရ လို့ပင်။

ကြည့်စမ်း ... ဘယ်တုန်းကတည်းက လူကိုစိုက် ကြည့်နေလဲ။ သူ့မျက်ဝန်းထဲတွင် တစ်စုံတစ်ရာသော အရိပ် အရောင်တို့ကို မြင်သည်။ စိမ်းစိမ်းစားစားကြီးကို ကြည့်နေတာ နံဘေးမှာ ဒေါ်တင်လေးဖြူ။ ဆင်းရှွေနက ဒေါ်တင်လေးဖြူကို တော့ဖြင့် ခင်မင်မှုနှင့် သတင်းမေးချင်ပါသေးသည်။ အဲဒီအန်တီ ကြီးဟာ အင်မတန်မှပင် ငြိမ်းချမ်းအေးဆေးသဘောကောင်းတာပါ





သို့ပေမဲ့ ခပ်တည်တည် ခပ်စူးစူး ကြည့်နေတဲ့ မော်ဝန်းညိုကိုတော့ဖြင့် အမြင်ကခပ်ကတ်ကတ်ရှိ၍ အရင်ဦးဆုံး မျက်စောင်းတစ်ချက်တော့ အရင်ထိုးလိုက်ပါသေးသည်။ ကိုယ်က သွားနှုတ်ဆက် မဆက် ဆုံးဖြတ်ချက် မကျခင်ပင် ဒေါ်တင်လေးဖြူ က ဆင်းရှွေနကို မြင်တွေ့သွားပါတော့သည်။ မော်ဝန်းညိုထံ တစ်စုံတစ်ရာ လှမ်းပြောရင်း ဆင်းရှွေနကို လှမ်းပြုံးပြ နှုတ်ဆက် လာပါသည်။ ဒေါ်တင်လေးဖြူနှင့် ဆင်းရှွေနတို့ ရက်ပေါင်း များစွာ ခင်မင်ရင်းနှီးစွာ စကားတွေ ပြောဆိုဖြစ်ခဲ့သည် မဟုတ် လား။

ကိုယ်က လူငယ်ပဲလေ။ ဆင်းရှွေနက ဒေါ်တင် လေးဖြူ ရှိရာသို့ လှမ်းသွားလိုက်ပါသည်။ သူတို့သားအမိကပ် ထိုင်နေတာမို့ ဆင်းရှွေန ဒေါ်တင်လေးဖြူရှေ့ရပ်တာသည် သူ့ ရှေ့ရပ်သကဲ့သို့ပင်။

“အန်တီ နေမကောင်းလို့လား”

“နေမကောင်းတာတော့ မဟုတ်ပါဘူး သမီးရယ်၊ ဂျင်န ရယ်လ်ချက်က်အပ်ပ်လေ လုပ်ထားတာလေ၊ ဆရာကြီးကို လာပြန်ပြတာပါ၊ သမီးရော ဘယ်သူ့လာပြတာလဲ၊ သမီး နေမကောင်းတာလား”

“အဒေါ်တစ်ယောက်ပါ အန်တီ”

ပြောလိုက်ရင်းက အန်တီဒေါ်လေးယဉ်ဘက် မသိ မသာ မျက်စိလေး လှစ်ခနဲ ငဲ့စွေပြီး ကြည့်မိသည်။ တိုက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဆိုင်ကြီးလေ။ အပြင်ထွက်ခဲ့လှတဲ့ အန်တီ ထွက်လာတဲ့နေ့ကျမှပဲ ဒီနေရာ တစ်နေရာတည်းမှာ သူနှင့် တိုက်တိုက်ဆိုင်ဆိုင်လာဆုံနေရသည်။ ဆင်းရွှေနုကို မမှတ်မိတဲ့ မော်ဝန်းညိုဟာ သူ့အမေရင်းကိုတော့ မမှတ်မိဘဲနေပါ့မလား။

ဒုက္ခပါပဲ။ တွေ့ကြရင် ဘယ်လိုတွေများ ဖြစ်ကုန်မလဲ။ ရင်တွေ တကယ်တုန်လာရပါပြီ။ ထိုစဉ်မှာပင် မော်ဝန်းညိုက ထိုင်နေရာက ခပ်အေးအေးပဲထ,ကာ မလှမ်းမကမ်းဆီ ဖြည်းဖြည်းလျှောက်လှမ်းသွားပါသည်။ သူကတော့ ဆင်းရွှေနုကို ရှောင်ထွက်သွားတဲ့ သဘောပင်။ သို့ပေမဲ့ သူရှောင်ထွက်သွားတဲ့ဘက်က ဒေါ်လေးယဉ် ထိုင်နေတဲ့ဘက်။

ဆင်းရွှေနု ရင်တဒိတ်ဒိတ် တုန်လာသည်။

"သမီးအဒေါ် ဘာဖြစ်လို့လဲလို့"

"ရှင် ... ဪ ... ဆောရီး အန်တီ၊ မကြားမိလိုက်လို့ပါ၊ အဒေါ်က သွေးတော်တော်တိုးတိုးနေလို့ပါ၊ အခုမှ စပြမှာပါ အန်တီ"

"အင်း ... အသက်ကြီးလာရင် ဒီလိုပါပဲ၊ သွေးတိုး ဆီးချိုလေးတွေက စွက်လာတတ်ကြတာပါပဲ၊ အန်တီတို့လည်း တူတူပဲ၊ ဟိုဟာလေးဖြစ်လိုက် ဒီဟာလေးဖြစ်လိုက်၊ နှလုံးမကောင်းဘူးဆိုတာ သိကတည်းက သားမော်ဝန်းက ဆရာဝန်ပြတာ ဆေးခန်းပြတာတွေ သူကိုယ်တိုင် ဖိဖိစီးစီး လိုက်လုပ်ပေးပါတယ် အားရှာတာတော့ မဟုတ်ဘူး"





အင်း ... မွေးစားထားတဲ့အမေရဲ့ ကျန်းမာရေးကို ဤမျှလောက် ဂရုစိုက်ပေးတတ်တဲ့ မော်ဝန်းညိုဟာ သူ့အမေရင်းကိုတော့ လိုက်တောင်မရှာတော့ဘဲ ဟိုး မိုးမြင့်ဘုံဖျားဘဝမှာ "ဘဝင်လေဟပ် တဖျပ်ဖျပ်"ဘဝနဲ့ပဲ သာယာယစ်မူးနေပြီလား။ ခုနက ဒေါ်လေးယဉ်ကို မော် တွေ့သွားရင် ဘယ်လိုနေမလဲ စိုးထိတ်တုန်လှုပ်နေတဲ့ရင်က ခုတော့ ငြိမ်ကျသွားပါသည်။

တွေ့ပစေလေ။ တွေ့ရင် ပိုကောင်းသေး။ ကဲ ... သူ ဘယ်လိုဖြစ်မလဲ ကြည့်ရအောင်။ ဆင်းရွှေနုက မသိမသာနှင့် မော်ဝန်းညိုဘက် မျက်လုံးလေးစွေကာ လိုက်ကြည့်နေလိုက်မိပါသည်။ အန်တီဒေါ်တင်လေးဖြူကတော့ ခြံအပြင်အဆင်လေးကို နှစ်သက်ဘောကျကြောင်း၊ ပြင်ဆင်နေတာ မြင်ကတည်းကက ငှားရမ်းလိုတဲ့ နိုင်ငံခြားသားအဆက်အသွယ်အချို့၊ အိမ်ခြံမြေပွဲစားတို့နှင့် အတူလာမေးတဲ့ ကမ်းလှမ်းတဲ့အကြောင်းတွေ လှမ်းပြောနေတာကို ဟုတ်ကဲ့တစ်ချက် အာရုံရောက်တစ်ချက် ရောက်တစ်ချက်နှင့် တုံ့ပြန်နေရပါသည်။

ဟိုတစ်ဖက်ကို လျှောက်သွားပြီးကာ ဒီဘက်ပြန်ကွေ့လျှောက်လာတဲ့ မော်ဝန်းညိုသည် စောင့်ဆိုင်းနေတဲ့လူနာခုံတန်းဆီရဲ့ တစ်နေရာမှာ ထိုင်နေတဲ့ အမျိုးသမီးကြီးတစ်ဦးကို မြင်လိုက်တော့ ရင်ဝကို မာကျောကျော အရာတစ်ခုနှင့် ခပ်ပြင်းပြင်း တစ်ချက်တရက် ထုနှက်ခြင်းခံလိုက်ရသလို နေရာက လွင့်စဉ်ထွက်သွားတယ် ခံစားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အနားမှာရှိနေတဲ့ ကွန်ကရီတိုင်လုံး တစ်ခုရဲ့နံဘေးဝင်၍ လက်ထောက်ရပ်လိုက်ရကာ တစ်ကိုယ်လုံးက ရှိသမျှ အသားစိုင်တွေ အူကလီဇာတွေ စည်းချက်မမှန်တုန်ခါလာသလိုပင်။

အမေ ...။

ရင်ထဲမှ ထိုအမည်စာလုံးက ပုံတင်အထပ်ထပ် ဟည်းထလာပါသည်။ အစစ်ပါပဲ။ အဲဒါ အမေပဲပေါ့။ ဆယ့်လေးငါးနှစ်စာ အိုမင်းရင့်ရော်မှုဟာ သားတစ်ယောက်ရဲ့မှတ်ဉာဏ်ထိုတော့ ဘယ်လိုလုပ် လှည့်စားနိုင်ပါ့မလဲ။ အခုခေတ်အမျိုးသမီးကြီးတွေ ဝတ်ဆင်ပုံအတိုင်း ဘလောက်စ်လက်တိုစိမ်းပြာနု၊ ရင်ဘတ်ခြမ်းပေါ် တက်တင်းဇာလိုလို ဇာလွှာတစ်ထပ် ထပ်ချုပ်ထားတဲ့ အပေါ်စားမဟုတ်သော အင်္ကျီနှင့် သပ်ရပ်သန့်ပြန့်လှပသော ပါတိတ်လုံချည်တစ်ထည်။

နှဂို အခွေကောက်လေးတွေပါသော ဆံပင်ကိုအပေါ်တင်ကာ ကျောက်စီကလစ်တစ်ခုနှင့် ညှပ်ဖိထားလျက် သပ်သပ်ရပ်ရပ်။ ပေါင်ပေါ်မှာတော့ အနက်ရောင်ပြောင်ပြောင် ကြိုးမပါတဲ့ လည်သာလက်ကိုင်အိတ် တင်ထားလျက်။ ခြုံပြောရရင်တော့ အမေ့ပုံစံဟာ သားသားနားနား သန့်သန့်ပြန့်ပြန့်နှင့် ငြိမ်းချမ်းနားနေပါသည်။

မျက်နှာကြက်အနီး အမြင့်ကတီဗီကို စိတ်ဝင်တစား လှမ်းစိုက်ကြည့်နေသည့် အမေ့မျက်နှာကလည်း ပွင့်ပြင်သော





ကင်းကင်း။ အမေ နောက်အိမ်ထောင်တွေ ဘာတွေများ ကျနေလေသလား။

မော်ဝန်းညိုသည် တိုင်ကိုအကွယ်အကာယူလျက် အမေ့ဆီ စိုက်ကြည့်ရင်း ရင်ထဲမှာ ခံစားချက်မျိုးစုံ ရောပြွန်းနေပါသည်။ အခုပဲပြေးပြီး "အမေ"လို့ အော်ခေါ်ပြီး ပြေးဖက်လိုက်ရမှာလား။ ဣန္ဒြေရရ လျှောက်သွားပြီး "အမေ ... မော်ဝန်းလေ၊ မှတ်မိလားလို့" နှုတ်ဆက်ရမှာလား။

သူ့ဆန္ဒတို့ကို တစ်စုံတစ်ရာသောအရာက ဆောင့်ဆွဲဟန့်တားထားပြန်ပါသည်။

အမေ့ကို ခုလိုပုံစံနှင့် မြင်တွေ့ရလိမ့်မည်လို့မှ ဘယ်တုန်းကမှ မမျှော်လင့်ထားတာ။ မတော်တဆ ဆုံစည်းရရင်တောင် ဖိုသီဖတ်သီ ရှန်းဟယ်ကန်ဟယ်နှင့် နွမ်းနွမ်းပါးပါးသာ ပြန်လည်မြင်တွေ့ရမည် ထင်မှတ်ထားတာမို့ အခုမြင်ကွင်းကလည်း မော်ဝန်းညိုရဲ့တစ်စုံတစ်ရာ လှုပ်ရှားဖို့ စေ့ဆော်တွန်းအားပေးသည့် မသိစိတ်ကို နှေးတုံ့လေးလံ တွေဝေစေခဲ့သည်။

"ဒေါ်တင်လေးဖြူ ရှိပါသလား"

ဆရာဝန်အခန်းဝက နာ့စ်အကူလေးရဲ့ နာမည်ခေါ်သံ နှစ်ခွန်းလောက်ဆင့်မှ မော်ဝန်းညို လှုပ်ရှားလာပါသည်။ မာမီကလည်း သူ့ကို ခေါင်းလှည့်ရှာနေပြီ။ မော်ဝန်းညိုက ခပ်သွက်သွက် လှမ်းထွက်လိုက်ကာ ဒေါ်တင်လေးဖြူကို လာတွဲခေါ်ယူပြီး ဆရာဝန်ခန်းဆီ ဦးတည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ မာမီ့အနား လက်ပိုက်ရပ်ရင်းက သူ့ကို တစ်မျိုးတစ်မည်သော မျက်လုံးတို့နှင့် စိုက်ကြည့်နေသည့် ဆင်းရွှေနုကိုလည်း သူ ဂရုမပြုမိဘဲ မနေ။ နှုတ်ခမ်းတို့ ပြုံးမဲ့မထားသော်လည်း သူ့မမျက်ဝန်းတို့ ပြုံးမဲ့နေသလိုပင်။ တစ်မျိုးပဲ။ တကယ့်ကို တစ်မျိုးပါပဲ။

မော်ဝန်းညို စိတ်စနောင့်စနင်းနှင့်ပင် မာမီ့ကို ဆရာဝန်ပြ၊ အခန်းထဲက ပြန်ထွက်လာခဲ့တော့ ဆင်းရွှေနုကို မတွေ့တော့။ ဟိုနားက ထိုင်ခုံကလေးမှာလည်း အမေ မရှိတော့။

❖ ✤ ❖



❦ ၁၅ ❦

"ဟယ်လို"

"မင်း … ဖုန်းမချလိုက်နဲ့ ဆင်းရွှေနု၊ မင်းကို …"

"ချွပ်"

ဆင်းရွှေနုက ဖုန်းကို အသံမြည်အောင် ချလိုက်ပါသည်။ ဆိုင်မှာတပ်ဆင်ထားတဲ့ လိုင်းဖုန်းလေ။ မော်ဝန်းညိုရဲ့ဖုန်းဝင်လာကတည်းက ချပစ်နေတာ။ ပထမ ဟန်းဒ်ဖုန်းဆီကို။ သုံးလေးခါချပစ်ပြီးတဲ့နောက် မကိုင်တော့တဲ့အခါ အခု ဆိုင်ဖုန်းကို ဝင်လာသည်။

ဝင်းဝါအောင်က ဆင်းရွှေနုကို မျက်စောင်းထိုးရင်း …

"ကဲ … ဘာဖြစ်နေကြတာလဲ နင်တို့နှစ်ယောက်"

"အဟင်း ဟင်း"

ဆင်းရွှေနု မျက်နှာက တကယ်ကို သဘောတကျ ခမ်းပန်းတသာနှင့် အောင်မြင်မှုတစ်ခုကို ခံစားနေသလို ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်မနေနဲ့ ရွှေနု၊ ငါ့အမေက မေးနေပြီ၊ ထင်ချင်ရာတွေ လည်း ထင်နေပြီ"

"ဘာကိုလဲ ဝင်းဝါ"

"ကိုမျော်ဝန်းညိုက ငါ့ဆီ ဖုန်းဆက်တယ်၊ နှစ်ခါလောက် လာခဲ့ဖူးတာရှိတယ်၊ အခု ဆိုင်ဖုန်းကို မေမေ့ဆီလှမ်းမေး တာ၊ မေမေက ဟဲန်းဒ်ဖုန်းဆက်ပါလား သား ဆိုတော့ သူက အလွယ်တကူ မကိုင်လို့လို့ ဖြေတယ်လေ၊ မေမေ ငါ့ဆီဆက်တော့ လိုင်းလည်းဝင်တယ်၊ ငါလည်းကိုင်တယ် ဒီတော့ မေမေက လျှောက်တွေးပြီပေါ့ ...

မျော်ဝန်းညိုဖုန်းကို ဘာလို့ ရှောင်နေတာလဲတဲ့ ဟိုက ညည်းကို စိတ်ဝင်စားနေပြီဖြစ်မယ်လို့ ငါထင်တယ် တဲ့၊ ညည်းက ရှောင်သလိုလို ငြင်းသလိုလို ကဖျက်ယဖျက် လုပ်မယ်မကြံနဲ့တဲ့၊ ညည်းက ဘာမို့လို့ သူ့ဖုန်းမကိုင်ရ တာလဲတဲ့၊ ကဲ ... ကြည့်စမ်း၊ ငါက ဘာမို့လို့ဆိုတဲ့ အဖြေ ကိုရှောက်လိုက်ရသေးတယ်"

ဆင်းရွှေနုက ဝင်းဝါကို တောင်းပန်သလိုလေးကြည့် မိသည်။

"ဝင်းဝါ ... နင် သူ့ကိုလက်ခံချင်စိတ် ရှိလားဟင်"

"လာပြန်ပြီလား ဒီမေးခွန်း၊ ငါက လက်ခံချင်စိတ် ရှိစရာ လား၊ သူ ငါ့ကို မကြိုက်ဘူးဆိုတာ ငါ သိနေတာပဲဟာ ဒါ လူကြီးတွေ အမေတွေချင်း စိတ်ကူးယဉ်ဇာတ်ကွက်





ထွင်နေတာ နင် အသိဆုံးပဲ ရွှေနု၊ လူကြီးပေးစားလို့ ခေါင်းညိတ်ပြီး လက်ခံမယ် ယူမယ်ဆိုတဲ့ ယောကျ်ားကို ငါ စိတ်ကူးမယဉ်ဘူး၊ သူသူကိုယ်ကိုယ် ကိုယ့်ကို မြတ် မြတ်နိုးနိုးချစ်တာ လိုချင်သေးတယ်ဟဲ့၊ သူကလည်းပဲ ခေါင်းညိတ်လက်ခံပါ့မယ် တစ်ခွန်းမှ မပြောဘူး၊ အားလုံး ထဲမှာ သူ ငါ့ကို အရေးတယူ ဆက်ဆံနေတာ အကြောင်း ရှိလို့၊ အဲဒီအကြောင်းဟာ နင်ပဲလို့ ငါသိနေတယ် ...

ဘယ်လိုအကြောင်း ဘယ်လိုခံစားချက်မျိုးနဲ့ပဲဖြစ် ပါစေ အကြောင်းရင်းကတော့ နင်ပဲ၊ အဲဒါမလွဲဘူး၊ ဒါကို သိသိကြီးနဲ့ ငါ့အမေကို ရှင်းမရ ပြမရ ဖြစ်နေတာ ဘယ် လိုလုပ်မလဲ၊ နင်တို့ အတိတ်ဇာတ်လမ်း ပြောပြလိုက်မှ ဖြစ်တော့မယ်"

"ဟင်း ... နင်နော် ... ဝင်းဝါ၊ နင့်ကို ငါ ချစ်လွန်းတာ ရော မပြောမဖြစ်တာရော ယုံကြည်လို့ရော ပြောပြထားတာ၊ နင် နောက်တစ်ယောက်ကို ပြန်ပြောပြခွင့် မရှိဘူးလေ"

"အေး ... ဒါပေမဲ့ ရှင်းမရအောင် ရှုပ်လာရင် ဘယ်လို လုပ်မလဲ၊ မေမေက အန်တီဖြူကို တစ်ခုခု လှမ်းပြောတာ မျိုး၊ အချင်းချင်း ပြောချင်တာတွေ ပြောဆိုနားလည်မှုယူ ကုန်ကြတာမျိုး မဖြစ်လာဘူး နင် ပြောနိုင်လား"

ဝင်းဝါ ပြောတာ ဖြစ်နိုင်တယ်ဟု ဆင်းရွှေနု တွေး ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုဘာပြဿနာ တက်နေတာလဲ၊ ဘာပဲဖြစ်ဖြစ် သူလည်း လူကြီးလူကောင်းတစ်ယောက်ပဲဟာ၊ ပြောတာတော့ နားထောင်ကြည့်လိုက်ဦးပေါ့၊ နားထောင်ပြီးမှ နင်မနစ်မြို့ရင် နင်လည်း ပြန်ပြောပိုင်ခွင့်ရှိတာပဲ၊ နင်က ပိုပြောဆိုတတ်ပါသေးတယ်၊ ဖုန်းလာတာနဲ့ ချပစ်ရအောင် သမီးရည်းစား အချစ်စမ်းနေတာလား"

"အောင်မာ"

ဒါလေးပြောရုံနှင့် ဆင်းရွှေနုက ရှက်သွေးဖြန်းသ အော်ပစ်လိုက်လျှင်တော့ ဝင်းဝါက ခေါင်းတညိတ်ညိတ် ပြုံးစိ သာ လုပ်မိပါတော့သည်။ ရွှေနုကို ကိုယ်ချင်းစာပါသည်။ သူ တကယ် သိပ်ချစ်ခဲ့ပြီး နှစ်ပေါင်းများစွာ အလဲအကွဲ နာကျင်ခဲ့ ခဲ့တာပဲ။

"ရပ်ကွက်အတွင်း မှီတင်းနေထိုင်ကြသော သဗ္ဗရိုဟ အန္တယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား ... ကျွန်တော် များ စေတနာ့စကြိုအဖွဲ့မှ ကြီးမှူး၍ ရပ်ကွက်အတွင်း နွေရာသီမီးဘေးကာကွယ်ရေး အစီအစဉ်များကို ..."

"ကဲ ..."

ဝင်းဝါက စိတ်တွေတိုကာ ကြုံးအော်လိုက်ရင်း —

"နင့်ဖုန်း Rig Tone ကို ပြောင်းမှာလား မပြောင်းဘူးလား အရူးမဖုန်း ကျနေတာပဲ၊ ဒီအသံကြီး ဒီမနက်နှိပ်စက်နေ တာ ငါ့ပါ ရူးချင်နေပြီ"





ဆင်းရွှေနုက ဖုန်းကိုနှိပ်၍ ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"ဟိတ် ... ဒီမှာ ... မင်း ဒီတစ်ခါ ဖုန်းချရင် ငါခုချက်ချင်း ရောက်လာမှာနော်"

"ဩော် ... အဲလိုလား၊ မချဘဲ ဆက်ပြောမလို့ဟာ၊ အဲလို ခြိမ်းခြောက်တယ်ဆိုရင်တော့ ဖုန်းချလိုက်မှ ဖြစ်တော့မယ်၊ ကျွန်မက ကျွန်မကို ခြိမ်းခြောက်တာ အကျပ်ကိုင်တာကို မကြိုက်ဘူး"

ပြောပြောဆိုဆို ဆင်းရွှေနုက ဖုန်းချလိုက်ပါသည်။

"ကဲ ... ကြည့်၊ လုပ်ပြန်ပြီ ... နင်"

ဆင်းရွှေနုက ပြုံးစေ့စေ့လေး လုပ်နေပါသည်။ အကြပ်ကိုင်တာမျိုးကိုလည်း ငယ်ငယ်ကတည်းက တကယ်မကြိုက်တာ။ အခုကတော့ ဖုန်းချပစ်ရင် လူပါရောက်လာမယ်ဆိုတဲ့ အတွက် သူရောက်လာစေလိုတဲ့ဆန္ဒလည်းပဲ ပါကောင်းပါနိုင်ပါလိမ့်မည်။ ဝင်းဝါနှင့် ဆင်းရွှေနု တစ်ယောက်က တစ်ယောက်ကို မျက်မှန်းကျိုးတဲ့ရုပ်၊ နောက်တစ်ယောက်က တစ်ပြန်စီး ထိဆင်တဲ့ရုပ်နဲ့ အပြန်အလှန် ကြည့်နေကြဆဲမှာပင် သူတို့ရဲ့နှစ်ဆပ်ဆိုင်ခန်းကြီးရှေ့သို့ ကားတစ်စင်းက ဝေါခနဲ အရှိန်နှင့် ကျွိကနဲ ဘရိပ်သံမြည်အောင် ရပ်ပစ်လိုက်ပါသည်။

"ပလုတ်တုတ်၊ ချက်ချင်း ရောက်လာတယ် ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ငေးမောအံ့အားသင့်နေဆဲပင် ဆိုင်ခန်းမှန် တံခါးချပ်ကို တွန်းဖွင့်ကာ တင်းတင်းမာမာရုပ်နှင့် ဝင်လာသော မော်ဝန်းညိုက ဆင်းရွှေနုရဲ့လက်ကောက်ဝတ်ကို ဖျတ်ခနဲတင်း ကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ရှင် ... ဒါ ... ဒါ ... ဘာ ..."

"မဝင်းဝါအောင် ... ဆောရီးပါ"

မော်ဝန်းညိုက ဝင်းဝါကို တစ်ချက်လှည့်ကြည့်ကာ ပြောလျှင် ...

"ဒီမှာ ... ရှင် လက်ဆွဲထားတာက ကျွန်မ၊ တောင်းပန် တာက ဝင်းဝါကို၊ ဘာမှမဆိုင်ဘူး ... လွှတ်"

"မလွှတ်နိုင်ဘူး ဆင်းရွှေနု"

"လွှတ်ဆိုလွှတ်"

နှစ်ဦးသား မျက်လုံးအစုံ အကြည့်ချင်း ပွပွပြင်းပြင်း တိုးတိုက်ဆုံစည်းမိကြသည်။

"မလွှတ်နိုင်ဘူး"

"ရှင်က အဲသလို လူရမ်းကားလား၊ ဟုတ်လား၊ ဘယ်လို အခြေအနေ ဘယ်လိုစိတ်ဓာတ်ကနေ ရှင်ကြီးပြင်းပေါက် ဖွားလာတာလဲ ... ဟင်"

"အဲဒါ မင်းနဲ့မဆိုင်ဘူး"

မော်ဝန်းညိုက ပြောလည်းပြော ဆွဲလည်းခေါ်၊ ဆင်းရွှေနုက ရုန်းလျက်ကန်လျက်။ ဝင်းဝါသည် ဘယ်နည်းနှင့်





မဆို သူငယ်ချင်းလည်းဖြစ် မိန်းမသားလည်းဖြစ်သော ဆင်းရွှေနု ဘက်ကသာ ရပ်တည်ရမည် ဖြစ်လေရာ ...

"ကိုမော်ဝန်းညို ... ကျွန်မ တောင်းပန်ပါတယ်၊ အေးအေး ဆေးဆေး ပြေရှင်းပါရှင်"

"ခင်ဗျားသူငယ်ချင်းက အေးအေးဆေးဆေး ပြေရှင်းဖို့ ကြိုးစားတာကို လက်သင့်မခံဘူး၊ ကျွန်တော် လူကြီး လူကောင်းလို ဖုန်းဆက်တယ်၊ သူက ကျွန်တော့်ကို ကလေ ကချေက ဆက်သလို ဖုန်းချချပစ်တယ်"

"ရှင့်မှာ ကျွန်မကို ခုလိုပြေရှင်းခွင့် ဘာရှိသလဲ၊ ကျွန်မ မကြိုက်ရင် ကျွန်မ မလုပ်ဖို့ ကျွန်မအခွင့်အရေးပဲ၊ ရှင့်ဖုန်း ကို မပြောချင်ရင် ချပစ်ခွင့် ကျွန်မမှာရှိတယ်၊ ဖုန်းမပြော လို့ဆိုပြီး မိန်းကလေး တစ်ယောက်ကို ကိုယ်ထိလက် ရောက် ဆွဲလား ရမ်းလား လုပ်တာ အောက်တန်းစားဆန် တယ်"

"ရွှေနု"

ဆင်းရွှေနု စကားက မှန်တော့မှန်ပေမယ့် "အောက် တန်းစား"ဆိုတဲ့ စကားလုံးမျိုး မော်ဝန်းညိုလိုလူကို သုံးစွဲတာ အတွက်တော့ဖြင့် ဝင်းဝါက အားနာမျက်နှာပူလှပါသည်။

"ဟုတ်တယ်၊ ငါ အောက်တန်းစားပဲ၊ အောက်တန်းစား တစ်ယောက်ကို မထိတထိ မရိုးမသားချဉ်းကပ်ပြီး တမင် တကာ ဆွဲခဲ့တာ မင်းအမှားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မော်ဝန်းညိုက ဆင်းရွှေနုကို ဆောင့်ခနဲ ဆွဲခေါ်လိုက်ပါသည်။

"ကိုမော်ဝန်းညို ... ရွှေနုကို အကြမ်းပတမ်းတော့ မလုပ်ပါနဲ့၊ သူက အားနွဲ့တဲ့မိန်းကလေးပါ၊ ပြောစရာရှိရင်လည်း အခု ဒီမှာပဲ ဣန္ဒြေရရ ပြောပေးပါ"

"ကျွန်တော် သူ့ကို ပြောမယ့် မေးမယ့် စကားတွေ ... ခင်ဗျားကို အသိခံနိုင် မခံနိုင် ကျွန်တော်ကိုယ်တိုင် မ... ရာသလို သူ့ဘက်ကလည်း သေချာမှာ မဟုတ်ဘူး ... ကျွန်တော် သူ့ကို ဘယ်မှခေါ်မသွားပါဘူး၊ ဒီဆိုင်ရဲ့ပြင်ဘက် ကားနားအထိလောက်ပဲ ခေါ်သွားမှာပါ"

အားချင်းမမျှတဲ့ မော်ဝန်းညိုရဲ့ ဆွဲခေါ်မှုနောက် ဆင်းရွှေနုသည် ရုန်းရင်းကန်ရင်းကပင် အားမတန် မာန်လျှော့ ဒရွတ်တိုက် ပါသွားရပါသည်။ မော်ဝန်းညိုက သူ့ရဲ့ဆွဲခေါ်မှု ... သူ့ကားနားရောက်လျှင်တွင် ရပ်တန့်လိုက်ပါသည်။ သူရပ်လိုက် ... သည်နှင့် ဆင်းရွှေနုက သူမရဲ့လက်ကို ဆောင့်ရုန်းထွက်လိုက် ... သည်။

နီရဲနာကျင်သွားသော လက်ကောက်ဝတ်ကို ငုံ့ကြည့် ... ပွတ်သပ်ရင်း မော်ဝန်းညိုကို ပြန်မော့ကြည့်လိုက်ကာ ...

"ကိုယ့်ကိုယ်ကိုယ် အောက်တန်းစားလို့ ဝန်ခံဝံ့တာချီးကျူး ... ပါတယ်၊ အောက်တန်းတကာ့ အောက်တန်းတွေထဲမှာ ... မိန်းကလေး တစ်ယောက်အပေါ် နာကျင်အောင်လုပ်ရဲ ...





အထိ သတ္တိရှိတဲ့သူမျိုးကတော့ အနိမ့်ဆုံး အောက်တန်းပဲ မော်ဝန်းညို၊ ကဲ ... ရှင် သရဲမရဲစီးလောက်အောင် ဘာက လှူ့ဆော်တွန်းပို့နေသလဲ ... ပြော"

"မင်းကို မေးစရာရှိတယ်"

"အဟ ... ရှင်မေးလည်း ကျွန်မက ဖြေချင်ဖြေရုံပဲ၊ မဖြေချင် နေရုံပဲ"

"မင်းအကြောင်းကို ငါ တစ်စက်မှ စိတ်မဝင်စားဘူး၊ လုံးဝ မမေးဘူး စိတ်ချ ငါမေးချင်တာ တခြား"

"ဘာလဲ"

"မင်း မနေ့က ဆေးခန်းကနေ ခေါ်သွားတဲ့ အမျိုးသမီးကြီးအကြောင်း"

ဆင်းရွှေနု ရင်ထိတ်သွားပါသည်။ ဘုရားရေ ...။ သူ တွေ့လိုက်တာပဲ။ သူတို့သားအမိ အရင်ပြီးသွားတာမို့ ပြန်နှင့်လောက်တယ်ထင်တာ၊ လက်စသတ်တော့ မပြန်သေးဘဲ စောင့်ကြည့်နေခဲ့သည်ပေါ့။

"သူနဲ့မင်း ဘယ်လိုပတ်သက်လဲ"

"ရှင်က ဘာကြောင့်မေးတာလဲ၊ ကျွန်မနဲ့ ဘယ်လိုပဲပတ်သက် ပတ်သက် ရှင့်အပူရှိလား၊ မေးရအောင် ရှင်နဲ့ဘယ်လိုပတ်သက်နေသလဲ အရင်ဖြေ"

"မင်း မနေ့က သူ့ကို ကားပေါ်တင်ခေါ်ပြီး ပြန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... မငြင်းပါဘူး"

"ဘယ်ကိုခေါ်သွားတာလဲ"

"သူ့အိမ်ပြန်ပို့တာပေါ့"

"သူ့အိမ် ငါသိချင်တယ်"

"ရှင်သိချင်တိုင်း ကျွန်မက ပြောရမယ်လား"

"မင်း ဘာကို ကတ်သီးကတ်သတ် လုပ်နေတာလဲ ဆင်းရွှေနု၊ မင်းနဲ့ ဘယ်လိုပတ်သက်လို့ သူ့ကို ဆေးခန်းပို့တာလဲ၊ သူ ဘယ်မှာနေလဲ၊ အဲဒါလေး ပြောပြရင် ဘာများ ဖြစ်သွားမှာမို့လဲ"

"ကျွန်မနဲ့ ခင်မင်ရင်းနှီးလို့ ပို့ပေးတာလေ"

"ဘယ်ကို ပို့ပေးရတာလဲ၊ ကျေးဇူးပြုပြီးပြောပါ"

"အဟင်း ဟင်း"

"ဘာကိုရယ်တာလဲ"

"ဒီမှာ မော်ဝန်းညို၊ ရုတ်တရက် ဘာတွေ ထ,သိချင်လာတာလဲ၊ ရှင်နဲ့ သူနဲ့သိရင် ပတ်သက်မှုရှိရင် မနေ့က သူ့ကိုတွေ့တုန်း ရှင်မေးလို့ရတာပဲ"

"ငါ့မှာ မေးချိန်မရလိုက်လို့ပေါ့ကွ"

"ဩော် ... မေးချိန် မရလိုက်တာလား"

"ငါ့ဘဝအတွက် အရေးကြီးတဲ့ကိစ္စတစ်ခုလို့ မင်းကျေးဇူးပြုပြီး နားလည်ပေးပါ ဆင်းရွှေနု၊ မင်း ဘာကြောင့် ငါ့ကို အထင်သေး မုန်းတီးနေလဲ၊ ငါ မသိပေမယ့် ခံစားလို့ရပါ





တယ်၊ အမုန်းလေးခဏဖယ်ပြီး စိတ်ကောင်းလေးတစ်ချက် မွေးပေးပါ၊ ငါ့အတွက် အရေးကြီးလို့ မေးတာပါ"

ဆင်းရွှေနုနှင့် မော်ဝန်းညို တစ်ဦးကိုတစ်ဦး တစ်ခဏ စိုက်ကြည့်နေပါသည်။ စူးရှတောက်ပသော သူ့မျက်လုံးများရဲ့ အကြည့်ဒဏ်ကို ဆင်းရွှေနု မခံနိုင်သလို မျက်လုံးကို လွှဲပစ်လိုက်ရင်း ...

"ကောင်းပြီလေ၊ ပြောပြရတာပေါ့၊ အဲဒီ အန်တီကို ငယ်ငယ်ကတည်းက သူ့သားကပစ်သွားလို့ သူက ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်လို ဖြစ်နေတာ၊ ဒါကို သနားလို့ သူ့ကို အမြဲ ကျွန်မကူညီစောင့်ရှောက်တယ်၊ ရိုးရိုးကလေးပဲ၊ သူ့သား သေလား ရှင်လား သူ မသိပါဘူး၊ သူ့သားဆိုတဲ့သူကလည်း အသက်ရှင်နေရက်နဲ့ သူ့ကို တမင်တကာ လိုက်မရှာဘူး ဆိုရင်တော့ အတော်ရက်စက်နိုင်တဲ့ သားမျိုးပဲ ...

ကျွန်မ သူ့ကို သနားလို့ ကူညီစောင့်ရှောက်တယ်၊ အဲဒါ အပြစ်များဖြစ်နေလို့လား၊ သူ့သားမကျေတဲ့ တာဝန်ကို ကျွန်မ ယူပေးနေတာ"

"ဆင်းရွှေနု ... မင်း ငါ့ကို ဟိုးအစောကြီးကတည်းက သိခဲ့တယ် မဟုတ်လား"

"သိတယ်လို့ အန်တီဖြူကို ပြောခဲ့သားပဲလေ"

"မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ဖြစ်မှဖြစ်ရလေ၊ ကျွန်မ ဆင်းရွှေနုပေါ့ရှင် တခြား ဘယ်သူများ ဖြစ်ရဦးမလဲ"

မှော်ဝန်းညို မျက်နှာက နာကျင်ရိပ်သမ်းလာပါသည်။

"မင်း ငါ့အကြောင်းတွေ ဒီထက် ပိုသိတယ်ဆိုတာ ငါသိပါတယ်၊ တစ်စုံတစ်ရာကြောင့် ချဉ်းကပ်လာတာကိုလည်း ငါသိပါတယ်၊ ဘာပဲဖြစ်ဖြစ်ပါ၊ မင်း ငါ့ကို အလကား အခြောက်တိုက် မုန်းတီးနေတာကို ငါ ဘယ်လိုမှမခံစားပါဘူး ဆင်းရွှေနု၊ မင်း ဘယ်သူလဲ ငါမသိပေမယ့် မင်း အကုန်သိထားတယ် ဆိုတာလည်း ငါသိတယ် ...

မနေ့က အမျိုးသမီးကြီး ဒေါ်လေးယဉ် ဆိုတာ ငါ့ အမေမှန်း မင်းအစကတည်းက သိခဲ့တယ် မဟုတ်လား ဆင်းရွှေနု"

ဘယ်လိုဖြေရင်ကောင်းမလဲ ဆင်းရွှေနုက လျှပ်တစ်ပြက် စဉ်းစားလိုက်ပါသေးသည်။ တကယ်တော့ အဓိက,က မှော်ဝန်းညိုကို ကသိကအောက်ဖြစ်အောင် လုပ်ချင်သည်။ လွန်ခဲ့တဲ့ ၁၅ နှစ်က သူလုပ်သွားပုံကို သူ Guilty ဖြစ်စေချင်သည်။

ဆင်းရွှေနုက ခေါင်းညိတ်လိုက်ပါသည်။

"ဟုတ်တယ် ... ကျွန်မ သိတယ်"

"မင်း ဘယ်လိုလုပ် သိသလဲ"

"ဒါက အရေးကြီးလို့လား"





"အရေးကြီးတာပေါ့၊ မင်းခုနပဲပြောတယ်၊ ငါ့အမေက ငါ့ သေသလား ရှင်သလားတောင် မသိဘူးဆိုတော့ ငါဟာ သူ့သားဆိုတာ မင်း သူ့ဆီက သိရစရာ အကြောင်းမရှိပါဘူး၊ မင်း ဘယ်ကသိတာလဲ၊ ငါ့အကြောင်းကို ဘယ်အချိန်ကတည်းကစုံစမ်း၊ ဘယ်တုန်းကတည်းကသိပြီး ဘယ်လောက်ကတည်းက ငါ့နောက်လိုက်ပတ်သက်ခဲ့တာလဲ"

"အဟား ... ကျွန်မ ရှင့်ကို ဟိုးအရင်ကတည်းက သိတယ်လို့ ရှင့်မာမီကို ပြောခဲ့ဖူးသားပဲလေ"

မှော်ရယ် ...။

ရှင့်အကြောင်းကို ဘယ်အချိန်ကတည်းက စ,စုံစမ်းသလဲလို့ မေးပဲမေးရက်ပလေတယ်၊ ရှင် ပျောက်ကွယ်သွားကတည်းက ဒီကနေ့အထိ တောက်လျှောက်စုံစမ်းခဲ့တာပေါ့။ အမြဲမပြတ်စုံစမ်းခဲ့တာပေါ့။ ဘယ်တုန်းကစ,ပြီး ရှင့်နောက်လိုက်ခဲ့သလဲဆိုတော့ ရှင့်ကုမ္ပဏီအမည်နဲ့တွဲပြီး ကုမ္ပဏီပိုင်ရှင်သူဌေးနာမည်က "မှော်ဝန်းညို"လို့ မတော်တဆ ကြားသိလိုက်ရပြီးကတည်း စ,ပြီးတော့ပေါ့။

ရှင့်ကိုလာကြည့်။ အထပ်ထပ်စောင့်ကြည့်၊ ချောင်းကြည့်၊ ငေးကြည့်။ ရှင်သွားလာတတ်တဲ့ နေရာတွေကို လေ့လာစုံစမ်းပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆုံတွေ့ဖြစ်ရအောင် ကြိုးစားခဲ့တယ်လေ။

"မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆင်းရွှေနုပါလို့ ရှင့်ကိုပြောပြပြီးပါပြီ"

"မင်း ... ငါ့အမေနဲ့ ဘယ်လောက်ထိ ပတ်သက်ပြီး အခု ဘယ်လောက်ထိ နီးစပ်မှုရှိလဲ၊ ငါ့အမေ အခုဘယ်မှာနေနေသလဲ ငါသိချင်တယ်"

"ဒါကို ကိုယ့်ဘာသာသိအောင် စုံစမ်းရမှာ ရှင့်တာဝန်လေ"

မော်ဝန်းညိုက သွားများတင်းတင်းစေ့လိုက်ပြီး ...

"ငါ့အမေ ဘယ်မှာနေသလဲ သိတဲ့သူဆီက ငါစုံစမ်းနေတာလေ၊ ဒါကို ပြောမပြနိုင်တာက ဘာကြောင့်လဲ၊ မင်းဘာကိုလိုချင်နေတာလဲ ဆင်းရွှေနု၊ ရှင်းရှင်းပြောပါ၊ မင်းလိုချင်တာ ငွေလား ဘာလဲ ... ရှင်းရှင်းပြော"

ဆင်းရွှေနု မျက်နှာက ဖြန်းခနဲ နီမြန်းသွားရပါသည်။ ရင်ထဲနာကျင်ကာ မျက်ရည်ပင် ရစ်လည်လာသည်။

"ငွေလား ... ! ဟုတ်လား၊ ငွေလိုချင်လားလို့ ရှင်ကမေးတယ်လား"

"ဆောရီး ... ငါ့စကား ရိုင်းသွားရင် ဆောရီးပဲ"

"ဟင့်အင်း ... ဆောရီးမလိုပါဘူး၊ ရှင့်စကားလည်း မရိုင်းပါဘူး၊ ငွေဆိုတာ လောကကြီးမှာ အရေးပါတာပဲ လူတကာ သည်းခြေကြိုက်ပဲ၊ ဖွင့်ပြောတဲ့သူနဲ့ ဖုံးကွယ်တဲ့သူပဲကွာမယ်၊ ငွေကိုကြိုက်တဲ့သူချည်းပဲရှင့်၊ ငွေကြောင့် မထင်မှတ်ဘဲ ပြောင်းလဲသွားတဲ့ လူတွေလည်း ကျွန်မ မယုံနိုင်လောက်အောင် တွေ့ဖူးတာပဲ ...





ငွေကြောင့် ဒုစရိုက်မှုကျူးလွန်တဲ့သူတွေ ငွေကြောင့် ယုတ်မာကောက်ကျစ်သွားတဲ့သူတွေ ငွေကြောင့် ဘယ်သူ့မျက်နှာမှ မငဲ့မထောက်တော့တဲ့သူတွေ၊ ငွေကြောင့်ချစ်ခြင်းမေတ္တာကိုတောင် ရောင်းစားသွားတဲ့သူတွေ အများကြီးပါပဲ"

"ဒါတွေ ငါနဲ့ မဆိုင်ပါဘူး၊ ငါသိချင်တာ ငါ့အမေလိပ်စာ၊ ဟိုတစ်နေ့က မင်းရဲ့ကားနောက်က မောင်းလိုက်ခဲ့ပေမယ့် မင်း အတင်းမောင်းပြေးပြီး မျက်ခြည်ပြတ်သွားတယ်၊ ငါ့အမေနေတဲ့နေရာကို ငါမသိလိုက်ရဘူး၊ ငါသိချင်တယ်၊ အဲဒီအတွက် မင်းကို ငါ ဘာပေးရမလဲ ပြောပါ"

"ကျွန်မလည်း တစ်ခုမေးပါရစေ၊ ရှင်က ရှင့်အမေကို ခုလို ခရီးကြုံလမ်းကြုံ မမျှော်လင့်ဘဲ ကြုံဆုံလိုက်ရတော့မှ ရုတ်တရက် တွေ့ချင် ဆက်သွယ်ချင်စိတ်ပေါက်လာခဲ့တာလား၊ ဟိုတစ်နေ့က ဆေးခန်းမှာ ရှင့်အမေကို မတော်တဆ မဆုံခင်အချိန်အထိ ရှင်ဘယ်လိုနေခဲ့သလဲ၊ မတွေ့ရလည်းပဲ နေနိုင်ခဲ့တဲ့သဘောပဲ မဟုတ်လား"

"ငါတို့သားအမိနှစ်ယောက်နဲ့ပဲ ပတ်သက်တဲ့ အရေးကိစ္စကိုယ်ရေးကိုယ်တာကို မင်း မစပ်စုပါနဲ့ ဆင်းရွှေနု"

"စပ်စုတာ မစုတာ ကျွန်မ အခွင့်အရေး၊ ဖြေတာမဖြေတာ ရှင့်အလုပ်၊ ဆယ့်လေးငါးနှစ် အမေကိုပစ်ထားခဲ့တဲ့သူတစ်ယောက်ကို ဒီလောက် အလွယ်တကူလေး လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသင့်တယ်လို့ ယုံကြည်တဲ့သူမျိုးထဲ ကျွန်မ မပါဘူး ရှင့်"

မော်ဝန်းညိုက အသည်းယားလုအောင် ဒီမိန်းကလေးကို ဆွဲဆောင့်ခါပစ်ချင်တော့တဲ့ လက်များကို ပိုက်ထားလိုက်ရင်း ...

"လက်စသတ်တော့ မင်းက ငွေညှစ်နေတဲ့ သဘောမျိုးပဲ"

"ရှင်ထင်ချင်သလို ထင်လေ"

"ကျွတ်"

ဒီမိန်းမကို လက်မြှောက်ရမလို ဖြစ်လာပါသည်။ သက်ပြင်းရှည်ကြီးတစ်ချက်ချ၍ စိတ်ကို အရင်ဦးစွာ လျှော့ချပစ်လိုက်ရပါသည်။ သူ့ဘက်ကစ၍ ဒီမိန်းမကို အလျှော့ပေး အကြိုက်ဆောင် အလိုလိုက်ရတော့မလို ဖြစ်လာတဲ့အခါ သူ စိတ်ထဲ ဆင်းရှေနကို လန့်သည်။ တစ်ပြိုင်နက်မှာ သူ့အပေါ် သူမအနိုင်ရလိုက်သလို သူ့အပေါ် တစ်စုံတစ်ရာ လွှမ်းမိုးခံလိုက်ရသလို ခံစားရကာ စိတ်က အလိုအလျှောက်ပင် ရုတ်တရက် ပျော့ပျောင်းနူးညံ့သလို ဖြစ်လာခဲ့ပါသည်။

မင်းနဲ့ ငါနဲ့ ဒေါသအလျှောက် သုံးနှုန်းနေမိတာကိုလည်း အလိုအလျှောက် သတိပြုဆင်ခြင်မိကာ ...

"ခင်ဗျား ထင်သလို မဟုတ်ပါဘူး ဆင်းရှေန၊ ကျွန်တော် ကျွန်တော့်အမေကို ရှာခဲ့ပါတယ်"

"ရှာရက်နဲ့ မတွေ့တာပေါ့ ... ဟုတ်လား"





"ဟုတ်ပါတယ်၊ ကျွန်တော် ရှာနိုင်သလောက် ရှာပေမယ့် မတွေ့တဲ့နောက်မှာ ဘယ်နေရာမှာ ရှာရမယ်ဆိုတာပါ အစအန ပျောက်နေခဲ့လို့ ဖိဖိစီးစီး ဆက်မရှာဖြစ်ခဲ့တာပါ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ ပြန်တွေ့နိုးဆိုတာ မျှော်လင့်ချက်အမြဲထားခဲ့ပါတယ်၊ တွေ့မယ်လို့လည်း ယုံကြည်ခဲ့ပါတယ်"

တကယ်တော့ သူရှာတာ အမေ့တစ်ယောက်တည်းကို ဘယ်ကပါ့မလဲ။ ချစ်ရသော မိတာလေးကိုပါ ရှာခဲ့တာပဲလေ။ သိပ်ကိုတွေ့ချင်ခဲ့တာပါလေ။ ချစ်သူကိုပါ ရှာခဲ့တယ်ဆိုတာကိုတော့ ဆင်းရှေနကို ပြန်ပြောပြဖို့ရာ လိုအပ်လိမ့်မည် မထင်ပါ။

"ဒါဖြင့် ဟိုတစ်နေ့က ဆေးခန်းမှာ တွေ့လိုက်ရဲ့သားနဲ့ ဘာဖြစ်လို့ ပြေးပြီးမခေါ်သလဲ"

"ကျွန်တော် မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်လို့ Shock ဖြစ်သွားတာလည်း ပါပါတယ်၊ ပြီးတော့ ကျွန်တော့်အမေကို ကျွန်တော် မျှော်လင့်ထားတာက ဒီအခြေအနေ ဒီပုံစံမျိုးနဲ့ မဟုတ်ပါဘူး၊ ခင်ဗျား သိထားပြီးသား ဖြစ်ကောင်းဖြစ်မယ် သိချင်မှလည်း သိပါမယ်၊ ကျွန်တော်တို့ သားအမိရဲ့ အတိတ်က ဘဝအနေအထားက ကြမ်းတမ်းပြီး ချို့တဲ့အကျည်းတန်ပါတယ် ...

ကျွန်တော်တို့ သိပ်ဆင်းရဲပါတယ်၊ ခုချိန်မှာအမေ့ကို ခင်ဗျားက ဒီလိုတင့်တင့်တယ်တယ် အနေအထားနဲ့ သိကျွမ်းဆက်ဆံနေတာ ဖြစ်တဲ့အတွက် ပြောသင့်ချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်မှာ ဖြစ်ပေမယ့် ကျွန်တော့်အပေါ် တစ်စုံတစ်ရာ အထင်လွဲ အမြင်မှား အစာမကြေ ဖြစ်နေပုံရတဲ့ ခင်ဗျား ကို ပြောပြဖို့ ဆုံးဖြတ်ပါတယ်၊ အမေက ကျွန်တော်ငယ် ငယ်က ဆိုးပါတယ် ...

ဆိုးတယ်ဆိုတာ အကျင့်စာရိတ္တပိုင်းနဲ့ မဆိုင်ပါဘူး သူလုပ်ချင်ရာ လုပ်တာကို ပြောတာပါ၊ ပိုက်ဆံမရှိတဲ့ကြား က ပိုက်ဆံဖြုန်းတီးပြီး ကြွေးပတ်လည်ဝိုင်းနေတဲ့မိန်းမမျိုး ပါ။ သူတစ်ပါး ငွေကြေးအကူအညီကို အလွယ်တကူယူ ဖို့လည်း သူ ဝန်မလေးခဲ့ဘူး၊ ကျွန်တော်နဲ့ အမြဲတကျက် ကျက်ပါ၊ ကျွန်တော့်အမေရဲ့စရိုက်သဘာဝကို နည်းနည်းမှ မကြိုက်တာပါ ...

ကျွန်တော် ထင်တာက ခုချိန်မှာ အမေ တစ်နေရာရာ မှာ ချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲနဲ့ ဘဝကိုဝမ်းကြောင်းနေ မယ်၊ ဥပမာ ဈေးရောင်းနေမယ်၊ ခပ်ကြမ်းကြမ်းဘဝထဲ မှာပဲ ပြန်ရှာတွေ့ရလိမ့်မယ်လို့ ကျွန်တော် တစ်ချိန်လုံး ထင်မှတ်ယုံကြည်ထားတယ်"

ဆင်းရွှေနုက မော်ဝန်းညိုရဲ့ ခုနနဲ့ဆန့်ကျင်ဘက် ညှိုးလျော်နေတဲ့ မျက်နှာကို စိုက်ကြည့်ကာ နားထောင်ရင်း ရင် ထဲ တနုံ့နုံ့ ဝမ်းနည်းဆွေးမြည့် လာရပါသည်။

"အခု အမေ့ကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက် တော့ အမေက ကျွန်တော် ထင်ထားသလို မဟုတ်ပဲ တင့်





တင့်တယ်တယ် သားသားနားနားနဲ့ ငြိမ်းချမ်းတဲ့ဘဝတစ်ခု မှာ ရှိနေတာ ဖြစ်နေတယ်၊ အဲဒါကို အံ့သြပြီး အမျိုးမျိုး တွေးရင်းက ကျွန်တော် တွေဝေနှောင့်နှေးသွားတာလည်း ပါပါတယ် ...

ခင်ဗျား အမေနဲ့ခင်ရင် ကျွန်တော် တစ်ခုလောက် မေးကြည့်ပါရစေ၊ အမေ ခုလို ပြည့်စုံတင့်တယ်နေတာ အတွက် ကျွန်တော် စဉ်းစားလို့ရတာ တစ်ချက်ပဲရှိလို့ပါ၊ အမေ နောက်အိမ်ထောင်များ ပြုထားသလား၊ အမေ့မှာ အခု အိမ်ထောင်များရှိသလား ပြောပြပါလား။ ခင်ဗျားသိ မှာပါ"

ဆင်းရွှေနုက ခေါင်းကို အသာယမ်းလိုက်ရင်း ...

"အန်တီ့မှာ ဘာအိမ်ထောင်မှ မရှိပါဘူး၊ ရှင်နဲ့ကွဲကွာသွား ကတည်းကအတိုင်း တစ်ကိုယ်တည်းပါပဲ"

"ဒါဖြင့် အမေ ဘယ်လိုဖြစ်ပြီး ပြည့်စုံတင့်တယ်နေတာ လဲ"

"ဒါတော့ သူ့ကံတရားလို့ပဲ ရှင်မှတ်ထားလိုက်ပါ မော် ဝန်းညို၊ ရှင့်အမေကို ရှင် ဘယ်အချိန်က ပြန်ပြီးရှာဖွေတာ လဲ၊ ဘယ်မှာရှာဖွေတာလဲ၊ တကယ်တမ်းက ရှင်ကထွက် သွားတာ၊ ရှင့်အမေက သူ့နေရင်းအရပ်ဒေသမှာပဲ ကျန် ရစ်ခဲ့တာ မဟုတ်ဘူးလား"

"ခင်ဗျား အတော်သိထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျွန်မ သိသင့်သမျှ အကုန်သိထားတယ်"

"ကျွန်တော် သုံးနှစ်လောက် အမေ့ဆီ မပြန်ခဲ့ဘူး"

"ဘာကြောင့် မပြန်ခဲ့တာလဲ၊ ဘာကြောင့်ရော အမေကို ပစ်ပြီး ထွက်သွားခဲ့ရတာလဲ"

ဆင်းရွှေနု အသံလေးက မသိမသာ တုန်နေသည်။ ဘာကြောင့် ငါ့ကိုရော ပစ်ပြီးထွက်သွားခဲ့ရတာလဲ မော်။ ငါသိပ် သိချင်တာပဲ။ ငါ သိပ်ကိုသိချင်တာပဲ။

"ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ၊ ကျွန်တော့်ဘဝ အကြောင်းကို အဲသလောက်ထိ အသေးစိတ်စိတ်တော့ ခင်ဗျားဆီမှာ ဝန်ခံဖို့ လိုမယ်မထင်ပါဘူး၊ လုံလောက် သော ခိုင်လုံသော အကြောင်းတစ်ခုကြောင့် ကျွန်တော် အဲဒီက ထွက်သွားရတယ်၊ ပြီးတော့ သုံးနှစ်လောက်ထိ အဲဒီ အရပ်ဒေသဆီ ခြေဦးမလှည့်ဘူး"

"ဒါဖြင့် ရှင့်အမေကို ရှာတယ်ဆိုတာကကော"

"ကျွန်တော်တို့ နေခဲ့တဲ့ မြို့နယ်ရပ်ကွက်ကြီးတစ်ခုလုံး မီးဆိုးဆိုးရှားရှား လောင်တဲ့အချိန်မှာ ကျွန်တော် စင်ကာပူ ရောက်နေတယ်"

"ဩော် ... ရှင်က စင်ကာပူတောင် ရောက်သွားခဲ့တာကိုး"

"ကျွန်တော့်အနေအထားက ချက်ချင်းပြေးလာဖို့ အခြေအနေ မပေးပါဘူး၊ တမင် ခြေဦးမလှည့်တာ ဆိုပေမယ့် မီးလောင် တယ်ဆိုမှတော့ ကျွန်တော် ပြန်ချင်တာပေါ့ဗျာ၊ ဒါပေမဲ့





မီးလောင်အပြီး တစ်လခွဲ နှစ်လနေမှ ကျွန်တော် အဲဒီနေ ရာကို ရောက်နိုင်ခဲ့တယ်၊ အဲဒီက လူဟောင်းတွေကို မြေ နေရာသစ်တွေပေးပြီး အဲဒီမှာတောင် နိုင်ငံတော်ရဲ့ပရော ဂျက်ကြီးတစ်ခု စ,နေ မြေရှင်းနေပါပြီ။ နေရာအသစ်ချပေး တယ်ဆိုတဲ့ မြို့သစ်ဆီလည်း ကျွန်တော် လိုက်ပါသေးတယ် ဆင်းရွှေနု၊ အမေ ဘယ်ရောက်သွားမှန်း ဘယ်သူမှ မသိ ကြဘူး"

ဩော် ... မော်ရယ် ...

နင့်အမေကိုတော့ ကြိုးစားပမ်းစား ရှာဖွေခဲ့သေးပြီး ငါ့ကိုတော့ ရှာကိုမရှာဖွေတော့တာပေါ့နော်။ မလိုချင်လို့တောင် စွန့်ပစ်သွားခဲ့သေးတာပဲ။ သုံးနှစ်လောက် ခြေဦးပြန်မလှည့်ခဲ့တာ ဟာ ရှင့်အမေကြောင့်တော့ မဖြစ်နိုင်လောက်ပါဘူး။ ငါ့ကိုရှောင် ချင်တာသာ ဖြစ်ရမယ် မဟုတ်လား။

"ဒီလောက်ဆို ကျွန်တော့်အမေရှိတဲ့နေရာ ပြောပြဖို့ ခင်ဗျား အတွက် လုံလောက်ပြီလား ဆင်းရွှေနု"

"ဒီစကားတွေအားလုံးကို ရှင့်အမေကို ကျွန်မ အားလုံးပြန် ပြောပေးမယ်၊ သူ့ဆန္ဒကိုလည်း ကျွန်မ မေးရလိမ့်ဦးမယ်"

"သူ့ဆန္ဒက တွေ့ချင်မှာပေါ့၊ ကျွန်တော်တို့က သားအမိ ရင်းလေဗျ"

"အန်တီကလည်း သူ့ကို ခုလောက်ထိ ပစ်ထားခဲ့ရသလား လို့ ရှင့်အပေါ် နာကြည်းမှုရှိတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အမေနဲ့ တွေ့ခွင့်ရမရက ခင်ဗျားအပေါ် မူတည်နေတယ်ပေါ့"

မျက်ဝန်းနှစ်စုံက အေးစက်စက် ဆုံတွေ့ရင်ဆိုင်နေကြပါသည်။

❖ ✤ ❖



## ၁၆

"သူ့တစ်ယောက်လုံးကို ပြန်တွေ့နေတာတောင် လေးယဉ်ကို ညည်း ပြန်မပြောပြခဲ့တာကတော့ ညည်း တော်တော်မတရားတာပဲ သမီး၊ အမိပွာယ်ကို မရှိဘူး"

မေမေ စိတ်မတိုစဖူး တိုနေတဲ့အခါ ဆင်းရွှေနုသည် ကိုယ့်လုပ်ရပ် အတော်ကို တရားမဲ့နေပြီလား စိတ်မလုံမခြုံဖြစ်ရကာ မပွင့်တပွင့် ရှုပွပွနှင့် ...

"အန်တီကလည်း ပြန်တွေ့ရင်တောင် ခေါ်မလာနဲ့လို့ပြောခဲ့တာပဲဟာကို"

"ပြောတာက ပြောတာပဲပေါ့၊ တွေ့မယ်မတွေ့ဘူး ဆုံးဖြတ်တာက သူ့အလုပ်၊ ပြန်တွေ့ကြောင်း ပြောရမှာက ညည်းအလုပ်လေ"

ဒေါ်လေးယဉ်သည် ရင်ခုန်တုန်လှုပ်သော မျက်နှာမျိုးနှင့် ငိုင်တိုင်တိုင် ဖြစ်နေသည်။ စိတ်လှုပ်ရှားမှုကတော့ အတိအလင်း သိသာပေါ်လွင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတွေ့တာလည်း မကြာသေးပါဘူး"

"ဒါပေမဲ့ အခုပြောပြသလောက်ကိုက သုံးလေးလတော့ ရှိခဲ့ပြီပဲ၊ ဒီနေ့တွေ့ခဲ့ရင်ကို ဒီနေ့ ပြန်ပြောရမှာလေ မိတာ"

ဆင်းရွှေနု မကြိုက်သောအမည်ကိုခေါ်၍ မေမေက ပြောလိုက်တဲ့အတွက် ဆင်းရွှေနု မျက်နှာက မဲ့ခွက်ခွက် ဖြစ်သွားရပါသည်။

"သမီး သူ့ကို အကဲခတ် လေ့လာနေတာ၊ မပြောမဆို အားလုံးကို ရှောင်ထွက်သွားပြီး လုပ်ငန်းရှင်သူဌေးတစ်ယောက်အဖြစ် ပြန်ပေါ်လာတာလေ မေမေ၊ တမင်ပြန်မပတ်သက်ချင်တော့လို့ သူ့ဟာသူ နေနေတာလားဆိုတာ သမီး အရမ်းသိချင်သေးတာ၊ သူ ... သူက အန်တီ့ကိုတင် စွန့်ခွာသွားတာ မဟုတ်ဘူးလေ၊ သမီးကိုပါ ... သမီးကိုပါ သူ စွန့်ခွာသွားတာ၊ ပစ်သွားတာလေ၊ သမီးမှာလည်းခံစားချက်ရှိသေးတယ်၊ သူ့ကို ဘွားခနဲ ပြန်အတွေ့မှာ ဟယ် ... မော် ဆိုပြီး အတင်းခေါ်ပြီး ကိုယ့်ရုပ်ကိုမသိနိုင်တဲ့ သူ့ကို အတင်းပြန်မိတ်ဆက်ပြီး ဆွဲခေါ်လာရမယ့် အပြုအမူမျိုးကို သမီး လုပ်ချင်ပါ့မလား"

ဒေါ်နွယ်နွယ်က သက်ပြင်းချလိုက်ပါသည်။

"သမီး မှားနေပြီ၊ သမီးနဲ့ပတ်သက်မှုဆိုတာက မပြောပလောက်ပါဘူး၊ လေးယဉ်နဲ့က သွေးရင်းသားရင်း ဘွားအမိ





တော်စပ်တာလေ၊ လေးယဉ်က မော်ဝန်းညိုကို ကိုးလမိုက်ထဲလွယ်ပြီး ဆယ်လမှာ မွေးခဲ့တာ၊ သူ့အသွေးအသား၊ သူနဲ့က အရင်းအချာ၊ သူ သိခွင့်ရကို ရရမယ်"

"အခု သမီး ပြောပြတာပဲ"

"သိပ်နောက်ကျတယ်လေ၊ အခုမှ ဟိုက မတော်တဆတွေ့မြင်ပြီး ညည်းကို ဆက်သွယ်လို့သာ သူ့အမေလိပ်စာမေးလို့သာ မပြောမဖြစ်တော့ပဲ ညည်း ပြန်ပြောတာ၊ ခုထိ မော်ဝန်းက သူ့အမေကို မတွေ့ဘူးဆိုရင် ညည်းခုထိပြောမှာ မဟုတ်သေးဘူးမို့လား"

"သူ အားလုံးကို ပစ်သွားတာပဲ၊ သူ့ကို သမီးကပဲ စ,ရှာတွေ့တာ၊ သူ့ကို သမီးက ချက်ချင်း အပျော်တွေပေးရမှာလား၊ သူ့ကို ဒဏ်ခတ်ရမှာပဲ၊ သူ့ကို ဒဏ်ခတ်ချင်တယ်"

ဆင်းရွှေနု အသံလေးက ရှုးရှုးဝါးဝါး တုန်ခါလာပြီး မျက်ရည်တွေ လျှံတက်လာသည်။

"ကဲ ... အဲဒါကြည့်တော့ လေးယဉ်၊ ညည်းတူမ ဘယ်လောက်ထိအောင် တစ်ကိုယ်ကောင်းဆန်သလဲ၊ ငါစိတ်ညစ်ပါရဲ့အေ"

ဒေါ်လေးယဉ်က ဆင်းရွှေနုကို ငုံကြည့်မိပါသည်။ မျက်ရည်တွေနဲ့ သနားစရာကောင်းနေတဲ့ မျက်နှာလေး။ သူလည်းပဲ ခံစားရပေမှာပေါ့။ ဘယ်လောက် သံယောဇဉ်ကြီးခဲ့သလဲ သူ



www.burmeseclassic.com

www.burmeseclassic.com



အသိဆုံးပဲဟာ။ ဘာမှမရှိတဲ့ သူ့သားမျက်နှာမွဲကို စွဲစွဲမြဲမြဲချစ်လာလိုက်တာမှ ခုထိပဲ မဟုတ်လား။ သေချာပါတယ်၊ ခုထိခမျာ ချစ်နေသေးတာ အသေအချာပါ။

သူ့ခမျာ အဲဒီညက ဘယ်လောက် ပူဆွေးနာကျင်ခဲ့ရှာသလဲ ဒေါ်လေးယဉ် ကောင်းကောင်းသိတာပဲ။ ထွက်ပြေးကြဖို့ ကိုပင်လျှင် သူကလေး သတ္တိရှိရှိ စတင်စီစဉ်ခဲ့တာ။ အဲဒီတုန်းက သားကိုတားမြစ်ခဲ့မိတာကိုလည်း တနုံ့နုံ့ ပြန်တွေးတိုင်း စိတ်မကောင်းပေ။ ဒေါ်လေးယဉ်ကတော့ သူတို့အသက်အရွယ်ကလေးတွေကြောင့် ဒုက္ခလည်းမရောက်အောင် ဆင်းရွှေနုတို့အဖေရဲ့ အန္တရာယ်ကလည်းလွတ်အောင် နှစ်ယောက်သား ဘဝပျက်မသွားအောင် ဒုက္ခနွံနစ်မသွားအောင် မှော်ဝန်းကို တားမြစ်ခဲ့တာပါ။

သူ တားမြစ်ခဲ့တဲ့အထဲမှာ ဆင်းရွှေနုအတွက် စေတနာကလည်း တစ်ဝက်တော့ ပါပါသည်။

"သမီးကို မပြောပါနဲ့ နွယ်နွယ်ရယ်၊ မပြောပြရကောင်းလားလို့ ငါ နည်းနည်းမှ ဖွဲမယူပါဘူး၊ လုံးဝစိတ်မဆိုးပါဘူး၊ သူ့အတွေးနဲ့သူပေါ့၊ သူ နာကြည်းမယ်ဆို နာကြည်းလောက်တာပဲ၊ ငါတောင် နာကြည်းသေးတာပဲ။ မအေကိုတောင် မပြောမဆိုနဲ့ ကိုယ်လွတ်ရုန်း လစ်ထွက်သွားရဲသေးတာပဲအေ၊ ငါက မအေမို့ ခွင့်လွှတ်ပါတယ်ပဲထား၊ သမီးက ခွင့်လွှတ်နိုင်ပါ့မလား ...





အဲဒီအချိန်မှာ သူ့အဖေလည်း ညတွင်းချင်းပဲ ရုတ်တရက် ကွယ်လွန်၊ ဒီလောက် ပရိဒေဝမီးတောက်လောင်နေတဲ့ကြားက မှော်ဝန်းကို သူ မျှော်လင့်နေသေးတာလေ၊ နင်တို့အိမ်ပေါ် မှီခိုနေပြီး နင်တို့ထမင်းစားနေရလို့ ငါပြောတာ မဟုတ်ပါဘူး နွယ်နွယ်ရယ်၊ မှော်ဝန်းညို လုပ်သွားပုံကို ငါကိုယ်တိုင်လည်း နာကြည်းတဲ့အပြင် သမီးကိုတောင် ပိုသနား ပိုချစ်သေးတယ်၊ ခုနေမှာ ဆင်းရွှေနု ဆိုတာ နင့်သမီးရင်း ဟုတ်သလို ငါ့သမီးလည်းဖြစ်တယ် နွယ်နွယ်၊ ဝမ်းနဲ့မလွယ်ရရုံ တမယ်ပါ"

ဒေါ်လေးယဉ် အသံကလည်း တိမ်ဝင်လာသည်။

"အဲဒီတော့ ငါလည်း မတွေ့ချင်ပါဘူး၊ မတွေ့ဘူး"

"အို ... ဒီလိုလုပ်လို့ ဘယ်ရပါ့မလဲ လေးယဉ်ရယ်"

"သူလည်း တင့်တင့်တယ်တယ် မြင့်မြင့်မားမား ဘဝတစ်ခုမှာ ရှိနေပြီပဲ၊ သူ အသက်ရှင်နေတယ်၊ ကောင်းစားပြည့်စုံနေတယ် ဆိုရင်ပဲ ငါ့အတွက်က ဘာမှပူစရာရှိတော့တာမှ မဟုတ်တာ"

"သူ တင့်တယ်ကောင်းစားနေတယ် ဆိုတာနဲ့ပဲ သားအမိ မတွေ့ရတော့ဘူးရယ်လို့မှ မဟုတ်တာ လေးယဉ်ရယ်၊ ညည်းတူမက သူ့နာကြည်းမှုနဲ့သူ ကြားကနေ သားအမိ နှစ်ယောက် တွေ့ခွင့်ရဖို့ အခွင့်အရေးကို မှော့်ကိုမပေးဘူး လုပ်နေတာ အဓိပ္ပာယ်မှ မရှိတာ ...



www.burmeseclassic.com

www.burmeseclassic.com



သမီး ... အန်တီလေးယဉ်ကို မော်နဲ့တွေ့ခွင့်ရအောင် စီစဉ်ပေးလိုက်ပါကွယ်၊ ဟိုကလည်း တောင်းဆိုနေတဲ့ဟာ တွေ့ကိုတွေ့ရမှပေါ့၊ တကယ်တော့ သမီးကိုယ်တိုင်လည်းပဲ ငါ မိတာ ပါဆိုတာကို ရိုးရိုးသားသား ဖွင့်ပြောမိတ်ဆက် လိုက်ရင် ပြီးနေတဲ့ကိစ္စပဲဟာ၊ ကားအက်စစ်ဒဲန့်ကြောင့် ငါ့မျက်နှာ ခွဲစိတ်ပြုပြင်လိုက်ရတယ် ဆိုတာလည်း ပြောပြ လိုက်ဖို့သင့်တယ်၊ ညည်းမှ မပြောရင် သူက ဘယ်လိုလုပ်ပြီး မှတ်မိမှာလဲ၊ အားလုံး စိတ်ချမ်းသာရဖို့ကို ညည်းဘာဖြစ်လို့ ကိုးလိုးကန့်လန့် လုပ်နေတာလဲ သမီးရယ်"

ဆင်းရွှေနုက ပါးပေါ် ပေါက်ခနဲ ပြုတ်ကျလာသော မျက်ရည်ပေါက်ကလေးကို လက်ညှိုးနှင့် တွန်းသုတ်ရင်း ...

"အားလုံး စိတ်ချမ်းသာရမယ်လို့ မေမေ ဘယ်လိုလုပ် အာမခံနိုင်လဲ၊ အဲဒီတုန်းကတောင် ဘယ်သူ့မှမပြောဘဲ အားလုံးကို တိတ်တိတ်ကလေး မပြောမဆို စွန့်ခွာသွားတာ၊ အခု ငါ မိတာ ပါလို့ သမီးသွားပြောတော့ရော သူက ခေါင်းထဲရှိမှာမို့လား၊ အရေးလုပ်မှာမို့လား၊ မထင်ပါဘူး"

"ဟဲ့ ... ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်းတော့ ဖြစ်ခဲ့သေးတာပဲ"

အဲဒီစကားကြီးကို မုန်းလိုက်တာ။ သူက ဒီလောက်ပဲ သဘောထားနိုင်တော့တယ်ဆိုရင် ဆင်းရွှေနုက ဝမ်းသာပျော်ရွှင်နိုင်ရိုးလား။ သူငယ်ချင်းမှ မဟုတ်တာ အသည်းနှင့်အောင် ချစ်ခဲ့တဲ့ ချစ်သူ။





ဘယ်လိုပင်ဖြစ်ပါစေ ...။ မေမေက နောက်ဆုံးတော့ ဆင်းရွှေနုကို ကွယ်ရာမှာ နှစ်ယောက်ချင်း ခေါ်ပြောပါသည်။ အမေတစ်ယောက်ဟာ ဆယ့်ငါးနှစ် ကွဲကွာခဲ့တဲ့ သားအရင်းကို ပြန်မတွေ့ချင်ဘဲ နေပါ့မလားတဲ့။ ခုချိန်မှာ ကျေးဇူးရှင်လုံးလုံး ဖြစ်နေတဲ့ ဆင်းရွှေနုတို့ သားအမိရဲ့ သဘောထားကို လွန်ဆန်ပြီး ဘာမှမလုပ်ချင်တာသာ ဖြစ်တော့မပေါ့တဲ့။ ဆင်းရွှေနု ခါးသည်း နာကြည်းနေတယ် ဆိုပြီးတော့သာ သူကပါ မတွေ့ဘူးဘာဘူး လုပ်ရရှာတာ နေမှာပေါ့တဲ့။ နောက်ဆုံး အဆက်အသွယ် မလုပ်ပါဘူး ဆိုတာတောင်မှ မျက်နှာကလေးတော့ မြင်ချင်မှာပေါ့၊ မမြင်ချင်ပဲ ရှိပါ့မလား ... တဲ့။

ဆင်းရွှေနု ဒီလိုတော့ စိတ်မကောင်းပါ။ ဆင်းရွှေနုက အန်တီဒေါ်လေးယဉ်ကိုလည်း အဒေါ်ရင်းတစ်ယောက်ကဲ့သို့ ချစ်တဲ့သူပါ။ ဆင်းရွှေနုက ဒေါ်လေးယဉ်ရဲ့လက်ဖျားလေးနှစ်ဖက်စလုံးကို ဆုပ်ကိုင်ပြီး အမှန်အတိုင်းပြောဖို့ ကြင်ကြင်နာနာမေးပါသည်။ အတော် အားယူပုံရပြီးမှ ...

"အဝေးကပေါ့ သမီးရယ်၊ သူ မသိအောင်တော့ အန်တီ အဝေးက တိတ်တိတ်လေး မြင်ချင်ပါတယ်"

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရုံးခန်းက ဒီအဆောက်အအုံကြီးမှာလား၊ အဆောက်အအုံကြီးက ကောင်းလိုက်တာနော်၊ ဒီမှာ အခန်းဝယ်ရင် မပြောနဲ့ အခန်းငှားရင်တောင် ဈေးကနည်းမှာ မဟုတ်ဘူးပဲနော်"

စတီယာရင်ပေါ် လက်ဆန့်တင်ကာ သူ့ရုံးခန်းရှိရာလို့ ကိုယ်သိထားတဲ့အထပ်ဆီ ငေးမျှော်ကြည့်နေရင်းက …

"သူက အခန်းဝယ်ထားတာလည်း မဟုတ်ဘူး၊ ငှားထားတာလည်း မဟုတ်ဘူး"

"ဟင် … ဘယ်လိုလဲ၊ ဩော် … သူ အလကားရထားတာလား"

"အန်တီကလည်းနော်၊ သူ့ကို ဘယ်သူက ဒီလို သိန်းထောင်တွေချီတဲ့ အခန်းမျိုး အလကားပေးမှာလဲ၊ အန်တီနှလုံးလေရိုက်မသွားနဲ့ဦး၊ ရှေ့ပင်မောလ်ကြီးလောက်ကြီးတဲ့ ဒီအဆောက်အအုံကြီးကို အန်တီ့သား မော်ဝန်းညိုပိုင်တာ၊ အဲဒါကြီး တစ်ခုလုံးလုံးကို သူ ပိုင်တာ"

"ဟင် … သူက အဲလောက်တောင် ချမ်းသာသလား၊ ဩော် … သူ့ကိုမွေးစားတဲ့ မိဘတွေက သိပ်ချမ်းသာကြ





တာ ထင်ပါရဲ့နော်၊ ကျန်းမာကြပါစေ … ချမ်းသာကြပါစေ၊ စိတ်ကောင်း စေတနာရှိတဲ့ သူ့မွေးစားမိဘတွေ အသက်ရာကျော် ရှည်ကြပါစေ"

"အမေပဲရှိတော့တယ် အန်တီယဉ်၊ အဖေဆိုတာက ဆုံးသွားပြီ၊ ပြီးတော့ သမီး သိရသလောက် အဲဒီမိသားစုမှာ သားရင်းတစ်ယောက် ရှိတယ်လို့ ဟိုးအရင်ကတည်းက ရင်းနှီးသူတွေက ပြောကြတယ်၊ အဲဒီ သားအကြောင်းတော့ သမီး သေချာမသိဘူး၊ ရှိသေးတာလား မရှိတော့တာလား မသိဘူး၊ သူနဲ့ သူက မာမီလို့ခေါ်တဲ့ အမေနဲ့ သားအမိနှစ်ယောက်ပဲရှိတာ၊ သူ့မာမီက အရမ်းသဘောထားကောင်းပါတယ်၊ နူးနူးညံ့ညံ့ အမျိုးသမီးကြီးတစ်ယောက်ပါ၊ သူ့ကိုလည်း သားအရင်းလိုပဲ သတ်မှတ်ထားတာ"

"ဩော် … ကံကောင်းလိုက်တာ၊ မော်ဝန်း ကံဖန်ကံကောင်းတာပေါ့ သမီးရယ်၊ အန်တီနဲ့များ ခုချိန်ထိ သူဆက်နေခဲ့ရင် သူ့ဘဝဟာ စုတ်စုတ်ပြတ်ပြတ် ချို့ချို့တဲ့တဲ့ပဲ ဖြစ်နေမှာပေါ့၊ သူထွက်သွားခဲ့တာက သူ့ဘဝကောင်းစားဖို့ ဖြစ်သွားခဲ့တာပဲ ပြောရမှာပေါ့၊ အန်တီ ကျေနပ်ပါတယ်လေ သမီးရယ်"

ဒေါ်လေးယဉ် အသံလေးက တုန်တုန်ခတ်ခတ်နှင့် တိမ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်လောက်ဆို သူ ခဏထွက်လာလိမ့်မယ် အန်တီ။ သူ ရွှေပြည်သာဘက် သွားလိမ့်မယ်၊ ခဏစောင့်လိုက်ရင် သူ့ကို အန်တီ မြင်ရမယ်"

ဒေါ်လေးယဉ်က ဆင်းရွှေနုဘက် ငဲ့ကြည့်ရင်း ...

"သမီး .. သူ့ကို ခုလိုပဲ မကြာမကြာလာစောင့်ကြည့်နေခဲ့တာလား၊ သူ ဘယ်အချိန် ဘယ်သွားမယ်ဆိုတာတွေ သိနေတယ်ဆိုတော့"

ဆင်းရွှေနုက ရင်ထဲတွင်မကာ မျက်နှာပေါ်ပါ ဆို့နင့်ရိပ် ထင်လာပါသည်။ မော်ဝန်းညို ဆိုတဲ့ အမည်တစ်လုံးနှင့်သူ့ကို စတင်ရှာဖွေတွေ့ရှိကတည်းက အားလပ်ချိန်ကလေးတိုင်းကို သူရှိတတ်မည့် နေရာတို့၌ အသုံးချခဲ့မိသည်။ သူ့နောက်က အချိန်ကာလအတန်ကြာ တကောက်ကောက် လိုက်နေခဲ့မိပြီးမှ ကြံမိကြံရာ ကားရှေ့တိုးဝင်လိုက်ခြင်းအားဖြင့် သူနှင့်ပတ်သက်မိအောင် ကြံဖန်ခဲ့တာပါလေ။

ဒေါ်လေးယဉ်က အဖြေမပေးဘဲ ရှက်နိုးဝမ်းနည်းရိပ်နှင့် ခပ်ငုံ့ငုံ့ကလေးနေနေတဲ့ ဆင်းရွှေနုကို ကရုဏာနှင့်ငေးကြည့်နေမိပါသည်။ မော်ဝန်း ထွက်သွားတဲ့ညမှာပဲ နွယ်နွယ့်ခင်ပွန်း မိတာလေးရဲ့ဖခင် ဦးဗစိုး ကွယ်လွန်ခဲ့သည်ဖြစ်ရာ ရက်လည်ပြီးတဲ့နေ့မှစ၍ သူငယ်ချင်း နွယ်နွယ်ရော မိတာကပါ တောင်းတောင်းပန်ပန် မရမက အတင်းခေါ်ယူတဲ့အတွက် ထိုအိမ်ပေါ် ဒေါ်လေးယဉ် ရောက်ခဲ့ရသည်ဖြစ်ရာ သူတို့သားအမိနှင့်နေခဲ့တာ ဆယ့်ငါးနှစ် ပြည့်ပါတော့မည်။





ဒီကြားထဲမှာ ဆင်းရွှေနုရဲ့အခြေအနေ အဖြစ်အပျက်တို့ကို အားလုံး မြင်တွေ့ပြီး သိနေတာပဲ။ တက္ကသိုလ်တက်စဉ် တစ်လျှောက်လုံးအပြင် ခုချိန်ထိ ရုပ်ရည်လေးလည်း လှပချောမောပြီး စီးပွားရေးလုပ်ငန်းကိုပါ ဦးဆောင်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ ဆင်းရွှေနုကို မေတ္တာရှိသူတွေ ချစ်ရေးဆိုသူတွေ အဆက်မပြတ်ရှိခဲ့တာပဲ။

အားလုံးကို သူ့ခမျာ ယတိပြတ် ငြင်းဆန်ခဲ့ရှာတာ။

"ဟော ... အန်တီ၊ သူ ဆင်းလာပြီ၊ မော် ထွက်လာပြီ"

ဆင်းရွှေနုက လှုပ်လှုပ်ရှားရှား ဖြစ်သွား၍ ဒေါ်လေးယဉ်ပါ ပျာယာခတ်သွားပြီးမှ အဆောက်အအုံကြီးထဲက ထွက်လာကာ ကားပါကင်ရှိရာ လျှောက်လာသည့် ထောင်ထောင်မောင်းမောင်း လူရွယ်ကလေးကို ပါးစပ်အဟောင်းသားနှင့် အသက်ပင်မရှူမိသလို ငေးကြည့်နေမိသည်။ သူတို့ကားအနား တဖြည်းဖြည်းနီးလာလေ ဒေါ်လေးယဉ်ခမျာ တဆတ်ဆတ်တုန်လာကာ ...

"သ ... သမီး ... သူ ... သူ ... မော် ... မော်ဝန်းပဲ"

"မော်ပါလို့ သမီး ပြောသားပဲ အန်တီရယ်၊ သမီးက လူမှားပါ့မလား"

"မော် ... မော်မှ ဟုတ်ရဲ့လားလို့၊ တကယ် မော်ဝန်းပဲ၊ ငါ့ ... ငါ့သားလေး မော်ဝန်း ... သား"

ဒေါ်လေးယဉ်သည် ပါးပြင်ပေါ် မျက်ရည်လုံးကြီးများ ဒလဟော လိမ့်ကျလာပါသည်၊ တစ်ကိုယ်လုံး တသိမ့် သိမ့်



www.burmeseclassic.com

www.burmeseclassic.com



တုန်လာပါသည်။ အေးစက်သောလက်များက ဆင်းရွှေနုရဲ့ လက်များကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ကာ လှုပ်ယမ်းရင်း ...

"သမီးရယ် ... မော် ... မော့်ကိုကြည့်ပါဦး၊ ဝမ်းသာလိုက်တာ သမီးရယ်၊ သားကို ပြန်တွေ့ရပြီ ... ဝမ်းသာလိုက်တာ"

ဩော် ... တကယ်တမ်းတော့ ဒေါ်လေးယဉ် စိတ်နာနာနှင့် ကြိမ်းဝါးထားသည်မှာ သားဖြစ်သူကို မတွေ့ရမီထိ အချိန်တုန်းကပဲ။ မျက်ဝါးထင်ထင်လည်း တွေ့လိုက်ရရော မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ဝမ်းသာနေလိုက်တာ။

"ဟင် ... ဒီဘက်ကို ကြည့်နေပြီ၊ တွေ့သွားပြီ"

ဆင်းရွှေနု အလန့်တကြား ရေရွတ်လိုက်မိပါသည်။ သူ့ကားနား မရောက်ခင် ရည်ရွယ်ချက်မဲ့ လှည့်ကြည့်လိုက်သော မော်ဝန်းညိုက (သူမှတ်မိမည်ဟု ဆင်းရွှေနု ထင်မထားသော) ဆင်းရွှေနုရဲ့ကားကလေးကို ကားကြိုကားကြားမှာ လှမ်းတွေ့ကာ မှတ်မိသွားပုံနှင့် တစ်ခဏ ရပ်ကြည့်ပါသည်။ တပ်ထားတဲ့နေကာ မျက်မှန်ကိုပါ ချွတ်ပစ်လိုက်ပြီး သေသေချာချာ ရပ်ကြည့်နေရာမှ ဆင်းရွှေနုနံဘေးမှ အမျိုးသမီးကြီးကိုပါ မြင်သွားပုံရသည်ဆိုလျှင်ပင် ဆင်းရွှေနုက ကားစက်ကို နှိုးလိုက်ပါသည်။

ကားကိုလည်း မောင်းအထွက် မော်ဝန်းညိုထံက ဖုန်းလည်းအဝင်ပင်။

"ရပ်ကွက်အတွင်း မီတင်းနေထိုင်ကြသော ..."





ဆင်းရွှေနုက ဖုန်းကို ချက်ချင်းဖွင့်လိုက်သည်။ ဟယ်လိုမှ မထူးရသေးခင် ...

"ဆင်းရွှေနု မင်းဘေးမှာ ပါလာတာ ငါ့အမေ မဟုတ်လား၊ ဘာဖြစ်လို့ ကားမောင်းပြေးရတာလဲ၊ အခုချက်ချင်းကား ရပ်စမ်း"

"ရှင်က ရပ်ဆိုတိုင်း ရပ်ရမှာလား၊ အန်တီ ရှင့်ကိုမြင်ဖူးရအောင်ပဲ ခေါ်လာပြတာ၊ အန်တီက ရှင်နဲ့တွေ့မယ်လို့ တစ်ခွန်းမှ မပြောဘူး သိရဲ့လား"

မော်ဝန်းညိုသည် ကားပေါ်အပြေးတက်ကာ ဘေးက ပါလာတဲ့ ကိုကျော်လှကိုပင် မစောင့်နိုင်ဘဲ ဆင်းရွှေနုကားကို မီအောင် နောက်ကမောင်းလိုက်လာခဲ့ပါသည်။

"ဆင်းရွှေနု ... ကားကို ခုရပ်နော်၊ ငါတို့သားအမိကိစ္စကို မင်းက စီမံခန့်ခွဲနေစရာ ဘာအကြောင်းမှ မရှိဘူး၊ ငါ့အမေနဲ့ ငါတွေ့မယ်၊ အခု ကားရပ်"

"မရပ်ဘူး"

"မင်း အခုကားမရပ်ရင် မင်းကားကို ငါနောက်က တိုက်ချလိုက်မှာနော်၊ မင်း ယုံလား မယုံဘူးလား၊ ကိစ္စမရှိဘူး ရတယ်၊ အေး ... ငါ တကယ်ကို နောက်ကဆောင့်တိုက်ချလိုက်မယ် ... ဒါပဲ"

ရုတ်တရက် မော်ဝန်းညို ဖုန်းလိုင်းပြတ်သွား၍ သင်းရွှေနု လန့်သွားရပါသည်။ ဒီ ... ဒီလူ သူပြောနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ တကယ်တိုက်ရင် တိုက်ချမှာ။ ဆင်းရွှေနက ကားကို အရှိန်ပြင်းနှင့် မောင်းနေရင်းက ...

"အန်တီ သူနဲ့တွေ့ချင်လား၊ မော်နဲ့ တွေ့ချင်လား"

"... ... ..."

"အန်တီ မြန်မြန်ပြော၊ အမှန်အတိုင်းပြော၊ စိတ်ထဲရှိတာ ပြောပါ"

"တွေ့ ... တွေ့ ...၊ အန်တီလေ ... အန်တီ ခုလိုမြင်လိုက်ရတော့ ..."

"အင်းပါ ... တွေ့ချင်နေတာလား အခု"

"အန် ... အန်တီ ... မော်ဝန်းကို ခဏတော့ တွေ့ချင်တယ် သမီးလေးရယ်၊ စိတ်မဆိုးပါနဲ့နော်၊ အန် ... အန်တီလေ ..."

"ကိစ္စမရှိဘူး၊ သမီး ကားရပ်ပေးမယ် အန်တီ၊ ကတိတစ်ခုပေး"

"ပေးပါ့မယ်၊ ဘာ ... ဘာကတိလဲဟင် သမီးလေး"

"သမီး မိတာ ဆိုတာ ဘယ်နည်းနဲ့မှ ဘာအကြောင်းကြောင့်မှ လုံးဝ လုံးဝ မပြောရဘူး၊ လုံးဝဆို လုံးဝမပြောရဘူး။ အန်တီ ကတိပေး"

"ဟင် ... ဘာ ... ဘာဖြစ်လို့"

"အန်တီ ကတိပေးမှာလား၊ ဟိုမှာ ကားကို နောက်က ဝင်တိုက်တော့မယ်တဲ့"





"ဟင် ... ဘုရား ... ဘုရား ... ကတိပေးပါတယ်၊ သမီး မိတာ ဆိုတာ လုံးဝမပြောပါဘူး၊ တကယ် မပြောပါဘူး"

ဆင်းရွှေနက ကားကိုလမ်းဘေးသို့ အချက်ပြဆွဲကပ်ချလိုက်သလို မော်ဝန်းညိုရဲ့ကားကလည်း ကျွီခနဲ အသံနှင့် ဆင်းရွှေနကားနှင့် ထက်ကြပ်မကွာ ဘေးဆွဲချကာ လမ်းပလက်ဖောင်းဘေးတွင် နှစ်စင်းထိလုမတတ် ကပ်ရပ်လိုက်ပါသည်။ ကားလည်းရပ် ဆင်းလည်းဆင်းချလာသည်မှာ တကယ်ကို လူသတ်တော့မည့် အလားပင်။

မော်ဝန်းညိုက ဆင်းရွှေနရဲ့ကားရှေ့ခန်းတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ကာ ကြောင်အအ ဖြစ်နေသော မျက်ရည်လည်ရွဲ ဒေါ်လေးယဉ်ကို ကိုယ်ကိုင်း၍ လက်ဖျားလေးဆုပ်ကိုင်လိုက်ပါသည်။

"အမေ"

မော်ဝန်းညို အသံက ခုနဒေါသရောစိတ်လှုပ်ရှားခြင်းကြောင့်ပါ တုန်ခါနေပါသည်။ အမေ့လက်ကို အသာဆွဲခေါ်ယူလိုက်တော့ ဒေါ်လေးယဉ်က ဆင်းရွှေနဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်ပြီးမှ ကားထဲက ညင်သာစွာ ထ,ထွက်လိုက်ပါလာသည်။

"အမေ"

"မော်ဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... အမေရယ် ... ဘယ်ရောက်နေတာလဲ အမေရာ"

"ဒါက ငါက မေးရမှာပါ မော်ဝန်းရယ်၊ မင်းကရော ဘယ်ကိုရောက်နေတာလဲ၊ ဘယ်ကိုထွက်သွားတာလဲ၊ မပြော မဆို စုတ်စမြုပ်စ ပျောက်သွားလိုက်တာ၊ ပစ်ထားသွား ရက်လိုက်တာ၊ ရက်စက်လိုက်တာ၊ လုပ်ရက်လိုက်တာ"

မော်ဝန်းညိုက နာနာကျင်ကျင်ကြီး ပြုံးလိုက်မိပါသည်။ ဆယ့်ငါးနှစ်အတွင်း တစ်ကြိမ်မှမကျခဲ့သော မျက်ရည်တို့က မျက်လုံးအိမ်ထဲ တစ်လုံးတခဲ ပြည့်လျှံကာ ကျလုလုဖြစ်လာပါသည်။ ရှိပါစေတော့ ... လုပ်ရက်လိုက်တာလို့ပဲ။

"ပစ်သွားရက်လိုက်တာ၊ လုပ်ရက်လိုက်တာလို့ပဲ အမေ ဒေါသထွက်လိုက်ပါတော့၊ နာကြည်းနေလက်စနဲ့ နာကြည်းနေလိုက်တော့နော် အမေ၊ ကျွန်တော် ဘာမှ မပြောတော့ပါဘူး အမေရယ်၊ အမေ အခု နေကောင်းရဲ့လားဟင်"

"နေကောင်းပါတယ်၊ ငါ့သားရော အစစအရာရာ အဆင်ပြေနေတယ် မဟုတ်လား"

"ကျွန်တော့်ကို မွေးစားလိုက်တဲ့ မွေးစားမိဘတွေ ကျေးဇူးကြောင့် အဆင်ပြေပါတယ်၊ အမေ အခု ဘယ်မှာနေနေလဲဟင်၊ ဘယ်သူနဲ့နေလဲ၊ အမေ့အခြေအနေ ဘယ်လိုလဲ၊ ဘာတွေလုပ်ကိုင်စားသောက်နေလဲ"

မော်ဝန်းညိုရဲ့ အငမ်းမရ မေးနေသံဟာ တံခါးပိတ်မထားတဲ့ ကားအတွင်း ပျံ့လွင့်ဝင်ရောက်နေသည်။ ဆင်းရွှေနု





သည် တစ်ဖက်ကိုလှည့်ကာ ပေါက်ခနဲ ပေါက်ခနဲ ကျလာသော မျက်ရည်တို့ကို မသုတ်ဘဲ လက်မလေး ဖိကိုက်ငြိမ်သက်နေလေသည်။ ရှင့်အမေကို တွေ့ပြီဆိုတော့ ရှင့်မှာ အားလုံးပြီးပြည့်စုံသွားပြီပေါ့နော်။ မိတာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ပြန်လည်ရှာတွေ့ခြင်း မတွေ့ခြင်းဟာ ရှင့်နှလုံးသားတွေကို ဘာမှအပြောင်းအလဲ မဖြစ်စေတော့ဘူး ထင်ပါရဲ့နော် ... မော်။

"အမေ အဆင်ပြေပါတယ် မော်ဝန်းရယ်"

"အမေ ... အခု ဘယ်မှာနေနေလဲဟင်"

"အမေလား ... အမေ ... ဟို ... ဆင်း ... ဆင်းရွှေနုနဲ့နေတယ်"

"ဟင် ... သူနဲ့အမေက ဘယ်လိုက ဘယ်လိုပတ်သက်တာလဲ၊ ကြည့်စမ်း ... သူနဲ့အတူနေတယ်ဆိုတာ မပြောဘူး၊ အဲဒီအမျိုးသမီးနဲ့တော့ အဆင်ကိုမပြေပါဘူး၊ နေပါဦးဗျာ၊ အမေက သူနဲ့ ဘယ်လိုဖြစ်လို့ အတူနေရတာလဲ၊ သူ့အိမ်မှာနေတာဆိုတော့ သူ့ ... သူ့အိမ်မှာ ... အမေက ဘာ ..."

သူ့အမေဟာ ဟိုအမျိုးသမီးအိမ်မှာ အိမ်အလုပ်သမားလို အခိုမျိုးများလားလို့ တွေးမိကာ ရင်နာနာနှင့် အသံပင် ဆက်ကွဲသွားပါသည်။

"မင်းထင်သလို မဟုတ်ပါဘူး မော်ဝန်းရယ်၊ ဆင်းရွှေနုတို့က အမေ့ကို စောင့်ရှောက်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ အမေက ဘာဆိုင်လို့ သူက စောင့်ရှောက်ထားရတာလဲ၊ အမေ သူ့အိမ်မှာ မနေပါနဲ့တော့၊ ကျွန်တော့်ဆီလာခဲ့တော့ အမေ၊ ကျွန်တော် အမေ့ကိုပြန်တွေ့ရင် ပြန်ခေါ်စောင့်ရှောက်မယ်ဆိုတာ မွေးစားအမေကိုလည်း ပြောထားပြီးသားပါ"

"အို ... မင်းအပေါ် ကျေးဇူးအများကြီးရှိတဲ့ သူတွေကို မှီခိုဒုက္ခမပေးချင်ပါဘူး သားရယ်၊ အဲသလို မလုပ်ချင်ပါဘူး၊ သူစိမ်းကို မမှီခိုချင်ပါဘူး"

"ဟိုက ဆင်းရွှေနုကကျတော့ရော သူစိမ်းမဟုတ်လို့ ဘာလဲ အမေ၊ မာမိတို့က ကျွန်တော့်ကျေးဇူးရှင်ဖြစ်သလို ကျွန်တော်ကလည်း မာမိတို့မိသားစုအပေါ် ကျေးဇူးပြုခဲ့ဖူးတာ ရှိဖူးပါတယ်၊ သူစိမ်းကို မှီခိုရတာချင်းတူတူ ကိုယ့်သားရင်းရှိတဲ့ဆီ အမေလိုက်ခဲ့ပါ"

ဆင်းရွှေနုက မျက်ရည်တွေသုတ်ကာ ကိုယ်ကိုကိုင်း၍ ပွင့်နေသော တံခါးပြင်မှ သူ့ကို လှမ်းမော်ကြည့်ရင်း ...

"ဒီမှာ ... တစ်သက်လုံး ကျွန်မ စောင့်ရှောက်လာခဲ့တာ အန်တီ့ကို၊ ခုမှ ဖွေ့ခနဲလေး လာကောက်ယူပြီး နာမည်ကောင်း မယူချင်နဲ့၊ ဆယ့်ငါးနှစ်လုံးလုံး ပေါ်မလာဘဲနဲ့"

"ဟ ... မင်းနဲ့ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ၊ မင်းနဲ့ စကားပြောရတာ ပြဿနာပဲ၊ ကျွတ် ... ဝင်မရှုပ်စမ်းနဲ့"





မော်ဝန်းညိုက ဒေါ်လေးယဉ် ဆင်းလာတဲ့ဘက်ခြမ်းကားတံခါးကို ဒိုင်းခနဲ ဆောင့်တွန်းပိတ်လိုက်ပါသည်။

"သား ... သား၊ ဆင်းရွှေနုကို အဲသလို မပြောပါနဲ့၊ အမေ့ကျေးဇူးရှင်ပါကွယ်"

အမေ့ကျေးဇူးရှင်တဲ့။ ဒီတစ်ခွန်းနှင့်ပင် သက်ပြင်းကြီး နက်နက်ရှိုက်ရင်း မော်ဝန်းညိုက စိတ်ကိုလျှော့ချပစ်လိုက်ပါသည်။

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

"သူ့ကိုမွေးစားစဉ်က သူ့မိဘတွေက ဒီလောက်ကြီးမချမ်းသာဘူး၊ ပိုက်ဆံရှိပေမယ့် သာမန်လူချမ်းသာပေါ့ဟယ်၊ သားလေးတစ်ယောက် ရှိကြတယ်၊ ညီညီတဲ့ ...။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောက်ကပ်ပျက်စီးလို့ မော်ဝန်းညိုက ကျောက်ကပ်တစ်လုံး လှူခဲ့တယ်တဲ့၊ အရင်ကတော့ ဦးဇော်လွင်နဲ့ ဒေါ်တင်လေးဖြူက ကျေးရွာရှင်ရိုးရိုး၊ အဲဒီနောက်မှာ မော်ဝန်းညိုကို အမွေစားအမွေခံသားအဖြစ် မွေးစားလိုက်ကြတယ်တဲ့ ...

သူ့ကို ဆယ်တန်းအောင်ပြီးကတည်းက ညီညီ့ကိုလည်း စောင့်ရှောက်ရင်း ညီညီနဲ့တူတူ စင်ကာပူမှာကျောင်းထားပေးခဲ့တယ်၊ ငါတို့ရပ်ကွက် မီးလောင်တဲ့အချိန် သူ့အမေကို သူပြန်ရှာမယ်လို့ ဆုံးဖြတ်တဲ့အချိန်မှာ ညီညီက စင်ကာပူဆေးရုံကြီးမှာ အသည်းအသန်ဖြစ်ရင်း ဆေးရုံတက်နေတယ်"





"သြော် ... ဒါကြောင့် မီးလောင်အပြီး နှစ်လလောက်နေမှ သူ ပြန်လာနိုင်တာကိုး၊ ညီညီက ဆုံးသွားတာလား"

"ညီညီက ဆုံးသွားရှာတယ်တဲ့၊ သူ ဟိုကနေ ကျောင်းပြီးဘွဲ့ရလို့ ပြန်လာပြီးမှ သူ့မွေးစားအဖေရဲ့လုပ်ငန်းတွေ သူဦးဆောင်တိုးချဲ့ခဲ့တာ၊ အရမ်းကြီးကျယ်အောင်မြင်လာပြီး ခုလောက်ထိ တိုးပွားလာတာတဲ့၊ သူတို့ အပြန်အလှန်သားအရင်းလို မိဘရင်းလို သဘောထားချစ်ခင်စောင့်ရှောက်ကြတာ"

"အဲဒါတွေ ထားစမ်းပါဦး ရွှေနုရယ်၊ သူ ... သူက ... အန်တီ့ကို နှင့်အကြောင်း ... အဲ ... မိတာအကြောင်းမမေးဘူးလားဟင်"

"မေးတယ် ... မေးပုံလည်းကြည့်ဦး မိတာ အိမ်ထောင်ကျသွားပြီလားတဲ့"

"ဟဲ့ ... အဲလိုပဲမေးတာ ဘာဖြစ်လဲ၊ အမှန်က ဒီအသက်အရွယ်တွေက အိမ်ထောင်ကျပြီးလောက်တဲ့ အရွယ်တွေပဲ၊ အန်တီက ဘာပြောလဲ"

"မကျသေးပါဘူးလို့ပဲ အန်တီက ဖြေရတာပေါ့၊ မိတာအကြောင်း ဘာတစ်ခွန်းမှ မဟရလို့ ငါတားထားတာကိုး၊ မိတာ ဘယ်ရောက်နေလဲ ဆိုတော့လည်း အန်တီက မိတာကမပြောရဘူးလို့ ပိတ်တားတယ်လို့ ဖြေလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲဒီတော့ ရှုပ်ကုန်မှာပေါ့၊ မိတာက သူ့ကိုမတွေ့ချင် မမြင်ချင် မဆက်သွယ်ချင်တော့ဘူးပဲ သူကထင်သွားမှာပေါ့"

"ထင်ပစေ ... သူတောင် ငါ့ကို မတွေ့ချင် မမြင်ချင် မဆက်ဆံချင်လို့ ခိုးရာလိုက်ဖို့စောင့်နေတဲ့ ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်ကို ရက်ရက်စက်စက် မျက်နှာလွှဲခဲ့ပစ်လုပ်ပြီး ထွက်သွားခဲ့သေးတာပဲ၊ အဲဒါကြောင့်ကို ငါ့စိတ်ထဲမှာ သူ့ကို မိတာကို ခက်ခက်ခဲခဲ ပြန်ရှာဖွေရပြီးမှ တွေ့စေချင်တာ။ အလွယ်လေး အဆင်သင့်မတွေ့စေရဘူးလို့၊ ဒါပေမဲ့ဟာ၊ ဟား ဟား ... အခု သူ့ကြည့်ရတာ မိတာ ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ခက်ခက်ခဲခဲ မပြောပါနဲ့၊ အလွယ်တကူလေးတောင်ရှာဖို့ ဖွေဖို့ စိတ်ကူးရှိပုံ မရပါလား ... ဟက် ဟက်"

"ငါ့စိတ်ထဲမှာ တစ်ခုခုတော့ မှားနေသလိုပဲ ရွှေနု၊ ကိုမျော်ဝန်းညိုက တဖြည်းဖြည်း ပိုပိုသိရသလောက် ရိုးဖြောင့်တဲ့ မှန်ကန်တဲ့ လူတစ်ယောက်ပဲ၊ ဒီချစ်သူမိန်းကလေးကို မခိုးနိုင်ဘဲနဲ့ ပိုက်ဆံနှစ်သိန်းကိုတော့ ယူပြီးလစ်သွားတယ်ဆိုတာနဲ့ သူ့ကို ဆက်စပ်လို့ အပ်စပ်လို့ မရဘူး ဖြစ်နေတယ်"

"နင်သိတဲ့သူက အခု သောက်သောက်လဲ ချမ်းသာနေချိန်လေ၊ ခိုးပြေးရင် သုံးဖို့ငွေထုပ်ကိုတော့ ယူသွားပြီး ချစ်သူမိန်းကလေးကိုတော့ ပစ်ထားခဲ့တာ သူ့အဖေက မိအောင်





နေရာပါ ညွှန်ခဲ့သေးတာတွေ လုပ်ခဲ့တဲ့အချိန်က သူက တစ်ပြားမှမရှိတဲ့ လူမွဲပဲ"

"နင်ကလည်းလေ ... အရမ်းကို နာကြည်းနေတော့တာပဲ၊ တကယ်တော့ ခုအချိန်က Happy Ending နဲ့ ဇာတ်လမ်းလေး လှလှပပ အဆုံးသတ်ရမယ့်အချိန် ရောက်နေပါပြီဟာ၊ နေပါဦးဟာ ... ကိုမျော်ဝန်းညိုကကော မိတာအကြောင်း မေးမြန်းတာ ဒီလောက်နဲ့ပဲ အဆုံးသတ်သွားတာလား၊ မိတာက မပြောရဘူး ဆိုတာနဲ့ပဲ ကျေနပ်လိုက်ရောလား၊ ဆက်မမေးတော့ဘူးလား တစ်ခွန်းမှ"

"ငါ့အဖေ ငါ့အမေကိုလည်း မေးပါသေးတယ်၊ ငါက အန်တီ့ကို တစ်လုံးမကျန် ပြန်ပြောပြပါဆိုပြီး သူတို့ပြောဖြစ်ကြသမျှ ပြန်မေးတာလေ၊ အန်တီက ပြောလိုက်တယ်၊ မိတာ အမေတော့ ရှိသေးတယ်၊ မိတာအဖေကတော့ အဲဒီညကပဲ ကားအက်ဆီဒန့်ဖြစ်ပြီး ဆုံးသွားတယ်လို့၊ ဒီတော့ သူက ပြောတယ်တဲ့၊ ဦးဗစိုးကို သူ အင်မတန်နာကြည်းပေမယ့် ဆုံးသွားပြီလို့ ကြားရတော့ စိတ်မကောင်းပါဘူးတဲ့၊ မိတာတို့ သားအမိရော အဆင်ပြေကြရဲ့လားတဲ့၊ အဆင်ပြေပါတယ်လို့ အန်တီက ဖြေခဲ့တယ် ...

မိတာ ဘယ်မှာလဲ ပြောပြပါ ဆိုတာကိုတော့ သူ အခွန်းခွန်း အထပ်ထပ် အခါခါ မေးပါတယ်တဲ့၊ ငါပိတ်ထားတော့ အန်တီက မဖြေရဲဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနုရယ် ... ဒီလောက် အထပ်ထပ် မေးတယ်ဆိုရင် သူ တွေ့ချင်သေးလို့သာပေါ့၊ နင် အားလုံးဖွင့်ပြောသင့်တယ် ထင်ပါတယ်ဟာ"

"ဝင်းဝါ ... ငါ မိတာပဲလို့ ပြောလိုက်ရင် သူ ဘာပြော မယ်ထင်လဲဟင်"

ဆင်းရွှေနုက မျက်ရည်လည်လာသည်။

"ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

"ငါကိုယ်တိုင်က ထွက်ပြေးကြဖို့ အစစစီစဉ်ခဲ့တုန်းက တောင် သူ တိတ်တိတ်လေး လစ်ထွက်သွားခဲ့တာလေ။ ခုချိန်ကျမှ သံယောဇဉ်တွေ ကျဲပါးကုန်းမယ်ဆိုရင် ကျဲပါး နိုင်ဖို့ လုံလောက်တဲ့ အချိန်တွေ ကုန်လွန်ခဲ့ပြီးမှ ကျွန်မ မိတာပါ ဆိုရုံနဲ့ သူက ငါ့ကို လက်ထပ်ခွင့်တောင်းလိမ့် မယ် ထင်လို့လား"

"ဒါတော့ ..."

"သူ မသိလို့ ဒီလိုလေးပဲ ဝေးကွာသွားကြတာက ပိုမ ကောင်းဘူးလား၊ သိသွားပြီးမှ သူ့ရှေ့မတိုးရင် ငါပိုရင် မကွဲရပေဘူးလား၊ စိတ်လည်းနာတယ်၊ ကြောက်လည်း ကြောက်တယ်၊ ဒီတိုင်းလေးနေတာက ငါ့အတွက် ပိုပြေ သာတယ်"

"ဒါဆို နင် သူ့ကို ဘာလို့ ရှာဖွေခဲ့သလဲ၊ သူနဲ့ မဆုံ့ဆုံ တွေ့အောင် ဘာလို့လုပ်ခဲ့လဲ၊ ဘာအတွက်လဲ၊ အဓိပ္ပာယ် က ဘာလဲ၊ သွားမတွေ့ဘဲ နေခဲ့ပါလား"





"သူ့နာမည်ကို ပြန်ကြားလိုက်ရတဲ့အချိန်မှာ သူ့ကိုသွား မတွေ့ဘဲ ငါမနေနိုင်ခဲ့ဘူး ဝင်းဝါ၊ တွေ့ချင်မိတယ်၊ အဲဒါ ကြောင့်ပါ"

ဝင်းဝါက နာကျင်သော မျက်နှာလေးနှင့် တွင်တွင် ကျသောမျက်ရည်တို့ကို သုတ်မနိုင်အောင် ရှိနေသော ဆင်းရွှေနု ကို ကရုဏာနှင့်သာ ငေးကြည့်နေမိတော့သည်။ အချစ်ကြီးချစ်တဲ့ စိတ်နှင့် နာကြည်းတဲ့စိတ် ဒွန်တွဲလွန်ဆွဲနေတဲ့ကြားမှာ ဆင်းရွှေနု အသည်းနှလုံးများ ကွဲအက်ပဲ့ကြေနေပေလိမ့်မည်။

"ရပ်ကွက်အတွင်း မိုတင်းနေထိုင်ကြသော သဗ္ဗာရိတအနွယ် ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား ... ... ... ..."

အရေးထဲ ခံစားချက်ကို ပွဲဖျက်တဲ့ဖုန်း Ring Tone ကို ဝင်းဝါက စိတ်ပျက်သလို "ကျွတ်"ခနဲ စုတ်သတ်မိသည်။

"ငါ ဒီဟာသဆန်တဲ့ Ring Tone ကို တစ်နေ့ရာကကြား တော့ ချက်ချင်းကူးယူပြီး ငါ့ဖုန်း Ring Tone ဘာလို့လုပ် ထားလဲ သိလား၊ ငယ်ငယ်က ငါတို့ရပ်ကွက်ထဲမှာ ဆွမ်း လောင်းလှူပွဲတို့ နွေရာသီမီးဘေးသတိပေး လှည့်အော်တဲ့ အခါမျိုးတို့ကျရင် မော်က ရပ်ကွက်ထဲက ကောင်လေးတွေ နဲ့ အတူပါတယ်ဟ၊ သူ အော်တတ်တာမျိုးလေးတွေနဲ့ ခပ်ဆင်ဆင်တူလို့လေ ... အဟက် ဟက်"

"... ... ..."

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ထူးတဲ့ ဆင်းရွှေနု မျက်နှာလေးက တည်သွားပါသည်။

“ကျွန်တော် ခင်ဗျားနဲ့ တွေ့ပါရစေ ဆင်းရွှေနု”

“ဘာလုပ်ဖို့လဲ”

“ခင်ဗျားနဲ့ စကားတွေ တော်တော်များများ ပြောဆိုဆွေးနွေးဖို့ရှိတယ်”

“လိုရင်းအဓိက,က ရှင့်အမေကို တောင်းမှာမဟုတ်လား”

“ခင်ဗျား ဒါကို သိနေသားပဲဗျာ၊ တကယ်တော့ ကျွန်တော်တို့က သားအမိရင်း တော်စပ်တာပါ၊ အမေ့ကို စောင့်ရှောက်ကူညီထားခဲ့တာအတွက် ပြောမပြတတ်အောင် ကျေးဇူးတင်ပေမယ့် ကျွန်တော်တို့သားအမိ ခုလိုနှစ်ရှည်လများ ကွဲကွာပြီး အတူပြန်အတွေ့မှာ အတူနေခွင့်ရဖို့ကိစ္စကို ခင်ဗျားဆီက ခွင့်ပြုချက်တောင်းယူရမယ်ဆိုတဲ့ အနေအထားကြီးကတော့ လုံးဝအဓိပ္ပာယ်လည်းမရှိ မှန်လည်းမမှန်ကန်ဘူးထင်တယ်ဗျာ”

“အန်တီက ဘာပြောလဲ”

“အမေက ခင်ဗျားဆန္ဒအတိုင်းပဲ လုပ်မယ်တဲ့၊ ခင်ဗျားစကားပဲ နားထောင်မယ်တဲ့၊ အမေ့မှာ ခင်ဗျားကို ဒီလောက်ထိ ကြောက်ရွံ့ထောက်ထားနေစရာ ဘာအကြောင်းများရှိနေသလဲ ဆင်းရွှေနု၊ ခင်ဗျားမှာလည်း အမေရှိတယ်





မဟုတ်လား၊ ကိုယ်ချင်းစာသင့်ပါတယ်ဗျာ၊ ခင်ဗျား ချစ်ခင်သံယောဇဉ်ကြီးတဲ့ သူတစ်ယောက်နဲ့ ဆယ့်လေးငါးနှစ် ခွဲခွာဖူးလို့လား ဆင်းရွှေနု၊ ခင်ဗျား ဒီလို ခံစားဖူးမယ် မထင်ပါဘူး”

“သြော် ... ပြောပဲ ပြောတတ်ပလေတယ် မော်ဝန်းညိုရယ်၊ ရှင်က ရှင့်အမေကို စတင်ခွဲခွာခဲ့တဲ့သူပါရှင်၊ ကျွန်မက ကျွန်မချစ်တဲ့သူရဲ့ ခွဲခွာသွားခြင်းကို ခံခဲ့ဖူးသူပါ၊ လောကကြီးမှာ ရှင့်တစ်ယောက်တည်းရဲ့ ခံစားချက်ကမှ မော်ကွန်းတင်သင့် သမိုင်းဝင်သင့်တယ် ထင်နေတာလား၊ ကျွန်မ ရိုင်းစိုင်းတဲ့သူတစ်ယောက် မဟုတ်ပါဘူး၊ အမေတစ်ယောက်ကို ဆယ့်ငါးနှစ်လောက် ခွဲခွာနေရတဲ့ သားတစ်ယောက်ဆီ လုံးဝမပြန်ရဘူးလို့ တားမြစ်နိုင်တဲ့ နှလုံးသားလည်း ကျွန်မမှာ မရှိပါဘူး၊ ကျွန်မ တစ်ခုပဲ ရှင့်ကိုပြန်တောင်းဆိုလိုက်မယ်”

“တောင်းဆိုပါ ... ကျွန်တော့်အမေကို ပြန်ခေါ်လို့ရဖို့ ခင်ဗျား ဘာပဲတောင်းဆို တောင်းဆို ကျွန်တော် လိုက်လျောမယ်လို့ ဆုံးဖြတ်ထားပါတယ်”

“ရှင့်အမေကို ပြန်လိုချင်ရင် ကျွန်မကို ငွေနှစ်သိန်းပေးပါ”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



မော်ဝန်းညိုက အကြီးအကျယ် အံ့အားသင့်သွားရပါသည်။

"အဟင်း ဟင်း ... နည်းနေတယ် ထင်တယ်၊ ကျွန်မက လောဘမကြီးတတ်လို့ပါ။ အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ ငွေတန်ဖိုးနဲ့လည်း ကျွန်မ မတွက်ချက်ပါဘူး မော်ဝန်းညို၊ နှစ်သိန်းဖြစ်ရင် တော်ပါပြီ၊ တစ်ခုတော့ရှိတယ်၊ ကြိုရာ ငွေနှစ်သိန်းတော့ မဖြစ်ဘူး၊ ကျွန်မလိုချင်တဲ့ အတန်တွေ အရွက်တွေ ဟုတ်မဟုတ် လိုသေးတယ်"

"ဆင်းရွှေနု ... ခင်ဗျားပဲ ရူးနေသလား၊ ကျွန်တော်ပဲ တုံးလွန်းသလား၊ ကျွန်တော် မတွေးတတ်တော့ဘူး၊ ဒါပေမဲ့ နှစ်သိန်းကို ပျော်ပျော်ကြီးပေးပြီး ကျွန်တော့်အမေကို ပြန်ယူမယ်"

"အိုကေပါ ... ဒါပေမဲ့ ခုခေတ် ငါးထောင်တန်တွေ ခုခေတ် ထောင်တန်အရွက်သေးလေးတွေတော့ ဖြစ်လို့မရဘူး"

"ခင်ဗျားပြောတာ ဘာအဓိပ္ပာယ်လဲ ဆင်းရွှေနု၊ တစ်ခါတစ်ခါ ခင်ဗျားနဲ့ စကားပြောရတာ တော်တော်ဦးနှောက်ခြောက်တယ်၊ စိတ်ရှုပ်ထွေးတယ်"

"အဲသလောက်တော့ ရှင် စိတ်ရှုပ်ခံပေါ့ရှင်"

"ကျွန်တော် ခုတလော တွေးတွေးနေမိတာ ရှိတယ်၊ ခင်ဗျားအကြောင်း"





ဆင်းရွှေနုက ရင်တွေပင် တုန်သွားရကာ ...

"ကျွန်မ အကြောင်း ! ဘာကိုလဲ"

"ခင်ဗျားက ကျွန်တော်ကို သာမန်ထက် တော်တော်များများလေး ပိုသိထားတဲ့ အတွင်းကျကျ တရင်းတနှီး အကြောင်းစုံသိနေတဲ့ မိန်းမတစ်ယောက် ဖြစ်မယ်ဆိုတာပါ"

"အဟက် ဟက် ဟက်၊ ဒီမှာ မော် ... စီးပွားရေးလောကမှာ ဒီလောက်အောင်မြင်တော်တတ်နေတဲ့ သူတစ်ယောက်က ဒီကိစ္စမှာ ဒီလောက်တွေးမိဖို့ ဒီလောက်တောင်အချိန်ယူရသလား"

"ကျွန်တော် မကြာမကြာ စဉ်းစားခဲ့ပါတယ်၊ ဒါပေမဲ့ ခုရက်ပိုင်းမှာ ပိုပြီးသေချာလာတာကိုပြောတာ၊ ခက်တာက ကျွန်တော်က ငယ်ငယ်ကတည်းက ဘယ်မိန်းကလေးနဲ့မှ တရင်းတနှီး မနေခဲ့တော့ ကျွန်တော် ဘယ်မိန်းကလေး အကြောင်းကိုမှ သေချာမသိဘူးဗျ"

"တကယ်ပဲ ဘယ်မိန်းကလေးနဲ့မှ မရင်းနှီးဖူးဘူးပေါ့",

မော်ဝန်းညို အသံက ခေတ္တတိတ်ဆိတ်သွားပါသည်။

"အခု ကျွန်တော့်အသက် သုံးဆယ်ပြည့်လုအထိ ကိုယ့်ရောစိတ်ပါ အလေးအနက် ရင်းနှီးကျွမ်းဝင် သံယောဇဉ်ကြီးခဲ့တဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိခဲ့တယ်၊ ကျွန်တော့်ကို ခင်ဗျား တကယ်ပဲ ငယ်ငယ်ကတည်းက သိခဲ့တာဆိုရင် သူ့ကိုလည်း သိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ … ဘယ်သူလဲ"

"သူ့နာမည်က မိတာတဲ့၊ ကျွန်တော့်အမေ တစ်ယောက်လုံးကို ရှာတွေ့ပြီး စောင့်ရှောက်ထားတဲ့ခင်ဗျား၊ မိတာ ဘယ်မှာရှိတာကိုပါ သိနိုင်မယ်ဆိုရင် ကျွန်တော် သိပ်ကျေးဇူးတင်မိမှာပါ၊ ခင်ဗျားဆီက သူနဲ့ပတ်သက်တဲ့စကားမျိုး ရိုးတိုးရိတ်တိတ်တော်င် မကြားဖူးလို့ သိချင်မှသိလိမ့်မယ်လို့လည်း တွေးမိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အကြောင်းကို ကောင်းကောင်းသိတဲ့အတွက် ခင်ဗျား သူ့ကို သိကိုသိနိုင်ပါတယ်"

ဆင်းရှွေနုသည် လေသံလုံးဝ တိတ်ဆိတ်သွားကာ ရှိုက်သံလေး လွတ်မထွက်မိအောင် အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားရပါသည်။

"ဒါနဲ့ နေပါဦး၊ ခင်ဗျား ကျွန်တော့်ကို ခုနက ဘယ်လို ခေါ်လိုက်တယ်၊ မော်လို့များ ခေါ်လိုက်သလားလို့"

မော်ဝန်းညိုအသံက ကမူးရှူးထိုးနှင့် စိတ်လှုပ်ရှားရှုပ်ထွေးသံ ပေါက်နေသည်။

"ရှင့်အမေက ရှင့်နာမည်ကို ဒီလိုပဲ ဖြတ်ခေါ်နေကျလေ"

"ဟင့်အင်း … အမေက များသောအားဖြင့် မော်ဝန်းလို့ ခေါ်တာပါ၊ မော်လို့ အင်မတန်မှကို ခေါ်ခဲပါတယ်၊ ခင်ဗျား … ခင်ဗျားက မိတာ သူငယ်ချင်းများလားဟင်





ဆင်းရှွေနု၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပါဗျာ"

"ကျွန်မ မိတာအကြောင်း အစအဆုံး သိပါတယ် မော်ဝန်းညို"

မော်ဝန်းညိုသည် အသည်းတွေလည်းယား၊ ဒေါသလည်းဖြစ်ကာ စိတ်မရှည်နိုင်အောင် ဖြစ်လာပါသည်၊

"ခင်ဗျား သိရက်သားနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကိုမပြောတာလဲ၊ ခင်ဗျား ဘာသဘောလဲ။ မိတာအကြောင်း အစအဆုံးသိရင် သူဟာ ကျွန်တော့်ချစ်သူဆိုတာ ခင်ဗျားမသိဘဲ နေပါ့မလား၊ ခင်ဗျားက ဘာလဲ၊ လူတွေကို စိတ်ဆင်းရဲစေချင်တာလား၊ မပျော်စေချင်တာလား၊ Relationship တွေကြားထဲမှာ သွေးဝင်ဝင်ခွဲနေတာ ခင်ဗျားဝါသနာလား၊ ခင်ဗျား ဘယ်လိုမိန်းမလဲ"

"ကျွန်မလား … ကျွန်မက စိတ်ပုပ်တယ်၊ ကိုယ့်အသည်းကွဲထားဖူးလို့ သူများတကာတွေကို အလွယ်တကူ ဆုံတွေ့ပျော်ရွှင်ခွင့် မပြုချင်တာ ကျွန်မဆိုက်ကိုပဲ၊ ရှင်းပြီလား မော်ဝန်းညို၊ ရှင့်ကိုဆို ပိုဆိုးတယ်၊ အတူတူထွက်ပြေးဖို့ စောင့်နေရှာတဲ့ အချစ်တွေ မိုးမွှန်နေတဲ့ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်ကို အကြောင်းမဲ့ စွန့်ပစ်ထားရစ်ခဲ့တဲ့ ရှင့်လိုယောက်ျားကို ဘာစိတ်အနှောင့်အယှက်မှမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အလွယ်တကူလေး စိတ်ချမ်းသာမှုပေးဖို့ မတန်ဘူးလို့ ယူဆတဲ့ မိန်းမပဲ၊ ရှင်းပါတယ်နော်"

"တောက် ... ခင်ဗျားသာ ယောကျ်ားလေးတစ်ယောက်ဆိုရင် ခင်ဗျား ကျွန်တော့်လက်ချက်နဲ့ မလွယ်ဘူး၊ မိန်းမဖြစ်နေတာ ခင်ဗျား အင်မတန် ကံကောင်းသွားတယ်မှတ်ပါ၊ ကျွန်တော့်အမေကို ကျွန်တော် နက်ဖြန်မနက်စောစော ချက်ချင်းလာခေါ်မယ် ... ဒါပဲ"

"ဟက် ... ဟက် ... ရှင် အဲသလို ဒေါသဖြစ် ပေါက်ကွဲရင် ကျွန်မက ရယ်ချင်တာ ပျော်မိတာ ဘယ်လိုအကျိုးပေးရေစက်လည်း မသိဘူးနော် ... ဒါပဲရှင်၊ ဖုန်းချပြီ"

ဝင်းဝါက ငြိမ်နားထောင်နေရာမှ ခေါင်းတစ်ချက်ယမ်းရင်း ...

"နင် ငါ့ကွယ်ရာမှာပဲ ဒီကိစ္စတွေ ပြောဆိုဖြေရှင်းရင်ကောင်းလိမ့်မယ် သိလား၊ ငါ့ရှေ့မှာ ပြောဆိုနေတာတွေ ကြားနေရတာ ငါ့နားကို အက်ဆစ်နဲ့ ပက်နေသလိုပဲ၊ စပ်ဖျဉ်းဖျဉ်းနိုင်လွန်းတယ်၊ ငါ ကြားက မဆီမဆိုင် ဝင်မဖော်မိခင် အားလုံး ပြေလည်သွားပါစေလို့ပဲ ဆုတောင်းတော့မယ်"

"ဝင်းဝါ ... သူ ... သူ မိတာကို တွေ့ချင်တုန်းပဲ သိလား၊ သူ့မှာ အရင်းနှီးဆုံး ကျွမ်းဝင်သံယောဇဉ်ကြီးတဲ့ မိန်းကလေးတစ်ယောက်ပဲ ရှိတယ်တဲ့၊ အဲဒါ မိတာတဲ့"





"ရွှေနှရယ် ... သူ နင့်ကို စွန့်ခွာခဲ့ရတဲ့အကြောင်း ရှိပါလိမ့်မယ်လို့ သူ့ဘက်က တစ်ချက်လေး တွေးကြည့်စမ်းပါလားဟယ်"

❖ ✤ ❖



www.burmeseclassic.com

www.burmeseclassic.com

❦ ၁၈ ❦

"မေမေ ... အိမ်ထဲက မထွက်နဲ့နော်"

ဒေါ်နွယ်နွယ်က စိတ်ပျက်သလို မျက်နှာပါပျက်ပြီး ကာ ...

"ညည်း တယ်ဆိုးနေပါလား မိတာရယ်"

"မေမေနော် ... ဆင်းရွှေနုပဲ ခေါ်ပါတော့ဆိုတာ"

"အမြင်ကတ်လို့ တမင်ခေါ်တာ"

"မိတာ ဆိုတဲ့ အချစ်တစ်ခုတည်းပဲ မျက်ကန်းတောတိုးခဲ့ တဲ့ မိန်းကလေးဘဝကို မြေမြှုပ်ပစ်လိုက်ပြီ၊ မိတာဆိုတာ မရှိတော့ဘူး မေမေ၊ နာကျင်တတ်တဲ့ ဆင်းရွှေနု၊ ဒဏ်ရာ အနာတရတွေကို ကျိတ်ခံနေတဲ့ ဆင်းရွှေနုပဲ ရှိတော့တာ"

ဒေါ်နွယ်နွယ်က အဝတ်သေတ္တာပြင်ရင်း မျက်နှာ ညှိုးနေတဲ့ ဒေါ်လေးယဉ်ကို ငဲ့ကြည့်လိုက်ကာ ...





"သူပြောတာတွေ နားထောင်ပြီး စိတ်မကောင်းဖြစ်မနေနဲ့ လေးယဉ်၊ ကိုယ့်ဘာသာ သွားစရာရှိတာ လိုက်သွားဖို့ပြင်၊ မော်ဝန်းက နင်နဲ့ နေချင်ရှာမှာပေါ့၊ ငါတို့ကိုလည်း အားမနာနဲ့ နောက်ဆံမတင်းနဲ့၊ အိမ်မှာ အဖော်သဟဲတွေရှိတာပဲ၊ ငါတို့သားအမိရော တခြားမိန်းမဖော်လည်း နှစ်ယောက်တောင်၊ နင် ဘာမှ စိတ်မကောင်းမဖြစ်နဲ့"

ဒေါ်လေးယဉ်က မျက်ရည်ပေါက်တွေ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျလာရင်း ...

"သမီးလေး ... မသွားခင် အန်တီ ပြောချင်တာလေးတစ်ခု ရှိတယ်၊ ဝန်ခံချင်တာပါ"

"ဘာလဲ အန်တီ"

"အဲဒီအချိန်က သမီးနဲ့ မော်ဝန်း ထွက်ပြေးဖို့ စီစဉ်တာကို အန်တီ လုံးဝသဘောမတူလို့ မော်ဝန်းကို တားခဲ့မိပါတယ်၊ သမီးအဖေက မြေလှန်ရှာမှာပဲ၊ တွေ့တာနဲ့ မော်ဝန်းကို ထောင်ထဲထည့်မှာပဲ ဆိုတာလည်း သိနေတယ်၊ အဲဒါအပြင် အဲဒီအချိန် အဲဒီအရွယ်လေးတွေမှာ သမီးတို့ ဘဝတစ်ခု ထူထောင်ကြမယ်ဆိုရင် နှစ်ယောက်စလုံး အညွန့်ကျိုးသွားကြမှာ သေချာလို့ ဒါကို မဖြစ်စေလိုတဲ့ စေတနာလည်း သားရော သမီးရောအပေါ် ထားခဲ့မိပါတယ်၊ အဲဒါကြောင့် မင်း လုံးဝ မိတာကို မခိုးပြေးပါနဲ့လို့ အန်တီကိုယ်တိုင် တားခဲ့မိပါတယ်၊ သူ သမီးဆီ မလာတာဟာ အန်တီ့ပယောဂပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"…………"

"အန်တီ့စိတ်ကို နားလည်ပါတယ်၊ မိခင်တစ်ယောက်ဖြစ်ကိုဖြစ်မယ့် စိတ်သဘောပါ၊ လာမခိုးတာအထိ သူ့ကို အပြစ်မတင်ပါဘူး၊ အခု သူလုပ်တာက သမီးဆီ မလာရုံ မဟုတ်ဘူး၊ သမီးရှိမယ့်နေရာကို ဖေဖေ့ကိုတောင် လက်ထောက်ချလိုက်ပြီး သူကတော့ အပြီးလစ်ထွက်သွားတာ၊ နီးနီးနေရင် စိတ်မခိုင်မာနိုင်မှာစိုးလို့ ထားပါဦး၊ ဘာအဆက်သွယ်မှ မလုပ်တော့တာ၊ သူကိုယ်တိုင် ဝန်ခံတဲ့စကားအရ သုံးနှစ်တောင် ခြေဦးပြန်မလှည့်တာ၊ သမီး ဘယ်လိုဖြစ်ကျန်ခဲ့မလဲတောင် သူ မတွေးတာ …

ဖေဖေ့ အသုဘသတင်းက သတင်းစာမှာ နှစ်ရက်ပါပါတယ်၊ တစ်ရက်မတွေ့ နောက်တစ်ရက်တွေ့မှာပါ၊ ခါးခါးသီးသီး တားမြစ်နေတဲ့ ဖေဖေတောင် မရှိတော့မှပဲ ဟာ၊ သူနဲ့သမီးကြားမှာ ဘာအခက်အခဲ အဆီးအတားရှိတော့တာမို့လို့လဲ၊ သူ ပြန်လာချင်ရင် လာဖို့အခွင့်အရေးရှိပါတယ်၊ သူ မလာချင်ခဲ့လို့ ပြန်မလာတာ"

"သမီး … နောက် … နောက်ပြီးတော့ သမီးအဖေ ဦးဗစိုးကို သမီးရှိနေ့မယ့်နေရာကို ပြောပြလိုက်တာ အန်တီပါကွယ်၊ မော်ဝန်း မဟုတ်ပါဘူး"





"ဖေဖေပြောတော့ မော်ကိုယ်တိုင် သတင်းပေးလိုက်တာလို့ ပြောတယ်"

"အဲဒါက မော်ဝန်းကို သမီး စိတ်နာအောင်ပြောတာ ဖြစ်ပါလိမ့်မယ်"

ဆင်းရွှေနုက ဆွံ့အကာ ဒေါ်လေးယဉ်ကို ငေးကြည့်နေမိသည်။

"သမီး အန်တီ့ကို စိတ်ခုသွားမှာ မုန်းသွားမှာစိုးလို့ အန်တီ ပြောမပြဖြစ်ခဲ့ပါဘူး၊ ဦးဗစိုး အိမ်ကိုရောက်လာပြီး သမီးကိုပြန်မတွေ့ရင် သားအမိနှစ်ယောက်လုံး ထောင်ထဲရောက်စေရမယ်လို့ ခြိမ်းခြောက်တဲ့အချိန်မှာ မော်ဝန်း အိမ်မှာမရှိတော့ပါဘူး၊ မရှိတော့ဘူး ဆိုတာထက် အန်တီက အဲဒီတုန်းက တစ်နေရာရာ ထွက်သွားမယ်မှန်းလည်း မသိသေးပါဘူး၊ သူ အပြင်သွားတယ်လောက်ပဲ ထင်တာ၊ သူ့ကို သမီးအဖေ ရှာတွေ့ရင်လည်း ဒုက္ခများမှာစိုးလို့ သမီးကို မြန်မြန် ပြန်ရှာတွေ့ပါစေဆိုပြီး သမီးတို့ ချိန်းကြတဲ့နေရာ ရှိနေနိုင်တဲ့ နေရာကို အန်တီ ပြောပြလိုက်ရပါတယ်"

"လေးယဉ်ကို ခုမှတော့ စိတ်ဆိုးမနေပါနဲ့ သမီး၊ ညည်းအဖေရဲ့ လောဘ ဒေါသ မောဟတွေလည်း ညည်းသိတဲ့အတိုင်းပဲလေ၊ လေးယဉ် မပြောဘဲ ဘယ်နေဝံ့ပါမလဲ သမီး"

ဆင်းရွှေနုက ဆွံ့ငြိမ်သက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည့်သည်တွေ လာပါပြီ အန်တီ"

နွဲ့ကြည်က သတင်းလာပို့၍ ဆင်းရွှေနုက ဒေါ်လေးယဉ် အခန်းမှ ထမင်းစားခန်းဘက် ထွက်ရင်း ...

"မေမေ မထွက်နဲ့နော်၊ အန်တီပဲ သူ့ဟာသူ ထွက်ပစေ၊ သမီး မုန့်ဟင်းခါးစားနေမှာ၊ လိုအပ်တာရှိရင်တော့ သမီးပဲ ထွက်ပြောမယ်"

ဆင်းရွှေနုက ထမင်းစားခန်းမှာ ဝင်ထိုင်ကာ သူ့အတွက် မုန့်ဟင်းခါးပွဲ ပြင်နေပါသည်။ ဒေါ်လေးယဉ်သေတ္တာကို နွဲ့ကြည်က သယ်၍ထွက်သွားကာ ဒေါ်လေးယဉ်ကတော့ လေးကန်ကန် ခြေလှမ်းတို့နှင့် ဧည့်ခန်းဘက် ထွက်လာပါသည်။ ဧည့်ခန်းထဲမှာတော့ မော်ဝန်းညို အပြင် ခန့်ညားမွန်ရည်သော အမျိုးသမီးကြီးတစ်ယောက်ပါ ထိုင်နေကာ ဒေါ်လေးယဉ်ကို အပြုံးနှင့် နှုတ်ဆက်သည်။

"အမေ ... ဒါ ဒေါ်တင်လေးဖြူတဲ့ မာမီပေါ့၊ အမေလိုက်လာဖို့ ဝန်လေးအားနာနေမလားဆိုပြီး မာမီက သူကိုယ်တိုင် လိုက်ခေါ်တာ"

"သြော် ... လိုက်လာရတာ အားနာစရာကြီး၊ ကျေးဇူးတင်ပါတယ် ဒေါ်တင်လေးဖြူရယ်၊ သားကို နှစ်ပေါင်းများစွာ လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် စောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးတွေကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး၊





ခုလည်း တကယ်တော့ ကျွန်မ သားကိုရော အစ်မကြီးကိုပါ ဒုက္ခမပေးလိုပါဘူး၊ ဒီအိမ်က သူငယ်ချင်းနဲ့လည်းနေရတာ နေသားတကျ ဖြစ်ပါတယ်၊ သားက အတင်းခေါ်နေလို့သာ ကျွန်မ လိုက်ရတာပါ၊ ဒါ ... ဒါပေမဲ့ ဟိုလေ နှစ်လ သုံးလလောက်နေပြီးရင်တော့ သား ကျေနပ်လောက်ရင် ဒီကို ပြန်လာမလားလို့ပါ"

"အမေကလည်းဗျာ၊ ကိုယ့်သားရှိတဲ့အိမ်နဲ့ သူစိမ်းအိမ်၊ သူစိမ်းအိမ်ကို ရွေးချယ်စရာလား၊ ကျွန်တော် ခေါင်းတွေ တောင် ကိုက်လာပြီ"

"ဟုတ်ပါတယ် ဒေါ်လေးယဉ်ရယ်၊ သားက ဒီမနက် နေသိပ်ကောင်းလှတာ မဟုတ်ဘူး၊ ဒီကိစ္စမို့ ထွက်လာတာပါ၊ ကျွန်မ လိုက်လာတာလည်း သား သိပ်နေမကောင်းလို့လည်း ပါပါတယ်၊ မော်ဝန်းညိုက ခဏခဏ အဲလိုပဲ ခေါင်းထဲက ပြန်ကိုက်တတ်ပါတယ်၊ ဒဏ်ရှိထားလို့လို့ ကျွန်မတော့ ထင်တာပဲ"

"ဘာဒဏ်ဖြစ်ထားဖူးလို့လဲဟင်"

ဒေါ်တင်လေးဖြူက မော်ဝန်းကို မော့်ကြည့်ရင်း ...

"အမေ့ကို ပြောမပြထားဘူးလား သား"

"အမေ အလကား စိတ်မကောင်း ဖြစ်နေမှာစိုးလို့ပါ မာမီ"

"ဘာလဲဟင် ... သားက ဘာဖြစ်ထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မော်ဝန်းညိုက ငြိမ်နေသော်လည်း ဘာမှမပြောတာမို့ ဒေါ်တင်လေးဖြူက မော်ဝန်းညို ခေါင်းလေးကို တယုတယ တစ်ချက်လှမ်းပွတ်သပ်လိုက်ရင်း ...

"ကျွန်မတို့ သားကိုစတွေ့တော့ သားမော်ဝန်းက ခေါင်းမှာ ကွဲပြဲနေတဲ့ ဒဏ်ရာနဲ့ သွေးတွေ ဒလဟောထွက်ပြီး သတိလစ်နေတာလေ၊ လမ်းဘေးမှာပေါ့၊ ညဘက်ကြီးဆိုတော့ လူကောင်းလား လူဆိုးလား မသိနိုင်ပေမယ့် သူ့ဒက်ဒီက သားသမီးချင်း စာနာလို့ဆိုပြီး ခေါ်တင်လာတာပါ၊ ကျွန်မတို့ သုံးရက်လုံး သတိလစ်နေတဲ့ မော်ဝန်းကို ဆေးရုံတင်ပေးထားပြီး လူနာရှင်လုပ်ခဲ့ပါတယ်၊ ရဲအရေးပိုင်ကော့စ်မို့လို့ ရဲလည်း တိုင်ထားခဲ့ပါတယ် ...

ကျွန်မတို့နဲ့ မတွေ့ရင် သွေးလွန်ပြီး သူ သေတောင် သေနိုင်တာတဲ့၊ သတိရတဲ့နေ့ ရဲကစစ်ချက်ယူတော့ သားက ဘာမှမမှတ်မိတော့ဘူးလို့ ပြောတာနဲ့ ဘယ်လိုမှ တိုင်ချက်လည်း ဖွင့်မရ၊ ဘာမှဆက်လုပ်မရနဲ့ နောက်ဆုံးတော့ ရဲကလည်း သားဆန္ဒအတိုင်း အမှုပိတ်လိုက်ပါတယ်၊ အဲဒီနောက်ပိုင်း သားက ဒီလိုပဲ ပင်ပန်းရင် စိတ်ဖိစီးရင် ခေါင်းတအားကိုက်တတ်တာ မကြာခဏပါပဲ ...

သူ့ဒက်ဒီက သနားပြီး သံယောဇဉ်ဖြစ်ပြီး မွေးစားမယ်ဆိုပြီး အိမ်ကိုခေါ်လာခဲ့တာ၊ အိမ်ရောက်လို့ တစ်ပတ်





ဆယ်ရက်နေမှ သားက သူ့အကြောင်းတွေ ပြောပြပါတယ်၊ မွေးစားမယ်ဆိုတဲ့ လူကြီးမိဘကို သူ့အကြောင်းမှန်တွေ ဖုံးကွယ်မထားချင်ဘူး ဆိုပြီးတော့၊ သူက ပြဿနာအကျယ်အကျယ် မဖြစ်ချင်လို့ မမှတ်မိဘူး ဘူးခံငြင်းလိုက်တာပဲလေ၊ အားလုံး မှတ်မိတယ်၊ ဒေါ်လေးယဉ်လည်း သိမှာပေါ့၊ သားက အဲဒီနေ့က သူ့ချစ်သူမိန်းကလေးနဲ့ ထွက်ပြေးကြဖို့ ခိုးဖို့ထွက်လာတာတဲ့"

ဒေါ်လေးယဉ် ပါးစပ်အဟောင်းသား ဟသွားရသလို ထမင်းစားခန်းမှ တစ်လုံးမကျန် ကြားနေရသော ဆင်းရွှေနုသည် တစ်ကိုယ်လုံး အေးစက် တဆတ်ဆတ် တုန်လာပါသည်။

"သူတို့ချိန်းတဲ့နေရာကို သူ့ချစ်သူမိန်းကလေးရဲ့အဖေက ဘယ်လိုသိသွားမှန်း မသိဘဲ သူ ကြိုရောက်နေတဲ့နေရာကို တပည့်တပန်းတွေနဲ့ပါ ရောက်လာပြီး သူ့ကိုရိုက်နှက်ကြတာတဲ့လေ၊ ကျွန်မတို့ တွေ့ချိန်မှာ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာဒဏ်ချက်တွေချည်းပါပဲ၊ ခေါင်းကတော့အဆိုးဆုံးပေါ့ ...

ဝိုင်းရိုက်ပြီး သေလုမြောပါးဖြစ်မှ ကားနဲ့တင် ခေါ်ပြီး တစ်နေရာရာ ခပ်လှမ်းလှမ်းကို သွားပစ်ချခဲ့တာ အထိ သူ မှတ်မိတယ်၊ နောက်မှ သွေးထွက်လွန်ပြီး သူ သတိလစ်သွားတာ၊ အသေအကြေ လုပ်ပုံပါပဲ၊ သူ့ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆို ကြားရတာ ဆတ်ဆတ်တုန်ပြီး မခံချင်စိတ်နဲ့ ချက်ချင်းပြေး အမှုပြန်ဖွင့်မယ့်လုပ်တာ ...

သားမော်ဝန်းညိုက အတင်းကို ရှိခိုးဦးချတောင်းပန်လို့ သူ့ချစ်သူရဲ့အဖေပါတဲ့၊ သူ့ကြောင့် သူ့ချစ်သူမိသားစု ဒုက္ခမရောက်ရပါစေနဲ့လို့ မျက်ရည်ကျပြီးတော့ကို ရှိခိုးတောင်းပန်တာ ...”

“ခွမ်း”

ထမင်းစားခန်းမှ ဖန်ခွက်တစ်ခွက် လွတ်ကျကွဲသံက သူတို့စကားဝိုင်းကို ရုတ်တရက် တုံ့ရပ်သွားစေပါသည်။

“သမီး ...”

ဒေါ်လေးယဉ်က ဆတ်ခနဲ နေရာမှ ထ,ပြေးကာ ထမင်းစားခန်းဘက် ဝင်သွားပါသည်။ ရှေ့မှာ စားလက်စမုန့်ပန်းကန်နှင့် မတ်တတ်ထရပ်ကာ ထမင်းစားပွဲကို အားပြုလက်ထောက်ရပ်နေသော ဆင်းရွှေနုသည် သွေးဆုတ်သောမျက်နှာ ချွေးသီးချွေးပေါက်များ စိုစွတ်နေသော ခန္ဓာကိုယ်နှင့် တဆတ်ဆတ် တုန်ခိုက်ကာ မူးမိုက်လဲတော့မလို ဖြစ်နေပါသည်။

“သမီး ... သမီးလေး ... သတိထား၊ နေကောင်းရဲ့လား သမီး”

ဒေါ်လေးယဉ်ရဲ့ စိုးရိမ်တကြီးအသံက စီစီညံကာ ထွက်ပေါ်လာတာမို့ မော်ဝန်းညိုက ဖျတ်ခနဲထ,ကာ ထမင်းစား





ခန်းအဝ ရောက်လာပါသည်။ အမေက သမီး ... သမီးနှင့်ခေါ်နေသူဟာ ဆင်းရွှေနုမှန်းလည်း သူသိနေ၍ပင်။ သူ့မြင်ကွင်းတွင် ဒေါ်လေးယဉ်က ဆင်းရွှေနု ပခုံးလေးနှစ်ဖက်ကို ဖက်ကာ လှုပ်ယမ်းကာ။ ဆင်းရွှေနုသည် ဖြူဖွေးသွေးဆုတ်သော မျက်နှာနှင့် ချွေးတွေရော မျက်ရည်ကြည်တွေရော မျက်နှာမှာ အထင်အရှား။

ဆင်းရွှေနုရှေ့ ထမင်းစားပွဲပေါ်က စားလက်စပန်းကန်လုံးလေးထဲမှာ မုန့်ဟင်းခါးဟင်းရည်နှင့် ကောက်ညှင်းပေါင်းဖြူဖြူ။ ကောက်ညှင်းပေါင်းနှင့် မုန့်ဟင်းခါးဟင်းရည်။ မိတာ။ သူ့တစ်သက်မှာ ဒီလိုတွဲစားတာ မိတာ တစ်ယောက်ပဲ သူမြင်ဖူးတာလေ။

မော်ဝန်းညိုသည် ကြက်သေ,သေကာ ဆင်းရွှေနုကို စိုက်ကြည့်နေသည်။ ဟိုတလောက နေမကောင်းရင် ကွေကာအုပ် သောက်ပါလားဆိုပြီး သူငယ်ငယ်က အင်မတန်စားဖြစ်ခဲ့တဲ့ ကွေကာအုပ်ကို တိုက်တိုက်ဆိုင်ဆိုင် ပြောထွက်တာ။ ပြီးတော့ ဆံပင်လေးကို ခေါင်းတစ်ချက်ဆတ် သိမ်းခါလိုက်တဲ့ အပြုအမူ။ သူ အမြဲပဲ စိုက်စိုက်ကြည့်နေမိအောင် ဆင်တူတဲ့ အပြုအမူဖြစ်တဲ့ လက်ချောင်းထိပ်ကလေးတွေ ထိဆက်လိုက် ခွာလိုက်လုပ်တတ်တဲ့ အကျင့်စရိုက်။

မိတာ ...။



www.burmeseclassic.com

www.burmeseclassic.com



မိတာလား ...။ မင်း ... မိတာများလား။ နောက်ဆုံး စကားပြောတုန်းက သူ့ကို "မော်" လို့ တရင်းတနှီး ထည့်ခေါ်လိုက်တာ။ အားလုံးကို သိနေတဲ့သူတစ်ယောက်လို ထင်ရတာ။ သူ့အပေါ် အကြောင်းမဲ့ နာကြည်းရန်လိုနေတာ။ အမေ့ကိုပြန်ခေါ်ဖို့အတွက် သူ့ကိုပေးဖို့တောင်းတဲ့ ငွေ amount က တိုက်တိုက်ဆိုင်ဆိုင် နှစ်သိန်းတဲ့။ သူ့ဆီပါသွားခဲ့တဲ့ ပိုက်ဆံလေ။ ဒီငွေနှစ်သိန်းထုပ်ကို ကျစ်ကျစ်ပါအောင်ထုပ်ပြီး လွယ်အိတ်လေးကို ချိုင်းအောက်ထိကပ်အောင် တစောင်းလွယ်ကာထုံးလျက် သူထွက်လာခဲ့တာဟာ မိတာဆီကိုပါ။ မိတာနှင့် ထွက်ပြေးကြဖို့ပါ။ သေလုမြောပါး ရိုက်နှက်နှိပ်စက်ခံလိုက်ရပြီးတဲ့နောက် သူတစ်ပါးကယ်တင်သွားလို့သာ သူ အသက်ဆက်ရှင်ခဲ့ရတာ။ အဲဒီငွေနှစ်သိန်းလေးဟာ ခုချိန်ထိ ပုံမပျက် မထိမတို့ မော်ဝန်းညိုထံမှာ ဟောင်းနွမ်း မှိုတက်ပြီး ရှိနေဆဲပါတည်း။

"သမီးလေးရယ် ... သတိထားပါကွယ်၊ နွယ်နွယ်ရေ"

အမေ့ခေါ်သံအနောက်မှာ ချက်ချင်းပင် အခန်းတံခါးတစ်ခုပွင့်လျက် အန်တီဒေါ်နွယ်နွယ် ပြေးထွက်လာလေသည်။

"မိတာ"

မော်ဝန်းညိုရဲ့ခန္ဓာကိုယ်သည် မိတာ ရှိရာသို့ ဝုန်းခနဲ တစ်ချက်တည်းနှင့် ရောက်သွားသလား ထင်ရသည်။ ဘယ်လိုခြေလှမ်းနှင့် သွားလိုက်မိတယ် မသိတော့။





"မိတာ ... ခင်ဗျား ... ခင်ဗျား ... နင် ... မိတာလား၊ မိတာ မဟုတ်လားဟင် ... ဆင်းရှေ့"

အမေ့လက်ထဲမှ သူ အတင်းဆွဲလု ပွေ့ပိုက်လိုက်မိတဲ့ မိတာ ခန္ဓာကိုယ်လေးက အေးစက်တောင့်တင်းရာမှ ပျော့ခွေလာပါသည်။

"မိတာ ... မိတာ"

"မော် ... နင့် ... နင့်ကို ... ဖေဖေက ... ဖေဖေက ..."

"ဟင့်အင်း ... ဟင့်အင်း ... ဦးလေးဦးဗစိုးကို အပြစ်မမြင်ပါနဲ့တော့ မိတာ၊ ဦးလေး အဲဒီညကပဲ ဆုံးသွားတယ်လို့ သိရကတည်းက ငါ အားလုံးကျေတယ်၊ ငါခံရတာလည်း ကျေနပ်တယ်၊ ခွင့်လွှတ်တယ်၊ ဘာအာဃာတမှ မရှိဘူး၊ ငါ ပြန်ရောက်မလာခဲ့တာ၊ ငါ မအောင်မြင်ခင် တစ်စုံတစ်ယောက် မဖြစ်ခင် အားလုံးကို မျက်နှာချင်း ပြန်မဆိုင်ချင့်တာကိုသာ နားလည်ခွင့်လွှတ်ပေးပါ မိတာရယ်။ စိတ်လျှော့လိုက် ... စိတ်လျှော့လိုက်နော်၊ အားလုံး ပြီးသွားပြီး အစစအရာရာ သာယာပြေလည်သွားပြီပဲ၊ ဆယ့်ငါးနှစ်လုံးလုံး ငါတို့ကြားထဲ အဆီးအတား ဖြစ်နေတဲ့ နာကြည်းမှုမုန်တိုင်းကြီးလည်း ပြီးဆုံးသွားပြီ ...

ငါ နင့်ကို ပြန်တွေ့ရပြီ၊ နင် ငါ့ကို ပြန်တွေ့ရပြီ၊ ငါတို့ အတူတူ ပြန်ဖြစ်ကြပြီ မိတာ"

www.burmeseclassic.com



"မော် ... မော်၊ ဖြစ်မှဖြစ်ရလေ မော်ရယ်၊ ငါတောင်းပန်ပါတယ်"

"မလိုပါဘူး မိတာ၊ အခု ငါတို့ ပြန်ဆုံတွေ့ခွင့်ရတာ နှင့်ကြောင့်ပါ အဲဒါ တစ်ခုတည်းနဲ့ နင့်ကို ငါ ကျေးဇူးတင်မဆုံးပါဘူး မိတာရယ်"

အငမ်းမရ တင်းတင်းကျပ်ကျပ် ဖက်တွယ်မိတဲ့ လက်များ။ မျက်ရည်အလူးလူး မျက်ဝန်းများ။ ပြင်းပြလှိုင်းထတဲ့ ရင်ခုန်သံများ။ ပြီးတော့ ဖော်ပြဖို့ရာ မတတ်သာတဲ့ ဝမ်းနည်းဝမ်းသာ ခံစားချက်များ။

ဤသို့ဆိုတော့လည်း ကမ္ဘာလောကကြီးက သာယာချမ်းမြေ့ခြင်းအတိနှင့် လှပလွန်းတော့တာပါလား။

❖ ✣ ❖

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com